

၃၆ ရက်
ခရီးကြမ်း

၁၉၉၅-ခုနှစ် စာပေဗိမာန် စာမူဆု
စာပဒေသာ ဒုတိယဆုရ

# ၃၆-ရက် ခရီးကြမ်း

---

## အောင်လွင်ဦး (ရေနံချောင်း)

တည်းဖြတ်သူ - စာတည်း ဦးညွန့်ဟံ

အဖုံးပန်းချီ - မြတ်ဟန်

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

၁၉၉၇-ခုနှစ်၊ ပထမ အကြိမ် အုပ်ရေ ၁၀၀၀

အဖိုး ၇၅= ကျပ်

အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း၊ ရန်ကုန်မြို့။
စာပေဗိမာန်အဖွဲ့၊ စာတည်းမှူးချုပ် ဦးဝင်းဖေက
မှတ်ပုံတင်အမှတ်(၄၁၆-ယာယီ)ဖြင့် ထုတ်ဝေ၍
ဦးလွင်စန်းယဉ် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့
စာပေလုပ်သားပုံနှိပ်တိုက် (မြ-၀၃၁၁၀)
အမှတ် ၂၁၁-၃၉ လမ်း၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့ သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | နိဒါန်း | |
| ၁။ | မြို့ရွှေဟုမ်းမလင်း ပန်းအင်ကြင်း | ၃ |
| ၂။ | အောင်နိမိတ်စစ်ဆင်ရေးအစ၏အစ | ၉ |
| ၃။ | တာဝန်တွေ ပေးကြပြီ | ၁၃ |
| ၄။ | လုပ်ငန်းတွေပြင်ကြပြီ | ၄၈ |
| ၅။ | တာဝန်ကိုယ်စီရှိကြသည် | ၆၀ |
| ၆။ | အောင်နိမိတ်၏ပထမနေ့ခရီး (သို့မဟုတ်) လှမ်းကြစို့တူပျော်ပျော် | ၆၅ |
| ၇။ | ဒန့်စကူးရွာကလေးအမည်ကမွှေး | ၈၄ |
| ၈။ | အဆင်းခက်ခက် အတက်ကြမ်းကြမ်း | ၁၀၆ |
| ၉။ | ဗမာစကားတစ်လုံး ၁၀ပြား | ၁၂၄ |
| ၁၀။ | စုရပ်မှာ ဆုံကြပြီ | ၁၄၃ |
| ၁၁။ | နှစ်နိုင်ငံချစ်ကြည်ရေးနှင့်မိတ်ဆုံစားပွဲ | ၁၆၂ |
| ၁၂။ | ခရီးဆက်ကြရပြန်ပြီ | ၁၇၀ |
| ၁၃။ | ချောမောသာယာ ကျောက်တိုင်မှာ | ၁၇၈ |
| ၁၄။ | တာဝအိပ်မက် | ၂၃၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅။ | ပုဏ္ဏားလောက်ပါသည် | ၂၆၀ |
| ၁၆။ | ဆွမ္မရာအလှ | ၂၉၆ |
| ၁၇။ | မမှန်သတင်း | ၃၃၅ |
| ၁၈။ | ဟုမ်းမလင်းသို့ အပြန်ခရီး | ၃၅၈ |
| ၁၉။ | လေရှိုးမြို့အလှနှင့် မီးပုံပွဲည | ၃၇၄ |
| ၂၀။ | ရင်ကိုနွေးသည့် ရန်နွေး | ၃၈၅ |
| ၂၁။ | သမန်းကျားပေါ်သော ထမံသီ | ၃၈၉ |
| ၂၂။ | ချင်းတွင်းရေချိုးပြီ | ၃၉၄ |
| ၂၃။ | မြူးပန်းတွေဝေ | ၃၉၆ |
| ၂၄။ | အောင်နိမိတ်အောင်ပွဲ၏အောင်ပွဲ | ၃၉၉ |
| ၂၅။ | အပြန်ခရီး | ၄၀၂ |
| ၂၆။ | ပန်းပိတောက်တွေဝေပြီးကြသော်လည်း | ၄၀၈ |
| ၂၇။ | ကြေနပ်မိပါသည် | ၄၁၀ |

## နိုင်ငံ့ဝန်

* မြန်မာနှင့် အိန္ဒိယ
သတ်မှတ်ကြ နယ်ခြားမြေ
ကျောက်တိုင်ကြီးတွေ။

* မိုးသို့မြင့် ဂင့်ကာနေ
စိုက်ကာလေထူလို့။

* နိုင်ငံသူ ကြည်ဖြူအေးအောင်
ထိန်းသိမ်းပါစို့။

* စည်းရိုးနဲ့ ဝန်းခြံတွေ
စည်ဝေခဲ့ ပြည်သူ့အား။

* နှစ်နိုင်ငံ ချစ်ကြည်ရေးပေမို့
တွေးစိတ်ကယ် ကြည်ကြည်လွန်လို့
ပြည့်ဝန်ကို ဖြည့်သွန်းကြိုးလို့ရယ်
တိုးချစ်စိတ်ပွား။ ။

အောင်လွင်ဦး (ရေနံချောင်း)

## လွမ်းကြစို့ တူပျော်ပျော်

* မြန်မာနှင့် အိန္ဒိယ
သတ်မှတ်ကြ နယ်ခြားမြေ
ကျောက်တိုင်ကြီးတွေ။

* မောင်တို့လဲ ပါခဲ့ပေ
ပြည်သူတွေနဲ့ တပျော်တပါး။

* ကိုယ့်နိုင်ငံ ကိုယ့်အရေးပေမို့
ကိုယ့်ချွေးရေ ကိုယ်စတေးလို့ရယ်
သွေးသစ်တွေပွား။

* တစ်တောင်ကျော် တစ်တောင်ဆင်း
တစ်မြေနင်း တစ်ပင်ခို
အားသစ်ငယ်ပျို။

* ကျောက်တိုင်ကြီး ခိုင်မာသလို
ချစ်စိတ်ဆို မယိုင်မနဲ့။

* နှစ်ပြည့်တစ်ပြည်ပေါ့
ကမ္ဘာတည်ရွေ့ လက်ကမ်းလို့ရယ်
လွမ်းကြမယ်ကွယ့်။ ။

အောင်လွင်ဦး (ရေနံချောင်း)

## နိဒါန်း

မြန်မာ-အိန္ဒိယနှစ်နိုင်ငံ နယ်နိမိတ်တစ်လျှောက် ဖြစ်သော ပလက်ဝမှ ပူတာအိုအထိ နယ်ခြားကျောက်တိုင်နေရာပေါင်း ၁၇၆ နေရာပေါ်တွင်တည်ရှိသည့်ကျောက်တိုင် စုစုပေါင်း ၂၃၇ တိုင်ကို မြန်မာ-အိန္ဒိယ ပူးတွဲမြေတိုင်း အဖွဲ့စိတ်များက နှစ်နိုင်ငံ ကိုယ်စားလှယ်များကို အရားဝင် လွှဲပြောင်းလက်ခံရေးအတွက် အောင်မိနိတ်စစ်ဆင်ရေးအမည်ဖြင့် ၁၉၇၄ ခုနှစ်က ဆောင်ရွက်ခဲ့ကြပါသည်။

ထိုစဉ်က ကျွန်တော်သည် စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတွင် ဒုတိယမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှူး (မြို့ပိုင်) အဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသည်၊ ကျွန်တော်သည် အာဏာပိုင်ပေးအပ်ချက်အရ မြန်မာအစိုးရ၏ ကိုယ်စားလှယ်အနေဖြင့် မြေတိုင်းအဖွဲ့စိတ်အမှတ် အက်စ်(ဂ)နှင့် လိုက်

ပါပြီး လွှဲပြောင်းလက်ခံရေးလုပ်ငန်းများကို ဆောင်ရွ
ခွင့်ရရှိခဲ့ပါသည်။

ဤ '(၃၆)ရက် ခရီးကြမ်း' စာမူသည် ထိုစဉ်
အတွေ့အကြုံများကို ရသပုံစံဖြင့် ရေးဖွဲ့တင်ပြဖို့ အ
ထုတ်ထားခြင်း ဖြစ်ပါသည်။တစ်နည်းအားဖြင့် မှတ်တ
တင်စာပေဟူ၍လည်း ဆိုနိုင်ပါသည်။ ဤစာမူသည်
နိုင်ငံချစ်ကြည်ရေးကို တစ်နည်းနည်းဖြင့် အထောက်အ
ပြုနိုင်လိမ့်မည်ဟူ၍လည်း ယူဆပါကြောင်း။ ။

စာရေးသူ

ပဋ္ဌ ဂုဏ်ံ အဟံ ဝန္ဒာမိ

# အခန်း (၁)

## မြို့ရွှေဟုမ်းမလင်း ပန်းအင်ကြင်း

'တပေါင်းလသာ၊ လတကာထက်
နှိုင်းရာဖက်ရှောင်၊ လများနောင်ကား
တောင်လည်းသာမော၊ တောလည်းသာထွေ
ရေလည်းသာလှ၊ ဖြူစွသောင်ပြင်
ငှက်ပေါင်းရှင်၍....' ဆိုသည်မှာ ဆရာစား ဦးအောင်
ကြီးက စာပန်းချီဖြယ်ခဲ့သော မတ်လတပေါင်း ခါနွေ
ကြောင်းချိန်ဖြစ်၏။

ကျွန်တော်နေထိုင်သော မြို့ကလေးကား စစ်ကိုင်း
တိုင်း ခန္တီးခရိုင်အတွင်း ချင်းတွင်းမြစ် ကမ်းနဖူးပေါ်တွင်

တည်ရှိသည်။ ယခင်နယ်ပိုင်ရုံးစိုက်ရာ ခရိုင်ခွဲမြို့ဖြစ်ခဲ့ပ
၏။ ယခုအခါ မြို့နယ်ပြည်သူ့ကောင်စီရုံးစိုက်ရာမြို့ ဖြ
သည်။ ထိုမြို့ကလေးကို 'မြို့ရွှေဟုမ်းမလင်း ပန်းအ
ကြင်း'ဟု တင်စားခေါ်ဆိုလိုပါသည်။

ဤသို့ပင် တင်စားခေါ်ဆိုကြခြင်းမှာ ကျွန်တေ
တွင် အကြောင်းများစွာ ရှိပါသည်။ 'မန္တလေး'
'မန္တလာ'၊ 'မေမြို့'ကို 'ပန်းမြို့တော်' 'တောင်လေ့ကာ
မြို့တော်'၊ 'ရေနံချောင်း'ကို 'ရေနံ့သာ'ဟူ၍ပင် မိမိ
ထိုင်ရာမြို့ကို ဆီလျော်ရာရာ တင်စားခေါ်ဆိုလေ့ ရှိ
ပါသည်။ အမွှန်းသူ့ကိုတင်ခြင်းသဘောဖြစ်ပါသည်။

ဟုမ်းမလင်းမြို့ကလေး၏ ဥရုချောင်း တစ်လျှော
တွင် ရွှေကျင်ကြ၍ ရွှေထွက်ယည်။ 'ရေပေါ်မီး' အ
ဒေသတွင် အလိုအလျောက် ဆားကွင်းများရှိပြီး က
ပြည်နယ် ကျောက်စိမ်းထွက်ရှိရာ ဖားကန့်နယ် ဟော
ပါးနှင့် နယ်ခြင်းစပ်လျက် ရှိ၍လည်း ကျော်ကြားသေ
မြို့ဖြစ်ပါသည်။

ဟုမ်းမလင်းမြို့ကလေးသည် ချင်းတွင်းမြစ် အထ
ပိုင်းတွင်ရှိ၍ မုံရွာမြို့မှ ထွက်ရှိသောသင်္ဘောကြီးမျာ
ခရီးလမ်းဆုံးမြို့ ဖြစ်သဖြင့် လည်း စည်ကားသေ
ဆိပ်ကမ်းမြို့ဖြစ်သည်။



ဟုန်းမလင်းမြို့သည် အုန်းပင်၊ ငှက်ပျောပင်၊ ကွမ်းသီး
ပင်တို့ဖြင့်လည်း အစဉ်ရွှန်းစိုလျက်ရှိပါသည်။ ပန်းအင်
ကြင်းတို့ဖြင့်လည်း သင်းထုံကြိုင်မွှေးလျက်ရှိပါသည်။ ထို
ကြောင့်ပင် 'မြို့ရွှေဟုမ်းမလင်း ပန်းအင်ကြင်း'ဟု ခေါ်
ဆိုလိုက်ရခြင်းဖြစ်ပါသည်။

ဟုမ်းမလင်းမြို့ကလေးသည် ဆီသည်ရွာစားဦးအောင်
ကြီး စပ်ဆိုခဲ့သော တပါင်းလဘွဲ့ထဲက စာပန်းချီ ခြယ်မြ
သကဲ့သို့ပင် တောရိပ် တောင်ရိပ်တို့ဖြင့် သာမော၏။
ချင်းတွင်း မြစ်ရေဖြင့် ကြည်လင်၏။ ဟင်္သာ၊ မယ်ညို၊
တောဘဲပျိုတို့ဖြင့် စီစီညံ၏။ သဲသောင်လှလှ ဖြူလွလွ
ပေါ်တွင် လည်ချင်းယှက်နွယ် မေတ္တာချင်းတုန့်ဖလှယ်
နေကြသည်မှာ မြင်ရသူတို့၏ ဘဝင်နှလုံး ရွှင်ပြုံးစေ
ပါသည်။

မေတ္တာစေတနာဓာတ်၏ ရောင်ပြန် ရိုက်ခတ်ခြင်းမင်
ဆိုရလေမလား။

ထိုမြို့ကလေးတွင် ဟုမ်းမလင်း ရပ်ကွက်၊ နောင်ပကျစ်
ရပ်ကွက်ဟူ၍ ရပ်ကွက်နှစ်ရပ်ကွက် ရှိပါသည်။ နောင်
ပကျစ်ရပ်ကွက်တွင် များသောအားဖြင့် အစိုးရဌာနကြီး
များရှိပါသည်။ ထိုသို့သော ဌာနကြီးများထဲတွင် ကျွန်
တော်တာဝန်ထမ်းဆောင်ရာ မြို့နယ်အထွေထွေ အုပ်ချုပ်

ရေးဦးစီးဌာနမှူးရုံး (ယခင်နယ်ပိုင် မြို့ပိုင်ရုံး)ရှိပါသည်။ ကမ္ဘာကျော်စာရေးဆရာကြီး မောရစ်ကောလစ် နယ်ပိုင်ဘဝက ရုံးစိုက်ခဲ့သော ရုံးဖြစ်ပါသည်။ ရှေးပုံစံ ရှေးဟောင်းရုံးပင် ဖြစ်ပြီး အသွင်အားဖြင့် ရုံးနီကြီးဖြစ်ပါသည်။

ယခုအခါ ထိုရုံးနီကြီးသည် မြို့နယ်ပြည်သူ့ကောင်စီရုံးအဖြစ် အသွင်ပြောင်းခဲ့လေပြီ။

ထိုသို့သော ရုံးဌာနကြီးများကို တာရိုး တာဘောင်ကြီးဖြင့် ဝိုင်းပတ်ကာဆီးထားသည်။ တာရိုးပေါ်တွင် စိန်ပန်းပင်၊ လက်ပံပင်၊ သရက်ပင်၊ ကုက္ကိုပင်ကြီးတို့က အုံ့မှိုင်း ဆိုင်းဖွဲ့ထား၍ မှိုင်းညို့စိမ်းစိုလျက် ရှိပါသည်။ သူ့ရာသီအလိုက် စိန်ပန်းပွင့်၊ လက်ပံပွင့်တို့ဖြင့် ရဲရဲလွင်လျက် လေအသော့တွင် ကွေ့ဝိုက်ဝဲဖြာ ကြွေကျနေသည်မှာ ကြည့်၍ပင် ကောင်းတော့သည်။

သရက်ဖူးနံ့ကလည်း သင်းပျံ့လျက်ရှိသည်။

ဟုမ်းမလင်းမြို့ တစ်ဖက်ကမ်းတွင်ကက်သာကျေးရွာတည်ရှိပြီး ကက်သာလုံချည်၊ကက်သာထဘီသည် အသွေးအရောင် အသားကောင်းသဖြင့် ကျော်ကြားလှ၏။

ကက်သာရွာကလေးမှာလည်း ချင်းတွင်း မြစ်ကမ်း

ပေါ်တွင်ရှိ၍ ရွာတန်းရှည်ကလေးဖြစ်၏။ အုန်းပင်၊ သီးပင်၊ ငှက်ပျောပင်တို့ဖြင့် အစဉ်စိမ်းစိုလျက် ရှိ၏။

ကက်သာ တောင်ပေါ်ဘုရားသည် လုံးဝန်း၍ ထုံးဖွေး င့် သပ္ပါယ်၏။ ကက်သာတောင်ပေါ်မှ ကြည့်လျှင် ညို့နေသော တောကြီးများ၊ မိုးတိမ်တို့ဖြင့် ပြာရီ ညို့နေသော တောင်တန်းကြီးများ ကွေ့ဝိုက် သွယ် နေကာ နေရောင်တွင် တဖျတ်ဖျတ် တောက်ပလျက် ာ ချင်းတွင်းမြစ်အလှရှုခင်းများ၊ အမိုးစောက်သော ခေါင်များ၊ လှေများ၊ သင်္ဘောများ၊ မော်တော် မျက်စိတစ်ဆုံးရှိသော လယ်ကွင်းကြီးတို့ဖြင့် မြင် ရှုယ် ပန်းချီကားကြီး အလား ထင်ရှား မှားဖွယ် ာ ရှုမငြီးသည့် တောတောင်ရှုခင်းကြီးကို မြင်တွေ့ သည်။

ကက်သာသည် ယခင်ရှေးအခါက လေယာဉ်ကွင်း ာင်းရှိ၍ ကျော်ကြား၏။ ယခုအခါ ထိုလေယာဉ် ်းဟောင်းကို သုံး၍ မရတော့ပါ။ ဘုန်းတော်ကြီး ာင်း တန်ဆောင်း၊ အလယ်တန်းကျောင်း စသော ဆောက်အအုံတို့ဖြင့်လည်း အဝေးကပင် ပီပြင်ထင် ာလှပေသည်။

ကက်သာဘက်ကမ်း အလှကို ဤမျှ ရေးဖွဲ့နေရခြင်း ည် အောင်နိမိတ်စစ်ဆင်ရေး အမည်တွင်သော မြန်မာ

ဂ အောင်လွင်ဦး (ရေနံချောင်း)

အိန္ဒိယ နှစ်နိုင်ငံတို့ နယ်နိမိတ်လမ်းကြောင်းနှင့် ကျော
တိုင်များကို သက်ဆိုင်ရာမြေတိုင်းအဖွဲ့များထံမှ တခြား
လက်ခံ ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းစဉ်များ အဘ
စတင်အခြေခံသည့် နေရာမှာ ကက်သာရွာကလေး
ဖြစ်သည်။

* * *

# အခန်း (၂)

## အောင်နိမိတ်စစ်ဆင်ရေး အဆ၏ အစ

၁၉၇၃ ခု နိုင်ငံဘာလအတွင်း အိန္ဒိယပြည် နယူး
ဒေလီမြို့၌ ကျင်းပသော မြန်မာ အိန္ဒိယ ပူးတွဲနယ်နိမိတ်
ကော်မရှင်၏ (၁၄) နှင့် (၁၅)ကြိမ်မြောက် အစည်း
အဝေး မှတ်တမ်းများအရ ၁၉၇၃-၇၄ ခုနှစ် အတွင်း
မြန်မာ-အိန္ဒိယ နယ်နိမိတ် လုပ်ငန်းများကို နှစ်နိုင်ငံက
ပူးတွဲဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ပြီးပြတ်ချက်များကို ၁၉၇၄ ခု ဖေ
ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှစ၍ မြန်မာ-အိန္ဒိယ နယ်နိမိတ်
သတ်မှတ်ရေး ပူးတွဲမြေတိုင်းအဖွဲ့များသည် နယ်နိမိတ်
ကျောက်တိုင်များကို လက်ခံရန် တာဝန်ပေးအပ်ခြင်း ခံ

သော နှစ်နိုင်ငံကိုယ်စားလှယ်များအား ၁၉၇၄ခု မေလ ၁၅ ရက်နေ့မတိုင်မီ အပြီးလွှဲအပ်ဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ လွှဲအပ်ရာတွင် စုစုပေါင်း ကျောက်တိုင်နေရာ ၁၇၆ နေရာတို့တွင် တည်ရှိသည့် ကျောက်တိုင်ပေါင်း ၂၃၇ တိုင်နှင့် ကျောက်တိုင်အမှတ် ၅၈ မှ ၁၁၂ တို့အတွင်းရှိ ပေ ၂၀ ကျယ်သည့် နယ်ခြား လမ်းကြောင်းများ ပါဝင်သည်။

ထိုသို့ လွှဲပြောင်းလက်ခံဆောင်ရွက်ရာတွင် ၁၉၆၈-၆၉ ခုနှစ်မှ ၁၉၇၁-၇၂ ခုနှစ်အထိ နယ်နိမိတ်တိုင်းတာပြီးစီးခဲ့သော မြန်မာ-အိန္ဒိယ နယ်နိမိတ် လမ်းကြောင်းတစ်လျှောက်တွင် စိုက်ထူပြီးစီးခဲ့သော ကျောက်တိုင်များအနက် ပျက်စီး ဆုံးရှုံးနေသော ကျောက်တိုင်များကို မြန်မာ-အိန္ဒိယ ပူးတွဲမြေတိုင်း အဖွဲ့စိပ်များသည် ပြင်ဆင်ခြင်း၊ အသစ်ပြန်လည်စိုက်ထူခြင်း လုပ်ငန်းများကို အပြီးဆောင်ရွက်ရမည့်အပြင်၊ ၁၉၇၀-၇၁ ခုနှစ်နှင့် ၁၉၇၁-၇၂ ခုနှစ်များအတွင်း တိုင်းတာ သတ်မှတ်ခဲ့သည့် နယ်နိမိတ်အစိတ်အပိုင်း တစ်လျှောက်တွင် သက်ဆိုင်ရာ နယ်နိမိတ်မြေပုံများတွင် ဖော်ပြရန် ကျန်ရှိသော ချောင်းအမည်များ၊ နယ်ခြားဖြတ်လမ်းများ၏ ခရီး လမ်းဆုံးရှိရွာအမည်များနှင့် အကွာအဝေး များတို့ကို စုံစမ်းပြီး ၂၂ ကို ပုံစံစာရင်းများနှင့် သက်ဆိုင်ရာ မြေပုံများတွင် ဖော်ပြရမည်။



အထက်ဖော်ပြပါ တာဝန်များကို မြေတိုင်းအဖွဲ့စိပ်အမှတ် အက်စ်-၈၊ အက်စ် ၉၊ အက်စ်-၁၀၊ အက်စ်-၁၁၊ အက်စ်-၁၂၊ အက်-၁၃၊ အက်စ်-၁၄ အဖွဲ့စိတ်များက ဆောင်ရွက်ရမည်ဖြစ်ကြောင်း မြေတိုင်းဦးစီးဌာနမှ ညွှန်ကြားခဲ့ပါသည်။

ထိုသို့ လိုအပ်ချက် မှန်သမျှကို မြေတိုင်းဦးစီးဌာနမှ တာဝန်ခံ၍ ပြီးပြတ်အောင် ဆောင်ရွက်ခဲ့ကြပါသည်။ ပြင်ဆင်ပြီးပြတ်ပြီး ကျောက်တိုင်များကို နှစ်နိုင်ငံကိုယ်စားလှယ်များအား ၁၉၇၄ ခု ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှ မတ်လ ၁၅ ရက်နေ့မတိုင်မီ အပြီးလက်ခံ လွှဲပြောင်းဆောင်ရွက်ခဲ့ကြပါသည်။

မြေတိုင်း ဦးစီးဌာနမှ "၁၉၇၃-၇၄ ခုနှစ် အတွင်း မြန်မာ-အိန္ဒိယ နယ်နိမိတ်လုပ်ငန်းများ ဆောင်ရွက်ရန် ညွှန်ကြားချက်အမှတ်(၁)"ကို ထုတ်ပြန်ခဲ့သည်။ မြန်မာ-အိန္ဒိယ နယ်နိမိတ်လုပ်ငန်းများ သတ်မှတ်ရက် အချိန်အတွင်း ပြီးစီးရန် ပြင်ဆင်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်ရမည့် အသေးစိတ်လုပ်ငန်းများကို ညွှန်ကြားချက်များနှင့်တကွ ထုတ်ပြန်ထားသော စီမံချက်ပင် ဖြစ်ပါသည်။

မြန်မာ-အိန္ဒိယ နယ်နိမိတ် လုပ်ငန်း များ အတွက် နှစ်နိုင်ငံ သတ်မှတ်ချက်၊ သဘောတူညီချက်များနှင့်အညီ

လွှဲပြောင်း လက်ခံရေး လုပ်ငန်းများ ဆောင် ရွက် ရန် ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများကို ပေါင်းရုံး ခြုံငုံ၍ 'အောင်နိမိတ်စစ်ဆင်ရေး အစ၏အစ' ဟူ၍ ကျွန်တော် ဧာင်ပွန်းတပ်၍ ရေးလိုက်ခြင်း ဖြစ်ပါသည်။

* * *

# အခန်း (၃)

## တာဝန်တွေ ပေးကြပြီ

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်နိမိတ်တစ်လျှောက် ဖြစ်သော ပလက်ဝမှ ပူတာအိုအထိ ကျောက်တိုင် နေရာ ပေါင်း ၁၇၆ နေရာပေါ်တွင် တည်ရှိသော ကျောက် တိုင် စုစုပေါင်း ၂၃၇ တိုင်ကို မြန်မာ-အိန္ဒိယ ပူးတွဲ မြေတိုင်းအဖွဲ့စိတ်များက နှစ်နိုင်ငံ ကိုယ်စားလှယ်များကို တရားဝင် လွှဲပြောင်းရေးအတွက် အောင်နိမိတ်စစ်ဆင် ရေးအမည်ဖြင့် ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ထမ်း တို့အား တာဝန်ပေး ဆောင်ရွက်စေခဲ့ပါသည်။

ထိုသို့ တာဝန်ပေးဆောင်ရွက်ရာတွင် မြေတိုင်းအဖွဲ့ ချုပ်ရုံးကို မြန်မာပြည်ဘက်တွင် မေမြို့၌ လည်းကောင်း၊

အိန္ဒိယဘက်တွင် SHILIONG ရှင်းလောင်း၌ လည်းကောင်း ထားရှိ၍ ရုံးချုပ် ရုံးခွဲနှင့် ရုံးခွဲ အမှတ်-၁၊ အမှတ်-၂၊ အမှတ်-၃၊ အမှတ်-၄၊ အမှတ်-၅ တို့ကို မြန်မာပြည်ဘက်တွင် တမူး၊ ပလက်ဝ၊ ဖလန်း၊ လဟယ်၊ ပူတာအိုမြို့များတွင် လည်းကောင်း၊ အိန္ဒိယဘက်တွင် LEIMAKHONG လိမ်မခေါင်း၊ PARVA ပါဗား၊ CEAMPHAI ချမ်ဖေ၊ MOREH မိုးရေး၊ PHONSA ခိုစ၊ DINJAN ဒင်ဂျန်မြို့များတွင်လည်းကောင်း ထားရှိပြီး၊ ၎င်းရုံးခွဲများအောက်ရှိ အဖွဲ့စိတ်များကို လိုအပ်သလို ဆက်သွယ်ညွှန်ကြားပါသည်။

ကျွန်တော်က မြန်မာနိုင်ငံအစိုးရ ကိုယ်စားလှယ်အနေဖြင့် မြေတိုင်းအဖွဲ့စိပ် အမှတ် အက်စ် ၈ နှင့်လိုက်ပါပြီး လွှဲပြောင်းလက်ခံရေး လုပ်ငန်းများကို တရားဝင်ဆောင်ရွက်ခွင့် ရခဲ့ပါသည်။

မြန်မာ အိန္ဒိယနယ်နိမိတ် ကျောက်တိုင်လုပ်ငန်းများတွင် ကျောက်တိုင် အမှတ် ၁၁၈ မှ ၁၃၀ အထိကျောက်တိုင်ပေါင်း ၁၃တိုင်ကို တရားဝင် လွှဲပြောင်းလက်ခံရေး လုပ်ငန်းကို မြေတိုင်းအဖွဲ့စိတ်အမှတ် အက်စ် ၈ အနေဖြင့် ဆောင်ရွက်ရန် ဖြစ်ပါသည်။

သို့အတွက် မြန်မာ အိန္ဒိယ နယ်နိမိတ်လုပ်ငန်းဆောင်ရွက်ချက်များကို ရေးသားဖော်ပြရာတွင် ကျွန်တော်ကိုယ်တိုင် ပါဝင်ဆောင်ရွက်ခွင့် ရခဲ့သော မြေတိုင်းအဖွဲ့စိတ်



အက်စ် ၈ နယ်နိမိတ် လုပ်ငန်း ဆောင်ရွက်များကိုသ
ရေးသားတော့မည် ဖြစ်ပါသည်။

ထိုစဉ်က ကျွန်တော်သည် ဟုမ်းမလင်းမြို့ရှိ မြို့နယ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ် အထွေ
ထွေရေး ဦးစီးဌာနမှူးဖြစ်ပါသည်။

ကျွန်တော့်ကို ပြည်ထဲရေး သာသနာရေး ဝန်ကြီး
ဌာန အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ၂၉-၁-၇၄
နေ့စွဲပါ စာအမှတ် ၁၈/၈/အစ (၁)ဖြင့် မြန်မာနိုင်ငံ
အစိုးရကိုယ်စားလှယ်အဖြစ် မြေတိုင်းအဖွဲ့စိတ် အမှတ်
အက်စ် ၈ ဖြင့် လိုက်ပါ ဆောင်ရွက်ရန် ကြေးနန်းဖြင့်
တာဝန်ပေးအပ်ခြင်း ခံခဲ့ရပါသည်။

မြေတိုင်း အဖွဲ့စိတ် အက်စ် ၈ သည် ကျောက်တိုင်အမှတ် ၁၁၈ မှ ၁၃၀အထိ ကျောက်တိုင်ပေါင်း ၁၃ တိုင်အား တရားဝင် ပြောင်းလွှဲ လက်ခံ ဆောင်ရွက်ရမည်ဖြစ်သကဲ့ ကျွန်တော်တို့အဖွဲ့ကဲ့သို့ ကျွန်တော်တို့နှင့် တွဲဖက်တာ တာဝန်ကျမည့် အိန္ဒိယ အဖွဲ့အနေဖြင့်လည်း ကျွန်တော်တို့အဖွဲ့နှင့်အတူ မြန်မာ အိန္ဒိယနယ်နိမိတ်လမ်းတစ်လျှောက်ရှိ ကျောက်တိုင်အမှတ် ၁၁၈ မှ ၁၃၀အထိ တရားဝင် လွှဲပြောင်း လက်ခံဆောင်ရွက်ရမည် ဖြစ်ပါသည်။

ကျောက်တိုင်များ လက်ခံပြောင်းလဲရေးနှင့်ပတ်သက်၍ ၁၉၆၈ မှ ၇၂ခုနှစ်အတွင်းက စိုက်ထူ သဘောတူ

ဆောင်ရွက်ခဲ့ကြသော နှစ်နိုင်ငံ နယ်နိမိတ် တစ်လျှောက်ရှိ ကျောက်တိုင်များကို နေရာမှန်မှုရှိမရှိ ကျောက်တိုင်အနေအထား ကောင်းမကောင်း စသည်တို့ကို စစ်ဆေးပြီး ကျေနပ်ကြသည့်အခါ မြန်မာနိုင်ငံ မြေတိုင်း ဦးစီးဌာနက တရားဝင် အုပ်ချုပ်ရေးနယ်ဘက်ကို လွှဲပြောင်းပေးအပ်ပါသည်။ အုပ်ချုပ်ရေး နယ်ဘက်က လက်ခံပြီးလွှဲပြောင်းသူနှင့် လက်ခံသူများ တရားဝင်လွှဲပြောင်းလက်ခံပုံစံပေါ်တွင် လက်မှတ်ရေးထိုးကြရပါသည်။ အလားတူပင် အိန္ဒိယဘက်မှလည်း ဆောင်ရွက်ပြီး နှစ်နိုင်ငံလက်မှတ်ရေးထိုးထားသော လွှဲပြောင်း လက်ခံ ပုံစံများကိုတရားဝင် လဲလှယ်ယူရပါသည်။ ဤသည်မှာ နယ်နိမိတ်ကျောက်တိုင် လုပ်ငန်း၏ ယေဘုယျ ဆောင်ရွက်ရမည့်အချက်ကို ရှေးဦးစွာ တင်ပြခြင်း ဖြစ်ပါသည်။

ကျွန်ုတော်ကို ကလေးမြို့ရှိ စစ်ကိုင်း ရိပ်သာသို့အရေးတကြီးကိစ္စအတွက် ၁၉၇၄ခုဖေဖော်ဝါရီလ ၁ရက်သောကြာနေ့တွင် မဖျက်မကွက် လာရောက် တွေ့ဆုံရန်စစ်ကိုင်းတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကြေးနန်းတစ်စောင် ထပ်မံရရှိခဲ့ပါသည်။

သို့အတွက် ဟုမ်းမလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှူး ဦးဝင်းဖေ (ယခင်နယ်ပိုင်)၏ စီစဉ်ပေးချက်အရ 'ချင်းတွင်းမောင်အမည်ရှိ မော်တော်ဖြင့်



ဟုမ်းမလင်းမှ ကလေးဝသို့ ၁၉၇၄ခု ဇန်နဝါရီလ ၂၉ရက် အင်္ဂါနေ့နံနက် ၇ နာရီအချိန်တွင် စုန်ဆင်းခဲ့ရပါသည်။

မော်တော်၏ အမည်မှာ 'ချင်းတွင်းမောင်'

ချင်းတွင်းမြစ်၏ မောင်

ချင်းတွင်းမြစ်ကို အခြေပြုစီးပွားကုန်သွယ် ပို့ဆောင်မှုပြုနေရသော မြစ်ချင်းတွင်း၏ မောင်ကလေး။

အမည်လေးမှာ ရိုး၍ ယဉ်သည်။ လေးနက်သောအဓိပ္ပာယ်ဆောင်သကဲ့သို့ ပီပြင်မှုလည်းရှိသည်။တစ်နည်းဆိုရသော် မြစ်ချင်းတွင်းပေါ်တွင် အမှီပြု နေထိုင်နေကြရသော ကျွန်တော် အပါအဝင် လုပ်သား ပြည်သူတို့အတွက် အားကိုးရဆုံးသော စက်ကောင်းချိန်မှန်လှသည့်ချင်းတွင်းမောင်၊ စီးပွားကုန်သွယ်ပို့ဆောင်မှုတွင် အားကိုးရလောက်သော ချင်းတွင်းမောင်။

ချင်းတွင်းမောင်ဟူသော အမည်နှင့် လိုက်လျောညီသော အနေရိုး၍ ပြောဆိုဆက်ဆံ ယဉ်လျေးလှသောမော်တော်ဆလင် 'ကိုကောက်'။

အမည်နှင့်ဗီဇစိတ်နေ တခြားဖြစ်၍ 'ကိုရိုးဖြောင့်'ဟု မှည့်ခေါ်ထိုက်သူ ဖြစ်သည်။

စက်ဆရာ 'ကိုသန်းစိန်'။

သူ့ဇနီး 'မကြင်စိန်'။

ကျွန်တော်တွေ့စက ယောက်ျားနှင့်မိန်းမနှာမည်ရော တွေး ခေါ်တတ်သည်။ သူတို့လည်း အညာသားများ ဖြစ်ကြပြီး အနေရိုး၍ သဘောကောင်းကြသူများ ဖြစ်ကြ သည်။ နောင်သော် ကျွန်တော့်မိသားစုနှင့်ပါ ဆွေမျိုး ကဲ့သို့ ရင်းနှီးသွားကြသည်၊

ချင်းတွင်းမောင် မော်တော်ကလေးမှာ အစိမ်းရောင် လေးဖြစ်ပြီး သင့်တင့် ထယ်ဝါမှုတော့ရှိ၏။

အကောင်းစားကြီးထဲကတော့ မဟုတ်။

စက်တော့ ကောင်းသည်။

စက်ရေယာဉ်တို့မည်သည် စက်ကောင်းဖို့ရန် တော့ အထူး လိုအပ်လှပါသည်။

၁၉၇၄ ခု ဇန်နဝါရီလ ၂၉ ရက်၊ အင်္ဂါနေ့....

ဇန်နဝါရီလ၏ နံနက်ပိုင်းဖြစ်၍ နေခြည်တွင် ရွှေရည် မဝင်းနိုင်ပါ။ နံနက်စောစော မြူနှင်းကျ၍ အုံ့မှိုင်းနေ လေသည်။ သို့ရာတွင် ကံကောင်းသည်ဟုကား ဆိုရ မလား မသိပါ။ မြူနှင်းတို့ကား နံနက် ၀၇း၀၀ နာရီ အချိန်လောက်မှစ၍ ကွဲစ,ပြုခဲ့သည်။

နိုင်ငံတော်အကျိုးအတွက်ဖြစ်၍ ရာသီဥတုကပါဖေးမ ကူညီသာယာပေးခြင်း ဖြစ်ဟန်တူပါသည်။

သို့အတွက် နံနက် ၀၇ နာရီတိတိ အချိန်တွင် ကျွန် တော်၏ အောင်နိမိတ်စစ်ဆင်ရေး၏ ပထမဦးဆုံးသော ခြေလှမ်းအဖြစ် ချင်းတွင်းမောင် မော်တော်ဖြင့် စတင် ထွက်ခွာလာခြင်း ဖြစ်ပါသည်။



ကျွန်တော်၏ ဦးတည်ရာအရပ်ကား ကလေးမြို့....

ကျွန်တော်၏ ခရီးစဉ်မှာ ပထမ ကလေးဝသို့ ရောက်သွား၍ ကလေးဝမြို့မှတစ်ဆင့် ကလေးမြို့ကို ဆက်ရမည်ဖြစ်သည်။

'ဆောင်ရွက်ရမည့် အနေအထားသည် အမိမြန်မာ ပြည်တော်ကိုယ်စား ဆောင်ရွက်ရမည်ဖြစ်၍ ညွှန်ကြား ချက်များနှင့်အညီ တစ်သွေမတိမ်း လိုက်နာဆောင်ရွက် ရန်ကို ဦးထိပ်ပန်ဆင် လိုက်နာဆောင်ရွက်ရန်' ဟူသော သိစိတ်က ကျွန်တော့်ကို စိုးမိုးလွှမ်းခြုံထားပါသည်။

ကျွန်တော်၏စိတ်တို့မှာ လှုပ်ရှားနေသကဲ့သို့ လူငယ် ပီပီ ထိုက်ထိုက်တန်တန် တိုင်းပြည်တာဝန် ထမ်းဆောင် ရသည်ဖြစ်၍လည်း မြူးကြွအားမာန် ပီတိတွေ လျှံဝေ ကာ ရင်မှာ ဆူပွက်နေပါတော့သည်။

ကျွန်တော်သည် ကလေးဝမြို့သို့ ၁၉၇၄ ခု ဇန်နဝါရီလ (၃၁)ရက်နေ့၊ ၁၂း၀၀ နာရီအချိန်တွင် ရောက် ရှိ၏။

နေမင်းသည် မိုးကောင်းကင် အမြင့်တွင် နေရာ ယူလျက်....

ကလေးဝမြို့မှာ နေရောင်အောက်တွင် အပူဒဏ်ကို ဒူးလှိမ့်ခံနေရသည်။ အိမ်ခေါင်မိုးသွပ်များမှာ နေရောင် အောက်တွင် တပြောင်ပြောင် တလက်လက်ဖြင့် အချက် ပြနေသကဲ့သို့ ရှိ၏။

ကလေးဝမြို့သည် ကုန်းအမြင့်ပေါ်တွင် တည်ရှိသ
ချင်းတွင်းမြစ်တွင်းမှ ထင်ရှားပီပြင်စွာ မြင်ရပါသ
ကလေးဝမြို့သည် ဆိပ်ကမ်းမြို့လည်းဖြစ်၊ လမ်းဆ
လည်းဖြစ်၍ စည်ကား၏။

၎င်းအပြင် ကလေးမြို့မှတစ်ဆင့် တမူးမြို့၊ ဟား
မြို့များသို့ ဆက်သွားနိုင်သည်။

တမူးမှတစ်ဆင့် အိန္ဒိယပြည် မိုးရေးသို့ ဆက်သွ
ရေးလမ်းကြောင်းပေါက်၍ အိန္ဒိယပြည်ဖြစ် ပစ္စည်း
ပေါသည်။ အိန္ဒိယပြည်ဖြစ် ပစ္စည်းများကို ကလေးဝ
တွင်ပင် ရနိုင်သည်။

ကလေးဝမြို့ တောင်ပေါ်ဘုရားသည် ရွှေရောင်
လျက် ပြိုးပြိုးပြက်ပြက်ဖြင့် သပ္ပာယ်လှသည်။ ဘုရား
တန်စောင်းတန်းရှည်ဖြင့် သွယဲ ာန်း တည်ဆောက်ထား
ပိုမိုသပ္ပာယ်နေပြီး ကြွားကြွားရွားရွား ရှိသည်။

ကလေးဝမြို့သည် အိမ်ခြေစိပ်၍ ပြွတ်သိပ်နေသည်
တွေ့ရ၏။ ကုန်းအမြင့်ပေါ်ရှိ ဆောက်လုပ်ရေးရိပ်သ
သည် စိန်ပန်းနီပွင့် ရဲရဲတို့ဖြင့် လှပနေ၏။ တောက်
နေ၏။ နေသည်လည်း ခြစ်ခြစ်တောက်ပူလျက်။

ကလေးဝနှင့် ကလေးသို့သွားရာ ကားလမ်းသ
ကျောက်မီးသွေးများ ထွက်ရှိရာ တောင်ကြော တ
လျောက်တွင် ကပ်၍ဖောက်လုပ်ထားသဖြင့် မတ်စော
ပြီး ချောက်ကျင်း ပေါလှသည်။



ကလေးဝမြို့အနီး ကျောက်မီးသွေး ထွက်ရှိရာ သစ်
တောပိုင်းသည် ထင် ရှား ၏။ တောင်ကြောတို့မှာ
သစ်ပင်ကြီးများ ပေါက်ရောက်ခြင်း မရှိဘဲ သစ်ပင်ငယ်
သော ခပ်ကျဲကျဲ ပေါက်ရောက်လျက်ရှိသည်။

ကျောက်မီးသွေး တောင်မှာ တောင်ကတုံးများဟု
ခေါ်နိုင်စေကာမူ စိမ်းညိုပြာဝေလျက်ရှိသည်။ နောက်ခံ
ကားတိမ်နှင့် လိုက်ဖက် တင်မောအောင် အသွင်ဆောင်
တန်တူသည်။

ကျောက်မီးသွေး တောင်များသည် မြင်သာ မြစ်ကို
ကြည့်နေသကဲ့သို့ရှိ၏။ မြင်သာ မြစ်သည် ကျောက်မီး
သွေးတောင်များကို ကွေ့ကာ ဝိုက်ကာဖြင့် တသွင်သွင်
ဆင်း နေသည်။ ကျောက်တုံး ကျောက်ဆောင်များ
ပေါများလှ၍ ရေစီးကြမ်းသောမြစ် ဖြစ်သည်။

ကားလမ်းသည် ကျောက်မီးသွေး တောင်ကမ္ဘားရံကို
ပတ်သလို နေရာယူ တည်ဆောက်ထားခြင်းဖြစ်၍ လမ်း
ကျဉ်းပြီး အသည်းအေးစရာ ဖြစ်၏။

ကားနှစ်စီး ချောင်ချောင်ချိချိ မရှောင်သာ။

တောင်အကွေ့နေရာများတွင် ကားတစ်စီးနှင့်တစ်စီး
ရှောင်ရသဖြင့် ဟွန်းတီးအချက်ပေးကာ သတိနှင့် မောင်း
ကြရ၏။

ဒီတော့ အစစအရာရာကို သတိတရား ဆင်ခြင်ထားလို့ ယုံကြည်စိတ်ချ အားကိုးခံနိုင်လောက်အောင် အစွမ်းကုန်ကြိုးစားကြပါ၊ ဆောင်ရွက်ရမယ့် ခရီးလမ်းဟာ ပန်းမွေ့ယာမဟုတ်ဘဲ ခလုတ်ကန်သင်း ဆူးအတိပြွမ်းတဲ့ ခရီးကြမ်းပဲ ဖြစ်တယ်၊ ဆင်းရဲမယ်၊ အခက်အခဲတွေနဲ့ မလွဲမသွေ တွေ့မယ်။ အဲဒါကို ကြံ့ခိုင်တဲ့ စိတ်ဓာတ်စွမ်းရည်နဲ့ ခုခံတွန်းလှန်ရမယ်၊ ကျန်းမာရေးကို အထူးဂရုစိုက်ရမယ်၊ နှစ်နိုင်ငံဆက်ဆံရေးကိုလည်း အတတ်နိုင်ဆုံး ပြေပြစ်အောင် ဆောင်ရွက်ကြ၊ အမှားမရှိအောင် ဆင်ခြင်ကြ၊ လုံခြုံရေးတပ်ဖွဲ့၊ မြေတိုင်းအဖွဲ့ စိတ်တွေနဲ့လဲ ညီရင်းအစ်ကိုလို ဆက်ဆံပြီး၊ တစ်ဦးအခက်အခဲ တစ်ဦး ကူညီကြ၊ ယိုင်းပင်းကြ၊ သည်းခံကြ၊

ဆရာတော့ တပည့်တို့တစ်တွေ ချောမောအောင်မြင်လိမ့်မယ်လို့ တစ်ထစ်ချ စိတ်ချ ယုံကြည်ပြီး ဖြစ်တယ်၊ အားလုံး အစစအရာရာ အဆင်ပြေချောမွေ့ပါစေလို့ ဆရာ ဆန္ဒပြု ဆုတောင်းလိုက်ပါတယ်'ဟု မင်းကြီးက ဆုံးမ သြဝါဒစကား၊ အားပေးတိုက်တွန်းခြင်း စကား၊ လုပ်ငန်း၏ အတိမ်အနက် သဘော သဘာဝများ၊ ဆက်သွယ်မှုများပါမကျန် အပိုအလိုမရှိဘဲ တစ်ဆက်တည်း ပြောကြားသွားပါသည်။

ကျွန်တော်သည် မင်းကြီး၏မျက်နှာကို စူးစိုက်ကြည့်ရင်း ကျွန်တော့်ရင်မှာ ပီတိလှိုင်းတို့ကြောင့် ခုန်ထ နိုးကြားနေပါတော့သည်။ ကျွန်တော့်သူငယ်ချင်း လုပ်



ဖော်ကိုင်ဖက်များလည်း ကျွန်တော်ကဲ့သို့ ရှိချိမ့်မည်ဟု တွေးယူ မှတ်ထင်ခဲ့ပါသည်။

သူတို့၏ မျက်နှာများကား ဝင်းပ ရွှန်းအိလျက်။ တူညီသော သန္နိဋ္ဌာန် ချမှတ်ပြီး အောင်နိမိတ်စစ်ဆင်ရေး၏ ပန်းတိုင်ခရီးကို အပြီးတိုင် ပေါက်ရောက်အောင် ဆောင်ရွက်မည့် ရုပ်လက္ခဏာသဏ္ဌာန်များ အထင်းသား ပေါ်လွင်လျက် ရှိတော့သည်။

ကျွန်တော်၏ စိတ်အတွင်းတွင် အားတက်ခြင်း၊ ကြည်နူးခြင်း၊ ကျေနပ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ဆောင်ရွက်လိုခြင်း စသော စိတ်များ တဖွားဖွား ပေါ်ပေါက်လျက် ရှိပါသည်။

မင်းကြီး၏ သြဝါဒ စကားများကို ခံယူမှတ်သားကြပြီးနောက် မင်းကြီးနှင့်အတူ လက်ရေ တစ်ပြင်တည်း၊ တစ်စားပွဲတည်းတွင် ထမင်းအတူတကွ တပျော်တပါး စားသောက်ကြပါသည်။

မြိန်ယှက်စွာ စားခဲ့သောထမင်းစားဝိုင်းသည် ဟင်းလျာကောင်းလှသည်ထက် ဘဝတာဝန်အရသာက အချိုပေါ် သကာလောင်းသည့်နယ် ပို၍ ကျွန်တော့်ဘဝတွင် အမြိန်ယှက်ဆုံး ထမင်းဝိုင်းအဖြစ် ဂုဏ်ယူမိပါသည်။

ကျွန်တော်တို့သည် ထမင်းစားသောက်ကြပြီးနောက် မင်းကြီးနှင့်အတူ ဧည့်ခန်းမတွင် အပန်းဖြေကြကာ

မင်းကြီးကို နှုတ်ဆက်၍ စစ်ကိုင်းရိပ်သာမှ ထွက်ခွာလာခဲ့ပါတော့သည်။

လုပ်ဖော်ကိုင်ဖက် ဘဝတူ သူငယ်ချင်းများဖြစ်ကြသော မြသွေး၊ တင်မောင်အေးနှင့် ကျွန်တော်သည် ဖောင်ကြီး ဗဟိုပြည်သူ့ဝန်ထမ်းကျောင်းတွင် ပြည်သူ့ရေးရာအရာရှိ သင်တန်းအမှတ်စဉ်(၃)တွင် သင်တန်းအတူတက်ခဲ့သော ဘဝတူရဲဘော်ရဲဘက်များ ဖြစ်ကြသည်။

ဖောင်ကြီး ဗဟိုပြည်သူ့ဝန်ထမ်းကျောင်းသည် လက်တွေ့ရေးရာ ဘဝအတွေ့အကြုံ လူ့လောက ဇာတ်ခုံတွင် ငင်ရောက် အမှုထမ်းဆောင်ကြမည့် သူများ၊ ထမ်းနေဆဲ ဝန်ထမ်းများကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့အပြင် စစ်ပညာပါမကျန် လက်တွေ့ကျကျ ထိရောက်စွာ သင်ကြားပေးခဲ့သော ဘဝတက္ကသိုလ်ပညာ ဆည်းပူးရာ ကျောင်းကြီးပင် ဖြစ်ပါသည်။

တစ်နည်းဆိုရသော်.... ရှေးမင်းနေပြည် ဘုရင့်သားတော်များအား အဌာရသ(၁၈)ရပ်ကို သင်ကြားပေးပသော တက္ကသိလာ မြကျွန်းသာ ကျောင်းကြီး ကဲ့သို့တည်း။

ကျွန်တော်တို့ (၃)ဦးသည် ကလေးမြို့ ဈေးထဲသို့ လျှောက်၍ ရှေ့လုပ်ငန်းခရီးအတွက် လိုအပ်ရာရာများကို ဖွေရှာ၍ ဝယ်ခဲ့ကြပါသည်။



မင်းကြီးက ကျွန်တော် ဆောင်ရွက်ရမည့် ခရီးစဉ်မှာ အဝေးဆုံးဖြစ်၍ ၁၅ဝိ၊ ကျန်သူများ ၁၀ဝိ စီကို အိတ်ဆောင်သုံးငွေ ( POCKET MONEY ) အဖြစ် ချီးမြှင့်ခဲ့သည့်အတွက် ကောင်းနိုး သင့်နိုးရာရာ ပစ္စည်း အတိုအထွာများကို ဝယ်ယူနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်တော်လည်း တင်မောင်အေးကို နှုတ်ဆက်ကာ ကလေးဝ ပြန်မည့် မြသွေး ကားနှင့်ပင် ကလေးဝသို့ လိုက်ခဲ့ပါသည်။

ကားသည် ပြည်သူ့ရဲအသုံးပြုသော LAND ROVER လင်းရိုဗာ အမျိုးအစား ဖြစ်သည်။ ကားသည် ကောင်းပါ၏။ သို့ရာတွင် ကား၏အမိုးကား ရေနံချေးသုတ်ထားသည်မှာ ကြာဟန် မတူသေး သဖြင့် မျိုးကြွ နေသော ကျွန်တော့်ကို အရင်ဆုံး ကားအမိုးနှင့် မိတ်ဆက်ပြီး ဖြစ်၏။

သို့အတွက် ရေနံပေကျံနေသော တိုက်ပုံနှင့် ခရီးတစ်လျှောက် လာခဲ့ရတော့သည်။

အောင်နိမိတ်စစ်ဆင်ရေး၏ အစပြုရာ အသိအမှတ်ပြုရာ အမှတ်တံဆိပ်တည်း။ ထိုရေနံပေ တိုက်ပုံဝတ်သည့်အခါ ရှေးဖြစ်ဟောင်းကို ပြန်ပြောင်းအောက်မေ့ ပျော်ရွှင့်လျက်ပင် ရှိနေပါသေးသည်။

ကျွန်တော်သည် အစစအရာရာကို စိတ်ညစ်စရာမတွေး အကောင်းဘက်သို့သာ မြင်ရှုတတ်၍ စိတ်ချမ်းသာကိုကြံဖန် ရနေတတ်ပါသည်။

ကျွန်တော်သည် သူငယ်ချင်း မြသွေး အကူအညီဖြင့် ကလေးဝ ပြည်သူ့ဆိုင်မှ အားကစား စပို့ရှပ်တစ်ထည် အားကစားဖိနပ် ဘောက်ဇာရှူးတစ်ရံနှင့် အားကစား စွပ်ကျယ်နှစ်ထည် ဝယ်ယူခဲ့သည်။

သူငယ်ချင်းမြသွေးကို နှုတ်ဆက်ကာ ပန်းအင်ကြွင်း တို့မွှေးကြိုင်ပျံ့သင်းရန့်များ လှိုင်ရာ မြို့ရွှေဟုမ်း မလင်းသို့ ပြည်တော်ပြန် ခရီးစဥ်အဖြစ် ၁၉၇၄ခု ဖေ ဖော်ဝါရီလ ၂ ရက်စနေနေ့တွင် အစပြုခဲ့ပါသည်။

၁၉၇၄ခု ဖေဖော်ဝါရီလ ၂ ရက် စနေနေ့။
နံနက် ၁၀ နာရီအချိန်။
ချင်းတွင်းမောင် မော်တော်ထွက်ချိန်မှာ နောက်ကျ ခဲ့ရ၏။ ကလေးဝမှ မော်တော်အတွက် ဆီချေးနေရ သောကြောင့် ဖြစ်ပါသည်။
ကလေးဝမှ ဟုမ်းမလင်းသို့ ဆန်တက်လာခဲ့ပေပြီ။ ချင်းတွင်းမောင် မော်တော်သည် အဆန်ခရီးဖြစ်၍ စက် အားကောင်းသော်လည်း ဝဲကဘော့များကို ရှောင်ရှား၍ ရေကြောင်းကောင်းရာ ရေစီးသန်ရာ ဆန်တက်လာရ ခြင်းဖြစ်၍ ထင်သလောက်ကား ခရီးမပေါက်လှ။

ကျွန်တော်၏ စိတ်တို့သည် လှုပ်ရှား မြန်ဆန်နေ၍ လား မပြောတတ်။



မော်တော်မှာ တအိအိ တရွေ့ရွေ့ဖြင့် နှေးနေသက်
သို့ရှိ၏။
ရာသီဥတုမှာ သာယာ၍ မိုးတိမ်တို့ရှင်းပြီး ကောင်
ကင်တွင် ကြည်ပြာအလှဖြင့်သာ လောကကို စိုးမိုးထာ
သည်။
ကျွန်တော်သည် ချင်းတွင်းမောင် မော်တော်၏ တစ်
ဦးတည်းသော ဦးစီးမှူးဖြစ်၏။ ချင်းတွင်းမောင် မော်
တော်၏ ကြီးကြပ်သူစက်ကဲတည်း။ ချင်းတွင်းမောင် မော်
တော် ဆလင်နှင့် စက်ဆရာတို့က ကျွန်တော့် အစီအမံ
အကွပ်အကဲအောက်တွင် ရှိကြ၏။

သို့အတွက် အောင်နိမိတ်စစ်ဆင်ရေး၏ ရှေ့ပြေးစစ်
မှူးကျွန်တော်သည် အောင်နိမိတ်စစ်ဆင်ရေး၏ရှေ့လုပ်
ငန်းစဥ်များ ချောမွေ့စေရန်အတွက် အမျိုးမျိုးအကြံ
ထုတ်စဥ်းစားရင်း လိုက်ပါလာ၏။

ချင်းတွင်းမောင် မော်တော်၏ အကောင်းဆုံး အဦး
အဖျားနေရာတွင် ကျွန်တော့်တွက်မော်တော်သားတို့က
အလိုက်သိစွာဖြင့် နေရာများ ချပေးထားပါသည်။

အနားတွင် ထမင်းစားပွဲနှင့်။
ပက်လက်ကုလားထိုင်နှင့်။ အမြည်းဆတ်သားခြောက်
နှင့် ရေနွေးနှင့်။

အမှန်တော့ ကျွန်တော့်စည်းစိမ်သည် တဒင်္ဂပဟန် ဖြစ်သော်လည်း နိုင်ငံတော်အတွက်ဖြစ်၍ ဂုဏ်ယူလောက်သော အခွင့်အရေးမျိုးကို တစ်ဦးတည်းပင် အခြေအနေအရ ခံစားနေရခြင်း ဖြစ်သည်ဟု မြင်ပါသည်။

တာဝန်၏ လေးနက်ပီပြင်မှု၏ ထိရောက်ခြင်းသဘောသရုပ်၊ သာဓကတစ်ခုပါတည်း။

ကျွန်တော်သည် မော်တော်ပေါ်တွင် Poter ပေါ်တာ အထမ်းသမား ရရှိဆောင်ရွက်ရေး စီမံချက် မြေတိုင်းအဖွဲ့စိတ် အမှတ် အက်စ် ၈ ၏ ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ချောမွေ့စေရေး စီမံချက်များကို အကြမ်းရေးဆွဲနေခြင်းဖြစ်သည်။

ကျွန်တော်သည် စီမံချက်အကြမ်းကို ရေးဆွဲပြီး လုံခြုံရေးစစ်ကြောင်းမှူး စစ်ဘက်အရာရှိ၊ မြေတိုင်း အရာရှိများနှင့်တွေ့ကာ ယင်းစီမံချက်များကိုတင်ပြပြီး မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီဥက္ကဌ ဗိုလ်ကြီးစိန်ရ၏ အတည်ပြုချက်ရယူကာ ဆောင်ရွက်ရန်ရည်ရွယ်၍ ရေးနေမိခြင်း ဖြစ်ပါသည်။

ကျွန်တော်သည် စီမံချက်အကြမ်းကို အာရုံဝင်စားမိသဖြင့် ဘေးဝန်းကျင် ရှုမျှော်ခင်းနှင့် အချိန်ကိုပင် သတိမရနိုင်အောင် ဖြစ်ခဲ့ရသည်။ ယခုအခါ စီမံချက်အကြမ်းများကား စိတ်တိုင်းကျရေးဆွဲ၍ ပြီးခဲ့ပြီ။



သို့အတွက် ကျွန်တော်သည် ခြေသြောင်း လက်ဆန့်ဆိုသလို မော်တော်ပေါ်တွင် လမ်းလျှောက်ကာ ဆလင်၏ ရှေ့မော်တော်ဦးတွင် ဆလင်အမြင်တွင် မကွယ်သော သင့်တော်သော နေရာတွင် ပက်လက်ကုလားထိုင်ချထိုင်ကာ ပတ်ဝန်းကျင် ရေမြေတောတောင်သဘာဝကိုမျက်စိကျရတော့၏။

ဟုမ်းမလင်းမှ စုန်ခဲ့စဉ်ကသည်း ကျွန်တော့်မှာ စိတ်လှုပ်ရှားခဲ့ရ၍ ပတ်ဝန်းကျင်အလှကို အာရုံ မလျက်စားမိခဲ့။

အချိန်မှာ ၁၆း၃၅နာရီသို့အတိအကျပင် ကျွန်တော့်နာရီကလေးက ညွှန်းနေပါသည်။

အချိန်သည် နေ့ဝက်ကျိုးလို့ ညနေဘက်သို့ပင် လုနေခဲ့ပြီတကား။

ဤအချိန်တွင် ကျွန်တော့်မိသားစုနှင့်အတူ ချင်းတွင်းမြစ်အလှကို တာမပေါင်ရိုးမှတစ်ဆင့် လမ်းလျှောက်ကြရင်း ခံစားလေ့ရှိတတ်ပါသည်။

စိတ်တို့မည်သည် ပတ်ဝန်းကျင်အလှနှင့် ပေါင်းဖက်အာရုံ ကြုံဆုံလေမှ စိတ်၏အေးချမ်းမှုတွင် မိမိစွဲလန်းရာရာကို အာရုံထင်လာစမြဲ ဖြစ်ပါသည်။

ပတ်ဝန်းကျင်အလှ၏ လှုံ့ဆော်မှုပင်။

ချင်းတွင်း၏ သဘာဝ ရှုခင်းသည် သာယာ လှပါသည်။

'တောင်လည်း သာမော၊ တောလည်း သာထွေ၊ ရေလည်း သာလှ၊ ဖြူဆွတ်သောင်ပြင် ငှက်ပေါင်း ရှင်နေကြပါသည်။

ညိုပြာ ရိုမှောင်နေ သော တောင်တို့သည် လည်းကောင်း....

စိမ်းလဲ့ရွှန်းစိုနေသော တောတို့သည် လည်းကောင်း-

ပြေးလွှားခုန်ကူး၊ ဆော့မြူးခုန်ဆွ၊ မျောက်မောင်းမတို့၏အသံနှင့် တစ်ခါတရံ ရေသောက်ဆင်းနေသည့် ချေသမင်တို့သည် လည်းကောင်း....

ကမ်းစပ်နဖူး၊ သောင်ပြင်ဦးတွင်၊ တွန်ကြူးမြည်ကြွေးဖိုသံပေး၍ က,ဟန်ကိုဆင်၊ လှသွေးဝင်နေသော ဒေါင်းဖိုမောင်နှံများကို လည်းကောင်း....

ဟသ်ာ၊ မယ်ညို၊ တောဘဲပျိုတို့သည်လည်းကောင်း-

ရေကိုငုပ်လျှိုး၊ လျှပ်တစ်ပြက်ထိုး၍ ငါးမျိုး ရှာဖွေကြသော ဒင်ကျီးငှက်တို့ကို လည်းကောင်း....

ပြက်ပြက်ထင်ထင် မြင်တွေ့နေရသည့်အခါ ဝေါဒစ္စနေ ရိုက်ကူးသည့် Jungle Book 'ဂျမ်းဂဲဘွတ်' အမည်ရှိ အင်္ဂလိပ် ရုပ်ရှင်ဇာတ်ကားထဲမှ အမေဇုံ မြစ်ဝှမ်းသို့ ရောက်နေလသလားဟု ထင်ရှီးမှားဖွယ် ဖြစ်ပါသည်။

ကျွန်တော်၏ စာပန်းချီခြယ်အမှုန်းမှာ တကယ်တော့ သဘာဝရှုခင်း ဖြစ်ရပ်မှန်၏ အစိတ်အပိုင်း တစ်ပိုင်းသာ



ဖြစ်သည်။ သို့ရာတွင် ယင်းအစိတ်အပိုင်း၏ သာယာလှပမှုကို ကျွန်တော့်အနေဖြင့် ပီပြင်စွာ စာမဖွဲ့နိုင်ပါချေ။

လောက သဘာဝအလှကို ပညာအကျော် စာဆိုတော်ရှင်မဟာရဋ္ဌသာရနှင့် ရှင်ဥတ္တမကျော်တို့ပင် ထင်ရှားပီပြင်စွာ စာပန်းချီ ခြယ်မှုန်းနိုင်လင့်ကစား၊ ပြီးပြည့်စုံလိမ့်မည်ဟု မထင်ပါ။ ကျွန်တော့်အမြင် ရှုထောင့်သာဖြစ်ပါသည်။

ဆည်းဆာညနေရောင်ကြောင့် ချင်းတွင်းမြစ်ရေသည် ရွှေရည်တောက်နေသည်။

လေ၏ မဆော်သွေးရိုက်ခတ်မှုကြောင့် ရေလှိုင်းတို့သည် တဖျတ်ဖျတ်မြည်ကာ မော်တော်ဝမ်းဗိုက်ကို လာ၍ရိုက်နေ၏။

ထို့ကြောင့် ရေပန်း ရေမှုန်များ ထ,ကာ ဖွေးဖွေးလွှပ်လျက် မော်တော်ဦးသို့ တရှဲရှဲဖြင့် လာရိုက် နေပြန်သည်။

မကြာမီ နေရောင်လည်း တဖြည်းဖြည်းပျောက်ကွယ်၍ အမှောင်ထုလည်း တဖြည်းဖြည်း တစစ နက်ရှိုင်းလာတော့၏။

ကမ္ဘာလာခြုံစောင်နက်ဖြင့် လောကကြီး တစ်ခုလုံးကို ခြုံခဲ့လေပြီ။

မိုးတိမ်ယံမြင့်တွင် မပွင့်တပွင့် မလင်းတလင်း ကြယ် ကလေးများကား အားယူ၍ တဖျတ်ဖျတ် တောက်ပလျက် ရှိ၏။

ကျွန်တော်၏ မျက်စိများလည်း မိုးကောင်းကင်ကို ကြည့်ရင်း မှေး၍လာတော့သည်။ လေချိုအေးကလေးက ကျွန်တော့်ကို ပွေ့ဖက် နမ်းရှုပ်သွားသည်။

ချင်းတွင်းမောင် မော်တော်သည်း နေထွက်မှ နေဝင် ဆိုသကဲ့သို့ တာဝန်ကျေပွန်စွာပင် ကျွန်တော်၏ အမှု တော်ကို ဝတ္တရားမပျက် ထမ်းရွက်လျက်ရှိရာမှ ဖေဖော် ဝါရီလ(၄)ရက်၊ တနင်္လာနေ့ ညနေပိုင်းတွင် ဟုမ္မလင်း ရွှေမြို့တော်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်ခဲ့ပါ တော့သည်။

ကျွန်တော်လည်း ရောက်ရောက်ချင်းပင် ဝတ္တရားရှိ သည့်အတိုင်း ကျွန်တော်၏ ရုံးအကြီးအကဲဖြစ်သူ မြို့နယ် ဦးစီးမှူးကို ရောက်ရှိပြီဖြစ်ကြောင်း သတင်းပို့လိုက်ပါ သည်။

'ဦးအောင်လွင် လုပ်ငန်း အဆင်ပြေခဲ့ရဲ့လား၊ မင်း ကြီးက ဘာတွေမှာလိုက်သေးလဲ၊ ကျွန်တော့်ကော မေး သေးလား' ဟု မြို့နယ်ဦးစီးမှူးက မေးပါသည်။

'ဟုတ်ကဲ့ အစ်ကိုကြီး၊ လုပ်ငန်း အဆင်ပြေပါတယ်၊ ပေါ့ကက်မန်းနီးတောင် ပေးလိုက်သေးတယ်၊ ကျွန်တော်



မြေတိုင်းအဖွဲ့နဲ့ လုံခြုံရေးတပ်ဖွဲ့တွေ ဒီလထဲရောက် မယ်၊ မတ်လဆန်းမှာ ၂၀ ထွက်ရမယ်လို့ အကြမ်းဖျင်း ပြောလိုက်တယ်။ အသေးစိတ်တော့ သက်ဆိုင်ရာက ညွှန် ကြားမယ်တဲ့ အစ်ကိုကြီး'

ဟု ကျွန်တော်က ပြန်လည်ဖြေကြား ပြောဆိုရင်း ကလေးမြို့ပြန် အိန္ဒိယ လက်ဆောင်ပေးပြီး ပြန်ခဲ့ပါ သည်။

၁၉၇၄ ခု ဖေဖော်ဝါရီလ(၅)ရက်။
အင်္ဂါနေ့....
ကျွန်တော်လည်း ရုံးစောစော တက်ခဲ့ပါသည်။

ကျွန်တော်သည် ကျွန်တော်၏ စီမံချက်များကို မြို့နယ် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးစိန်ရ၏ သဘောတူညီ အတည်ပြုချက် ရယူပြီးသောအခါ ကျွန် တော်သည် မြန်မာ-အိန္ဒိယ နယ်နိမိတ် လုပ်ငန်းများနှင့် ပတ်သက်၍ ရှေးဦးစွာ စီစဉ်ဆောင်ရွက်ရမည့် အထမ်း သမားကိစ္စအတွက် စီစဉ်ဆောင်ရွက်နေပါသည်။

အထမ်းသမား ရရှိရေးအတွက် နယ်ဆင်း၍ သက် ဆိုင်ရာ ကျေးရွာလုံခြုံရေးကော်မတီဥက္ကဋ္ဌများနှင့် တွေ့ ဆုံရမည် ဖြစ်ပါသည်။

သို့အတွက် ကျွန်တော်သည် ရုံးမှ ညနေ(၃)နာရီ ထိုးလောက်တွင် စောစောဆင်းခဲ့ပြီး အထမ်းသမား ရရှိရန်

ကက်သာ၊ ထုံမာတဲ၊ ငွေးတောက်ကုန်း၊ သဝန်ဖာ
ခတောင်ပွင့် ကျေးရွာများသို့ ခရီးထွက် စည်းရုံး ဆော
ရွက်ရင်း ကြိုတင်ပြင်ဆင် ညှိနှိုင်းမှု လုပ်ငန်း များ
နေ့မအား ညမနားရအောင် ဖြစ်ခဲ့ရပါသည်။

ကျွန်တော် ရုံးပြန်တက်သော နေ့တွင်ပင် မြို့
လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီး စိန်
မိတ္ထီလာ ထောက်ပို့မှ ဆရာမောင်မောင်လွင်နှင့်
အောင်နိမိတ်စစ်ဆင်ရေးအတွက် စုပုံရိက္ခာများနှင့်
ရှိနေကြောင်းနှင့် လိုအပ်သလို ဆက်သွယ်ဆောင်ရွက်
တာဝန်ပေး ညွှန်ကြားပါသည်။

ဆရာမောင်မောင်လွင်တို့ အဖွဲ့မှာ ဟုမ်းမလင်း
ကမ်းနံဘေးရှိ သင့်တော်သည့်နေရာတွင် တဲများ ထိုး
ကြပြီး စုပုံရိက္ခာဖြင့် အလုပ်ရှုပ်နေကြသည်။

'ကျွန်တော် အောင်လွင်ပါ၊ ဒီမြို့နယ်ဦးစီးမှူး
ဆရာမောင်မောင်လွင်'ဟု ကျွန်တော်က ဆရာ့နာ
ကိုခေါ်၍ ကိုယ့်ကိုယ်ကို မိတ်ဆက်ပေးလိုက်သည့်အ
ဆရာမောင်မောင်လွင်မှာ အတော်အံ့သြသွားသည်။

'ဩော် ဆရာလား.... အောင်နိမိတ် စစ်ကြော
လိုက်မယ့် နယ်ဖက်အရာရှိပေါ့၊ လာပါ....ထိုင်ပါဦး
ဆရာ၊ မောင်ကြီးရေ.... ဆရာ့အတွက် လက်ဖက်



ဗျာ'ဟု ဆရာမောင်မောင်လွင်ကဆိုပြီး နေရာထိုင်
ပေးပါသည်။

ကျွန်တော်လည်း ဆရာ့ကို လက်ဆွဲ နှုတ်ဆက်ပြီး
ပေးသော နေရာတွင် ထိုင်လိုက်ပါသည်။

မောင်ကြီး ဆိုသောသူငယ်လေး ဖျော်လာပေးသော
ပ်မတော် လက်ဖက်ရည်မှာ အတော်ကောင်းပါသည်။

ယခင်က တပ်မတော်လက်ဖက်ရည် ကောင်းကြောင်း
ကြားဘူးခဲ့သော်လည်း ယခုမှပင် လျှာတွေ့ အာတွေ့
သောက်လိုက်ရခြင်း ဖြစ်ပါသည်။ ဆရာမောင်မောင်လွင်
က စုပုံရိက္ခာအခြေအနေနှင့် ထောက်ပို့အစီအစဉ်များကို
ကျွန်တော့်အား တင်ပြပါသည်။

ကျွန်တော်လည်း ဆရာပြောသည့်အတိုင်း ရေးမှတ်ပြီး
ဆရာမောင်မောင်လွင် အစီအစဉ်အတိုင်း အစီအစဉ်
တကျဖြစ်ရန် နေ့ချင်း ညချင်းပင် အကောင်အထည်ဖော်
ပေးလိုက်ပါသည်။

ဆရာတို့အဖွဲ့သည် ကျွန်တော့်အစီအစဉ်အရ၊ ဗိုလ်
ကြီးစိန်ရ အိမ်အနီးရှိ ပလက ပင်းအတွင်းတွင် နေရာ
ယူ၍ ယာယီတဲနန်းဆောက်ကြသည်။ ဆရာတို့အဖွဲ့သည်
စုပုံပစ္စည်းများကို နေသားတကျဖြစ်အောင် စီစဉ်ချထား
ပေးသည်။

ဗိုလ်ကြီးစိန်ရ၏ အိမ်မှာ ချင်းတွင်း မြစ်ကမ်းထိပ်နဖူး တွင်ရှိ၍ ဟုမ်းမလင်း၏ရှုခင်းသာနေရာတွင် ဖြစ်၏။

ဆရာ မောင် မောင် လွင် မှာ အရပ်ပုပု၊ နှာခေါင်း ကြီးကြီး၊ မျက်လုံးပြူးပြူး၊ ဆံပင်ကောက်ကောက်နှင့် အသားညို၍ ရုပ်ရေကြမ်းတမ်းသော လက္ခဏာ ရှိသော် လည်း သဘောကောင်းပြီး၊ အမြဲပြုံးရွှင် နေပါသည်။ စစ်သားတစ်ဦးပေမို့လား မသိပါ။

တုတ်ခိုင်ပြီး၊ ယောကျ်ားပီသ ပါသည်။

ဆရာမောင်မောင်လွင်သည် ကလေးသူငယ်များ၊ ခွေး များကို ချစ်တတ်၍ ကျွန်တော့်သားသမီးများနှင့် ကျွန် တော့်ခွေး 'အောင်နက်'နှင့်ပါ မကြာမီ မိတ်ဆွေများ ဖြစ်သွားကြသည်။

ဆရာမောင်မောင်လွင်၏ အဖွဲ့သားများဖြစ်ကြသော ပဲခူးမှ သန်းအောင်ကို 'ပဲခူးဆား' ဟု လည်းကောင်း၊ ရခိုင်သား ထွန်းမင်းကို 'ရခိုင်ကြီး'ဟု လည်းကောင်း၊ မောင်ကြီးကို 'မီးညောင်'ဟုလည်းကောင်း....နောင်သော် ရင်းနှီးလာသည်နှင့်အမျှ အမည်သစ်များ ပေးကြသည် အထိ ကျွန်တော်တို့မိသားစုနှင့် ရင်းနှီးသွားကြသည်။

ဆရာမောင်မောင်လွင် အလိုကျအတိုင်း ထမ်းသိ ထောက်ပို့ စခန်းခွဲအတွက် ဆရာနှင့်အတူ ကျွန်တော်



ကိုယ်တိုင် လိုက်ပါ၍ ရှုံးမော်တော် ပခ-၅၄ ဖြင့် ရိက္ခာ အင်ပို့ ဖွင့်လှစ်ပေးခဲ့ရသည်။

ထောက်ပို့ပစ္စည်း ရိက္ခာအဘွက် စိတ်အေးခဲ့ရလေပြီ။ ညီသည့် လုပ် ငန်း တွင် မဆို အောင် မြင် မှု အတွက် အထောက်အကူပစ္စည်းထဲတွင် စားနပ်ရိက္ခာသည် အဓိက အခန်းက ပါဝင်နေသည် မဟုတ်ပါလား။

ယခုဆိုလျှင် ကျွန်တော့်အနေဖြင့် အထမ်းသမား ကိစ္စ၊ စုပုံရိက္ခာပစ္စည်း ကိစ္စတို့မှာ ပြီးစီးနေပြီ ဖြစ်ပါ သည်။

အဆင်သင့် အနေအထားတွင် ရှိနေပြီဖြစ်ပါသည်။

ကျွန်တော့်အနေဖြင့်မူ မကြာမီ တွေ့ဆုံစီစဉ်ဆောင် ရွက်ကြရမည့် မြေတိုင်းအဖွဲ့စိတ် အက်စ်-၈ အဖွဲ့ဝင်များ နှင့် လုံခြုံရေးစစ်ကြောင်းမှူးနှင့် အဖွဲ့ကိုသာ အောင် နိမိတ်စစ်ဆင်ရေးအတွက် မျှော်နေမိပါတော့သည်။

မြို့ခံ၊ နယ်ခံ ကျွန်တော်။

ကျွန်တော်တို့ မြို့နယ်အတွင်းမှပင် ခရီး စတင်ထွက် ခွာမည်ဖြစ်သဖြင့် အောင်နိမိတ် စစ်ဆင်ရေး ခရီးစဉ် အတွက် စတင်ပန္နက်ရိုက်စီစဉ်ခဲ့ရသည့် ကျွန်တော်။

သို့အတွက် ကျွန်တော့်ဘက်က ကြိုတင်စီစဉ်ဆောင် ရွက်စရာများ ပြီးစီး၍ အသင့်အနေအထား ဖြစ်နေသဖြင့် သက်ဆိုင်သူများကို မျှော်နေမိခြင်း ဖြစ်ပါသည်။

မျှော်လင့်တုန်း ကြော့ဆုံး လာသူများမှာ မြေတိုင်းအဖွဲ့စိတ်က ဝန်ထမ်းများ ဖြစ်ပေလိမ့်ပည်။ တစ်ဦးက နဖူးပြောင်ပြောင်၊ အသားမည်းမည်း၊ နှာခေါင်းထိပ်ဖျား ကော့ချွန်ချွန်၊ သွားဖြူဖြူ၊ ဂင်တိုဘိုလူနှင့် ကျန်တစ်ဦးမှာ အရပ်ရှည်ရှည်၊ အသားညိုညို၊ နှာတံပေါပေါ၊ သပ်သပ်ရပ်ရပ် ဖြစ်ပါသည်။

ကျွန်တော် နေထိုင်ရာ အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် စုံစမ်း၍ ရောက်လာကြခြင်း ဖြစ်၏။

ကျွန်တော်မျှော်လင့်ထားသည့်အတိုင်း မြေတိုင်းအဖွဲ့စိတ် အက်စ်ဂ မှဝန်ထမ်းများ ဖြစ်ကြောင်း ၎င်းတို့မိတ်ဆက်ပြောကြားချက်အရ သိရပါသည်။

ဂင်တိုဘို နက်ကြောကြောလူမှာ SURVEYOR ဆာဗေးယာ ဦးကြည်မြင့် မြေတိုင်းအဖွဲ့စိတ် အက်စ်ဂ ကိုယ်စားပြုသော ခေါင်းဆောင်။

ကျန်သူတစ်ယောက်မှာ TRIANGULATOR ထရမ်ဂူလိပ်တာ ဦးအေးဖေ(တီ-၄) ခေါင်းဆောင်ဆိုသူများ ဖြစ်သည်။

ကျွန်တော်လည်း အားရဝမ်းသာစွာဖြင့် ဆီးကြိုနှုတ်ဆက်လျက် အောင်နိမိတ် စစ်ဆင်ရေး လုပ်ငန်းများ အကြောင်း ဆွေးနွေးကြပြီး ကျွန်တော် ဆောင်ရွက်ထားပြီးသော အထမ်းသမားကိစ္စ၊ စုပုံရိက္ခာကိစ္စများကို တင်ပြပါသည်။



ကျွန်တော်၏ ကြိုတင်စီစဉ်ထားမှုအတွက် သူတို့မှာ များစွာ ကျေနပ်ဝမ်းသာသွားကြသည်။ ဤသည်အတွက် ဆောင်ရွက်သူ ကျွန်တော့်အဖို့ ပို၍ကျေနပ် အားရဝမ်းသာမိပါတော့သည်။

ကျွန်တော်တို့လည်းနယ်နိမိတ်လုပ်ငန်းများအကြောင်း ဆွေးနွေးကြရင်း ရင်းနှီး ခင်မင်သွားကြသည်။

အောင်နိမိတ်စစ်ဆင်ရေး ခရီးစဉ်တွင် တစ်လှေတည်းစီး တစ်ခရီးတည်းသွား အတူနေ အတူ စားကြမည့် ရဲဘော်ရဲဘက်များ ဖြစ်ကြ၍လည်း လူချင်းမတွေ့မီကပင် စိတ်ချင်း ခင်နေကြသည်ဟု ထင်ပါသည်။

မြန်မာစကားတွင် 'တစ်ဦးမေတ္တာတစ်ဦးမှာ'ဟူသော အစဉ်အလာ စကားရှိသည်။

နောင်သော်ညီအစ်ကိုအရင်းတမျှ ပြောမနာဆိုမနာ ရင်းနှီးခင်မင်ကြသူများ ဖြစ်ကြလေသည်။

ဦးကြည်မြင့်သည် စကားပြောမြန်သည်။
သွက်လက်ချက်ချာသည်။
ပျော်တတ်သူ ဖြစ်သည်။
ဦးအေးဖေသည် အမည်နှင့်လိုက်အောင် အေးသည်။
တည်ငြိမ်သည်။
ဖော်ရွေသော်လည်း စကားနည်းသည်။

ဦးကြည်မြင့်က အရပ်ပု၍ ဦးအေးဖေက အရပ်ရှည်သည်။ ပင်ကိုယ်စရိုက်အားဖြင့်လည်း သွင်ပြင် ခြားနားနေသည်။

ဦးအေးဖေမှာ ရေဒီယိုအဆိုတော် မနူဖြူစိုးသိမ်းနှင့် ပင် တူသေးတော့သည်။ ထို့ကြောင့်လည်း နောင်သော် သူ့ကို အဆိုတော်မင်းသားကြီးဟု အမည်တွင်တော့၏။

ဦးကြည်မြင့်အဖွဲ့မှာ လူဦးရေဆယ်ဦးထက်မနည်း ပါရှိပြီး စစ်ဆင်ရေးခရီးမထွက်ခင်ကာလအတွင်း သင့်တော်ရာအိမ် သို့မဟုတ် အဆောက်အအုံကို ခေတ္တ ငှားရမ်းနေထိုင်ခွင့် ရှိသဖြင့် ဟုမ်းမလင်းရပ်ကွက်အတွင်းတွင် အိမ်တစ်အိမ်ကို ငှားရမ်းနေထိုင်ကြောင်း သိရပါသည်။

ကျွန်တော်တို့သည် နှစ်အိမ့် တစ်အိမ် ဆိုသကဲ့သို့ ချောင်းပေါက်အောင် ရေထွက်မတတ်ပင် အကူးလူး အသွားလာများနေကြသည်။

တရုတ်သံရောက် မော်ကွန်းထဲကကဲ့သို့ မီးမသေ ရေမကြည် ဆိုသော စကားမှာ ကျွန်တော်တို့အတွက်မှန်နေကြောင်း တွေ့ရပါသည်။

ကျွန်တော်တို့ အချင်းချင်း အသွားအလာ အဆက်အဆံများနေကြသဖြင့် မီးသည်လည်း သေသည်မရှိပါ။ ရေသည်လည်း ကြည်သည် မရှိပါ။



လက်ဖက်ရည်ကြမ်း ရေနွေးကြမ်းအတွက် မီးကိုအမြဲမွှေးထားရသကဲ့သို့ ဖြစ်နေပြီး သွားလာလွန်း၍ ချောင်းရေစပ်စပ်လည်း ကြည်မလာတော့ဘဲ အစဉ်အမြဲ နောက်နေပါသည်။

ဆိုလိုသည်မှာ ကျွန်တော်တို့တတွေ အဆက်အဆံများခြင်းကို ပေါ်လွင်ထင်ရှားလိုခြင်း ဖြစ်ပါသည်။

၁၉၇၄ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက် စနေနေ့။

ကျွန်တော်တို့ အောင်နိမိတ်အဖွဲ့အတွက် အဖွဲ့အင်အား တိုးသည့်နေ့။

တစ်နည်းဆိုရသော် အောင်နိမိတ်စစ်ဆင်ရေးအတွက် ပိုမိုထင်ရှား ပီပြင်လာသော နေ့ပါဟု ဆိုနိုင်ပါသည်။

အကြောင်းမှာ...

၉-၂-၇၄ ရက် စနေနေ့။

နံနက် ၁၀-၃၀နာရီအချိန်ဝယ်....

အသားဖြူဖြူ မေးချွန်ချွန်နှင့် တိကျပြတ်သားသော နှုတ်ခမ်းရှိသူ တစ်ယောက်သည် အင်္ကျီလက်တို အနက်ပြောက်ကလေး ဝတ်ဆင်လျက် မြို့နယ် လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီ ရုံးခန်းသို့ မြေပုံကြီး တစ်ချပ်ကို ခေါက်ကိုင်ပြီး တပ်မတော်ရဲဘော်နှစ်ယောက်ဖြင့် ရောက်ရှိလာသည်။

မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးစိန်ရနှင့် အောင်နိမိတ် စစ်ဆင်ရေးနှင့် ပတ်သက်၍ ဆွေးနွေးနေကြသည်။

မကြာမီ ဗိုလ်ကြီးစိန်ရခေါ်သဖြင့် ကျွန်တော်လည်း ရုံးခန်းတွင်းသို့ ဝင်ခဲ့သည်။

'ကဲ လာ....ဦးအောင်လွင် ထိုင်၊ သူက ခလရ(၁၆) မှော်ဘီက ဗိုလ်ကြီးတင်စိုးတဲ့၊ ဦးအောင်လွင်တို့ရဲ့ လုံခြုံရေးစစ်ကြောင်းမှူးပေါ့၊ ဗိုလ်ကြီးက အထမ်းသမားကိစ္စနဲ့ရိက္ခာကိစ္စ မေးနေတယ်၊ အဲဒါ ဖြေလိုက်ပါဦး'ဟု ဗိုလ်ကြီးက ကျွန်တော်နှင့် မိတ်ဆက်ပေးရင်း ပြောပါသည်။

'ဟုတ်ကဲ့ ဗိုလ်ကြီး၊ အထမ်းသမား ၁၃၀ အဆင်သင့် စီစဉ်ပြီးပါပြီ၊ စတင် ထွက်မယ့်ရက် သိရင် ကြိုတင် အကြောင်းကြားလိုက်ရုံပါပဲ၊ ရိက္ခာစုပုံလဲ ရောက်ပြီ၊ စခန်းခွဲတောင် ယမံသီမှာ ကျွန်တော်တို့ လိုက်ဖွင့်ပြီးပါပြီ ဗိုလ်ကြီး၊ မြေတိုင်းအဖွဲ့တွေသဲ ရောက်ပြီ ဆိုတော့ အားလုံးအသင့်ဖြစ်ပြီလို့ ထင်ပါတယ်'ဟု ကျွန်တော်က ရှင်းပြောပြလိုက်ပါသည်။

'ဝမ်း သာ လိုက် တာ.... ဦးအောင်လွင်၊ ကျွန်တော် အရောက် နည်းနည်းနောက်ကျလို့ အဆင်မှပြေပါ့မလား လို့ဗျာ၊ မတ်လ(၁၁)ရက်နေ့မှာ စ,ထွက်မယ်။



တိုးပရိုဂရမ်လဲ ပါလာတယ်၊ ပြီးရင် ကျွန်တော် စခန်း ခေတ္တလိုက်ခဲ့ပါဦးနော် ဦးအောင်လွင်၊ လိုက်နိုင်မယ် မဟုတ်လား'ဟု ဗိုလ်ကြီးတင်စိုးက ကျွန်တော့်ကို မေးပြော ပြောပါသည်။

'ဟုတ်ကဲ့....ဗိုလ်ကြီး'ဟု ကျွန်တော်က ပြန်ပြောပြီးနောက် ကျွန်တော်တို့သည် အောင်နိမိတ် ခရီးစဉ် တစ်လျှောက်အတွက် မြေပုံကိုကြည့်ကာ မြေပုံညွှန်းများ ရှာ၍ လုပ်ငန်းစဉ်အတွက် စီစဉ်ဆွေးနွေးကြသည်။

အတန်ကြာ ဆွေးနွေးကြပြီးနောက် ဗိုလ်ကြီးတင်စိုးသည် ကျွန်တော့်ကို သူနားနေရာ စခန်းသာသို့ လာခေါ်ဆောင်သွားပါတော့သည်။

ဗိုလ်ကြီးတင်စိုးမှာ မေမြို့စစ်တက္ကသိုလ်ဆင်းဖြစ်ပြီး၊ မကွေးဇာတိ ဖြစ်သဖြင့် ရေနံချောင်း ဇာတိဖြစ်သော ကျွန်တော်နှင့် တွေ့စကပင် ခင်မင်ရင်းနှီးသွားကြသည်။

ကျွန်တော်တို့နှစ်ဦးမှာ ကံတူ အကျိုးပေးတူပင် ဆိုရမည် ထင်ပါသည်။

ဇာတိ၊ ရေ၊ မြေ တစ်ကြောတည်းမှ လူနှစ်ဦးသည် ချိန်းဆိုစီစဉ်ထားခြင်းမရှိပါဘဲလျက် ဇာတိမြေနှင့်အလှမ်းဝေးကွာလှသော ဟုမ်းမလင်းလို အရပ်မျိုးတွင် တွေ့ဆုံ

ကြကာ တောင်ပေါ်ခရီးသို့ အကျိုးတူ ခြေဆန့်ကြရပါဦးမည် မဟုတ်ပါလား။

ကံဇာတာသည် ဆန်းကြယ်စွာဘကား။

ဗိုလ်ကြီးနှင့်အတူ တပ်စိတ်နှစ်စိတ်ပါပြီး ဟုမ်းမလင်းရပ်ကွက်၊ ချင်းတွင်းမြစ်ကမ်း နံဘေးရှိ ဘုန်းတော်ကြီးကျောင်းဇရပ်တွင် တည်းခိုနေကြသည်။

ဗိုလ်ကြီးတင်စိုးက သူ့တပည့်အားလုံးနှင့် ကျွန်တော့်ကို မိတ်ဆက်ပေး၍ လက်ဖက်ရည်ဖြင့် ဧည့်ခံသည်။

ကျွန်တော့်အဖို့ တပ်မတော် လက်ဖက်ရည်ကို ဒုတိယအကြိမ် သောက်ရခြင်း ဖြစ်ပါသည်။

ရဲဘော်များအားလုံးသည် ငယ်ရွယ်ကြသည်၊ သွက်လက်ချက်ချာကြသည်။ တောင့်တင်းကျန်းမာသော ကိုယ်ခန္ဓာရှိကြသူများ ဖြစ်သည်။

'ကျွန်တော်တို့ ရိက္ခာတွေ ရောက်ပြီဆိုတော့ ဆရာကာကားမားရေ တို့အဖွဲ့အတွက် ရိက္ခာ ထုတ်ချေကွာ၊ မိတ္ထီလာ ထောက်ပို့က ဆရာမောင်မောင်လွင်တဲ့၊ ဗိုလ်ကြီးစိန်ရဲ့ အိမ်နားမှာ စခန်းဖွင့်ထားတယ်'

ဗိုလ်ကြီးက ဆရာကာကားမား ဆိုသူကို အမိန့်ပေးလိုက်ပါသည်။

ကျွန်တော်လည်း ဗိုလ်ကြီးနှင့်အဖွဲ့ကို နှုတ်ဆက်၍ ပြန်ခဲ့ပါတော့သည်။

မကြာမီ အောင်နိမိတ်စစ်ဆင်ရေးခရီးစဉ် စတော့မည်ဖြစ်ကြောင်းကို ကျွန်တော်၏ အသိစိတ်က လှမ်းမိုး



ထားသဖြင့် စားလည်း ဒီစိတ်၊ အိပ်လည်း ဒီစိတ် ဖြစ်နေတော့သဖြင့် ဇနီးဖြစ်သူပင် စိတ်ပင်ပန်းမှု သက်သာအောင် အားကစားလှုပ်ရှားမှု တစ်ခုခုဖြင့် အာရုံပြောင်းလဲရန် အကြံဉာဏ်ပေးရသည့်အထိ ဖြစ်နေပါသည်။

ကျွန်တော့်ကိုပင် မြောက်ကြွကြွ ဖြစ်နေကြောင်း ဇနီးသည်က ဝေဖန်လာသည်အထိ ခံရပါသည်။

စိတ်ဆိုသည်မှာလည်း ဆန်းကြယ်စွာဘကား။

စွဲမိရာ စွဲလှမ်းရာရာတို့တွင် တဝဲလည်လည်။

အောက်မေ့လွယ်သည်မို့ ကျွန်တော့်ကိုယ် ကျွန်တော် ခွင့်လွှတ်ရမည်ပင်။

ကျွန်တော်က စွဲလမ်းမိပြီပေကိုး။

*　　*　　*

# အခန်း (၄)

## လုပ်ငန်းတွေ ပြင်ကြပြီ

ကျွန်တော်လည်း အောင်နိမိတ်စစ်ဆင်ရေး ဆောင်ရွက်နိုင်ရန် လိုအပ်သော ဆေးဝါးစုဆောင်းခြင်း၊ အနွေးထည် ကအစ....ကျောပိုးအိတ်အဆုံး၊ စီးမည့်ဖိနပ်ပါမကျန် စီစဉ်ပြီး ဖြစ်နေပြီ။

ဇနီးဖြစ်သူက လိုလေသေးမရှိ အစားအသောက်က အစ....ကျွန်တော့်အကြိုက် အလိုက်အထိုက် ဆောင်ရွက်ထားပြီး ဖြစ်သည်။

ကျွန်တော့်အိမ်ပြတင်းကို ဖွင့်လိုက်လျှင်ပင် ပြန့်ပြူးညီညာသော ဘောလုံးကွင်း၊ ထိုမှ.... စီရရီ စိမ်းစိုစွာ ပေါက်ရောက်နေသော အုန်းပင်၊ ကွမ်းသီးပင်များ။



နောက်ခံမှာ မှိုင်းညိုရီ မှောင်နေသော တောင်တန်းမြာ....။

တောင်ဘက်ကုန်းထိပ် ကမူတွင် ရွှေစေတီတစ်ဆူက ထိန်းဝင်လျက်။

မိုးတိမ်ပြာပြာ အောက်တွင်၊ ထိုထိုသော သဘာဝ အလှကို ရှုမြင်ရဆဲ။

‘ဖေဖေကြီး....သမီးလေးတို့ ဘယ်မော်တော်နဲ့ ပြန်ရမလဲ။ ဖေဖေကြီး တောင်ပေါ်က ပြန်ရောက်ရောက်ချင်း သမီးလေးတို့ဆီ လိုက်ခဲ့နော်။ သမီး မျှော်နေမယ်နော် ဖေဖေကြီး’ဟု သမီးငယ်ထွေးက သူ့ရင်တွင်းမှ ခံစားချက်များကို ရင်ဖွင့်လာသည်။

‘အေးပါကွယ်သမီး....စိတ်ချ၊ ဖေဖေကြီး ကိစ္စပြီးရင် သမီးတို့စားဖို့ မုန့်တွေ အများကြီးဝယ်ပြီး လာခဲ့မယ်နော်။ သမီးတို့ တစ်တွေ ‘တာရာကြီး’ မော်တော်နဲ့ ပြန်ရမယ်’

ကျွန်တော်က သမီးငယ်ထွေး ခေါင်းကလေးကိုပွတ်၍ နှစ်သိမ့်လိုက်ပါသည်။

ကျွန်တော်ရော ကျွန်တော့်ဇနီးတို့မှာ ရေနံချောင်းဇာတိများဖြစ်ကြသဖြင့် ကျွန်တော်က မြန်မာ-အိန္ဒိယ နယ်နိမိတ် ကျောက်တိုင်လုပ်ငန်း ဆောင်ရွက် နေစဉ်

အတွင်း ကျွန်တော့်မိသားစုကို မွေးရပ်ဇာတိ ရေနံချောင်းမြို့ကို ပြန်ပို့ရန် စီစဉ်ထားသဖြင့် သမီးငယ်လေးက ဤသို့မေးခြင်း ဖြစ်ပါသည်။

ကျွန်တော့်မိသားစုမှာ နွေကျောင်းပိတ်ရက်အတွင်း ဤသို့ပင် တစ်နှစ် တစ်ခေါက်ဆိုသလို မိဘရပ်ထံ ပြန်လေ့ရှိပါသည်။

ဇနီးဖြစ်သူ ဆရာမလည်း ကျောင်းပိတ်ပြီ။ ကျွန်တော် ၇ နာရီ ရှိပြီဖြစ်သဖြင့် တာရာကြီးမော်တော်သို့သွားရန် အဆင်သင့်ဖြစ်မဖြစ် ဇနီးဖြစ်သူကို မေးလိုက်ပါသည်။

မကြာမီ အလုပ်သမားများ ရောက်လာပြီ ဖြစ်သဖြင့် အိပ်ရာလိပ်များ၊ ခရီးဆောင်ပစ္စည်းများ၊ ထမင်းချိုင့်များကို တာရာကြီးမော်တော်ပေါ် တင်ထားရန် ပေးလိုက်ပါသည်။

ကျွန်တော်တို့ မိသားစုလည်း သားနှင့် သမီးများကို လက်ဆွဲကာ မော်တော်ဆိပ်သို့ စိတ်အေး သက်သာစွာ လာခဲ့ပါသည်။

ချောင်းတွင်းမြစ်ရေသည် ယခုကဲ့သို့ နွေအခါရောက်လာလျှင် ရေနည်းကာ သောင်ထွန်းလာလေ့ရှိပါသည်။

ထို့ကြောင့်ပင် တာရာကြီး မော်တော်ကြီးမှာ ဆိပ်ကမ်းနှင့် အဝေးတွင် ဆိုက်ထားရသည်။ ကျွန်တော်တို့



သားစုလည်း တာရာကြီးမော်တော်သို့ ရေစပ်စပ်ကို လျှောက်သွားရသည်။

သမီးငယ်နှင့်သမီးလတ်ကမူ ရေစပ်စပ်တွင် တစွပ်စွပ် ကြောက်ရသဖြင့် စိတ်ပျော်ကာကာ ခုန်ဆွ ခုန်ဆွဖြင့် ပြေးကြသည်။

သား ဖြစ်သူက...

'ဖေဖေကြီးတို့ ဘယ်တော့ သွားရမလဲ'ဟု မေးပါသည်။

'ဖေဖေကြီးတို့လား... မတ်လ ၁၁ ရက်နေ့မှာ သွားရ သားရဲ့။ သားတို့သွားပြီး နောက် ၂ ရက်ရှိရင်

'ဖေဖေကြီး နေကောင်းပါစေ'

ကျွန်တော်က ဇနီးဘက်ကို လှည့်ပြီး ကလေးတွေ မာရေးကို ဂရုစိုက်ရန် မှာကြားလိုက်သည်။

တာရာကြီး မော်တော်လည်း ထွက်ခွာတော့မည်ဖြစ်ကြောင်း အချက်ပေးဥသြ မှုတ်လေပြီ။

ဇနီးနှင့် သားသမီးများကား ကျွန်တော့်ကို လက်ပြ ရမ်း နှုတ်ဆက်ကြသည်။

မော်တော်ကြီးကား သူ့ဝတ္တရားအတိုင်း ထွက်ပြီ သည်။

တာရာကြီးဟု ဆိုသည့်အတိုင်း ကျွန်တော် မြင်
ဖူးသည့် မော်တော်များတွင် တော်တော် ကြီးပါ

မှိုင်းညို၍ ညစ်ပုပ်နေသဖြင့် တာရာဆိုသောအမည်
မလိုက်ပါ။

သို့ရာတွင် မော်တော်ကြီးမှာ တောင့်၍ ကျယ်
လှသဖြင့် အားကိုးနှစ်သက်စရာ ကောင်းပါသည်။

မော်တော်ကြီးထက် ပိုင်ရှင်က ပို၍ နှစ်သက်
ကောင်းပါသည်။ စိတ်သဘော အလွန်ကောင်းသူဖြ
သည်။ ကျွန်တော့်မိသားစုကိုလည်း အခမဲ့ မုံရွာ
တာဝန်ယူ ခေါ်ဆောင်သွားပါသည်။

မော်တော်ကြီးမှာ ထွက်ခွာသွားပြီဖြစ်သဖြင့်
တော်၏ရင်မှာ ဟာသလို လွမ်းသလို ဆွေးသလို
နေမိပါသည်။

ဘာကြောင့်လွမ်းရသည်ဟု ရေးရန် လိုမည်မထင်

ကလေးတို့အမေတော့ မည်သို့ ခံစားမိလေမည်
မသိနိုင်တော့ပါ။

တာရာကြီးမော်တော် စီးသွားလေသူ မိသားစု
လည်း တာရာလို ချမ်းအေးမြ၍ ချောမွေ့ကြပါ
ဆုတောင်းမိရင်း အောင်နိမိတ်စစ်ဆင်ရေး ခရီး
အတွက် ပြင်ဆင်ရတော့သည်။



န်တော့်ကို လိုက်ပါကူညီရန် စာရေးဝန်ထမ်း
း ခေါ်ခွင့်ရပါသည်။

ို့ကြောင့် မောင်တင်အောင်ဆိုသော ရလကစာရေး
တွက်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီစာရေး)ကို
အညီ ခေါ်ခဲ့ပါသည်။

ူ့ကို ကျွန်တော်တို့အတွက် ရရှိသော ရိက္ခာများ
လုံးကို ဆရာမောင်မောင်လွင်ထံ ထုတ်ယူစေရပါ
။ အလားတူပင် မြေတိုင်းအဖွဲ့စိတ် ဝိုင်းတော်သား
ဗိုလ်ကြီးတင်စိုး၏ ရဲဘော်များ တို့ မှာ လည်း
ိုးကျရိက္ခာအတွက် အလုပ်ရှုပ်နေကြသည်။

အထမ်းသမားများအတွက် ရိက္ခာများလည်း ထုတ်ယူ
ရသည်။

ရိက္ခာဆိုသဖြင့် နယ်နိမိတ်ခရီးလမ်းအတွက် စားနပ်
ာဖြစ်ပါသည်။

သို့ရာတွင် ကျွန်တော့်အဖို့မူ ပထမဆုံးသော အတွေ့
ကြုံမို့ အတော်ပင် အံ့သြရပါသည်။ ရိက္ခာပုံးထဲတွင်
း၊ ဆားခဲ၊ အမဲနပ်ဘူး၊ ငါးသေတ္တာ၊ နို့ဆီ၊ အိမ်
သုံးစက္ကူ၊ ချိုချဉ်ထုပ် စသည်ဖြင့် ပုံးပြည့် ခွက်ပြည့်
၏။

သီးခြားအနေဖြင့် တပ်မတော်သုံး ရမ်၊ လက်ဖ
ခြောက်၊ ကုလားပဲခြမ်း၊ ငါးခြောက်၊ ကြက်သွန်၊ င
သီး စသည်တို့လည်း ထုတ်ယူရပါသေးသည်။

ရိက္ခာကိစ္စထုတ်ယူပြီး၍ ကျောင်းတော်နာရီကို ကြည့်
သည့်အခါ ည ၈ နာရီပင် ရှိခဲ့လေပြီကော။ အချိန်သ
မည်သူ တစ်ဦးတစ်ယောက်မျှကို စောင့်ဆိုင်း၍ မနေပ

၁၉၄၄ခု မတ်လ ၁၀ ရက်။

တနင်္ဂနွေနေ့။

ကျွန်တော်တို့အတွက် အရေးပါသောနေ့ဖြစ်ပါသည်
နက်ဖြန်စတင် ထွက်ခွာရမည့် ခရီးအတွက် အဖွဲ့လိုက်
စဉ်မှုများဆောင်ရွက်ရပါမည်။

သို့အတွက် စစ်ကြောင်းမှူး ဗိုလ်ကြီးတင်စိုးနှင့် အ
မြေတိုင်း ဦးကြည်မြင့်နှင့်အဖွဲ့၊ တီဖိုးဦးအေးဖေနှင့် အ

နောက် ကျွန်တော်တို့နှစ်ယောက်။

အားလုံးသော အဖွဲ့တော်သားများသည်ရိက္ခာပစ္စ
အထုပ်အပိုးများနှင့်အတူ မော်တော်ကြီး တစ်စင်း
ကက်သာဘက်ကမ်းသို့ နံနက်စောစောပင် ကူးခဲ့ကြ
သည်။

'အောင်နိမိတ်၊ အောင်တိတ်ကိုမျှော်၊ လုပ်ငန်း
တူပျော်ပျော်၊ နိုင်ငံတော်အတွက် ရည်ရွယ်ကာ လု



ည်သူ့အကျိုးအတွက်ပေမို့၊ တိုးလို့ဝန်ထမ်း၊ တို့တိုင်း
ည်အတွက် ရည်ရွယ်ကာလှမ်း၊ အောင်နိမိတ်ဆိုတဲ့ စစ်
ဆင်ရေးစခန်း'ဟူ၍ ကျွန်တော့်ရင်ဝယ်လှိုင်းထ ရိုက်ခတ်
လာသော ကာရန်မညီတေးမပီသည့် သီချင်းတေးသွား
ကို မလှမပ ညည်းမိသည်။

ကျွန်တော်တို့အားလုံး ကက်သာဘက်ကမ်းသို့ ရောက်
ခဲ့လေပြီ။

အထမ်းသမားများလည်း ကြိုတင် ချိန်းဆိုထားသဖြင့်
ရောက်နှင့်ပြီ။

အားလုံး အားလုံးမှာ ကက်သာအလယ်တန်းကျောင်း
ကက်သာ တောင်ခြေရိပ်တွင် စုရုံးလို့ ရောက်ခဲ့ကြပါပြီ။

စစ်ဆင်ရေးကြီး စပါတော့မည်။

ကျွန်တော်တို့တစ်တွေမှာ ဤကိစ္စ အတွက်ဤဌာနသို့
ရောက်ခဲ့ကြသဖြင့် မျှော်လင့် စောင့်ဆိုင်းနေရသည့် ရက်
များ ကုန်ဆုံးပြီဖြစ်၍ အားတက် ရွှင်လန်း နေကြပါ
သည်။

ကျွန်တော်၏ အထမ်းသမား စီမံချက်အရ အထမ်း
သမား ၁၀ ယောက်တစ်ဖွဲ့ တစ်စီတ် သတ်မှတ်ပြီး အဖွဲ့
လိုက်ခေါင်းဆောင်များကို အချင်းချင်း ရွေးချယ်စေပါ
သည်။ အထမ်းသမား ၁၃၀ရှိသဖြင့် ၁၃ဖွဲ့ ၁၃ယောက်
ဖြစ်ပါသည်။

ကျွန်တော်သည် ခေါင်းဆောင် ၁၃ ယောက်ကို အလယ်တန်းကျောင်းရှိ ကျောင်းအုပ်ကြီး ရုံးခန်းမတွင် အထမ်းသမားများနှင့်ပတ်သက်၍ ဆွေးနွေးရန် အတွက် ခေါ်ခဲ့သည်။

ဆရာကြီးရုံးခန်းမတွင် ဗိုလ်ကြီးတင်စိုး၊ ဦးကြည်မြင့် ဦးအေးဖေတို့က ရောက်နှင့်နေကြသည်။

ကျွန်တော်လည်း အောင်နိမိတ် စစ်ဆင်ရေးအတွက် အထမ်းသမားများနှင့် ပတ်သက်၍ ဆွေးနွေးရန်အထမ်းသမားများကို တစ်ပါတည်း ခေါ်ခဲ့သည်။

အထမ်းသမားများ သင့်တော်ရာနေရာများတွင် ထိုင်ပြီးကြသည့်အခါ ဗိုလ်ကြီးတင်စိုးက 'ကဲ....အဖွဲ့ခေါင်းဆောင်များ နားထောင်ကြ၊ ကျွန်တော်တို့နဲ့ အတူ ခင်ဗျားတို့အဖွဲ့တွေ လိုက်ကြရမယ်။ မနက်ဖြန်က စတင်ခရီးထွက်မယ်။ ဒီတော့ မနက်ဖြန်မနက်စောစော ထွက်နိုင်အောင် အစီအစဉ်တွေလုပ်ရမယ်။

ကျွန်တော်တို့အဖွဲ့က အထမ်းသမားကိစ္စနဲ့ ပတ်သက်လာရင် ခင်ဗျားတို့နဲ့ပဲ ဆက်သွယ်မယ်။ ခင်ဗျားတို့က တစ်ဆင့် ခင်ဗျားတို့အဖွဲ့သားများကို ပြန်တာဝန်ပေးရမယ်။ အထူးသဖြင့် ခရီးထွက်ပြီဆိုရင် ကျွန်တော့်စကား



တို့ နားထောင်၊ ခရီးစဉ်အတိုင်း လမ်းသိလို့ကျော်တက် ခွဲထွက်တာမျိုး လုံးဝမလုပ်ရဘူး။

တောတွင်းဆိုတာ အန္တရာယ်များတယ်။ ခင်ဗျားတို့ရဲ့ စားရေး သောက်ရေး လုံခြုံရေး၊ ကျန်းမာရေးက အစ တာဝန်ယူတယ်။ မရှင်းတာရှိရင် မေးနိုင်ပါတယ်' ဟု ပြောပါသည်။

အထမ်းသမားများက မရှိကြောင်း ပြောပြီးပြန်ထွက်သွားကြသည်။

ကျွန်တော်တို့လည်း ဆက်လက်ပြီး နံနက်ဖြန် ခရီးထွက်မည့်ကိစ္စ ဆွေးနွေးကြပါသည်။

ဆွေးနွေးကြပြီးနောက် ကျွန်တော်တို့လည်းကိုယ့်အဖွဲ့နှင့်ကိုယ် ယူဆောင်ရမည့်ပစ္စည်းများ၊ အိပ်ရာလိပ်များ၊ ရိက္ခာပစ္စည်းများ အားလုံးကို တနိုင် အထုပ်ငယ်များအဖြစ် ပြောင်းလဲ ပြင်ဆင်ကြသည်။

ဝိုင်းဝန်းပြင်ဆင် စုပေါင်းလုပ်လျှင် အရာရာကို ခဏချင်းဖြင့် ပြီးပြေလည်ချောမောစေသည် မဟုတ်ပါလား၊ 'တစ်ယောက်တစ်လက် ကျောင်းသားလက်' ဆိုသောစကားလည်း မှန်ပေစွ။

ဤသို့ဖြင့် ဆည်းဆာချုပ်စ ညကာလသို့ တစ်စတစ်စ ဖြင့် ချင်းနင်း ဝင်ရောက်ခဲ့လေပြီ။

အချိန်သည် မည်သူ တစ်ဦးတစ်ယောက်ကိုမျှ စောင့် ဆိုင်း၍မနေပါ။

မနက်ဖြန် ခရီး စတင်ထွက်ခွာရပေတော့မည်။ ကျွန် တော်လည်း ဓမ္မာရုံတွင် ဘုရားရှိခိုးပြီး ခရီးလမ်းပန်း တစ်လျှောက်သာယာချောမွေ့စေကြောင်းဆုမွန်ကောင်း တောင်းကာ အိပ်ရာသို့ စောစောဝင်ခဲ့ပါသည်။

အတွေးမျှင်တို့သည် ကျွန်တော့် ခေါင်းဝယ် ကွန် ယက်သဖွယ် ဖြန့်ကျက်အုပ်မိုးထား၍ မျက်စိသာ မှိတ်ထား ရပေမင့် အိပ်၍မရပါ။

အဝေးသို့ ခရီး နှင်ကြလေသူ ဇနီး သားသမီးတို့ အကြောင်း....

အောင်နိမိတ်စစ်ဆင်ရေး၏ ခရီးကြမ်း၊ ဘာဝန်နှင့် ရည်ရွယ်ချက်....

တိုင်း ပြည် က ထား သော စေ တ နာ.... စသော အကြောင်းအရာတို့ကား ကျွန်တော့် ခေါင်းတွင်းဝယ်



စီရရီ အလှည့်ကျ ကွေ့ချာ ပတ်လည်လျက်ရှိနေပါတော့ သည်။

အဝေးတစ်နေရာဆီမှ ၁၂ ချက် သံချောင်း ခေါက် သံကိုမူ သဲ့သဲ့ကြားလိုက်မိပါသည်။

* * *

# အခန်း (၅)

## တာဝန်ကိုယ်စီရှိကြသည်

ကျွန်တော်၏ တာဝန်မှာ မြန်မာ-အိန္ဒိယ ပူးတွဲမြေတိုင်းအဖွဲ့စိတ်များက လွှဲအပ်သော ကျောက်တိုင်အမှတ် ၁၁၈ မှသည် ၁၃၀ အထိ ကျောက်တိုင် ၁၃ တိုင်နှင့် နယ်နိမိတ်လမ်းကြောင်း မှန်မမှန် လက်ခံရန် ဖြစ်သည်။ အိန္ဒိယ နယ်ဘက် အရာရှိ အနေဖြင့်လည်း ကျွန်တော်ကဲ့သို့ပင်။

မြေတိုင်းအဖွဲ့စိတ်မှ ဦးကြည်မြင့်၊ မြေပုံတိုင်းဦးစီးဌာနကိုယ်စား ကျောက်တိုင် ၁၃ တိုင်နှင့် နယ်နိမိတ် လမ်းကြောင်းများ လွှဲပြောင်းရန် တာဝန်ရှိသည်။ ထို့အတူ အိန္ဒိယ မြေတိုင်း အဖွဲ့ခေါင်းဆောင် အနေဖြင့်လည်း ဦးကြည်မြင့်ကဲ့သို့ပင်။



ထိုသို့ပြောင်းလဲလက်ခံဆောင်ရွက်စဉ် ကျောက်တို
အနေအထားနှင့် ကျောက်တိုင်များ အကြောင်းအမျိုးမျိ
ကြောင့် ပျက်စီး ချွတ်ယွင်းလျှင် Tri-angulator T-
အဖွဲ့ခေါင်းဆောင် ဦးအေးဖေမှ အထက်အရာရှိ စခန်းမှူ
များထံ ကြေးနန်းဖြင့် အစီရင်ခံပြီး စခန်းမှူးများ၏ ညွှ
ကြားချက်များအတိုင်း အကောင်အထည်ဖော် ဆော
ရွက်စေရန်ဖြစ်သည်။

အောင်နိမိတ်စစ်ဆင်ရာတွင် မြေတိုင်းဦးစီးဌာန ညွှ
ကြားချက် ဇယားပါအတိုင်း ဆင့်ကဲ ဆင့်ကဲ တာဝန်
သည်။ ယင်းဇယားကို နောက်ဆက်တွဲဖြင့် ပူးတွဲဖော်
ထားပါသည်။

၎င်းအဖွဲ့ကိုကူညီရန် ဗိုလ်ကြီးတင်စိုး၏တပ်တွင် ဗို
သန့်လျက်ခေါ် ဘီ-အိုး-အမ်-အိုး တပ်မှတပ်သားမြင့်
လိုက်ပါခဲ့ရသည်။

ကျန်းမာရေးအတွက်မူ ဆေးတပ်သား မောင်မြင့်။

ကြိုးမဲ့ကြေးနန်းစက် တာဝန်ယူရသူ မင်းနောင်။

သွက်လက်ချက်ချာ၍ အစစ အားကိုးရသူ တင်မတော
သားမောင်ကို။

ဆရာကာကားမား၊ ဆရာလိုင်ထွန်း စသည့်တပ်မတော
သားများ။

စစ်ကြောင်းမှူးနှင့် လုံခြုံရေးမှူး တာဝန်ယူရသူ ဗိုလ်ကြီးတင်စိုး။

ဗိုလ်ကြီးတင်စိုးမှာ အတွေ့အကြုံ ရင့်ကျက်ပြီးဖြစ်၍ အေးဆေးတည်ငြိမ်စွာဖြင့်ဦးဆောင်ကွပ်ကဲနိုင်သူဖြစ်သည်။ အားကိုးလောက်ပါသည်။

ကျွန်တော့် အနေဖြင့်မူ မြန်မာပြည် အစိုးရကိုယ်စားလှယ်အဖြစ် လိုက်ပါခွင့်ရပြီး ကျွန်တော့် အတွက် သီးခြားပြုလုပ်ထားသော ရာထူးတံဆိပ်တုံး ရရှိသူဖြစ်သည်။

အောင်နိမိတ် စစ်ဆင်ရေးကြီး တစ်လျှောက်လုံးတွင် ကျောက်တိုင် ၁၃ တိုင်နှင့်ပတ်သက်ပြီး အိန္ဒိယ နယ်ဘက်အရာရှိနှင့်ကျွန်တော် သဘောတူညီမှု ရယူကာ၊ ကျောက်တိုင်များ ကောင်းမကောင်း၊ နယ်နိမိတ်များ မှန်မမှန် စစ်ဆေးပြီး နှစ်နိုင်ငံကိုယ်စားပြု၍ လက်ခံ လက်မှတ်ရေးထိုးရမည် ဖြစ်သည်။

ကျွန်တော်တို့ လွှဲပြောင်း လက်ခံ စာရွက်စာတမ်းများကို နှစ်နိုင်ငံကိုယ်စားလှယ် နယ်ဘက်အရာရှိ ကျွန်တော်တို့အချင်းချင်း နှစ်ဦးသဘောတူ လဲလှယ်ယူရန်ဖြစ်ပါသည်။

အလားတူပင် ဦးကြည်မြင့်နှင့် အိန္ဒိယ မြေတိုင်းအဖွဲ့ စိတ် ခေါင်း ဆောင် တို့ သည် လည်း နှစ်ဦးသဘောတူ နှစ်နိုင်ငံကိုယ်စား လဲလှယ်ယူရမည် ဖြစ်ပါသည်။



ထို့ကြောင့် အရင်းစစ်၊ အမြစ်မြေက ဆိုသကဲ့သို့ အားလုံးသော အဖွဲ့ခေါင်းဆောင်များသည် မိမိတို့ အတိုင်းအတာအလျောက် တာဝန်ရှိနေကြသည်သာ။

တာဝန်ကိုယ်စီ၊ ရှိကြသည့်ဖို့၊ တူညီလက်တွဲ
ဇွဲနဘဲဖြင့်၊ အားခဲကြိုးပမ်း၊ မှုတော်ထမ်းရန်
ရည်စိတ်သန်သည်၊ အောင်လံလွှင့်ထူနိုင်မည်တည်း။

ကျွန်တော်၏ စိတ်တွင် တာဝန်ကိုယ်စီ ရှိကြပုံကို စဉ်းစားရင်း အထက်ပါ ခံစားချက် ကဗျာလေးကို ကျွန်တော်၏ နေ့စဉ်မှတ်တမ်း ဒိုင်ယာယီ စာအုပ်တွင် ရေးတို့ထားလိုက်မိပါသည်။

ထိုထိုသော တာဝန်များကို ပြီးပြေလည် ချောမောအောင်မြေစေရန် စုပေါင်းညှိနှိုင်းခြင်း၊ စုပေါင်းခေါင်းဆောင်ခြင်း၊ စုပေါင်းတာဝန်ယူခြင်း၊ စုပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် ဂံသာနုရကို့တစိတ်ထား၍ တစ်ဦးအကျိုးကို တစ်ဦးက ညှိနှိုင်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

ကျွန်တော်သည် ဤသို့ပင် မမှိတ်မသုန် ယုံကြည်မိပါတော့သည်။

* * *

# အခန်း (၆)

## အောင်နိမိတ်၏ ပထမနေ့ ခရီး
## သို့မဟုတ်
## လှမ်းကြစို့ တူပျော်ပျော်

၁၉၇၄ခု မတ်လ ၁၁ ရက်။
(၁၃၃၅ခု တပေါင်းလပြည့်ကျော် ၄ ရက်)
တနင်္လာနေ့။

ကက်သာတောင်ပေါ်မှ တောပန်းရနံ့သည် သင်းပျံ့လှသည်။ တော၏ သမီးပျိုအပင် ထိုထိုတို့သည် လေအနေ၁ဝယ် လှုပ်ရမ်းခါ၍ ညင်သာစွာ ယိမ်းထိုးနေကြသည်။



ကျေးငှက်သာရကာတို့၏ အသံတို့သည် လောကကြီးကို နှုတ်ခွန်းဆက်သည့်အလား စီစီညံနေ၏။

ကျွန်တော်သည် ပေါ်တာခေါ် အထမ်းသမားတို့၏ အသံဖြင့် နံနက်လင်းအားကြီးကပင် နိုးထခဲ့ရပြီ။

ကျွန်တော်၏ ရင်တွင်းခံစားချက်ကို အောင်နိမိတ်၏ ပထမနေ့ခရီးအဖြစ် တူပျော်ပျော် လှမ်းကြပါစို့ဟူသော ရည်ရွယ်ချက်ဖြင့် ကျွန်တော်၏ ဒိုင်ယာယီ စာအုပ်ထဲတွင် ဤသို့မှတ်တမ်းတင်မိပါသည်။

### လှမ်းကြစို့ တူပျော်ပျော်

* မြန်မာနှင့် အိန္ဒိယ
သတ်မှတ်ကြနယ်ခြားမြေ
ကျောက်တိုင်ကြီးတွေ၊

* မောင်တို့လဲပါခဲ့ပေ
ပြည်သူတွေနဲ့ တပျော်တပါး။

* ကိုယ့်နိုင်ငံ ကိုယ့်အရေးပေမို့
ကိုယ့်ချွေးရေ ကိုယ်စတေးလို့ရယ်
သွေးသစ်တွေပွား။

* တစ်တောင်ကျော် တစ်တောင်ဆင်း
  တမြေနင်း တစ်ပင်မှို
  အားသစ်ငယ်ပျို။
* ကျောက်တိုင်ကြီး ခိုင်မာသလို
  ချစ်စိတ်ဆို မယိုင်မနဲ့။
* နှစ်ပြည်တစ်ပြည်ပေါ့
  ကမ္ဘာတည် ရွှေလက်ကမ်းလို့ရယ်
  လှမ်းကြမယ်ကွယ့်။ ။

အထက်ပါကဗျာလေးကို စပ်ဆိုမိရင်း အောင်နိမိတ်၏ ပထမနေ့ခရီးအတွက် ပြင်ဆင်ရန် အိပ်ရာမှ ထခဲ့ပါသည်။

မကြာမီ အရှေ့ဆီမှ နေဝန်းနီလည်း ထွန်းပေါ်ပြီတည်း။

လှေကြီးကို နံနက်ခင်း နေခြည်ဖြင့် လွှမ်းခြုံထားလိုက်ပြီ။

မိုးကောင်းကင်လည်း နီလွင်ကာနေတော့၏။

ချင်းတွင်းမြစ်ရေသည် နီပြာစင်းလဲ့သော အရောင်ကို ဆောင်ကာ တသွင်သွင်စီးနေ၏။

ဆန်စက်မှ ဥသြသည် တတူတူဖြင့်ညံနေသည်။

'သာယာသော မင်္ဂလာနံနက်ခင်းပါဗိုလ်ကြီး၊ ညက ကောင်းကောင်း အိပ်ပျော်ပါရဲ့လား ခင်ဗျာ'ဟု ကျွန်



တော်က ဗိုလ်ကြီးတင်စိုးကို နှုတ်ဆက်ရင်း မေးလိုက်သည်။

'ဟုတ်ကဲ့....နှစ်နှစ်ခြိုက်ခြိုက်ကြီးတော့ အိပ်ပျော်လှတယ် မဟုတ်ပါဘူး'

ဗိုလ်ကြီးတင်စိုးက ပြန်ဖြေသည်။

'ဦးကြည်မြင့်တို့များ ညကအိပ်မောကျလို့ ဟောက်များတောင် ဟောက်လိုက်သေး'ဟု ဗိုလ်ကြီးတင်စိုးက ဦးကြည်မြင့်ကိုကြည့်ပြီး ပြောလိုက်သည်။

'ဟုတ်လိမ့်မယ်ဗျို့၊ မနေ့က တော်တော်ပင်ပန်းသွားတယ်၊ ဟဲ....ဟဲ.... ခွင့်လွှတ်ကြဗျာနော်၊ ငှဲ....ငှဲ....ငှဲ....'ဟု ဦးကြည်မြင့်က အသံထွက် ရယ်ရင်း တောင်းပန်စကား ဆိုပါသည်။

ဦးကြည်မြင့်၏ ရယ်သံသည် တကယ်တော့မူ ဟဲ....ဟဲ မဟုတ်ဘဲ ငှဲ ငှဲ သဘောဆန်နေသည်။ ဦးကြည်မြင့်ရယ်သည့်အခါ နှာသံပါနေသဖြင့် အသံမှာ သေးသွားပါသည်။ သို့ဖြစ်သောကြောင့် ဟဲဟဲမှ ငှဲငှဲဖြစ်သွားရသည်။

သူ၏ရယ်သံကို ကြားစကပင် ထူးခြားမှု ရှိကြောင်း သတိထားမိပါသည်။ နောင်သော် သူ၏ ရယ်သံသည် ကျွန်တော့်အဖို့ ကြားရဖန်များ၍ ရိုးသွားရသည်။

ထိုသို့ ဗိုလ်ကြီးတင်စိုး၊ ဦးကြည်မြင့်နှင့် ကျွန်တော်တို့ တစ်တွေ အချီအချ ပြောနေကြစဉ် ရဲဘော်မောင်ကိုက

လက်ဖက်ရည်အဆင်သင့်ဖြစ်ကြောင်း ဗိုလ်ကြီးထံ သတ
ပို့လာသည်။

'အေးအေး၊ ခုပဲ လာခဲ့မယ်' ဟု ဗိုလ်ကြီး တင်
ပြောပြောဆိုဆို ထသဖြင့် ကျွန်တော်တို့ တစ်တွေလ
ဗိုလ်ကြီးတင်စိုးနှင့်အတူ ထလိုက်သွားပါသည်။

ဆရာကြီးရုံးခန်းမတွင် လက်ဖက်ရည် အတူသောက
သည်။

'၈ နာရီတောင်ထိုးပြီ၊ စောစောထွက်မှ ခရီး
ရတာ သက်သာတယ်၊ သောက်ကြဗျာတို့' ဟု ဗိုလ်ကြီး
ပြောပြောဆိုဆို ရုံးခန်းတွင်းမှထွက်သွားပြီးနောက် အထ
သမားများကစ အားလုံး အသင့်အနေအထားဖြင့် စု
စေကာ ပထမ စတင်ထွက်ရှိမည့် ခရီးစဉ်နှင့် လမ်း
ကမ်းများကို ပြောကြားသည်။

'အောင်နိမိတ်စစ်ဆင်ရေး တစ်လျှောက်လုံးမှာ
ရေးတာဝန်ယူရတဲ့ စစ်ကြောင်းမှူး တစ်ယောက် အ
ရန်သူနယ်မြေ မဟုတ်ပေမယ့် တောထဲ တော
ရှိမြောင်ကြပ်ကြားထဲ သွားရမယ့် ခရီးဖြစ်တဲ့အ
အားလုံးရဲ့ လုံခြုံရေးကို ကျွန်တော့်မှာ တာဝန်ရှိ
အလေးပေး ဆောင်ရွက်ရမှာ ဖြစ်တယ်။ ဒါကြော
ကျွန်တော် နားဆိုမှ နားရမယ်။ ကျွန်တော်က စား
စားရမယ်။ ကျွန်တော်က သွားဆိုမှ သွားရမယ်။ကျွန်



မယ်... ကျွန်တော့် ခွင့်ပြုချက် မရဘဲ သွားခြင်း၊
ခြင်း မလုပ်ရဘူး။ တောတွင်း အခြေအနေဆိုတာ
လင့်တာတွေ ဖြစ်တတ်တယ်။ အထူးသဖြင့် အထမ်း
းတွေအနေနဲ့ ကျုပ် အမိန့်မရဘဲ ဘယ်မှ မသွား
း

ဲ....စောစောထွက်မှ ခရီးရောက်တယ်၊ လူသက်
မယ်၊ မေးစရာမရှိရင် ခရီးထွက်ဖို့ ပြင်ကြ၊ ၈ နာရီ
၂၀ မှာ စထွက်မယ်၊ ရှေ့ဆုံးက လမ်းပြနဲ့ ဆရာ
ကားမားတို့အဖွဲ့ ထွက်မယ်။ သူ့နောက်က ရဲဘော်
င်မြင့်အဖွဲ့။ နောက် အထမ်းသမား အဖွဲ့-၁-၂၊
နောက် ရုံးအဖွဲ့(ရုံးအဖွဲ့ဆိုသည်မှာ ဗိုလ်ကြီး၊ ဦးကြည်
၊ ဦးအေးဖေနှင့် ကျွန်တော်တို့ ရုံးအဖွဲ့ကို ဆိုလိုသည်)
နောက် အထမ်းသမားအဖွဲ့ ၃-၄-၅ အစဉ်လိုက် ဆက်
က်ထွက်မယ်။ နောက်ဆုံးက မောင်ကိုနှင့်အဖွဲ့က တပ်
်အနေနဲ့လိုက်မယ် ဒါပဲ.... မေးစရာမရှိရင် ဆက်လုပ်'
ဗိုလ်ကြီးတင်စိုးက ပြောချလိုက်သည်။

ဗိုလ်ကြီးတင်ခိုးမှာ အသံမာပြီး ကျန်းမာပုံ ရသည်။
ျွန်တော်တို့ အားလုံးလည်း ဗိုလ်ကြီးဘင်စိုး ပြောသည့်
တိုင်း ခရီးထွက်ဖို့ ဟန်ပြင်ကြသည်။

ဆရာကာကားမားတို့အဖွဲ့ ရှေ့ဆုံးက ထွက်လေပြီ။

ကျွန်တော်တို့သည် နံနက် ၀၈၂၀ နာရီအချိန်တွင်
ဘုမ်းမလင်းမြို့ မပည(မြေပုံညွှန်း) ၄၃၇၃ မှ ထွက်ခွာ၍

စခန်းချရပ်နားနေမည့် နက်ပလ စခန်း(မပည-၃၂၈၁) သို့ ဗိုလ်ကြီးတင်စိုးက ဦးဆောင်ကာ ခရီးစတင်ထွက်ခွာခဲ့ကြပြီ။

မျှော်လင့်ရပါသော ခရီး....

မျှော်လင့်ရပါသော ခရီးစတင်ရက်....

ထိုနေ့.... ထိုရက်က မတ်လ (၁၁) ရက်၊ တနင်္လာနေ့ရယ်ပါ။

ကျွန်တော်သည် စီးရစ်ခဲ့ပေဦးတော့ မြစ်ချင်းတွင်းရေ....ဟုစိတ်ကူးယဉ်မိရင်းတောတောင် သဘာဝအလှကို စတင်ခံစားနေမိပါတော့သည်။

အောင်နိမိတ်....အောင်တိတ်ကိုမျှော်....
လုပ်ငန်းစ,လို့ တူပျော်ပျော်.... နိုင်ငံတော်အတွက်
ရည်ရွယ်ကာလှမ်း.... ပြည်သူရဲ့ အကျိုးအတွက်ပေ
မို့....တိုးလို့ဝန်ထမ်း....
တို့တိုင်းပြည်တွက် ရည်ရွယ်ကာလှမ်း....
အောင်နိမိတ်ဆိုတဲ့ စစ်ဆင်ရေးစခန်း.......

ကျွန်တော်၏ ရင်တွင်းမှ ပွင့်အာ လိုက်ဆူ၍ မတိုးမကျယ် အော်ဆိုမိသည့်အခါ ဗိုလ်ကြီးတင်စိုးက အံ့ဩသောမျက်နှာဖြင့် ပြုံးကြည့်ရှာသည်။



ကျွန်တော်သည် ကက်သာတောင်ကို အမျှားနည်းတူ အားနှင့်မာန်နှင့် တက်ကြည့်သည်။

ဟောဟဲလိုက်၍ မောနေပြီ။

'မောသလား.... မြို့ပိုင်ကြီး'ဟု ဗိုလ်ကြီး တင်စိုးက ကျွန်တော့်ကို တစ်ခါတစ်ရံယခင်အခေါ်မျိုးဖြင့် ခေါ် ပြောဆိုတတ်ပါသည်။

ကျွန်တော်က....

'မောဘော့ မောတာပေါ့၊ ဒါပေမယ့်....'တွင် ဖြတ်ထားလိုက်ပါသည်။

ကျွန်တော်ဆိုသိုသည်မှာ 'ဒါပေမယ့်....'နောက်တွင် အလွန်အဓိပ္ပာယ် နက်ရှိုင်းလှသော စကားတန်ဆာများ ရှိနေကြောင်း ဖော်ပြလို၍ 'ဒါပေမယ့်'တွင် ရပ်ထားလိုက်ခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့ အုပ်စုသည် တသဲသဲ တလှုပ်လှုပ် တကုတ်ကုတ် တရွေ့ရွေ့ လျှောက်သွားလာရာ ခရီးအတော်ရောက်လျှင် တောသည် နက်သည်ထက် နက်လာလေပြီ။

မိုးထိမြင့်မား သစ်ပင်များက ကြည့်လေရာ တိုင်း အုပ်ဆိုင်း မှိုင်းညို့ နေတော့သည်။

ဝါးတောက ထူထပ်လှ၏။

ဝါးရွက်၊ သစ်ရွက်ခြောက်တွေကို တဖျောက်ဖျောက် ဖြင့် နင်းနေရသည်မှာ တူရိယာသံစဉ်သို့၍ ပီပြင်စွာ မြည်နေဘိအလား။

ချွေးတွေ စို့လာပြီ။

နေလည်း ပြင်းလာသည်။

ပင်ပန်းနွမ်းနယ်စ ပြုပြီ။

ကျွန်တော်တော့ တောကြီးမျက်မည်း တောနက်ထဲကို အဖွဲ့နှင့်ရောက်နေရသဖြင့် မမျှော်လင့်ခဲ့သော ကံကြမ္မာ အကြောင်းက ဖန်လာပုံ ဆန်းခဲ့သည်ဟု စိတ်ကူးမိရင်း လျှောက်နေမိတော့သည်။

မကြာမီ ချင်းရွာသားတစ်စု နေထိုင်ရာ တဲအိမ်စု ကလေးသို့ ရောက်ခဲ့သည်။

တဲအိမ်စုလို့သာ ဆိုရသည်။ အစုလိုက်ဆောက်နေခြင်း ကား မဟုတ်။ တဲလေးငါးလုံးရှိ၍သာ တဲအိမ်စုဟု ဆို လိုက်ရခြင်း ဖြစ်ပါသည်။

ချင်းမိသားစု ဆွေမျိုးတစ်သိုက်က တောတောင်ထဲ တွင်နေ၍ သီးပင် စားပင် ကလေးများ စိုက်ပျိုးရင်း အေးချမ်းစွာ နေထိုင်ကြခြင်း ဖြစ်ပါသည်။

ယင်းတို့၏ အိမ်တိုင်းတွင် သီးပင် စားပင် အခင်း ကလေးများရှိနေတတ်ကြသည်။ ချင်းတို့သည်အနေအစား ရိုးကြသူများပါပေ။



ကျွန်တော်သည် ချင်းတဲအိမ်လို့ ရေးလိုက်ရခြင်းမှာ လည်း တောင်ယာတဲမက အိမ်မကျနှင့်မို့ ရေးလိုက်ရ ခြင်း ဖြစ်ပါသည်။

ကျွန်တော့်မှာ ရေငတ်လွန်း၍ ချင်းတဲအိမ်တစ်လုံး ဆီသို့ သွားမိသည်။ ရေတစ်ခွက်လောက် တောင်းလိုက် သည်။

ဦးကြည်မြင့်၊ ဦးအေးဖေ၊ ဗိုလ်ကြီးတင်စိုးတို့က ခရီး ရှည် ချီတက်ခြင်းဘာသာရပ်ကို ဘာခရီးထဲမှာလက်တွေ့ သင်ခန်းစာရပြီး ကျေညက်သူများ ဖြစ်ကြသည်။

သူတို့သူတို့၏ ဘဝတစ်စိတ်တစ်ပိုင်းသည်ပင် ခရီးရှည် ချီတက်ခြင်းက စိုးမိုးအနိုင်ယူထားသလို ခရီးရှည်ချီတက် ခြင်းပါ ပါမှလည်း သူတို့ သူတို့၏ ဘဝက ပီပြင်မည်။ အဓိပ္ပာယ်ရှိမည် မဟုတ်ပါလား။

ခရီးရှည် ချီတက်ခြင်းနှင့် သူတို့၏ဘဝသည် အညမည တည်း။ ထိုအကြောင်းအရာတို့သည် ကျွန်တော်၏ စိတ် ကူးဉာဏ်တွင် ပင်ပန်းနွမ်းနယ်မှုနှင့် ယှဉ်၍ ထင်လာ၏။

ကျွန်တော့် သမီးငယ်အရွယ် ချင်းကလေးငယ်လေးက ရေတစ်ခွက်ခပ်၍ လာပေးသည်။ မဝံ့မရဲကလေး အမူ အရာမှာ ချစ်စဖွယ် ကောင်းနေတော့၏။ ကျွန်တော်က

အပြုံးဖြင့် ဆီးကြို၍ ရေခွက်ကိုယူပြီး မော့သောက်လိုက်သည်။

ကျေးဇူးတင်ပါတယ်ကွယ်ဟု ပြောဆိုပြီးနောက် ကျွန်တော်က ပြောပြော ဆိုဆိုပင် ကလေးလက်ထဲသို့ ငွေတစ်ကျပ်ကို အိတ်ထဲမှ နှိုက်ပေးလိုက်၏။

သို့ရာတွင် ချင်းမကလေးက ကြောင်ကြည့်နေသည်။ သူ့အမေနှင့် တူသူက ခေါင်းရော လက်ရော ခါပြီး ချင်းစကားဖြင့် ပြောနေ၏။ ကလေးမလေးကကျွန်တော့်ကို ကျပ်တန်လေး ပြန်ပေးနေသည်။

ကျွန်တော်က အမိပွာယ်ပေါက်သည် တစ်ကြောင်း အဖော်များကို မမိမည်စိုး၍တစ်ကြောင်း နှုတ်ဆက်ပြီး တဲအိမ်မှ ထွက်ခဲ့သည်။

သူတို့သည် ငွေကြေးဓနကိုမခင်ရှာ၊ မမင်ရှာ။

စေတနာ သန့်သန့်နှင့် ဘဝရှေ့ရေးကို သိပ်မတွေး။

ရိုးရာဓလေ့ကိုခင်မင်ကာအနေရိုး၍အစားအသောက်တွင်လည်း ဝန်တာမပိုသူများပါပေ။

ကျွန်တော်လည်း သူတို့ဘဝသူတို့အကြောင်းကို ထိုသို့ကလို တွေးရင်း ရှေ့အဖွဲ့ကိုမီရန် အဘင်းလိုက်ရတော့သည်။



ပိန်းကြာဖက်တွင် ရေမတင်ဘဲ ပြေလျော ကျဆင်းသကဲ့သို့ မောဟိုက်ရင်တုန်ဘဝမှ တစ်မုဟုတ်ချင်း ယူပစ်သလို လန်းဆန်းသွားရခြင်းမှာ ရေတန်ခိုးကြောင့်ပင်။

ရေအသက် တစ်မနက်ဟူ၍ ဆိုရိုးရှိခဲ့သည်။

ရေသည် သတ္တဝါအားလုံး၏ မရှိမဖြစ်သော လိုအပ်ချက်ဆေးတစ်ပါးဖြစ်ပါသည်။

ကျွန်တော်တို့အဖွဲ့သည် တောကိုလည်း ဖြတ်ခဲ့ပြီ။

တောင်ကိုလည်း ကျော်ခဲ့ပြီ။

ရှုမြောင် ချိုင့်ဝှမ်း၊ စမ်းချောင်း အသွယ်သွယ်ကို ဖြတ်ကျော် နင်းလျှောက် အတော်ခရီးပေါက်ခဲ့ပြီ။ အချို့သော တောတို့သည် နေပြောက်မထိုး၊ တိုးလို့မပေါက်သဘာဝအလျောက် သိပ်သည်း ထူထပ်လှသည်။

သစ်ပင်ကြီးငယ်တို့ဖြင့် ထူထပ်သိပ်သည်း ပိန်းပိတ်ချည်းသာ။

ကျွန်တော်သည် သစ်ပင်တို့မှ ဆူးနှင့်ခြင်မိ၍စပ်ဖျဉ်းဖျဉ်းနာကျင်နေသည်။ ချွေးနှင့် ဖုန်တို့ကြောင့် စေးကပ်လာသည်။ အာခေါင်တွေလည်း ခြောက်သာပြန်သည်။

ကျွန်တော့်ရင်မှာလည်း မောက်ချိပိန်ချိ အသိုလိုဖြစ်ခဲ့သည်။ မောဟိုက်နွမ်းလျသည့် လက္ခဏာပင်။

ရေငတ်လာပြန်သဖြင့် ရေဘူးဖွင့်၍ ကျွန်တော်မော့သောက်လိုက်မိသည် အထိ ဖြစ်ရသည်။

ကြည့်လိုက်တော့ အထမ်းသမားများပင် ရေမသောက်ကြသေး။

ကျွန်တော့်ကိုယ်ကျွန်တော် ရှက်သလို ဖြစ်မိသည်။ 'မောနေပြီလား မြို့ပိုင်ကြီး' ဟု ဦးအေးဖေက အေးဆေးသက်သာ လမ်းလျှောက်ရင်း စကားပြောလာသည်။

'မောပါဘူး....ဟူးဟူး' ဟု ကျွန်တော်က ရယ်သွမ်းသွေးသည့်သဘောဖြင့်သာ ပြန်ပြောရသည်။ ကိုယ်ဝယ်မချိသည့်အဖြစ်တော့ ကိုယ့်ကိုယ်ကို သိပါသည်။

ခရီးရှည်ချီတက် ထိုးဖောက်ခြင်း ဘာသာရပ်သည် လက်တွေ့တွင် မလွယ်ပါတကား။

အတွေ့အကြုံက များစွာ စကားပြောပါသည်။

ဒါတောင် အထမ်းသမားများကဲ့သို့ အလေးအပင် ထမ်းမလာရသေးသူတို့ကဲ့သို့ အလေးအပင်နှင့်သာဆိုက မစဉ်းစားရဲလောက်အောင်ပင်။

မကြာမီဗိုလ်ကြီးက ဆယ်မိနစ်ရပ်နားမည်ဖြစ်ကြောင်း ကြေညာသည်။

ဗိုလ်ကြီးကိုပင် ကျေးဇူးတင်မိသည်။



ရှေ့ဆက်လျှောက်ရလျှင် ကျွန်တော်သိပါသည်။ကျွန်တော့်အနေဖြင့် သောက်ရှက်ကွဲကိန်း ကြုံရတော့မည် မဟုတ်ပါလား၊

ကျွန်တော်၏ ပေါင်ရင်းထိပ်က နာကျင် မျက်လာ၍ လမ်းလျှောက်ပုံ ပဲပန်းပျက်လာခဲ့ပြီ။ခြေထောက်ကလည်း သတ္တိပြလာခဲ့လေပြီ။

ခြေသလုံးတောင့်၍ ခြေထောက် ပေါက်နေချေပြီ။

ကျွန်တော်သည်း သစ်ပင်ရိပ်ကောင်းကောင်းအောက်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

ကျွန်တော့်ဖိနပ်ကိုချွတ်၍ ကြည့်လိုက်သောအခါ ညာဘက်ခြေမ ဘေးဘက်ကစ၍ သွေးချေဉသော အဖုအပိမ့်က သက်သေပြနေလေပြီ။

ကျွန်တော့်အနီးရှိ စမ်းချောင်းနံဘေးတွင် ခြေဆေး၍ ရေစိမ်ထားလိုက်သည်။ ခေတ္တအားဖြင့် နာကျင်မှုပင်ပန်းနွမ်းနယ်မှု ပြေလျော့သွားပါသည်။

ဗိုလ်ကြီးက 'အင်္ကျီလက်ကို ချထားဗျ၊ ပင့်မထားနဲ့၊ ဒါမှ အတော်အတန် ထိခိုက်ဖူးရှမှုခံနိုင်တော့မပေါ့၊ သွေးနှင့်သူလဲ အေးလာလိမ့်မယ်' ဟု ကျွန်တော့်လက်မှ သွေးစို့နေသည်ကို ကြည့်၍ပြောဟန်တူသည်။

ကျွန်တော်ကလည်း ဟုတ်ကဲ့ဟု ပြောပြီး လက်ရှည်ချထားလိုက်ပါသည်။
အထမ်းသမားများပင် ခရီးထွက်စကကဲ့သို့ စကားမပြောနိုင်ကြတော့ လျှာထွက်ကြပြီ။

ကျွန်တော်ကလည်း သူတို့ကိုကြည့်ရင်း ကိုယ်ချင်းစာနာမိပါသည်။ ပေါ့ပါးသော ကျွန်တော်သည်ပင် လျှာထွက်မတတ်မောနေပြီ မဟုတ်ပါလား။

'ဟယ်....ဟေမာမြိုင်ကြီး၊ ပိတ်ဆီးတောတောင်၊ ရှုမြောင်စိမ့်စမ်း၊ ဘယ်ကလောက် တားဆီးနိုင်ပါစေ၊ တောင်ကြီးဖဝါးအောက်၊ လှိုင်းကြီးလှေအောက်၊ အရာရာ ငါ့ခြေဖဝါးအောက် ရောက်ရမပေါ့'ဟူ၍ ရဲဆေးတင်၍ ဝီရိယစိတ်ကို မြှင့်လိုက်ရသော်လည်း ကျွန်တော်ကိုယ်ကာယအနေဖြင့်တော့ လျော့ရဲရဲပါ။

ကျွန်တော်တို့အဖွဲ့လည်း ခေတ္တနားနေ စခန်းမှ ကြွမြန်းခဲ့ကြရပြန်သည်။ တစ်ယောက်နောက် တစ်ယောက် အစဉ်တစိုက် လိုက်ကြသည်။

'ဘဝသံသရာ....မနေမနား.... တသွားထဲ သွားကြတာ' ဆိုသော ဆရာကြီးဦးသုခ၏ သီချင်းထဲကကဲ့သို့ ကျွန်တော်တို့လည်း မနေမနားပင် တသွားထဲ သွားနေကြသည်။



ရည်မှန်းချက်ရှိရာ ဦးတည်သော နက်ပလ စခန်းသို့။ နေလည်း ညိုခဲ့ပြီ။
မှောင်ရိပ်လည်း သမ်းလာသည်၊
ဗိုလ်ကြီးလည်း ရပ်၍ မြေပုံကို လက်တစ်ဖက်ဖြင့် ဖေးမသားကာ ကျန်တစ်ဖက်ဖြင့် သောက်ကြည့်သည်။ ပြီးနောက် နိပြာခဲတန်ကိုထုတ်ကာ ထုဘ်ခြစ်မှတ်သားနေသည်။ ဘေးဘီဝန်းကျင်ကိုလည်း ကြည့်ဘည်။

နက်ပလစခန်း မြေပုံညွှန်း-၃၂၈၁ ကို ရှာနေဟန်တူသည်။
ဗိုလ်ကြီးက မြေပုံပေါ်တွင် နက်ပလစခန်းကို တွေ့သည့် သဘောဖြင့် နီပြာခဲတန်ဖြင့် မပည်-၃၂၈၁ ကို ဝိုင်းလိုက်သည်။
ပြီးနောက် နေ့စွဲနှင့်အချိန်ကိုပါ မြေပုံပေါ်တွင် ရေးလိုက်သည်။
ကျွန်တော်လည်း အမှတ်မထင် နာရီကိုငုံ့ကြည့်လိုက်ရာ ညနေ ၅ နာရီခွဲကို ပြဆိုလျက်ရှိပါသည်။
ဗိုလ်ကြီးက ဒီနေ့ည ဒီမှာ ညအိပ်စခန်းချမည် ဖြစ်ကြောင်း ပြောတော့သည်။ နက်ပလစခန်းကား ရောက်ခဲ့ပြီ။
ဆရာကာကားမားလည်း ကင်းကိစ္စ၊ အထမ်းသမားနေရာချထားရေးကိစ္စကို ဗိုလ်ကြီးနှင့် တိုင်ပင်၍ လျှို့ဝှက်စကားပါ သတ်မှတ်ကာ ထွက်သွားသည်။

လျှို့ဝှက်စကားမှာ 'ဘူးသီး' ဟူ၍....

အမှတ်အသားတစ်ခုပေးပြီး တူညီစွာလျှို့ဝှက်သုံးခြင်း သဘော အထိမ်းအမှတ်ပင်။

အထမ်းသမားများလည်း သူ့အစုနှင့်အစု၊ စုပေါင်း၍ ဆရာကာကားမား နေရာချထားပေးသော စမ်းချောင်းနံဘေးတွင် နေရာယူကြသည်။

ရဲဘော်လေး မောင်ကိုက အထမ်းသမား ရိက္ခာကို စု၍ ထုတ်ပေးလျက်ရှိသည်။

ရဲဘော် မောင်မြင့်နှင့် မြင့်ဆွေတို့က ဗိုလ်ကြီးနှင့် ကျွန်တော့်အတွက် ယာယီ မိုးကာတဲ ဆောက်လျှက်ရှိသည်။

ဗိုလ်ကြီးနှင့် ကျွန်တော်က နယ်မြေ အခြေအနေကို လေ့လာရေး ထွက်ခဲ့သည်။

ဦးကြည်မြင့်တို့အဖွဲ့လည်း မိုးကာတဲ ဆောက်လျက်ရှိသည်။

ကျွန်တော်တို့ အဖွဲ့များသည် ချက်ကြ၊ ပြုတ်ကြ၊ တရှူရှူ။

ရေချိုးသူချိုး၊ နားနေသူနားဖြင့် တောတွင်း တစ်နေရာတွင် တကယ့် သဘာဝကျကျ နေကြသည်။

သဘာဝမိခင် အိမ်ကြီးပါတကား။

နေရာထိုင်ခင်း အခြေတကျ ဖြစ်သည့်အခါ အောင်နိမိတ်စစ်ဆင်ရေး၏ ပထမနေ့ ခရီးစဉ် အသေးစိတ် အခြေအနေကို ရှေ့တန်းရုံးစခန်းခွဲများသို့ တပ်မတော်



အနေဖြင့် လည်းကောင်း၊ မြေတိုင်းအဖွဲ့စိတ် အနေဖြင့် လည်းကောင်း ပြည့်ပြည့်စုံစုံပင် ကြိုးမဲ့ ကြေးနန်းစက်ဖြင့် ပို့ကြသည်။

ရှေ့တန်းစခန်းခွဲ၏ ညွှန်ကြားချက်များကို မှတ်သား ခံယူရသည်။

ကျွန်တော်တို့လည်း နောက်နေ့ ခရီးစဉ်အတွက် ညွှန်ကြားချက်များအတိုင်း ဆွေးနွေးကြသည်။

ညွှန်ကြားချက်မှာ ခပ်စောစော ထွက်၍ စခန်းသို့ အရောက်သွားရန်ပင်။

သတင်းပို့ခြင်း၊ ညွှန်ကြားချက်များဖမ်းယူခြင်း အလုပ်သည် နေ့စဉ်ပင် ရောက်ရှိ နားနေရာ စခန်းမှ ပို့ရမြဲ နိစ္စဓူဝ အလုပ်ပင် ဖြစ်ပါသည်။

သို့မှသာ မလုပ်မဖြစ်သော အောင်နိမိတ်စစ်ဆင်ရေး ခရီးအတွက် လမ်းကြောင်းမှန်၍ လုပ်ရပ် မှန်ပေမည်။ စနစ်တကျ ညွှန်ကြားချက်များနှင့်အညီ လုပ်ဆောင်ခြင်း ဖြစ်သည်။

သတင်းပို့သော ရဲဘော်နှင့် ကြိုးမဲ့ ကြေးနန်းစက် အထမ်းသမားမှာ ဗိုလ်ကြီးနှင့် အမြဲမကွာ လိုက်ပါနေကြရသည်။

အချို့ အထမ်းသမားများမှာ အေးအေးဆေးဆေး ရေချိုးနေကြပေပြီ။

စမ်းချောင်းရေမှာ ကြည်လင်လှ၏။
ငါးတလေးတွေကို အတိုင်းသား မြင်နေရသည်။

ကျောက်တုံး ကျောက်ခဲများ ပေါများသည့်အဘွက် ရှုမြင်ကွင်းမှာ တစ်မျိုး သာယာနေတော့သည်။

ဤစမ်းရေအလျဉ်သည် ဘယ်ကစီးလာ၍ ဘယ်သို့ ခရီးနှင်လေမည် မသိ။

အစရှိလျှင် အဆုံးတော့ ရှိရပေမည်။

'ကျွန်တော်တို့' ဆိုသည်မှာ ဗိုလ်ကြီးတင်စိုး၊ ဦးကြည်မြင့်၊ ဦးအေးဖေနှင့် ကျွန်တော့်ကို ဆိုလိုပါသည်။

ကျွန်တော်တို့သည် တောတွင်းတစ်နေရာ စမ်းချောင်းနံဘေးတွင် ဖယောင်းတိုင်ထွန်း၍ သူ့ဟင်း ကိုယ့်ဟင်း ဖလှယ်ကာ ထမင်းလက်ဆုံ စားမကုန် ဖြစ်နေကြသည်။

တစ်ချိန်တည်းတွင် တစ်ခုတည်းသော ရည်ရွယ်ချက်ဖြင့် မိခင်ဌာနတပ်ရင်း ကွဲပြားသော သက်ဆိုင်ရာ ဝန်ထမ်းတို့သည် တစ်နေရာတည်း၌ အတူလက်ဆုံစားကာ စားမကုန်၊ ပြောမခန်း အန္တမ်းအပမ်းတို့ ဖြေကြသည်။

၁၉၇၄ ခု မတ်လ(၁၁)ရက် တနင်္လာနေ့က တောင်တွင်း တစ်နေရာတွင် တကယ်ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်ကလေးပင်ဖြစ်ပါသည်။ ကျွန်တော် စာရေးစဉ်ပင် မျက်စိထဲတွင် မြင်ယောင်မိပါတော့သည်။



'သင်လည်း သေလာ
ငါလည်း အောင်လွင်
ကျားနှင့် ဆင်တို့
လယ်ပြင် အလယ်တွင် တွေ့လိမ့်မည်'... ဟူ၍။

ကျွန်တော်သည် စမ်းချောင်း နံဘေးရှိ တောင်ကို မော့၍ကြည့်ကာ မနက်ဖြန် စတင်တက်ရမည့် သေလာတောင်ကြီး ပိတ်ကာဆီးနေသည့် အဖြစ်ကို ကြည့်ရင်း အားဆေးတင်သည့် သဘောဖြင့် ကျွန်တော့် ဒိုင်ယာယီမှတ်တမ်းစာအုပ်တွင် ရေးမှတ်လိုက်မိသည်။

စမ်းချောင်းရေအလျဉ်က တသွင်သွင်စီးလျက်ပါ။

ယခုလည်း စီးနေသည်၊ နောင်တွင်လည်း စီးနေဦးမည်သာ။

ရေစီးကျသံ နားခံရင်း ကျွန်တော်သည် မှေးခနဲ အိပ်ပျော်သွားပါတော့သည်။

* * *

# အခန်း (၇)

## ဒန်းဝကူးရွာလေး အမည်ကမွေး

စမ်းချောင်း တစ်လျှောက်မှ တိုက်ခတ်လာသေ
လေသည် အအေးဓာတ်ကို သယ်ဆောင်လာ၍
အေးလှသည်။

နံနက်စောစော လေနုအေးက အသည်းခိုက်အော
အေးစေသဖြင့် ကျွန်တော် ဆက်မအိပ်နိုင်တော့ပါ။

စမ်းချောင်း ရေအလျဉ်သည် တသွင်သွင်စီးဆ
နေသည်။

စမ်းရေသည် ကြည်လင်အေးမြလှ၏။



ထိုအချိန်က ချောင်းနံဘေးအနီး ရောက်နေမှန်း
သော မျောက်ညိုတစ်ကောင်က အံ့သြသော မျက်နှာ
ကျွန်တော့်ကို တွေတွေကြီး စိုက်ကြည့်နေသည်။

ကျွန်တော်သည် စမ်းချောင်းလေးတွင် မျက်နှာသစ်
ခြောက်လှန့် လွှတ်လိုက်သည်။ လက် ဖြောင့် ဆရာ
ကားမားနှင့် တွေ့လျှင် ထိုမျောက်ခမျာ လွယ်မည်
တော့ပါ။

ဆရာ ကာကားမားသည် အမဲ လိုက် ကောင်းသော
မရှိ လက်ဖြောင့်သေနတ်သမား စစ်သားကောင်း
ဦးဖြစ်ပါသည်။

နေဝန်းနီလည်း အရှေ့ဆီမှ ထွက်ပြူစ ပြုပြီ။

ခရီးစတင်ထွက်ခွာရန် အဆင်သင့် ဖြစ်ကြပြီ။

ကျွန်တော်တို့ စခန်းချခဲ့သော မြေရာလက်ရာများကို
တတ်နိုင်သဆုံး တစ်စ မကျန်အောင် ဆောင်ရွက်ခဲ့ကြ
သည်။ ဤသည်မှာ ကောင်းသော အလေ့အထ ဖြစ်ပါ
သည်။

စစ်ကြောင်းမှူး၏ ကွန်ပတ်စ် သံ လိုက် အိမ် မြှောင်
လေးက မြောက်အရပ်ကို ထာဝရ ညွှန်ပြ နေသည်။
ကြီးက မြေပုံပေါ် ခဲတန်ထောက်ပြီး လမ်းပြနှင့်အတူ
ဆုံးမှ ထွက်ခွာလေပြီ။

ကျွန်တော်တို့လည်း သင့်တော်သည့် အကွာအဝေ
အနေအထားမှ လိုက်၍ ခရီး စတင် ထွက်ခွာ ပါတော
သည်။

၁၉၇၄ ခု မတ်လ ၁၂ ရက်၊ အင်္ဂါနေ့။ ၀၇ နာရီ
ဒုတိယမြောက်နေ့။ နေဝန်းနီလည်း ထွက်ပြူစ ပြုလျက်

နေရောင်ခြည်မျှားက သစ်ပင်ကြီးများ အကြားမ
လင်းဖြာ သွယ်တန်းလျက်။

လေသည်လည်း တဖြူးဖြူးဆော်သွေးရိုက်ခတ်လျက်

ကျေးငှက်သာရကာတို့က အိပ်တန်းမှ နိုးထ၍ စာ
ကျက်ရှိရာသို့ ပျံသန်း မြည်ကြွေးသံတို့ဖြင့် စီစီညံလျက်
ရှိပါသည်။

ဒုတိယနေ့ ခရီးစဉ်မှာ နက်ပလဲစခန်းမှ ထွက်ခွာ၍
ဒန်းစကူးရွာ (မပည–၂၆၈၆) သို့ ရောက်ရှိ စခန်းချမည်
ဖြစ်ပါသည်။

ကျွန်တော်တို့ အဖွဲ့သည် ရှေ့ဆီမှ ပိတ်ကာဆီးနေ
သည့် တောင်နှင့် တောကို စတင်၍ တက်ခဲ့ကြရပြီ
အတော်အတန် မတ်စောက်သော တောင် ဖြစ်သည်။

ကျွန်တော်သည် ခရီးရှည်ချီတက်ခြင်း ဘာသာရပ်
ကို မနေမနား ကျက်မှတ်ခဲ့ရ၍ ကျင့်သားရလာပြီ ဆိုရ
မည် ဖြစ်ပါသည်။



ကျွန်တော်သည် အများတကာကဲ့သို့ပင် ခရီးအစ
...၍ တောင်ကြီးသလာကို အေးဆေးသက်သာ ကျော်
...နိုင်ခဲ့ပါသည်။

အနည်းငယ် ချွေးစို့၍ စပ်ဖျဉ်းဖျဉ်းတော့ ဖြစ်လာ
သည်။ သို့သော် ကျွန်တော် တောင်ပေါ်အရောက်တွင်
...ဆတ်သော လေနုအေးကို တဝကြီး ရှူရှိုက်လိုက်ရ
...ဖြင့် စို့နေသော ချွေးတို့သည် ခြောက်ခဲ့ရလေပြီ
...ကား။

ကျွန်တော်တို့သည် တစ်တောင်ကိုကျော် တစ်မြှော်ရှို
...ခဲ့သည်။ တစ်တောင်ကိုဆင်း တစ်တောင်နှင်းခဲ့ပြီ။

တစ်တောင်ကျော်၊ တစ်တောင်ဆင်း၊ တစ်မြေနှင်း၊
တစ်ပင်ခို ဆိုသော အလုပ်သည် တောတွင်းသွား ခရီး
သည်တို့၏ နိစ္စဓူဝ ပြုမြဲဓမ္မတာခရီးသာ ဖြစ်ပါ၏။

ကျွန်တော်တို့သည် ညီညာပြန့်ပြူး၍ ရှင်းနေသော
လူသွားလမ်းအတိုင်း လိုက်လာခဲ့သည်။

ဩော်...တောထဲ တောင်ထဲမှာပင် သည်လို လူသွား
လမ်းကို ခဲရာခဲဆစ် အပင်ပန်းခံ၍ ပြုပြင်ပေးခဲ့သောစေ
တနာရှင် ခရီးသွား ထိုပုဂ္ဂိုလ်အား ကျွန်တော်၏ စိတ်
တွင် ချီးကျူးရင်း ကျေးဇူးတင်နေမိသည်။

သို့ရာတွင် လူသွားလမ်းမှာ ရှည်လျားသည်တကား။

ကျွန်တော် ထိုလမ်းအပေါ် သံသယတွေဝင်ခဲ့ပြီ။ လူတို့ဖောက်သော လမ်းမှ ဟုတ်ပါလေ၏။

လမ်းမှာတော့ ရှင်းသန့် ပြန့်ပြူးနေသဖြင့် အံ့စရာပါပေ။

'တောတောင်တွေထဲမှာ ဒီလိုဆင်သွားရာ လမ်းတွေနဲ့သာတွေ့ရင်လေ အင်မတန် အသွားရ အသက်သာတယ် ဆရာကြီး'ဟု အထမ်းသမားတစ်ယောက်က ထမ်းပိုးလိုက်လာရင်းက ကျွန်တော့်ကို ရည်ရွယ်၍ပြောသည်။

'ဟုတ်လား....ဒါဆင်သွားရာလမ်းလား ဟင်'

'အချိန်မရွေး ဆင်တွေ တွေ့နိုင်တယ်ပေါ့နော်' ဟု ကျွန်တော် မျက်စိပြူးကျယ်လာရင်းက ပတ်ဝန်းကျင်ဘေးဆီကို အမှတ်မထင်ကြည့်ရင်း ပြန်ပြောလိုက်သည်။

အထမ်းသမားစကားကို ကြားကြားချင်း ကျွန်တော် ကျောချမ်းသွားသည်မှာ အမှန်ပင်။

ကြောက်ဒူးတုန်၍ ပြောခြင်းသာပါ။

သိပ်တော့ မှုစရာမရှိပါ။ အများနဲ့ပဲ တွေ့ကြရင်ပြေးကြရုံပေါ့လို့ ရဲဆေးတင်မိရင်း ပြုံးမိပါသည်။



နေပြောက်ထိုးမရအောင် တောကား နက်လှသည်။ သစ်ပင်ကြီးငယ် ချုံနွယ်ပိတ်ပေါင်းတို့နှင့် နွယ်ယှက်လိမ်၍သိပ်သည်း ထူထပ်လှသည်။

သို့ရာတွင် ဆင်သွားလမ်း ရှိနေ၍သာ တော်သေးတော့သည်။ လမ်း၏ ဘေးတစ်ဖက် တစ်ချက်တွင်သာ ဤသို့ရှုပ်ထွေး ယှက်လိမ်နေသည်။ကျွန်တော်တို့လည်းဆင်လမ်းအတိုင်း လိုက်လာရာမှ လမ်းတစ်နေရာတွင် ဆုံးနေသည်။

သို့အတွက် လမ်းပြနှစ်ယောက်က ရှေ့ကဓားတစ်ဝင့်ဝင့်ဖြင့် လမ်းတွင်ရှေ့ဆောင်လျက် အလုပ်ရှုပ်နေကြ၏။ ကျွန်တော်တို့လည်း တဖြည်းဖြည်းနောက်မှ ကပ်လိုက်ရသည်။

ကျွန်တော်ကတော့ ရှေ့ကသည်းမလိုက်။

နောက်ကလည်း ချန်မနေ။

အလယ်မှ လူချင်းထိ၍ ကပ်လိုက်သည်။

ကျွန်တော်သည် တောကြီးမျက်မည်းတွင်တစ်ယောက်တည်း ကျန်ခဲ့မှာ စိုးရွံ့လှပါသည်။ ဘယ်နေရာ မဆိုအတွေ့အကြုံက စကားပြောပါကလား။ ကျွန်တော့်ဘဝတွင် တစ်ကြိမ်တစ်ခါဖူးမျှ စိတ်ကူးမထည့်ခဲ့မိသောနေရာများ ဖြစ်ပါသည်၊ ယနေ့မူ ထိုနေရာ ထိုဒေသတွင် အမှန်တကယ် သွားလာလှုပ်ရှားခဲ့လေပြီ။

ရှင်မဟာရဋ္ဌသာရ၏ 'ရွှေစက်တော်သွားတောလား' ကို အမှတ်မထင် သတိရလိုက်မိပါသည်။

စာဆိုအကျော် ဆရာတော်က....

'တောတောင်ပျော်မွေ့၊ မလေ့ဖိုးခေါင်၊ ခေါ်ယောင်ဖန်များ၊ တောလုံးကြားအောင်၊ ကျားကရှတ်ရှတ်၊ သံကြုတ်ကြုတ်နှင့် သစ်ကျုတ်ပြေးလွှား၊ ကြောင်ဖားပြေးခုန်၊ ဇွဲ့ယုန်ပြေးသန်း၊ နွယ်တန်းကိုလျှောက်၊ သစ်တောက်ငှက်တော်၊ သံကြော်ဆက်ရက်၊ မြီးယုက်ဖားဖား၊ ခွေးကျားခွေးရွှေ၊ ဝံပုလွေနှင့်၊ ချေကလည်းဟောက်၊ တောက်သည့်သမင်၊ တောဝန်းကျင်၌၊ ဆင်ကကျိုးကျည်၊ ပျော်ဘွယ်စည်သည်၊ လေပြည်ပျံ့ပျံ့မြူးမြူးတည်း'

ဟု မြင်တွေ့ရာရာ ထင်ရှားစွာပင် ရေးလှာသီကုံးစာပန်းချီခြယ်မှုန်းခဲ့ပါသည်။

ကျွန်တော်တို့သည် တောကြက်တွန်မြူးသံကိုကြားနေရသကဲ့သို့ မျောက်ဘကြိုးခွေ၊ ဒေါင်းအိုးဝေသံများလည်း မကြာခဏ ကြားနေရပါသည်။

စာဆိုအကျော် ဆရာတော်၏ ရွှေစက်တော်သွားရာတောသည်လည်း တစ်ချိန်သောအခါက ဆရာတော်တို့ခရီးသွားစဉ် အချိန်ကာလက ဤတော ဤတောင်ကဲ့သို့ပင် ရှိပေလိမ့်မည်။



ယခုအချိန်အထိတော့ ကျွန်တော်တို့အားလုံးတွင် ဘာတစ်ခုမှ အခက်အခဲမတွေ့ရသေးပါ။ တောလည်း သာယာ၊ တောင်လည်း သာမောလှပါသည်။ ကြည့်လေရာတိုင်းတွင် စိမ်းစိုရွှန်းဖတ်နေသည်။

'ကျွန်တော်တို့ ပေငါးထောင် အထက်က သွားနေတာဗျ၊ ဟိုမှာကြည့်ပါလား'

ဗိုလ်ကြီးက မြေပုံကို ရောက်သည့်နေရာကို ကြည့်ရင်းက လက်ညှိုးညွှန်ပြနေပါသည်။

ကျွန်တော်လည်း ဗိုလ်ကြီးညွှန်ပြနေရာသို့ ကြည့်လိုက်မိသောအခါ မတ်စောက်လှသော တောင်ထိပ်ပြေမှ သစ်ပင်ကြီးများ မှုန်မွှားမွှား။

ယင်းတောင်ထိပ်နှင့် ကျွန်တော်တို့ရောက်ရှိနေရာနှင့် တစ်တန်းတည်း အနေအထားတွင် ရှိနေပါသည်။ ယင်းတောင်ထိပ်၏ အမြင့်ပေမှာ ငါးထောင်ရှိကြောင်း မြေပုံက ပြဆိုညွှန်းနေသောကြောင့် ဗိုလ်ကြီးက ပြောလိုက်ခြင်း ဖြစ်သည်။

ကျွန်တော်က ပတ်ဝန်းကျင် တိတ်ဆိတ်မှုကို စတင်ဖြိုခွင်းလိုက်သည်၊

'ဗိုလ်ကြီး ခွင့်ပြုမယ်ဆိုရင် ဗိုလ်ကြီးရဲ့ဘေးအိတ်ထဲက ရေဒီယိုလေးကို တစ်ဆိတ်ဖွင့်ပေးပါလား ဗိုလ်ကြီး၊ ၁၀ နာရီတောင် ထိုးနေပြီ' ဟု ကျွန်တော်က ပြောလိုက်သည်။

ဗိုလ်ကြီးကလည်း တစ်ဆိတ်မဟုတ်ဘူး။ ဆိတ်နှစ်ကောင်တောင် ရပါတယ်ဗျာဟု ရယ်သွမ်းသွေးရင်း ရေဒီယိုလေးကို ဖွင့်လိုက်သည်။

'ဝေးတစ်မြေဆီက၊ ချစ်သူမောင်ရေ၊ အလွမ်းပြေ ယော်ရမ်း၊ မျှော်မှန်းလို့သာနေ....'

လွင်ပြာပြာ အသံကလေးဖြင့် အမည်မသိအဆိုတော်လေး၏ အသံကိုအမှတ်မထင်ပင် နားသောတဆင်လိုက်ရပါသည်။

'တိုက်....တိုက်ဆိုင်လွန်းဗျာ၊ တို့မြို့ပိုင်ကြီးကို တောင်းချိတ်ဆိုထင်ပါရဲ့ဗျာ'ဟု တစ်လမ်းလုံး တိတ်တိတ်ဆိတ်ဆိတ် လိုက်လာခဲ့သော ဦးအေးဖော ဒီတစ်ချက်တော့ ထိထိမိမိကြီး ခွပ်လိုက်လေပြီ။

ကျွန်တော်ကလည်း အားကျမခံလေသံဖြင့်....

'မချိသွားဖြ၊ အသည်းကြားထဲက လွမ်းနေဆဲပါမေ' လို့ ဦးကြည်မြင့် ညကရေးနေတဲ့စာထဲမှာ အမှတ်မထင် တွေ့လိုက်မိသဗျ' လို့ နောက်လိုက်ပါသည်၊

'ဦးကြည်မြင့် အရိုက်ထိသွားပြီ၊ ဆန်နီလစ္စတန်(အမေရိကန်လက်ဝှေ့ကျော်)ခံလိုက်ရပြီဗျို့'ဟု ဗိုလ်ကြီးကရယ်ကျဲကျဲဖြင့် ပြောလိုက်သည်။



'အေးလေ....ပြောကြဦးပေါ့၊ မကြာခင် သူ့အလှည့်မာတ်ပြား ဖွင့်ရသေးတာပေါ့'ဟု ဦးကြည်မြင့်က ကြုံးဝါးပါသည်။

ကျွန်တော်တို့အားလုံး ဝါးခနဲ ပွဲကျသွားတော့သည်။ ဤသို့ပင် စိတ်၏ဖြေပြေရာ ရှာကြံကြရပါတကား။

ကျွန်တော်တို့သည် တောင်စောင်းတစ်ခုမှ ဆင်းခဲ့ပြီ။

ထို့ကြောင့်ပင် တစ်တောင်ကျော် တစ်တောင်ဆင်း တစ်မြေနှင်း၊ တစ်ပင်ခို၊ အားသစ်ငယ် ပျို့လာအောင် ဖန်တီးစွမ်းဆောင် နေကြရသည် မဟုတ်ပါလား။

တောတွင်းသွား ခရီးသည်ကြီးပေတကား။

ရည်မှန်းချက် ရှိရာသို့ ဦးတည် သွားနေကြရသည်။ မနားမနေတပေပေ သွားနေကြရသည်။

တလှုပ်လှုပ် တကုတ်ကုတ် သွားလျက်။

မကြာမီ စမ်းရေရှိသော ကြည်လင်လှသည့် စမ်းရေအိုင်သို့ အပန်းပြေထိုင်ရန် ရောက်ရှိကြသည်။

စိမ့်၊ စမ်း၊ ရေအိုင်၊ ဂနိုင်သာမော၊ ခက်ချင်းယှက်တဲ့ အင်ကြင်းတောဟု စာဖွဲ့လောက်သည်။

အင်ကြင်းပင်တို့ကား တာဝန်ကျေစွာပင် ပန်းအလှကို မွေးဖွားသန့်စင်ပြီး၍ ယခုတော့ဖြင့် အနားယူအိပ်စက်ကြလေပြီကော။

ကျွန်တော်သာလျှင် တာဝန်အရ မနားမနေ တပေပေဖြင့် တောတွင်းသွား ခရီးသည်လေး ညှော့သည့် အောင်လွင်ရယ်ပါ။

တောတောင် ဝန်းကျင်၊ သာမောလွင်လို့ စိတ်ကူးယဉ်၍ ကောင်းလှပါတော့သည်။

ဗိုလ်ကြီးကလည်း နာရီကို ကြည့်လိုက်ရင်း....

'ခေတ္တရပ်နား၍ နေ့လယ်စာ ထမင်းစားမည်' ဖြစ်ကြောင်း ကြေညာသည်။

အလိုက်သိလွန်းသော စစ်ကြောင်းမှူး၊ ကျွန်တော့် ဗိုလ်ကြီးပါ။

ရေမြေတစ်ကြောထဲက အညာသားတွေပေါ့။

သို့ဖြင့် ကျွန်တော်လည်း အခန့်သင့်ဆိုသလိုပင် စိတ်ကြိုက်နေရာရွေး၍ စမ်းချောင်းနံဘေး ကျောက်တုံးလေးပေါ်တွင် ဇွေ့ဇွေ့ညင်သာ ထိုင်လိုက်မိပါသည်။

'ရေတံခွန်နန်း....စမ်းကလေးတွေ သွယ်တန်းနေ....
ကမ်းဘေးအမြင့်မလေ....'

ဆိုသော ကျွန်တော် ငယ်စဉ်က ကြည့်လိုက်ရသည့် မင်းသားကြီး ကျော်ဆွေ၏ 'ဖူးစာနှစ်ခိုင်' ရုပ်ရှင်ကားမှ အချစ်ခန်းကို ပြေး၍ပင် အမှတ်မထင် သတိရမိလိုက်ပါသည်။



ယခုမူ တကယ့်အဖြစ်က ချစ်သူနှင့်ဝေး၊ ချောင်းနံဘေးမှာ ပတ်ဝန်းကျင်အလှကို ငေးကြည့်ရင်း နံနက်စာကို အရသာမခံဘဲ စားနေမိပါသည်။

ကျွန်တော် တစ်ကိုယ်တည်း ကြင်သူမဲ့သည့် အဖြစ်က သနားစရာဟု မဆိုချင်ပါ။

ကျောက်တုံးပေါ် ထိုင်နေသည်မှာတော့ တစ်ကိုယ်တည်းပါ။

သို့တစေ....ကျွန်တော့်ဘေးနေရာတွင်မတော့ ဘဝတူ တောတွင်းသွား ခရီးသည်များ အများကြီးပါ။

အချိန်ကား ခေါင်းပေါ် နေမင်း ထွက်ပြူလင်းသည့် နေ့လယ် (၁၂၀၀)တိတိ အချိန်ပေါ့။

တောရိပ် တောင်ရိပ်ကား တန်ဖိုးရှိလေစွ။

သစ်တစ်ပင်ကောင်း၊ ငှက်တစ်သောင်းပင် ခိုနိုင်သည် မဟုတ်ပါလော။

စိတ်ကူးယဉ် အိပ်မက်ကမ္ဘာတွင် လျှောက်လှမ်းနေသူများ မဟုတ်ကြမူ၍ ယခုတော့ဖြင့် ကျွန်တော်တို့အဖွဲ့မှာ စား၍ပြီးသည်နှင့် ခရီးသွားရန် ဟန်ပြင်ခဲ့ကြရပြန်သည်။

ကျွန်တော်တို့အဖွဲ့သည် စမ်းရေအိုင်လေးတစ်ဖက်သို့ ကူးကာ တောင်ကို စတင်တက်ခဲ့ရပြန်သည်။

အတော်မတ်စောက်သော တောင်ဖြစ်၍ ဗိုက်လေးလေးနှင့် တက်ရသည်မှာ နောက်သို့ပြန်၍ လန်ကျချင်စရာကောင်းတော့သည်။

ကျွန်တော်၏ ခြေထောက်များက နောက်သို့ ပြန်ဆွဲသလို ဖြစ်နေ၍ ကိုယ်ကိုရှေ့သို့ ကိုင်း၍ ညွတ်၍ ကုန်း၍ တောင်ကိုတက်မှ နေသားကျသွားတော့သည်။

တောင်ထိပ်ကို ရောက်သောအခါ လှပ နီရဲသော တောပန်းကို တွေ့မိ၍ အာသာငန်းငန်း ဆွတ်လှမ်းမိတော့သည်။

'တောင်ဇလပ် ပန်းနီမျိုးပေါ့ မြို့ပိုင်ကြီး'ဟု ကျွန်တော့်အရင် ရောက်နှင့်သော ဗိုလ်ကြီးက ပြောလိုက်သည်။

'တကယ်လှတဲ့ပန်းဗျာ၊ စာထဲမှာပဲတွေ့ဖူးတာဗျ' ဟု ကျွန်တော်က ပြန်ပြောရင်း မွှေးနေမိပါသည်။

ကျေနပ်ခြင်း၊ အားရခြင်း၊ ရွှင်လန်းဝမ်းမြောက်ခြင်း အသိစိတ်တို့က ရင်တွင် စိုးမိုးသွားပါတော့သည်။

ကျွန်တော်သည် တောင်ဇလပ်ပန်းကို ရင်ဝယ်ထိုးကာ တောင်အောက်သို့ တရွေ့ရွေ့ တအိအိ ဆင်းနေသည်။

တောင်တို့မည်သည် အဆင်းခက်၏။

ဆင်းသူသည် ဒူးတွင် အားထည့်ထားရလွန်း၍ ကြာသော် ဒူးတုန်လာ၏။



အဆင်းသည် အတက်ထက် စိတ်ရောကိုယ်ပါ ပင်ပန်းသတကား။

တောင်အောက်သို့ကား ရောက်ခဲ့ပြန်ချေပြီ။

ကျွန်တော်သည် ဘယ်တောင်များ တက်ရဦးမည်လဲဟူသော အသိကြောင့် ပတ်ဝန်းကျင်သို့ ဝဲလည်ကြည့်ခဲ့မိသည်။

အမှန်တော့ တောင်တက်ရမည်ဆင်းရမည်ကိုကြောက်နေ၍ ဖြစ်သည်။

တကယ် ပင်ပန်းလာတော့လည်း ကိုယ်ဝယ်မချို ပင်ပန်းဘိဆိုသော စကားသည် ကျွန်တော့်အဖို့ မှန်ခဲ့ချေပြီတကား။ ဒုတိယနေ့ခရီးသည် ကျွန်တော့်အဖို့အတော်ပန်းခဲ့၏၊ တောင်ဆင်းတောင်တက်လည်း များခဲ့သည်။

တစ်ဖန် ကျွန်တော်တို့သည်တောင်ကြောတစ်လျှောက် အနားကပ်၍ ပတ်၍ ကွေ့ဝိုက်၍သွားနေကြပါသည်။

ဩော်...မနားမနေ တပေပေ သွားနေခြင်းသည် တိုင်းပြည်နှင့် လူမျိုးအတွက်ဆိုသော် ရချေ၏၊တိုင်းပြည်ချစ်စိတ် ပြည့်ဝန်ထမ်းစိတ်ကြောင့်ပါ ကလား။

အချို့အချို့သော စီးပွားရေးသောင်းကျန်းသူသည် ဤအချိန်ဤအခါမျိုးတွင် ယစ်ရွှေရည် စသောဇိမ်ခံ

ပစ္စည်းတွေသောက်ကာ တိုင်းပြည်ကို ရောင်းစားနေကြသည်။

အချို့အချို့တို့သည် ဤအချိန်ဤအခါမျိုးတွင် သစ်ငုတ်ကို သင်ဖြူး၊ ဆူးကိုမွေ့ရာ မှတ်ယူကာ ပြည်တွင်းရန်စွယ် ပြည်ပရန်စွယ်မှန်သမျှကို အသက်ပေးလို့ ကာကွယ်လျက်ရှိနေကြမည်။

ကျွန်တော်တို့အဖွဲ့သည် တိုင်းပြည်တာဝန် ကျေလျက်ရှိပါသည်။ ကျွန်တော်တို့လည်း တိုင်းပြည် အတွက် တစ်နည်းတစ်ဖုံ၊ တစ်ဖက်တစ်လမ်း၊ တစ်ဒေါင့်တစ်နေရာ၊ အုတ်တစ်ချပ် သဲတစ်ပွင့်နေရာက ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းရွက်နေခြင်း ဖြစ်ပါသည်။

ဤအတွေးကြောင့် ကျွန်တော့်ရင်သည် မို့မောက်လို့လာသည်။

ဤအတွေးကြောင့် ပင်ပန်းကုန်ဆုံးနေသော အားအင်ကိုယ်တွင်းအားတွေ အလိုလိုပြည့်လာသည်။

ဤအတွေးကြောင့် ခြေထောက်တို့သည် သွက်လာသည်။

တိုင်းပြည်အတွက်ပေမို့ ဟူသော အတွေးကြောင့်ပင်။

'အောင်နိုင်မိတ်၊ အောင်တိုက်ကိုမျှော်၊ ပျော်ပါရဲ့လေး။ သည်နယ်မြေ...သည်ကျောက်တိုင်နဲ့



မြဲနိုင်အောင် နောင်ရှည်ကြိုးမယ်

ချီး...တွက်ကွယ်လေး....'

အထက်ပါ ကဗျာတိုကလေးကို ကျွန်တော့်ရင်မှသည် အတွေးဆီသို့ရောက်ပြီး ခံစားချက်နှင့်အတူ လျှပ်တစ်ပြက် ပေါ်ထွက်လာပါသည်။

ထို့ကြောင့် ကျွန်တော့်လုပ်ရပ်၊ ကျွန်တော့်တာဝန် အမှန်တကယ်ပင် ဂုဏ်ယူမိပါသည်။

ထိုနောက် ကလေးတို့ အမေနှင့် သားသမီးများကို မြေး၍သတိရလိုက်ပြန်သည်။

ကျွန်တော်၏ လက်တွေ့ဘဝကို ရုပ်ရှင်ဖြင့် မှတ်တမ်းတင်ရိုက်၍ ပြလိုက်ချင်စမ်းပါဘိတော့။

ကျွန်တော်သည် အကျင့်တစ်မျိုး ရနေ၏။

စိတ်ကူးဖြင့် လမ်းလျှောက်ရသည်မှာ ခရီးရောက်မှန်းမသိ ရောက်၏။

ကျွန်တော်သည် ဘယ်သောအခါမျှ ရှေ့ခရီးကို မျှော်ခေါ် မကြည့်တော့ပေ။ စိတ်ကူးဖြင့်သာ လမ်းလျှောက်မိတော့သည်။

'ဒီတစ်တောင် ကျော်ပြီးရင် ဒန်းစကူး ရွာလေးကို ရောက်တော့မယ် ဆရာကြီး' ဟု လမ်းပြတစ်ဦးက ကျွန်တော့်ကို စကားဆိုလာသည်။

'ဟုတ်လား၊ ဒီလိုဆို အချိန်ကောင်းပေါ့နော်'
ကျွန်တော်က နာရီကိုငုံ့ကြည့်ရင်း ပြန်ပြောလိုက်သည်

ကျွန်တော့်နာရီ လက်တန်ကလေးက ၄ နာရီ
ညွှန်းဆိုပြနေသည် မဟုတ်ပါလား။

တောင်ဆိုမှ တောင်။

အတော်မြင့်သည့် တောင်။

သို့သော် အတွေ့အကြုံက စကားပြောလာပြီ။

ခပ်အေးအေးဖြင့်ပင် ကျွန်တော် တက်ရောက်နိုင်
သည်။

တောင်ကြီး ဖဝါးအောက် ဆိုသောစကားသည်
မှန်ခဲ့ပြီဘကား။

လှိုင်းကြီးသော်လည်း လှေအောက်သို့ပင် ရောက်
သကဲ့သို့တည်း။

ကျွန်တော်တို့သည် တောင်ထိပ်မှ ပြေပြေလျောလျော
ဆင်းခဲ့ပြီး တစ်ခုသော တောင်ခါးပန်းအလွန် တောအ
တစ်ခုအတွင်း ပြန့်ပြူး ညီညာသော မြေတလင်းတ
ဒန်းစကူး ရွာကလေးကိုအဝေးမှ လှမ်း၍မြင်နေရပါပြီ

သို့ရာတွင် ကျွန်တော်တို့အဖွဲ့ တကာယ် သွားသော
အခါ တစ်နာရီနီးပါး သွားခဲ့ရသည်။ ဒန်းစကူးရွ



လေးမှာ အိမ်ခြေ ၂၀-၂၅ ခန့်ရှိ ချင်းရွာကလေး
သည်။ ရွာလူကြီးက ထွက်၍ကြိုဆိုပါသည်။

ကျွန်တော်တို့အဖွဲ့လည်း သင့်တင့်လျောက်ပတ်ရာရာ
အအုပ်ခွဲ၍ ချင်းတဲအိမ်စုများတွင် တည်းခိုကြသည်။

ဝါယာလက်စ် ရဲဘော်လေးလည်း စက်တစ်လုံးဖြင့်
တီတီ တတပ်တတပ် မြည်စေကာ အလုပ်ရှုပ်နေပြီ။

သူသည် ရင်အုပ် ကားကား၊ မို့မောက်ထွားနှင့်
ရွယ်နုပျိုသည်။

နှုတ်ခမ်းမွေး စစနှင့် လူချောလေး ဖြစ်သည်။

ဗိုလ်သန့်လျက်ခေါ် မောင်မြင့်ဆွေမှာ ဗိုလ်ကြီး၏
ရာဝေယျာဝစ္စဖြင့် အလုပ်ရှုပ်နေသကဲ့သို့ ကျွန်တော့်
တော်မောင်၊ မောင်တင်အောင်လည်း ကျွန်တော့်
တွက် အလုပ်ရှုပ်လျက်ရှိသည်။

မောင်တင်အောင်သည် စကားနည်းသလောက် သွက်
က်သည်။

အလိုက်သိ၍ ဖျတ်လတ်သည်။ တောင့်တင်းသော
ကိုယ်ရှိသည်။

ခိုင်းလျှင် ပေါ့ပါး၍ ပြန်လည် မငြင်းဆိုတတ်။

ကျွန်တော် သူ့ကိုခေါ်ရခြင်းမှာ ရိုးသားတည်ကြည်၍
ဝန်လေးစားသူ ဖြစ်သောကြောင့် ဖြစ်ပါသည်။

'ဆရာကြီး....ခေါင်ရည်သောက်ပါဦး'

ရွာလူကြီးက လောကွတ်ပျူငှာ စကားဆိုသည်။ ယဉ်ကျေးမှု ဓလေ့ထုံးစံအရ ကျွန်တော်လည်း ခေါင်ရည်ဘူးထဲရှိ ကျူတန်ကိုကိုင်၍ အနည်းငယ်စုပ်လိုက်ရာ အခဲ့မထင်ပင် မျက်နှာရှုံ့၍ နောက်တွန့်ခဲ့ရသည်။

အားနာလိုက်သည်ဖြစ်ခြင်း။

ရွာလူကြီး၏မျက်နှာကို ရဲရဲမကြည့်ဝံ့တော့။ ရွာကြီးကတော့မူ ကျွန်တော့်အဖြစ်ကိုကြည့်၍ ရယ်နေသည်။

'ဒီကမြို့ပိုင်ကြီးက ခေါင်ရည် မသောက်ဖူးသေးဘူး ဟိုဘက်က လူမည်းမည်း ဝဝကတော့ မြူနီစီပါယ်အမှိုက်ပုံးပဲ ဆရာကြီးရေ' ဟု ဗိုလ်ကြီးက ကျူတန်ကို ကိုင် ပြောပြီး ကန္တြေရရ စုပ်နေတော့သည်။

'မြူနီစီပါယ်အမှိုက်ပုံးဆိုတာ လာသမျှ အမှိုက်သရိုက် ထည့်ချင်သလောက်ထည့် ဆန့်တယ်၊ အဲဒီပုံးလိုပဲ ဒီလူ သောက်ချင်သလောက်သောက် မမူးဘူး၊ ဆန့်တယ်'

ဟု ကျွန်တော်က ဦးကြည်မြင့်ကို လက်ညှိုးထိုးက ရွာလူကြီး သိအောင်ရှင်းပြလိုက်သည်။

'ဩော်....အင်း....အင်း....ဟဲဟဲ၊ သောက်ပါ'ဟု ရွာ လူကြီးက ပြန်ပြောသည်။



'ခေါင်ရည် နောက်တစ်အိုး ယူခဲ့ပါဦး....၊ ဗိုလ်ကြီး သောက်လို့ကုန်ပြီ၊ ကျွန်တော့်အလှည့် မရောက်သေးဘူး' ဟု ဦးကြည်မြင့်က အရှက်ပြေ ချော်လဲ ရောထိုင်စကား ပြောလိုက်သည်။

ဦးကြည်မြင့်လိုလူက အတွေ့အကြုံရှိပြီး ရှက်မည့် လူစား မဟုတ်ပေ။

ဦးအေးဖေသာ စကားနည်းသလောက် ခေါင်ရည် သီးခြားတစ်လုံးဖြင့် အိမ်ထောင့်တစ်ထောင့်တွင် ဇိမ်ကျ၍ နေလေပြီ။

စစ်ကြောင်းမှူး ဗိုလ်ကြီးကတော့ ရွာလူကြီးနှင့်သူ ကျူရိုးတစ်ချောင်းစီဖြင့် အလုပ်ရနေပေပြီ။

စကားလက်ဆုံကျ၍ လေလည်း ရနေသည်။

ရွာလူကြီးကတော်က ခေါင်ရည် လာချပေးသည်။

သူတို့ စကားလက်ဆုံကျချင်း ဆက်သောက်ကြသည်။

ရပ်အကြောင်း၊ ရွာအကြောင်း။

အောင်နိမိတ်အကြောင်း....

သူတို့ စကားများကို နားထောင်ရင်းက ကျွန်တော့် မျက်စိများ မှေး၍လာကာ အိပ်ပျော်သွားတော့သည်။

အဘယ့်ကြောင့်ဆိုသော်.... ဗိုလ်ကြီး နှိုး၍ အိပ်ရာနိုး လာရသည်။ ရွာလူကြီး၊ ဗိုလ်ကြီးနှင့်ကျွန်တော်တို့ ထမင်း အတူစားကြသည်။

'ဒန်းစကူးရွာလေးလို့ အမည်က မွေးလှဘယ်ဗျာ....၊ ဗမာလို ဘယ်လိုခေါ်သလဲ'ဟု ကျွန်တော်က မေးလိုက်ပါသည်။

'ဒန်းစကူးဆိုတာ စန္ဒကူးလို့ ခေါ်ပါဘယ်'

ရွာလူကြီးက ပြန်ပြောသည်။

'ဒီလိုဆိုရင် စန္ဒကူးနံ့ သာနှစ်တို့ဖြင့်ပြီးသော၊ အစဉ်မွေးကြိုင်နေသည့် ရွာကလေးပေါ့နော်'ဟု ကျွန်တော်က အဖြေကို အဆင်ဖြင့် ပြောလိုက်မိပါသည်။

'ဟုတ်ကဲ့'ဟူသော ရွာလူကြီး၏ အဖြေသည် သိလို့၍လော၊ မသိလို့၍လော.... တပ်အပ်သေချာ မပြောပြနိုင်သော်လည်း ကျွန်တော့်အနေဖြင့်မူ ရွာအမည်လေးကို သဘောကျမိသဖြင့် ဟုတ်သည် ဖြစ်စေ၊ မဟုတ်သည် ဖြစ်စေ.... စန္ဒကူး နံ့သာနှစ်တို့ဖြင့်ပြီးသော ရွာကလေး ဟုပင် ယူဆမိပါတော့သည်။

ကျွန်တော်တို့သည် စကားတပြောပြောနှင့် ညဥ့်နက်လာသည်။

ရွာလယ်ရှိ မြေဘလင်းဝယ် ဆော့ကစားနေကြသော ချင်းကလေးငယ်တို့၏အသံလည်း တိတ်ဆိတ်ချေပြီ။ ကျွန်တော်တို့လည်း အိပ်ရာသို့ဝင်ခဲ့သည်။



မိုးယံတိမ်မြင့်ဆီတွင် ပြာလဲ့သော ကောင်းကင်ကို နောက်ခံ ပြု၍ထားသော ကြယ်ကလေးသည် ရှန်းလဲ့ တောက်ပနေကြောင်း တဲအိမ်၏ ထရံအပေါက်ကလေးမှ မြင်နေရပါသည်။

ပြာလဲ့သော ကောင်းကင်အသွက်ို အာရုံဝင်စားရင်းက ကျွန်တော်၏ မျက်စိများ ပြန်လည် မှေးလာပါတော့သည်။

တောတွင်းသား ခရီးသည်အဖို့ နားနေ အိပ်စက်ရန်မှာ ဆေးတစ်ပါးကဲ့သို့ လိုအပ်သည် မဟုတ်ပါလား။

* * *

# အခန်း (၈)

## အဆင်းခက်ခက် အတက်ကြမ်းကြမ်း

ကျွန်တော်တို့ တစ်တွေလည်း ဆက်လက်ခရီးထွက်နိုင်ရေးအတွက် ပြင်ဆင်ကြရပြန်သည်။

ကျွန်တော်လည်း နံနက်လင်းမှ ရွာကလေး၏ဝန်းကျင်အလှကို စူးစမ်းမိတော့သည်။

မြေတလင်းညီပေါ်တွင် တည်ဆောက်ထားသော်လည်း ရွာပတ်ဝန်းကျင်မှာ မတ်စောက်သော တောင်များ၊ ရွာအောက်ခြေတွင် နက်ရှိုင်း စိမ်းဖန့်သော သစ်တောများကို မသဲမကွဲ တွေ့ရသည်။

မှိုင်းညို့ရီမှောင်နေသော တောနှင့်တောင်။

နောက်ခံ မိုးတိမ်ပြာပြာ။



အလွန်ကြည့်၍လှသော သဘာဝပန်းချီကား တစ်ချပ်ပင် ဖြစ်ပါသည်။

နံနက်စာ ထမင်းကြော်စားရန် မောင်တင်အောင်လာခေါ်၍ ကျွန်တော် လိုက်သွားရသော်လည်း ကျွန်တော့် အာရုံများကား သဘာဝအလှ ကွန်ရက်တွင် ဖမ်းစားခံရလျက်သာ။

တကယ်တော့မူ နံနက်ထမင်းကြော်နှင့် တပ်မတော်လက်ဖက်ရည်သည် မသောက်မဖြစ်သော အာဟာရဆေးကြီးတစ်ပါး ဖြစ်ပါသည်။

ထိုနံနက်စာကို ကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ၊ စားချင်သည်ဖြစ်စေ မစားချင်သည်ဖြစ်စေ စားကိုစားရပါမည်။ မစား၍ကား မဖြစ်၊ အသက်ဆက် ဆေးတစ်ပါး ဖြစ်သောကြောင့် ဖြစ်ပါသည်။

ထိုအစားကိုစားမှ ခရီးဆက်ရန်အတွက် အင်အားထွက်မည်မဟုတ်ပါလား။

နံနက်စာကို စားသောက်၍ကား ပြီးကြပြီ။

ဒန်းစဘူးရွာကလေးသည် တောင်ခါးပန်း မြေပြန့်ပြူးတွင် တည်ထားခြင်းဖြစ်၍ ပတ်ဝန်းကျင်မှာ တောင်နှင့်တောနှင့် သာယာသည်။

အနိမ့်အမြင့်ဝှမ်းရှခင်းကို ကြည့်ရှုခံစားနိုင်သလို ပြာရီမှိုင်းညို့နေသော တောင်တန်း ရှုခင်းကိုလည်း မြင်ရသည်။

မိုးသည် ကြည်လင်ပြာနေ၏။

တိမ်သား လုံးဝမရှိ။

ပကတိအပြာ။

လတ်ဆတ်သောလေကို ရှူရှိုက်ရခြင်းသည် ကျန်းမာရေးအတွက် အစွမ်းထက်သော ဆေးတစ်ခွက် ဖြစ်သကဲ့သို့ ပတ်ဝန်းကျင် တောတောင် ရေမြေသဘာဝ ရှုခင်းကို မြင်တွေ့ရခြင်းသည် စိတ်ကိုနုပျို ရွှင်လန်းစေပါသည်။

မျက်စိကို အေးစေသည်။

စိတ်ကို ရွှင်စေသည် မဟုတ်ပါလား။

ကျွန်တော်သည် ညကအိပ်ရေးဝဝ အိပ်ခဲ့ရ၍လည်း စိတ်ကိုယ်နှလုံး လန်းဆန်း၍ ပေါ့ပါးနေပါသည်။

'ကတ်တိပတ်အေးပါ ဆရာကြီး'

ရွာလူကြီးက ကျွန်တော့်ကို ကြည့်၍ နှုတ်ဆက်ရှာသည်။

ကျွန်တော်က သူ့စကားကို နားမလည်၍ ရှင်းခိုင်းသည့်အခါ ရွာလူကြီးက 'ကတ်တိပတ်အေးဆိုတာကျေးဇူးတင်ပါတယ်လို့ ပြောတာ ဆရာကြီး'ဟု ရှင်းပြောပြသည်။



'အိုး... ကျေးဇူးတင်ရမှာက ကျွန်တော်တို့ကပါ။ကတ်တိပတ်အေး....ကတ်တိပတ်မအေး'ဟု ကျွန်တော်က ရွာလူကြီးကို လိုက်လှဲစွာ လက်နှစ်ဖက်ဖြင့် လက်ဆွဲ နှုတ်ဆက်လိုက်ပါသည်။

အလားတူပင် ကျွန်တော်တို့အဖွဲ့ကရွာလူကြီးကိုတစ်ဦးစီ ဖက်လဲတကင်း နှုတ်ဆက်ကြပြီး ဒန်းစကူးရွာကလေးကို ကျောခိုင်းခဲ့ပါသည်။

'ကဲ.... ဆရာတို့၊ ဒီနေ့ခရီးဟာ အဆင်း ခက်တယ်၊ အတက်ကြမ်းတယ်၊ ရှေ့လျှောက်ပြီး ရွာဆက်ဝေးလှတယ်'ဟု လမ်းပြကြီးက ပြောပါသည်။

'နေရစ်ခဲ့ပေဦးတော့ အမည်မွှေးတဲ့ ဒန်းစကူးရွာကလေးရေ၊ မင်းနဲ့မင်းရွာလူကြီး၊မင်းတို့လူမျိုးဟာ စိတ်နေရိုးသလောက် အနေရိုးလှပါတယ်ကွယ်၊ အနေအထိုင်ရိုးသားတယ်၊ အပြောအဆို ပွင့်လင်းတယ်၊ တစ်ပါးသူကို ကူညီလိုကြတယ်၊ ဒါတွေဟာ တကယ်ချစ်စရာ နှစ်သက်စရာကောင်းတဲ့ မလေ့ ရိုးရာလက္ခဏာတွေပဲ၊ သွားတော့မယ်ကွယ် ရွာကလေးရယ်၊ ကဲ....နေရစ်ခဲ့လေဦးတော့ အမည်မွှေးတဲ့ ဒန်းစကူးရွာကလေးရေ'

ကျွန်တော်သည် ဒန်းစကူးရွာကလေးကို စိတ်တွင်းမှ ညည်းညူ၍ နှုတ်ခွန်းဆက်ပါသည်။

၁၉၇၄ ခု မတ်လ ၁၃ ရက်။

ဗုဒ္ဓဟူးနေ့။

တတိယမြောက်နေ့။

၁၀၀၀ နာရီ။

ကျွန်တော်တို့သည် ဒန်းစကူးရွာကလေးမှ ထွက်ခွာ၍ကြားစခန်း (မပည် ၂၀၀၂)သို့ ရောက်ရှိ စခန်းချရန် ခရီးဆက်ထွက်ခွာလာခြင်းဖြစ်ပါသည်။

အီတာလီမြည်သား ဗတ်စကိုဒဂါးမားသည် ဥရောပမှ အိန္ဒိယသို့ ပင်လယ်ခရီးကြောင်းဖြင့် လမ်းထွင် ရှာဖွေခဲ့ရာမှ ပင်လယ်လမ်းကြောင်းမှန်ဖြစ်သော ဂွတ်ဟုတ်အငူ မျှော်လင့်ချက်အငူကို တွေ့၍ ပမ်းသာရဘိအလား ကျွန်တော်တို့လည်း ဂွတ်ဟုတ်အငူဖြစ်သော မြန်မာ-အိန္ဒိယ နယ်နိမိတ်ကျောက်တိုင် အဖြူရှိရာ ဦးတည်သော မြေပုံညွှန်းများအတိုင်း တစ်စတစ်စလိုက်လာနေရသည်မဟုတ်ပါလား။

အိန္ဒိယအဖွဲ့လည်း ကျွန်တော်တို့အဖွဲ့ကဲ့သို့ ရှိပေမည်။

တောင်တို့သည် မြင့်မောက် မတ်စောက်လှ၏။

မတ်စောက်လှသည်ဆိုရာတွင် ထီးထီး မတ်မတ် မော့ကြည့်ရမတတ် မတ်စောက်နေပါသည်။

ကျွန်တော်တို့အဖွဲ့သည် အခြားရွေးစရာ လမ်းလည်း မရှိ။

သည်တောင်ကို မောင်ဖြိုးရုံပဲ ရှိတော့သည်။



ကဲ....တက်ကြဦးစို့။

အားမာန်ကိုမွေး ဟန်ရေးကိုပြနေ၍မပြီး တကယ်ပင် လက်တွေ့ဘက်ကြရပေတော့မည် တကား။

အသမ်းသမားများ ခါးတောင်းကျိုက်ကြပြီ။

ပစ္စည်းများကိုလည်း စုစည်းကျစ်လျစ်စွာ ထုပ်ပိုး ပြင်ဆင်ကြသည်။

အချို့သည် တောင်ကိုမော့၍ ကုတ်ကပ် တက်နေပြီ။

တရွရွ တလှုပ်လှုပ်....တကုဘ်ကုတ်ဖြင့်။

အချို့သည် တက်နေရင်းက နောက်လှန်ကျမည်စိုး၍ နီးရာသစ်ပင်ကို ဖမ်းဆွဲထားကြရသည်။

သနားစရာပင် ကောင်းသေးတော့သည်။

ကျွန်တော်လည်း ကျွန်တော့်အနားမှ အသက်အရွယ်ကြီးသူ အထမ်းသမား၏ ပစ္စည်းမနိုင်ဝန်ကို ကူသယ်ခဲ့ရ၏။

တောင်မှာ တက်လေမြင့်လေ။

မြင့်လေ မတ်စောက်လေပင်။

ကျွန်တော်တို့သည် ၁၀ နာရီခွဲနေသည့်တိုင် တောင်ကိုတက်နေရတုန်းပင်၊ တောင်ထိပ်သို့ မရောက်ကြရသေးပါ။

ကျွန်တော်တို့ အဖွဲ့မှာ အတော်ပင် မောနေကြ၍ တောင်ခွတ်လပ်တွင် ခေတ္တအပန်းဖြေ နားနေကြရသည်။ နားနေသည် ဆိုရာတွင် သစ်ပင်ငယ်ကို ကျားကန်၍ထိုင်ရခြင်း ဖြစ်၏။

ကျွန်တော်သည် တစ်ခါက စစ်ရှုံးဘုရင်ကြီး KING BRUCE ၏ ထုံးကို နှလုံးမူရပေတော့မည်။

ဘုရင်ကြီးသည် စစ်ရှုံး၍ တစ်ခုသော လိုဏ်ဂူတွင် ပုန်းအောင်းနေရစဉ် ဘုရင်ကြီး၏ ရှေ့တွင် ပင့်ကူကလေးတစ်ကောင်သည် သူ၏ရည်မှန်းချက်ဖြစ်သော ပင့်ကူအိမ်သို့ရောက်ရှိရန် မြေကြီးမှ အထက်သို့ တက်လိုက် ကျလိုက်ဖြင့် အကြိမ်ပေါင်းမြောက်မြားစွာ ကြိုးစားလာခဲ့ရာ နောက်ဆုံးတွင် ပင့်ကူအိမ်သို့ တန်းတန်း မတ်မတ် ရောက်သွားသည်ကို ဘုရင်ကြီး မြင်တွေ့ခဲ့ရသည်။

ထိုပင့်ကူလေး၏ နမူနာဇွဲလုံ့လကိုယူကာ ဘုရင်ကြီးသည် မလျှော့သော ဇွဲလုံ့လဖြင့် ပြန်လည်ကြိုးစားသဖြင့် ထီးနန်းကို ပြန်လည်သိမ်းပိုက်ရမိခဲ့ပါသည်။

ကျွန်တော်ငယ်စဉ်က သတ္တမတန်း ကျောင်းသားဘဝက သင်ကြားခဲ့ရသည့် အင်္ဂလိပ်စာသင်ခန်းစာဖြစ်သော 'နယူးမက်သတ်ရီဒါ' ဖတ်စာအုပ်ထဲမှ ဘုရင်ဘရုစ်နှင့် ထိုပင့်ကူထဲက ဘုရင်ကြီးကဲ့သို့ ကျွန်တော်လည်း ဇွဲကို အရင်းပြုရပေတော့မည်။

သတ္တဝါငယ်လေးများဖြစ်ကြသော ပင့်ကူ၊ ပျား၊ ပုရွက်ဆိတ်တို့၏ ဇွဲလုံ့လထုံးကို ယူရပေတော့မည်။

ကျွန်တော်လည်း ထိုသို့ပင် အားဆေးတင်၍ သည်တောင်ကို မောင်ပိုင်နိုင်ရေးအတွက် ကျားကုတ် ကျားခဲ ဇွဲနပဲဖြင့် တက်ခဲ့သည်။



ဒူးတွေတုန်၍ ရင်တွေခုန်လာပြီ။

ကျွန်တော်၏ တစ်ကိုယ်လုံးမှာ ချွေးတို့ဖြင့် ရွှဲနစ်နေ၏။

ကျွန်တော်တို့အဖွဲ့လည်း တစ်မတ်ကျော် တစ်ခါနားနေကြရပြန်ပြီ။

စိတ်ပန်းပြေမှ
ကိုယ်ကာယ
အန္တမ်းပြေမည်သာ။
ထိုတောင်ကိုတက်
ဝီရိယဖက်
တက်နိုင်ဖျားရောက်မှာ။

တဲ....ကြိုးစားပေဦးတော့ ငအောင်လွင်ရေ့။ တိုင်းပြည်အတွက် ကိုယ့်အတွက် တက်သာတက်ကွယ့် ဟူ၍ ကိုယ့်ကိုယ်ကို အားပေးရင်း တက်ခဲ့ပြန်သည်။

ဒီတစ်ချီတော့ တောင်ထိပ်နီးလေပြီ။

အထမ်းသမားများမှာ သူတို့အထမ်းများနှင့် လုံးချာလည်ပတ်ရှိလှသည်။ သနားစရာ ကောင်းလှ၏၊

ဇွဲတော့ ကောင်းကြသည်ချည်း။

တောင်ပေါ်သို့ကား မရောက်၍ မဖြစ်ပေ။

ဤသည်မှာ ရည်မှန်းချက်။

ဤသည်မှာ နိုင်ငံတွက်ပါတကား။

အထမ်းသမားများလည်း ပစ္စည်းများကို ထုပ်ကြ၊ ပြင်ကြ၊ သိမ်းကြ၊ ဆည်းကြ။ တရွရွနှင့် ပုရွက်ဆိတ်ပမာ တည်း။ ပစ္စည်းများ ထုပ်ပိုးပြီးသည့်အခါ အသံပေးကာ တက်ကြပြန်သည်။

အသံသည် ပြိုင်ဆိုင်ခြင်းကို အားပေးသကဲ့သို့ အတွင်းအားကို ဖြစ်စေသည်။

ညီညွတ်ခြင်းကို ပြသည် မဟုတ်လော။

ထို့ကြောင့် အထမ်းသမားများသည် ညာသံပေး၍ တက်နေကြခြင်း ဖြစ်၏။

ဇွဲလုံ့လ၏ ရလဒ်ကား အဆုံးတိုင် အောင်မြင်ခြင်း ဖြစ်၏။

ထို့ကြောင့်ပင် ကျွန်တော်တို့ အားလုံး တောင်ထိပ်ပေါ် ရောက်ခဲ့ကြပြီ။

အထမ်းသမားများမှာ အေးအေးလူလူထိုင်ကာ ဆေးလိပ်သောက်သူသောက်၊ ပက်လက်လှန်၍ နားသူ နားနေကြသည်။

အပန်းဖြေခြင်းသည် အားဆေးတစ်ခွက်ပင် မဟုတ်ပါလား။

ပေ ၆၀၈၀ ကျော်မြင့်သော တောင်ထိပ်ဖြစ်၍ လတ်ဆတ်သောလေသည် တဖြူးဖြူးတိုက်ခတ်နေ၏။

ပတ်ဝန်းကျင်သည် ပိုမိုသာယာနေသည်ဟု ထင်ပါသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံတွင်လည်း ဤတော၊



ဤတောင်၊ ဤရေ၊ ဤမြေတို့၏ ရှုခင်းကား အံ့မခန်း ဖြစ်နေသည်ကို တွေ့ရ၍ ဂုဏ်ယူ ဝင့်ကြွားလောက်ပါပေသည်။

ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့၏ ရှုခင်းကား.... လှပကြောင်း စာပေများတွင် ဖတ်ဖူးပါသည်။ သို့ရာတွင် ကျွန်တော် ယခုမြင်ရသော ရှုမျှော်ခင်းမှာလည်း ဂျီနီဗာရှုခင်းထက် မသာလျှင်ရှိရော့မည်၊ တန်းတူ လှပနေပေလိမ့်မည်ဟု ထင်ပါသည်။

ကျွန်တော့်ဘဝတွင် ဤမျှလှပသော၊ ဂုဏ်ယူလောက်သော မြန်မာ့ရှုခင်းကို ရှေးမဆွက မတွေ့မြင်ခဲ့ဖူးပါ။

အံ့မခန်း အလှသဘာဝပါ။

ဘယ်ပန်းချီ ရေးမမှီနိုင်သည့် သဘာဝအလှ ဆေးရောင်စုံ ရှုခင်းကြီးပါ။

ကျွန်တော်သည် အိမ်သူသက်ထား ဇနီးမယားနှင့် ရင်းနှီးသူအများကို ဤတော၊ ဤတောင်၊ ဤရေ၊ ဤမြေတို့ကို ပြလိုသောစိတ်များ တဖွားဖွား ပေါ်ပေါက်လို့နေပါသည်။

'ဤတော ဤတောင်
ဤလျှိုမြောင်နှင့်
ဤချောင် ဤစမ်း
ဤလမ်း ဤရေ
ပတ်ကာခွေသည်
တောမွှေစခန်း သာစွနန်း....' ပါတကား။

ဤသို့ပင် ကျွန်တော့် အမြင် တွေးထင်ရာရာကို က
တိုကလေးဖြင့် တို့ထားခဲ့မိသည်။
ကျွန်တော်၏ မှတ်စုစာအုပ်ကလေးတွင်....

'သဘာဝရှုခင်းအလှ။
အံ့မခန်းသောအလှ။
မြင်တွေ့ရာရာ အလှကမ္ဘာတည်း။
အမိနိုင်ငံတွက် ဂုဏ်ယူ ဝင့်ကြွားလောက်
အလှ။
ဒန်းစကူးရွာနှင့် စွန်ပုံရွာဟောင်းကြားရှိ
မပညႇ-၂၀၈၂ အနီး ကြားစခန်း တော
ရှုခင်းအလှ။
၁၃-၃-၇၄။ ဗုဒ္ဓဟူးနေ့။ ၁၂၀၀ နာရီ။
ဂျီနီဗာမြို့ ရေအိုင်ရှုခင်းအလှထက် သာအံ့ဖွယ်
သည်' ဟု မှတ်တမ်းတင်ခဲ့မိပါသည်။

အမောလည်းပြေ၊ ချွေးတွေလည်း ခြောက်ခန်း
ကျွန်တော်တို့အဖွဲ့သည် ဤနေရာတွင် အပန်းဖြေ
ထမင်းစားကြသည်။

ကျွန်တော်တို့လည်း ဆာဆာဖြင့် ခေါင်းမဖော်
လောက်အောင်ပင် စား၍ကောင်းလှပါတော့သည်
မြိန်ရာဟင်းကောင်း ပါတကား။



အထမ်းသမားများလည်း ထုံးစံအတိုင်း ခရီးရှည်
ကို ထိုးဖောက်ချီတက်နိုင်ရေးအတွက် ထုပ်ကြ၊ သိမ်း
ဖွင်ဆင်ကြပြန်သည်။

ဤတောင်ကြီး အောက်ဆုံးအခြေအထိ ပြန်လည်ဆင်း
ဦးမည်။
အခြားရွေးစရာ လမ်းလည်း မရှိတော့။
တောင်အောက်သို့ ဆင်းရုံသာ ရှိတော့သည်။

ဦးအေးဖေနှင့် ဦးကြည်မြင့်တို့အဖွဲ့ တောင်အောက်သို့
သို့ ဆင်းကြပြီ။ ကျွန်တော်လည်း ဆင်းခဲ့သည်။

အချို့နေရာများတွင် မတော်တဆ ချော်လဲကျ၍
သကို တရွတ်တိုက်ဆွဲကာ အလိုအလျောက် မဆင်းရဘဲ
ချောကျသွားသည်။ သို့အတွက် နီးရာသစ်ပင်ကို ဆွဲကိုင်
ားလိုက်ကြရသည်။
အထမ်းသမားတို့အတွက်မူ သူ့အထမ်းနှင့်သူ ငစ္စည်း
ဗလုံးဗထွေး လျှောကျရှာသည်။

ဤခရီးရှည် ထိုးဖောက်ချီတက်ရာတွင် အထမ်းသမား
၏ အခန်းကဏ္ဍသည် မပါမပြီး အရေးပါအရာရောက်
သကဲ့သို့ သူတို့သူတို့အကြောင်းကို မှတ်တမ်းတင်နေရ
င်းဖြစ်ပါသည်။

အထမ်းသမားများမှာ ဟူမွလင်းမြို့နယ်ထဲမှ အထမ်း
သမား ဖြစ်ကြသည်။ အချင်းချင်း ရိုင်းပင်းကူညီကြသည်

တောင့်တင်း သန်မာလှသည်ကား မဟုတ်ကြ။
သို့တစေ ဇွဲတော့ ရှိကြသည်။
ကျွန်တော်တို့အားလုံး ပင်ပန်းဆင်းရဲခြင်း ကြီးစွာဖြ
တောင်အောက်သို့ ရောက်ခဲ့ကြပြန်သည်။

ကျွန်တော်သည် 'ဤလိုတောင်မျိုး နောက်ဘယ်နှ
လုံးထိ ကျော်တက်ရဦးမလဲ'ဟု မဆီမဆိုင် တွေးကြ
နေမိပါသည်။
အားလုံး အပန်းဖြေကြသည်။
အချိန်သိပ်မရှိတော့၍ ခရီးဆက်ကြသည်။

မကြာမီ ကျွန်တော်တို့သည် တောင်ကြောတစ်ခုပေ
သို့ ရောက်ရှိနေကြသည်။ ထိုတောင်ကြော၏ လူသွာ
လမ်းသည် ပေ ၂၀-ပေ ၂၅ထက် ကျယ်မည် မထင်ပ
ထိုတောင်ကြော၏ ဘေးတစ်ဖက် တစ်ချက်တွင်မူ ေ
အနေဖြင့် ပြေပြေလျောလျော ရှိသော်လည်း ဝါးပ
ကြိမ်ပင်တို့ဖြင့် ပြွတ်သိပ်ထူထပ်စွာ ပေါက်ရောက်နေ
နေလည်း ညိုခဲ့ပြီ။
ညနေ ၅နာရီပင် ရှိခဲ့ပြီ၊
နေရောင်လည်း မရတော့။



အလင်းရောင်အား ဖျော့လှသည်။
ကျွန်တော်တို့သည် အခြားရွေးချယ်ရန်လမ်းမရှိသကဲ့
သို့ ဤကြားစခန်း တောင်ကြောတွင်ပင် ညအိပ်ရပ်နား
ရန် ဆုံးဖြတ်ကြသည်။ နားနေရမည့် မြေပုံညွှန်း ၂၀၇၂
အနီးတွင်တော့ ရောက်ခဲ့ကြသည်။ ကြေးနန်းစက်ဖြင့်
စခန်းခွဲရုံးသို့ အခြေအနေမှန်ကို တင်ပြပြီး ညအိပ်ရပ်နား
ခွင့် တောင်းခံခဲ့သည်။
စခန်းခွဲရုံးမှ ညအိပ်ရပ်နား စခန်းချ ခွင့်ပြုကြောင်း
အကြောင်းပြန်ကြားချက်အရ ထိုကြားစခန်းတောင်ကြော
တွင်ပင် စခန်းချရန် စီစဉ်ကြတော့သည်။

နားနေရာ ညအိပ်စခန်းသည် သိပ်မကျယ်လှ။

အသမ်းသမားများအတွက် နေရာချထားပေးရသည်
ကပင် မလွယ်ကူလှပေ။
အထမ်းသမားများသည် မီးဖိုသူဖို ရေခပ်သူခပ်၊ဟင်း
အိုးပြင်သူပြင် ရိက္ခာထုတ်သူထုတ်၊ ထမင်းချက်သူချက်၊
ရေချိုးသူချိုး၊ ဆေးလိပ်သောက်သူသောက်၊ နားနေသူ
များ နားနေကြသည်။
တောင်ကြော ညစခန်းသည် ကျဉ်းကြပ်လှ၍အန္တရာယ်
တွေ့က ပြေးစရာမရှိ။
သတိဖြင့် ဆင်ခြင်နေကြရန် ဗိုလ်ကြီး စစ်ကြောင်းမှူး
၏ ပြောဆိုသံများကို ကြားနေရပါသည်။

ဗိုလ်ကြီးက ဆရာကာ့ကားမားကို လျှို့ဝှက်စကားဝှက်ပေးပြီး ကင်းကိစ္စကိုပါ အပြတ်အမိန့်ပေးပြီးဖြစ်သည်။

အထမ်းသမားများလည်း စားသောက်ပြီးကြ၍ မီးဖိုပြီး အိပ်ကြလေပြီ။

ကျွန်တော်လည်း ဗိုလ်ကြီးနှင့်အတူ မောပန်းလှ၍အိပ်ရာစောစောဝင်ခဲ့သည်။

ဦးအေးဖေ၊ ဦးကြည်မြင့်တို့အဖွဲ့လည်း မလှုပ်နိုင်ကြတော့ပေ။ သူတို့အဖွဲ့လည်း အစောကြီး အိပ်ရာဝင်ခဲ့ကြပြီ။

ဆူညံသောအသံများ။

ပြေးသံများ။

ကြောက်လန့်တကြား အော်သံများ။

ပစ္စည်းအထုပ်အပိုးများနှင့် ထိခိုက်မိ၍ လဲပြိုသံများ ဝူးဝူးဝါးဝါး ဝုန်းဝုန်းဒိုင်းဒိုင်း အသံများကိုအမှတ်မထင် မမျှော်လင့်ဘဲ ကြားလိုက်ရသည်။

သို့အတွက် ဗိုလ်ကြီးနှင့် ကျွန်တော်တို့လည်း အိပ်ရာမှ ချက်ချင်းထပြီး အသံလာရာဆီသို့ သွားကြသည်။

ဗိုလ်ကြီးလည်း သူ့ပစ္စတို သေနတ်ကို ထုတ်လျက်....

ကျွန်တော်လည်း ဗိုလ်ကြီးအနားမှာ ရပ်လျက်။



'ဟိတ်....ဘာဖြစ်ကြတာကဲကွ၊ ဆရာလိုင်ထွန်းနဲ့ ကာကားမား'

'အလကားပါဗိုလ်ကြီး၊ ဆင်အုပ် အနားလာတာနဲ့ ကြောက်ချေးပါ ပြေးကြတာပါ'

ဗိုလ်ကြီးနှင့်အဖွဲ့ စကားအပြန်အလှန်ပြောကြမှ ကျွန်တော်လည်း အခြေအနေမှန်ကို သိလိုက်ရသည်။

'ဒီညကင်းကို အထူးဂရုစိုက်၊ မီးထပ်ဖိုကြ၊ မအိပ်ကြနဲ့တော့၊ ဝါးပိုးဝါးတွေပစ်ထည့်၊ ဆင်လာရင်ခြောက်လှန့်လွှတ်၊ ကြားလား ဆရာလိုင်ထွန်း'

ဗိုလ်ကြီးအသံက ခပ်ပြတ်ပြတ်ဖြင့် အမိန့်ပေးခဲ့သည်။

'ဟုတ်ကဲ့....ဗိုလ်ကြီး'

'ဆက်လုပ်'

ဗိုလ်ကြီးလည်း အထမ်းသမားများ နေသားတကျဖြစ်မဖြစ် လိုက်စစ်ပြီး အားပေးနေသည်။ ကျွန်တော်လည်းနောက်မှ လိုက်ခဲ့သည်။

ဝါးပိုးဝါးများ တဖြောင်းဖြောင်းမြည်လျက်။

မီးရှိန်အားလည်း ကောင်းလျက်။

ပတ်ဝန်းကျင်လည်း ဝင်းပ ထိန်လင်းလျက် ရှိတော့သည်။

ကျွန်တော်တို့လည်း ဆက်မအိပ်ကြတော့။

ကျွန်တော်တို့စခန်းအနီး ဆင်များပတ်ဝိုင်း စောင့်နေကြသည်ဟုသာ အထမ်းသမားများက ပြောပြကြသော်လည်း ဆင်ကိုမူ မမြင်တွေ့မိပါ။

ကျွန်တော့်အနေဖြင့် အပေါ့အပါး စွန့်ရသည်ပင် အခက်တွေ့တော့သည်။

စိတ်မလုံ၍ ကြောက်ဒူးတုန်ခြင်းသာပါ။

ဦးကြည်မြင့်၊ ဦးအေးဖေ၊ ဗိုလ်ကြီးနှင့်ကျွန်တော်တို့ ရေနွေးသောက်ရင်း အမြည်းစားရင်း စကားပြောရင်း မိုးလင်းရတော့သည်။

'အင်း....ဘာလိုလိုနဲ့ နောက် နှစ်ရက်ဆိုရင် အိန္ဒိယအဖွဲ့နဲ့တွေ့တော့မယ်၊ နက်ဖြန်ဆို နယ်စပ်မှာ စခန်းချရတော့မယ်'ဟု ဦးအေးဖေက ပြောပါသည်။

'ကောင်းသော မင်္ဂလာပါ ဦးအေးဖေ'ဟု ကျွန်တော်က ခနဲ့ပြော ပြောသည်။

'မြို့ပိုင်ကြီးကတော့ ဖောက်ပြီ'



'မဖောက်ရပါဘူးဗျာ....လာရင်းကိစ္စကိုက နယ်နိမိတ်ကျောက်တိုင်ကိစ္စ အိန္ဒိယအဖွဲ့နဲ့တွေ့ဖို့ လာကြတာပဲဟာ' ဟု ကျွန်တော်က ပြန်လည်ချေပသည်။

ဦးအေးဖေက 'ဒါဖြင့်... ကျွန်တော့်စကား ပြန်ရုပ်သိမ်းပါတယ်'ဟု ပြန်ပြောသည်။

'YES, ALL RIGHT'

'THANK YOU'ဟု ကျွန်တော်က ပြန်ပြောလိုက်သည့်အခါ အားလုံးဝိုင်း၍ ရယ်မောကြသည်။

* * *

# အခန်း (၉)

ဗမာစကားဘဲလုံး ဆယ်ပြား

၁၉၇၄ခု မတ်လ ၁၄ ရက်။

ကြာသပတေးနေ့။

နံနက် ၅း၃၀ နာရီ။

ကျွန်တော်တို့ အားလုံးလည်းဆင်များကြောင့် မအိပ်စက်ကြတော့ဘဲ ခရီးစောစောထွက်ရန် အဆင်သင့် ဖြစ်နေခဲ့လေပြီ။

သို့ကြောင့် ကျွန်တော်တို့လည်း ခရီးသွားစက်ကြီးကို ဆက်လက်နှိုးခဲ့ရပြန်သည်။ ညအိပ်သော စခန်းဖြစ်သော မပည-၂၀၂၈ မှ စတင်ထွက်ခွာခဲ့ရပြန်လေပြီကော။



ကျွန်တော်တို့အဖွဲ့သည် မကြာမီ ကိုင်းတောစပ်စပ်ကို ရောက်ခဲ့သည်။ ထိုနေရာတွင် ဆင်ခြေရာများ၊ ဆင်ချေးတုံးများကို တွေ့ရသည်။

အချို့ ကိုင်းပင်တို့သည် မြေတွင် လဲပြိုနေ၏။

အကွင်းလိုက် အကွက်လိုက် လဲပြိုနေခြင်းဖြစ်၍ ဆင်အိပ်စက်နားနေသော နေရာဖြစ်ပေလိမ့်မည်။ ကျွန်တော်အထူးတွေးစရာမလိုပါ။ ဆင်ချေးတုံးများက သက်သေခံနေသည် မဟုတ်တုံလော။

ဆင်နှင့်တူသော သတ္တဝါ တစ်ကောင်တလေမျှ မတွေ့ရတော့ပေ။

ကျွန်တော်တို့သည် မြေပြန့်အညီ ကိုင်းတောလွင်ပြင်ကိုဖြတ်၍ ငါးမိုင်လောက်အရောက်တွင် မနိမ့်လွန်း မမြင့်လွန်းသော တောင်တစ်လုံး အခြေသို့ရောက်ခဲ့ပြီ။

'ကဲ...ဟိုတောင်ကိုတက်ကြဦးစို့ ရဲ့မြို့ပိုင်ကြီး၊ ဝတ္တရားက ရှိနေတယ်မဟုတ်လား' ဟု ဦးကြည်မြင့်က ပြောပြောဆိုဆို တက်သွားပြီ။

သူ့နောက်မှ အစီအရီ တက်လိုက်နေကြပြီ။ ဗိုလ်ကြီးတင်စိုးနှင့် ရှေ့ပြေးကင်းကိုပင် မတွေ့မြင်လိုက်တော့။

ကျွန်တော်လည်း မနေသာ။

အဖြေရှာစရာလည်း မလို။

သူတို့နောက်က ဝီရိယစက်ရှိန်မြှင့်လို့ အသာလိုက်ရုံပဲပေါ့။

ကျွန်တော်လည်း ထိုတောင်ကို စတင် တက်နေပါပြီ။

ကျွန်တော် တောင်ပေါ်သို့ ရောက်သောအခါ ကျွန်တော့်နောက်တွင် အထမ်းသမား သုံးလေးယောက်သာ ကျန်တော့သည်။

အချို့မှာ တဲအိမ်ပျက်ပေါ်တွင် ထိုင်လျက်။

အချို့မှာ အိပ်လျက်။

အချို့မှာ တဲအိမ်ပျက်နားတွင် အနားယူလျက်ရှိကြပါသည်။

တဲအိမ်ပျက်ထဲတွင်မူ ကြီးစွာသော စဉ့်အိုးကြီးတစ်လုံး၊ စပါးကျီဟောင်းက တစ်ပုတ်၊ တိရစ္ဆာန် ဦးခေါင်းခွံများ၊ ဝါး ကျည်တောက်များ၊ 'ပုလင်း ခွံ' များကို အကောင်းပကတိ တွေ့ရသည်။ သို့အတွက် ကျွန်တော် အံ့သြရပါသည်။

'ရွာဟောင်းလား၊ ဒါမှမဟုတ် တောင်ယာတဲလား လမ်းပြကြီး'ဟု ကျွန်တော်က သိလို၍ လမ်းပြ ဖြစ်သူကို မေးလိုက်၏။

'စွန်ပုံရွာဟောင်းပေါ့၊ ရွာဟောင်းသာ ဆိုတယ်.... အရင်ကလဲ လေးငါး ဆယ်အိမ်လောက်ပဲ ရှိပါတယ်၊ ခုတော့ ရွာပြောင်းသွားကြပါပြီ'ဟု ပြန်ပြောသည်။

ဤမျှ ကြီးမားသော စဉ့်အိုးကြီးကို မကွဲမရှ၊ အခြေမပျက် ဘယ်ကဲ့သို့များ သယ်လေဘိသနည်း....။ အံ့လေစွတကားဟုသာ စိတ်တွင်းမှ စုတ်သပ်မိပါတော့သည်။



ဗိုလ်ကြီး စစ်ကြောင်းမှူး၏ အချက်ပေးချက်အရ ကျွန်တော်တို့တစ်တွေလည်း ခရီးထွက်ဖို့ ဟန်ပြင်ကြရပြန်ပြီ။

ခရီးရှည် ချီတက်ခြင်းသည် ကျွန်တော်တို့အတွက် ပြုမြဲဓမ္မတာ အစဉ်အလာကြီးတစ်ခုရယ်ပါ။

ယနေ့ခရီး၏ ဦးတည်ချက်ကား.... နယ်နိမိတ်ကျောက်တိုင်အမှတ် ၁၁၈ အနီး၊ မပညာ-၁၉၈၀ ပင်ဖြစ်၏။

ကျွန်တော် ယခင်က ရေးခဲ့ဖူးပါသည်။

ဗာစကိုဒဂါးမားသည် အိန္ဒိယပြည်သွား ပင်လယ်လမ်းကို စတင်တွေ့ရသော အငူကို မျှော်လင့်ချက်အငူ 'ဂွတ်ဟုပ်'ဟု အမည်ပေးခဲ့ပါသည်။

ထို့အတူပင်....

'စွန်ပုံရွာဟောင်း
အမည်ဟောင်းလည်း
အကြောင်းအသစ်
မှတ်တိုင်သစ်ကို
ဖွင့်လှစ်ဖွေရှာ
လာခဲ့ပါသည်

ရင်မှာ မျှော်လင့်ခဲ့တကား....'ဟု ကျွန်တော်က 'မျှော်လင့်ချက်ရွာကလေး'ဟု အမည်ပေးလိုက်ပါသည်။

ထို့စဉ်....

‘ရွာနဲ့ သိပ်မဝေးတဲ့ မော်ရိုလ်တောင်တန်း တစ်နေရာမှာ တစ်ခါက ကျောက်တိုင် တွေ့ခဲ့ဖူးတယ်ဆရာကြီး’ ဟု လမ်းပြကြီးက ရှင်းပြောပြပါသည်။

‘ခင်ဗျား ဒီနေရာကို ရောက်ခဲ့ဖူးသလား’ ဟု ကျွန်တော်က ပြန်မေးလိုက်ပါသည်။

ထိုအခါ လမ်းပြကြီးက ‘ဟုတ်ကဲ့’ ဟု ပြန်ဖြေချက်အရ ကျွန်တော် ဝမ်းမြောက်သွားပြီး၊ ထိုစွန့်ပစ်ရွာဟောင်းကို ‘မျှော်လင့်ချက်ရွာ’ ဟု အမည်ပေးလိုက်ခြင်းဖြစ်ပါသည်။

ကျွန်တော်သည် စိတ်ကူးယဉ်သမားပီပီ၊ စိတ်ကူးယဉ်မိပြန်လေပြီတကား။

ကိုယ်ထင်လျှင် ခုတင်ရွှေနန်း မဟုတ်ပါလား။

တောတွင်းသွား ခရီးသည်တစ်ဦးအဖို့ စိတ်သက်သာရာရဖို့ အရေးကြီးသည်ဟု ထင်ပါသည်။

မည်သို့ဆိုစေ၊ ကျွန်တော် အနေဖြင့်မူ စိတ်ချမ်းသာမှုကို ရှာကြံတွေးတောသူ ဖြစ်ပါသည်။

ကျွန်တော်တို့သည် တောကိုလည်း ဝင်ခဲ့သည်။

လျှိုမြောင်ထဲမှလည်း ထွက်ခဲ့ရ၏။

တောင်ကိုလည်း ကျွေ့ဝိုက် ဝေ့ကာ သွားခဲ့ရသည်လည်း ရှိသည်။

ယခုတစ်မူ...ယနေ့လျှောက်ရသော ခရီးစဉ်မှာ စွန့်ပစ်တောင်ကို တက်ခဲ့ရသည်မှအပ၊ ကိုင်းတော လွင်ပြင်တို့ လျှောက်သွားရသည်ကများ၍ သက်သာလှသည်။



ကိုင်းတောစပ်စပ်တွင် ကျားများ နေထိုင်ကျက်စားတတ်သည်ဟု စာတွင် ဖတ်ဖူးပေရာ၊ အမှတ်မထင်ပင် ကြောက်စိတ်များ ဝင်ခဲ့မိပါသည်။

သို့တစေ၊ ခရီးသွားသူ ကျွန်တော်တို့အသံများကို အဝေးကပင်ကြား၍ ကျားရဲက တောပြောင်းသွားလေရော့မည်။ အကယ်၍ပင်စစ် တောတွင်းသာဆိုသော်လည်း တောငှက်များမှအပ၊ ဘာကောင် ဘာတိရစ္ဆာန်မျှ မတွေ့ရသေးပါ။

ကျွန်တော်တို့ အသံများကြား၍ တိရစ္ဆာန် များက အဝေးကပင် ရှောင်တိမ်းသွားကြလိမ့်မည်ဟု ကျွန်တော် ယုံကြည်ပါသည်။

သူတို့ကား တောတွင်း သားရဲတိရစ္ဆာန်များ ဖြစ်၍ တော၏ အကြောင်းကို ကျွမ်းကျင်ကြောင်း ပြဆိုရန် လိုမည် မထင်တော့ပါ။

ကျွန်တော်တို့လည်း မကြာမီ နန့်ပန်ကာ ချောင်းသို့ ရောက်ခဲ့ကြသည်။

နန့်ပန်ကာ ချောင်းမှာ ကျောက်ခေါင်း ကျောက်ချပ်များကို ကျော်ဖြတ်စီးဆင်းခဲ့ရသဖြင့် တဝေါဝေါ အသံ ညံလျက်ရှိ၏။

ချောင်းကလေးသည် ကျောက်ဆောင် အထပ်ထပ် ချပ်ချပ်နှင့်။

ကျယ်ပြန့်ကြီးမားသော ကျောက်ဆောင်၊ ကျော
ချပ်ကြီးများဖြင့် ဝိုင်းပတ်တန်ဆာဆင်ထားသော ချော
ကို 'နန့်ပန်ကာချောင်း'ဟု ခေါ်ပါသည်။

နန့်ပန်ကာ၏ အနက်အဓိပ္ပာယ်ကို ဖော်ရေးနေခြင်း
မဟုတ်ပါ။

ရေပတ်လည် ဝိုင်းလျက်ရှိသော နေရာကို ကျွန်း
ခေါ်၏ ဟူသောအရေးကို ကျွန်တော်ငယ်စဉ်က ကျ
ခဲ့ရ၍ အမှတ်ရသဖြင့် ရေးမိခြင်းသာ ဖြစ်ပါသည်။

ကျွန်တော်တို့သည် ကျယ်ပြန့်သော ကျောက်လွှာခ
တစ်ခုပေါ်တွင်၊ ထိုင်၍ စည်းစိမ်ရှိစွာဖြင့် နေ့လယ်
ထမင်းစားကြသည်။

ကျောက်လွှာ ဝန်းကျင်တွင် စိမ်းဖန့် ကြည်လင်သော
ရေက ပတ်ဝိုင်းလျက်။

ရေချိုးချင်စိတ်ပေါက်လာ၍ ကျွန်တော်တို့ အားလုံး
ရေချိုးကြသည်။

ရေချိုးသည် ဆိုရာတွင် ရေကူးရင်းဖြင့်ပင် ပင်ပန်း
နွမ်းနယ်မှုကို အပန်းဖြေခြင်း ဖြစ်သည်။

ကျွန်တော်တို့လည်း ရေချိုးရင်း အပန်းဖြေပြီးနော
မော်ရှိုလ်တောင်တန်းကြီးဆီသို့ ဦးတည် ခြေလှမ်းခဲ့



သည်။ ထိုတောင်တန်းကြီးကို အဝေးမှပင် မှိုင်းမှိုင်းပြာ
မြင်နေရသည်။

ယခုမှ အနီးကပ် မြင်တွေ့ခဲ့ရပေပြီ။

'သွားပါများ ခရီးရောက်၊ မေးပါများ စကားရ၊
မနေအသက်ရှည်' ဟူသော မော်ပေါက်ကျိုး၏
ားများ မှန်ကန်ကြောင်း ကိုယ်တိုင် တွေ့ရှိရပါသည်။

တိမ်လိပ် တိမ်ဆိုင် တိမ်ဆုပ်တို့က ထိုတောင်တန်း
ကြီးကို သံခမောက်သဖွယ် အုပ်မိုးထား၏။

အမြင်တစ်မျိုးဖြင့် ကြည့်၍ပင် ကောင်းသေးတော့
သည်။

တကယ်တော့မူ တောင်တန်းကြီးမှာ အမြင်သာနီး
သော်လည်း ခရီးကား ဝေးသေးသည်။

ရောက်တော့မလို နီးသလိုနှင့် ကိုင်းတောလွင်ပြင်ကြီး
ကိုပင် တမေ့တမော ဖြစ်ခဲ့ရ၏။

မော်ရှိုလ်တောင်တန်းကြီးက ကိုင်းတော လွင်ပြင်ကို
တ်ချာဝိုင်းထားသကဲ့သို့ ရှိ၏။

ခရီးအတန်ကြာ လျှောက်ပြီး ကုန်းကြောတစ်ခု လွန်
ှင် မော်ရှိုလ်တောင်၏ တောစပ်သို့ ရောက်ပေတော့
သည်။

ကျွန်တော်က နာရီကိုငုံ့ကြည့်လိုက်ရာ ညနေသုံးနာ
ရီခွဲပင် ရှိသေးကြောင်း တွေ့ရသည်။ ယနေ့ခရီးမှာသက်

သာသောခရီးဖြစ်၍ အတွေ့အကြုံ ရှိခဲ့ပြီဖြစ်သော
တော်တို့တစ်တွေမှာ ခရီးပေါက်ခဲ့ခြင်း ဖြစ်ပါသည်။

ကုန်းချောအလွန် တောစပ် တောင်ခြေသို့ နင်း
လေပြီ။

တောင်ခြေတောစပ်မှ တဖြည်းဖြည်း တောနက်ထဲ
ရောက်မှန်းမသိ ရောက်လာကာ ဆင်ခြေရာလမ်းများ
တွေ့ခဲ့ရပြန်သည်။

ကျွန်တော်တို့လည်း ဆင်ခြေရာလမ်းအတိုင်း ခပ်သ
သွက်ပင် လျှောက်ကြ၏။

ဆက်၍ဆက်၍ လျှောက်ကြ၏။

မနားမနေ လျှောက်ကြ၏။

မကြာမီ တစ်ခုသော ကုန်းမြေသို့ ရောက်ခဲ့သည်။

စစ်ကြောင်းမှူးလည်း ထုံးစံအတိုင်း မြေပုံကိုကြ
မြေပုံညွှန်းကို ရှာသည်။ ရောက်ရှိရာအရပ်ကို မှတ်သ
တောတောင် ဘေးပတ်ဝန်းကျင်ကိုကြည့်၏။

ဗိုလ်ကြီးက သေချာသည့်အနေဖြင့် ဒီနေ့ညဒီနေရာ
ညအိပ်စခန်းချထားမည် ဖြစ်ကြောင်း ကြေညာသည်။

သို့ဖြင့် ကျောက်တိုင်အမှတ် ၁၁၈အနီး မပည ၁၅
အနီးသို့ စခန်းချနားနေနိုင်ပါပြီ။



ကျွန်တော်တို့ အဖွဲ့သည် အထမ်းသမားနေရာ မြေ
အဖွဲ့စိတ်နေရာ၊ ကင်းတပ်စိတ်၊ ဗဟိုအဖွဲ့ ရုံးနေရာ
ကြီးနှင့် ကျွန်တော့်အတွက်နေရာ စသည်ဖြင့် အသီး
နေရာယူ တဲထိုးကြသည်။

အပေါ့အလေးသွားရန် အိမ်သာပင်တည်ဆောက်ပြီး
ကြသေးပြီ။

ရှေ့တန်းစခန်းခွဲရုံးမှ ကျွန်တော်တို့ကို နှစ်ရက်တိတိ
နေ၍ မတ်လ ၁၅ ရက်နေ့တွင်မှ အိန္ဒိယအဖွဲ့နှင့်
ကျောက်တိုင်အမှတ် ၁၁၈ တွင် ဆုံတွေ့ရန် ညွှန်ကြား
သည်။

သို့အတွက် ဤနေရာ ဤဌာနသည် ကျွန်တော်တို့
အတွက် အောင်မြေတည်း။

ကျွန်တော်တို့၏ ယာယီတဲနန်းဗဟိုရုံး၏ ရှေ့တွင်မူ
တောင်စုမြန်မာနိုင်ငံအလံတော်က လေတွင်တလူလူ
ဖျပ်ဖြင့် ဝံ့ကြွားထည်ဝါလျက်ရှိသည်။

ယာယီတဲများက သူ့အဖုသူ့နေရာဖြင့် ကုန်းအမြင့်
စီရရီနေရာယူပြီးဖြစ်၍ လုံခြုံရေး အနေဖြင့်လည်း
ကောင်းမွန်လုံခြုံမှုရှိသည်။

အမြင့်နေရာမှ ဆီးကြည့်နေသကဲ့သို့တည်း။

ကုန်းမြင့်အောက်ဘက် မနီးမဝေးတစ်နေရာတွင် မကြီးလွန်းမကျယ်လွန်းသော ရေအိုင်တစ်ခုရှိ၏။

ဗဟိုရုံးအနီးတွင် မြင့်မားမတ်စောက်သော သစ်ပင်ကြီးတစ်ပင် ရှိသည်။

ကျွန်တော်လည်း အနီးပတ်ဝန်းကျင်ကို မျက်စိကစားလျက်ရှိ၏။

ဆရာ ကာကားမားက ကာဘိုင်သေနတ်တစ်လက်ကို လွယ်လျက် ထွက်သွားသည်ကို မြင်လိုက်ရသည်။

မကြာမီ....

'ဒိုင်း....ဒိုင်း....ဒိုင်း'

သေနတ်သံ သုံးချက်ဆင့်၍ ကြားလိုက်ရသည်။

ဒီနေ့ညအဖို့ ဟင်းလျာ ကောင်းကောင်းဖြင့် လွေး ပေဦးတော့မည်မှာ သေချာနေပါသည်။

မှန်ပါသည်။

မကြာမီပင် ဆရာကာကားမားသည် တောဝက်ဖို တစ်ကောင်ကို ထမ်းလျက် ပြန်လာနေသည်ကို တွေ့ရ၏။ ကျွန်တော်လည်း မကြာမီစမ်းရေအိုင်တွင် အပန်းဖြေနိုင်ခဲ့ပါသည်။ ရေချိုးပြီး၍ စိတ်ကိုယ် လတ်ဆတ် သန့်ရှင်း ကြည်လင်ချိန်တွင် တပ်လက်ဖက်ရည်ပူပူ သောက်ရခြင်းမှာ အရသာ ရှိလှပါသည်။

ပတ်ဝန်းကျင်ကလည်း သာယာစိုပြည်လှသည်။



တောင်လည်း သာမော၊ တောလည်း သာထွေ ရှိပါပေသည်ဟု ရေးရပါဦးမည်။

ကြည့်လေရာတိုင်းတွင် ရှုခင်းအလှတို့ဖြင့်သာ တန်ဆာဆင်ထားသော တောတွင်း သဘာဝ ပန်းချီကားကြီးတစ်ချပ်ပါ။

ကျွန်တော်လည်း အဝေးတစ်နေရာဆီမှ တောကြက်တွန်ကျူးသံကို ကြားလိုက်ရ၏။

ကျွန်တော်လည်း ခြေခင်းလက်ခင်းသာ၍ ပတ်ဝန်းကျင်အနီးအနားကို တစ်ကိုယ်ဘည်း လျှောက်ထွက်ကြည့်မိ၏။

'ဖျူး' ဆိုသောအသံနှင့်အတူ တောကြက်ဘစ်ကောင် ကျွန်တော့်အနီးမှ ထပျံသွား၏။

ဗန္ဒုလသွေးပါသော ကျွန်တော့်မှာ ကြက်သီးမွေးညင်း ထသွားပါသည်။

ကျွန်တော်တို့ ညနေစာကား ဆရာကာကားမား၏ကောင်းမှုဖြစ်သော တောဝက်သားတည်း။

တောဝက်သားချက်၊ ပဲဟင်း၊ ငါးခြောက်ကြော်၊ ငရုတ်သီးထောင်းကြော်၊ တောတွင်းမှရသည့် တို့စရာအရွက်မျိုးစုံပါဝင်နေသော ကျွန်တော်တို့၏ ထမင်းစားပွဲသည် အဘယ်မျှ စည်းစိမ်ရှိ၍ ကောင်းမွန်နေလိမ့်မည်နည်း။

မှန်းဆ၍ ကြည့်နိုင်ပါသည်။

အေးအေးဆေးဆေး နားနေစခန်းချနေပြီဖြစ်၍ ကျွန်တော်တို့ အဖွဲ့သည် ကောင်းကောင်း စား၍ ကောင်းကောင်း အနားယူခဲ့ပါသည်။

သို့ကြောင့် တော၏အလယ်တွင် တင့်တယ် ထည်ဝါစွာ စံပယ်နေသော တောတွင်းဘုရင် ကေသရာဇာခြင်္သေ့မင်း၏ ဟင်းလျာမျိုးစုံ၊ ရသာစုံသော စားတော်ပွဲကဲ့သို့ပါတည်း။

ကျွန်တော်တို့ ထမင်းဝိုင်းတွင် စိုပြည်အောင် စဘင်အရွှန်းဖောက်သူမှာ ဦးကြည်မြင့် ပွဲတိုင်းကျော် ဖြစ်ပါသည်။

'မနက်ဖြန် အိန္ဒိယအဖွဲ့နဲ့ တွေ့ရတော့မယ်၊ ဒီတော့ ပျော်စရာ ရွှင်စရာတစ်ရပ်အနေနဲ့ အင်္ဂလိပ်စကားပြောကြရအောင်၊ ဗမာစကားပြောမိရင် ပြောသူ တစ်လုံး ဆယ်ပြားပေးကြေးဗျာ၊ ဘယ့်နှယ်လဲ'

ဟု ပွဲတိုင်းကျော် ဦးကြည်မြင့်က ဆိတ်ငြိမ်မှုကို စတင်ဖြိုခွင်းလိုက်သည်။

ဦးကြည်မြင့်မှာ စိတ်ရောလူရော အနားရနေသဖြင့် ဘယ်အချိန်ကပင် စစ်သုံးရမ် တန်ခိုးပြနေလေပြီ မသိပါ။

ဦးအေးဖေပင် ဘာန်ခိုးပြစ ပြုနေပေပြီ။



'ဟုတ်တယ်၊ သဘောတူတယ်၊ ဗိုလ်ကြီးနဲ့ မြို့ပိုင်ကြီးတို့က စ,ပြောပါ၊ သဘောတူရင် လက်ခုပ်တီးကြပါ'ဟု ပြောနေသော ဦးအေးဖေ၏ ဟန်အမူအရာကို ကြည့်ခြင်းဖြင့် သူလည်း ဦးကြည်မြင့်နှင့်အတူ ရေးမဆွကပင် အဖွဲ့ကျနေကြောင်းမှာ ထင်ရှားသက်သေပြနေခဲ့ပြီ။

ဦးကြည်မြင့်နှင့် ဦးအေးဖေတို့ကပင် နူတ်ရည်ပါးစပ်ရည် စ၍သွေးနေကြပေပြီ။ သူတို့နှစ်ဦးမှာ တစ်နည်းပြောရလျှင် ယစ်ရွှေရည်တန်ခိုးကြောင့် အရှိန်ရနေပြီ ထင်၏။

ဦးကြည်မြင့်မှာ ပျော်တတ်သူတစ်ယောက်ဖြစ်၍ ကြုံကြိုဖန်ဖန်ပင် စိတ်ကူးပေါက်မိခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့ နှစ်ယောက်လည်း မနေသာတော့ဘဲ အင်္ဂလိပ်လိုပြောရန် သဘောတူလိုက်ရပါတော့သည်။

သို့ဖြင့် ကျွန်တော်တို့၏ ထမင်းဝိုင်းကလေးမှာ ပို၍ပင် စိုပြည်လာပါတော့သည်။

ကျွန်တော်တို့လည်း ကိုကွက်၊ ဒွတ်ဒက်၊ ရှုတ်ရှက်ဖြင့် သောင်စင်ရေမရ အင်္ဂလိပ်စကားပြောကြသည်။

ကျွန်တော်တို့အားလုံး ထမင်းစားပြီးသည့်အခါ ကျွန်တော်က ၃ ကျပ်၊ ဗိုလ်ကြီးက ၂ ကျပ်ခွဲ၊ ဦးကြည်မြင့်က ၂ ကျပ်၊ ဦးအေးဖေက ၄ ကျပ် အကြွေး တင်ခဲ့ကြသည် တကား။

ပျော်စရာ့ပျော်စရာ ကြံဖန်ပျော်ရွှင်ကြခြင်း ဖြစ်ပါသည်။

မကြာမီ ကိုယ့်အိပ်ရာ အသီးသီးတွင် အနားယူကြလေပြီ။

မိုးယံမြင့်တွင် ငွေစန္ဒာကား ပါဝင်းနေ၏။

ငွေစန္ဒာ လရထားသည် တိမ်ယံများကြားတွင် ပြေးသွားဆော့ကစားနေ၏။

လစန္ဒာနှင့် မိုးပြာအလှမှာ ကြည့်၍ ရှုမငြီးစရာ။

လိုက်ဖက်တင့်မောလှပါသည်။

ညအရေး ကောင်းကောင်းဘွင် ကျွန်တော်လည်း အိပ်စက်အနားယူရန် အိမ်ရာထဲသို့ ဝင်ခဲ့၏။

ကျွန်တော့်သည် အိပ်ရာ စောစောဝင်ခဲ့မိသော်လည်း အိပ်၍ကား မရပါ။ အကြောင်းမှာ....အိန္ဒိယအဖွဲ့များနှင့် မြန်မာ-အိန္ဒိယ နယ်နိမိတ်လုပ်ငန်းများကို တရားဝင် နဖူးတွေ့ ဒူးတွေ့ ဆောင်ရွက်ရမည်ဆိုသောအခါ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရေးအတွက် ရှေးအထက်ကဆက်သွယ် ဆောင်ရွက်ခဲ့ကြပုံများကို စဉ်းစား မိသောကြောင့် ဖြစ်ပါသည်။

စဉ်းစားမိသည်မှာ ဤသို့ ဖြစ်ပါသည်ဟု ရေးရမည် ဖြစ်ပါသည်။



မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှာ ရှေးမဆွကပင် ယဉ်ကျေးမှုနှင့် လူမျိုးပါ ရောနှော ဆက်သွယ်လျက် ရှိကြောင်း တွေ့ရပေသည်။

ပုဂံအနော်ရထာမင်း၏ မိဖုရား ပဉ္စကလျာဏီ မင်းသမီးမှာ အိန္ဒိယတိုင်းရင်းသူ ဖြစ်သည်။

ယနေ့ မြန်မာတို့၏ ယဉ်ကျေးမှုမှာ သာသနာရေး အပေါ်တွင် များစွာအခြေခံ၍ တည်မှီနေသည့်အလျောက် ခရစ်မပေါ်မီ ၂၆၁ ခုနှစ်တွင် သီရိဓမ္မာသောကမင်းကြီးသည် ဩရိဿနယ်ကို တိုက်ခိုက်သိမ်းပြီးနောက် ဗုဒ္ဓအယူဝါဒကို အိန္ဒိယ တောင်ပိုင်းမှတစ်ဆင့် မြန်မာနိုင်ငံသို့လည်း ဗုဒ္ဓသာသနာပြုများ စေလွှတ်ခဲ့လေသည်။

ခရစ်မပေါ်မီ ၅ ရာစုလောက်အထိ ကူးလူးဆက်ဆံမှုများမှာ တိုးတက်ခဲ့ပေသည်။

မြန်မာစာမှ အက္ခရာမူရင်းများ၊ စာရေးနည်းနှင့် စာလုံးအက္ခရာများ၊ ပန်းချီ၊ ပန်းပု၊ ပန်းပဲ၊ ပန်းတဉ်း၊ ဂီတ၊ ပန်တျာ စသည့် အနုပညာရပ်များအပြင်.... ဆေး၊ ဗိသုကာအတတ်များကိုပါ အိန္ဒိယပြည်မှ တစ်နည်းမဟုတ် တစ်နည်း ရရှိခဲ့ပေသည်။

အနော်ရထာမင်းလက်ထက် ရခိုင်ပြည်မြောက်ပိုင်းကို တိုက်ခိုက်သိမ်းပိုက်သဖြင့် အိန္ဒိယပြည် ဘင်္ဂလားနယ်နှင့် နယ်ချင်းစပ်လျက် ဖြစ်သည်။

ဒေါင်းတံဆိပ်ဖဘ်စာတွင် 'မြန်မာအစတကောင်းက၊ ပြောကြစဉ်အလာ၊ ဆာကီနွယ်ဝင်း၊ ဝင်ရောက်ခြင်း၊ မင်း အဘိရာဇာ' ဟူသော သံပေါက်စာအရ အိန္ဒိယ အမျိုး သား အဘိရာဇာက မြန်မာနိုင်ငံ တကောင်းမြို့တွင် လာ ရောက်မင်းပြုကြောင်း အဆိုရှိပေသည်။

အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ အဆက်အသွယ်မှာ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ကျော် ခရစ်နှစ် မတိုင်မီ ကပင် ဖြစ်ဖွယ်ရှိပေသည်။ မောင်းဂွတ် အနွယ်များသည် အိန္ဒိယပြည်မှ အာသံ မဏိပူရ ပြည်နယ်များကို ဖြတ်၍ ချင်းတောင်တန်းကို ကျော်ကာ ချင်းတွင်းမြစ်ကြောင်း အတိုင်း ဝင်ရောက်လာသည်။ ထိုလမ်းအတိုင်း ဒီပေါ နိုင်ငံထွက်ပစ္စည်းများ ရောင်းချရန် မန္တလေးအထိ စုန်ဖူး ကြောင်း သမိုင်းဆရာက ဆိုပါသည်။ ထိုလမ်းသည် ပထမ လမ်းကြောင်းဖြစ်သည်။

မောင်းဂွတ် တို့ သည် အိန္ဒိယပြည် တောင်ပိုင်းမှ ပင်လယ်ကိုဖြတ်၍ မြန်မာပြည်အောက်ပိုင်း သထုံ၊ ပြည်၊ ပဲခူး၊ ရန်ကုန်(ဒလ)နှင့် ရခိုင်ကမ်းရိုးတန်းရှိ မြို့များသို့ ဝင်ရောက်နေထိုင်ကြလေသည်။ ဤသည်ကား အိန္ဒိယမှ မြန်မာနိုင်ငံသို့ ဝင်ရောက်ရာ ဒုတိယ လမ်းကြောင်းဖြစ် သည်။



'တလိုင်း' ဟူသောအမည်မှာ အိန္ဒိယပြည် မဒရပ် ကမ်းခြေရှိ ဒေသ တစ်ခုဖြစ်သော 'တလင်ဂန်' အမည်မှ ရွေ့လျားလာခြင်းဖြစ်သည်ဟု သမိုင်းဆရာ ဂျီအီးဟာဗေး က ဆိုသည်။ ဤယူဆချက်မှာ အငြင်းပွားဖွယ် ဖြစ်သော် လည်း အိန္ဒိယ-မြန်မာ ဆက်သွယ်မှုရှိကြောင်းမှာ ထင် ရှားလှသည်။

ပုဂံခေတ်တွင် အထူးသဖြင့် သီဟိုဠ်ကျွန်းနှင့် အဆက် အသွယ်များ ရှိခဲ့ကြောင်း တွေ့ရသည်။

အင်္ဂလိပ်-မြန်မာ စစ်ပွဲ ဖြစ်ရခြင်း အကြောင်းရင်း တွင် မြန်မာ-အိန္ဒိယနယ်ခြားကိစ္စ ရှုပ်ထွေးခြင်းကြောင့် ဖြစ်သော အရေးအခင်းလည်း ပါဝင်ပါသည်။

ဘိုးတော်ဘုရားလက်ထက်တွင် ရခိုင်ယူမျိုး ချင်းပျံက လူသူစုရုံး၍ ပုန်ကန် ခြားနားကာ အင်္ဂလိပ်ပိုင် စစ် တကောင်း နယ်ထဲသို့ ထွက်ပြေးလေ့ရှိသည်။

မြန်မာတို့က လိုက်တိုက်သည့်အခါ အင်္ဂလိပ်တို့နှင့် စကားများရသည်။ အာသံကသည်းစော်ဘွား စန္ဒရကန္တ ရှိန်ကြောင့်လည်း အင်္ဂလိပ်တို့နှင့် စကားများရသည်။ အာသံကသည်းတွင် မင်းကြီး မဟာဗန္ဓုလ လိုက်တိုက် သည်ကို စန္ဒရကန္တရှိန် မခံနိုင်၍ အင်္ဂလိပ် ပိုင်နက်ထဲသို့ ထွက်ပြေးသည်။ မြန်မာတို့က လိုက်တိုက်သည့်အခါစကား များရပြန်သည်။

ထို့နောက်ရှင်မဖြူကျွန်းအရေးပေါ်လာကာ ဘကြီးတော်ဘုရားလက်ထက်တွင် ၁၈၂၄ ခု မတ်လ ၅ ရက်နေ့တွင် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲဖြစ်ရသည်။

သို့ပေါ်ဘုရင် ဖမ်းစဉ်ကပင် အိန္ဒိယကုလား ၁၂၀၀၀ ကျော် မန္တလေးအရောက် ချီတက်လာကြောင်း မှတ်တမ်းများတွင် တွေ့ရသည်။ အင်္ဂလိပ် မြန်မာစစ်ပွဲများဖြစ်ပြီးနောက် ၁၈၇၂ ခုနှစ်မှ ၁၉၃၁ ခုနှစ် အတွင်း အိန္ဒိယအမျိုးသား ၁၀၁၇၈၂၅ (ဆယ်သိန်း) ကျော် မြန်မာနိုင်ငံတွင် ရှိခဲ့သည်။

သို့အတွက် မြန်မာနိုင်ငံတွင် ရှေးမဆွကပင်ယဉ်ကျေးမှုနှင့် လူမျိုးပါ ရောနှောဆက်သွယ်ရောက်ရှိလာကြောင်း ဆိုနိုင်ပေသည်။

ကျွန်တော်သည် အထက်ပါအတိုင်း မြန်မာ-အိန္ဒိယနှစ်နိုင်ငံဆက်သွယ်ရေးကို စဉ်းစားမိရင်း အိပ်ပျော်သွားပါတော့သည်။

* * *

# အခန်း (၁၀)

## စုရပ်မှာ ဆုံကြပြီ

ကျွန်တော်တို့တစ်တွေလည်း အိပ်ရာမှ စောစောထကြ၏။

အရှေ့ဆီမှ လင်းရောင်ခြည်ပင် မသမ်းသေး။

လင်းကြက်ကား အမှတ်မထင်ပင် စူးစူးဝါးဝါးတစ်ချက်တွန်ကျူးလိုက်၏။

ကျွန်တော်တို့ အစောထကြသည်မှာ ဝီရိယလွန်ကဲ၍မဟုတ်ဘဲ။

လေမှာ အင်နှင့်အားနှင့် တဖြန်းဖြန်း....တဖြန်းဖြန်း မြည်အောင် တိုက်ခိုက်နေသဖြင့် အိပ်မရ၍ထနေလိုက်ရခြင်း ဖြစ်ပါသည်။

လေထဲတွင် သဲပွင့်သဲမှုန်ကလေးများပါ၍ စပ်ဖျဉ်းဖျဉ်းနှင့် အနေရအထိုင်ရ ခက်လှသည်။

ခဏကြာသော် လေငြိမ်ခဲ့ပြီ။

ဆက်၍ အိပ်မရတော့။

ဗိုလ်ကြီးနှင့် ကျွန်တော် ကျောက်တိုင် အမှတ် ၁၁၀ နှင့် အိန္ဒိယအဖွဲ့အကြောင်း ပြောနေကြ၏။

ရောင်ခြည် ပျို့ပျို့ လင်းစို့စို့ အချိန်သို့ ရောက်ခဲ့ပြီ။

မကြာမီ နေဝန်းနီလည်း ထွက်ပြူခဲ့ပြီ။

အိန္ဒိယအဖွဲ့နှင့် တွေ့ရမည်ဖြစ်၍ ဗိုလ်ကြီးနှင့် ကျွန်တော်လည်း ရေချိုးကြသည်။

ရေချိုးပြီးကြ၍ ကျွန်တော်တို့ လက်ဖက်ရည် ပူပူ သောက်ကြသည်။

'ဗိုလ်ကြီး... ဘယ်နှစ်နာရီလောက် သွားကြမလဲ၊ လုံခြုံရေးအဖွဲ့တော့ ခေါ်ခဲ့ဦးမှ ထင်တယ် ဗိုလ်ကြီး'

ကျွန်တော်က လက်ဖက်ရည်သောက်ရင်း ပြောလိုက်သည်။

'စောစောသွားကြတာပေါ့ဗျာ....လုံခြုံရေး အဖွဲ့တော့ ဖြစ်မယ်၊ ဒါ....တိုင်းပြည်အတွက် ပြည့်ပြည့်စုံစုံ သွားကြတာ ကောင်းတာပေါ့ဗျာ' ဟု ဗိုလ်ကြီးက အားတက်သရော ပြန်ပြောလိုက်ပါသည်။



၁၉၇၄ ခု မတ်လ ၁၅ ရက်။

သောကြာနေ့။

၀၆း၁၅ နာရီ။

သောကြာနေ့သည် မင်္ဂလာရှိသောနေ့ ဖြစ်ပါသည်။

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်နိမိတ် ကျောက်တိုင်ကိုစတင် တရားဝင်ဆောင်ရွက်ရမည့် ချိန်းဆိုနေ့ရက် ဖြစ်ပါသည်။

အိန္ဒိယပြည်ကို ကိုယ်စားပြုသော မြေတိုင်းအဖွဲ့ စစ်ဆက်နယ်ဘက် အရာရှိများနှင့် ပထမဦးဆုံး တွေ့ရှိပြီး နယ်နိမိတ်ကျောက်တိုင်လုပ်ငန်းကို တရားဝင်ဆောင်ရွက်ရမည့် နေ့ထူးနေ့မြတ်ကြီးလည်း ဖြစ်ပါသည်။

ထိုနေ့ ထိုရက် ထိုနံနက် ထိုနေရာကို ရောက်ရှိရန်လွန်ခဲ့သော ၄-၅ ရက်ကပင် ဝါယမ စိုက်ထုတ်၍ တကုတ်ကုတ်လာခဲ့သည် မဟုတ်ပါလား။

ကျွန်တော်တို့ တစ်ဖွဲ့လုံး မျှော်လင့်ခဲ့ရသော နေ့ရက်ဖြစ်ပါသည်။

ကျွန်တော့်ဘဝတစ်ကွေ့တွင် မမေ့နိုင်ဆုံးသော နေ့တစ်နေ့။

စိတ်လှုပ်ရှားရသော နေ့တစ်နေ့ဖြစ်ခဲ့ပါသည်။

နေလည်းသာသည်။

မိုးလည်းပြာသည်။
မြူတိမ်မှောင်ကင်း၍ ရှင်းရှင်းကြီးဖြစ်သည်။

သောကြာနေ့သည် အထမ်းသမားများ အဖို့ စိတ်ချ
လက်ချဖြင့် အနားယူရသော နေ့အားရက်လည်း ဖြစ်
ပါသည်။
စစ်ကြောင်းမှူးနှင့် ကျွန်တော်။
ဦးကြည်မြင့်နှင့် ဦးအေးဖေ။
ဆရာကာကားမားနှင့်အဖွဲ့။
မြေတိုင်း အကူအဖွဲ့၊ စုစုပေါင်း ၂၀ ယောက်
ရှိသည်။
စစ်ကြောင်းမှူး ဗိုလ်ကြီးတင်စိုး ဦးဆောင်သော အဖွဲ့
သည် အိန္ဒိယအဖွဲ့နှင့် တွေ့ဆုံရမည်ဖြစ်သော နယ်နိမိတ်
ကျောက်တိုင်အမှတ် ၁၁၈(မပည-၁၉၀၇၉၇)သို့ဦးတည်
သွားနေကြသည်။
ကျွန်တော်တို့လည်း တိုင်းတစ်ပါးသားများနှင့် တွေ့
ဆုံရမည်ဖြစ်၍ သစ်လွင်သပ်ရပ်ဆုံးသော အဝတ်အစား
များကို ဝတ်ဆင်ကြသည်။

အထင်ရှားဆုံးမှာ ဗိုလ်ကြီးတင်စိုး၏ စစ်ဝတ်စုံ
ဖြစ်ပါသည်။
ကျွန်တော်လည်း တောတွင်းဖြစ်သဖြင့် မြန်မာတိုင်း
ရင်းသားအမျိုးသားဝတ်စုံ ဝတ်ဆင်ခြင်းမရှိဘဲ သပ်ရ



သော ဘောင်းဘီနှင့် အင်္ကျီကွက် အထူပြောက်ကို ဝတ်
ဆင်ထားပါသည်။
ကျောက်တိုင်အမှတ်- ၁၁၈ သို့ သွားရာ လမ်းသည်
ပြေလျှောလှသည်တော့ မဟုတ်ပါ။ တောင် ကို လည်း
တက်ရ၏။ တောကိုလည်း တိုးရ၏။ လျှိုကိုလည်း ဝင်
ရ၏။

ကျောက်ဆောင်၊ ကျောက်စောင်း၊ စမ်းချောင်း
သွယ်သွယ်ကို ကျော်ခဲ့ပြီးမှ တစ်ခုသော တောင်ကုန်း
ပေါ်သို့ ရောက်ခဲ့၏။

ကျောက်တိုင်အမှတ် ၁၁၈ (မပည-၁၉၀၇၉၇) သို့
ရောက်ခဲ့ပြီ။
သို့ရာတွင် ကျောက်တိုင်ကိုမူကား မတွေ့သေး။

မြေပုံညွှန်းနှင့် နေရာဒေသ အတိအကျ တွေ့ရသော်
လည်း ကျောက်တိုင်ကိုမူ မတွေ့ရသေးသဖြင့် ကျွန်တော်
တို့အားလုံးမှာ နီးစပ်ရာနေရာ ပတ်ဝန်းကျင်ကို ရှာကြည့်
ကြသည်။
အားလုံးရှာသည်။
ချုံနွယ်ပိတ်ပေါင်းတို့ကို ရှင်း၍ရှာသည်။

ပတ်ဝန်းကျင်အနှံ့ ခြေဆန့်၍ရှာသည်။
ဟော...တွေ့ရပါပြီကော။

ကျောက်တိုင်မှာ မြေပြန့်ကုန်းကမူစွန်း တစ်နေရာ ချုံနွယ်တို့ဖြင့် အုပ်မိုးသိုင်းဖွဲ့ထားခံရသဖြင့် မမြင်ရ ဖြစ်ပါသည်။

ရာသီကား အမြဲမပြတ် လှည့်ပတ် ပြောင်းလဲနေသ နှင့်အမျှ အနီးကပ်ကြီးကြပ်စောင့်ရှောက်မှု မရှိလျှင် လေးငါးခြောက်လအတွင်း ပတ်ဝန်းကျင်မှာ အချိန်မ ပြောင်းလဲသွားနိုင်ပါသည်။

သို့ကြောင့် ကျောက်တိုင်ကို ချုံနွယ်အုပ်ဖုံး၍ မတွေ့ခြင်း ဖြစ်၏။

ယခုတော့မူ ကျောက်တိုင်ခမျာ ကြာကြာ ပုန်း မကွယ်သာ။

ကျွန်တော်တို့အဖို့ ကျောက်တိုင်အမှတ် ၁၁၈ သည် ကျွန်တော်တို့၏ အသက်ပါတကား။

မြန်မာပြည်
မှတ်တိုင် ၁၁၈

**INDIA**
**BP 118**

စကားလုံးများ ပါရှိသော ကျောက်တိုင်အမှတ် ၁ မှာ ပူးတွဲဓာတ်ပုံနှင့် ပုံစံပါများအတိုင်း ဖြူဖြူချွန်း လေး ဖြစ်ပါသည်။



တော့မည်သည် အချိန်ကာလနှင့်အမျှ ရာသီဥတုကို ၍ ပြောင်းလဲနေလင့်ကစား၊ နယ်နိမိတ် ကျောက် ထားမှာမူ ဝတ္တရားမပျက် တာဝန်ထမ်းဆောင်လျက် သည်။

မြန်မာနှင့်အိန္ဒိယ နှစ်နိုင်ငံ နယ်နိမိတ်လမ်း တစ် ကတ်တွင် နှစ်နိုင်ငံ၏ နယ်နိမိတ်ကို ကွဲပြားခြားနား ခြားသတ်မှတ်သည့် သဘောဖြင့် နှစ်နိုင်ငံ သဘော ညီမှုဖြင့် နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့များ၏ ရှေ့မှောက် တင်းကျောက်တိုင်များကို စိုက်ထူခဲ့ကြပါသည်။

ကျောက်တိုင်များကို နှစ်နိုင်ငံမြေတိုင်းအဖွဲ့က နှစ်နိုင်ငံ ဘက် အရာရှိများသို့ တရားဝင်လွှဲပြောင်း လက်ခံ ရန် ဤသို့ချိန်းဆို ဆောင်ရွက်ကြခြင်း ဖြစ်ပါသည်။

ကျွန်တော် မျှော်လင့်တကြီးထား၍ မြင်တွေ့လိုလှ သော ကျောက်တိုင်ဖွေးဖွေး၊ ထိုအငူလေးကို မြင်တွေ့ခဲ့ရ သေပြီ။

တောဆိုသည့် အင်္ဂါရပ်နှင့် လျော်ညီစွာပင် ချုံနွယ် ဖြင့် ရှုပ်ထွေးနေ၏။

ဆူးတော၊ ကြိမ်တော၊ ဝါးတော၊ ထင်းရှူးတော ဖြင့် ပြွမ်း၏။

သစ်ပင် ကြီးငယ်တို့က အနတက္ကမှ

ကြည့်လေရာတိုင်း တောင်တံတိုင်းနှင့် မိုးပြာအလှ
အပ၊ သစ်ပင်ကြီးငယ်တို့ဖြင့် အုပ်ဆိုင်း သိုင်းဖွဲ့ထားပ
သည်။

သို့ကြောင့် နေရာတိုင်းသည် ရွှန်းစို စိမ်းဖန့်နေပ
တော့သည်။ ကျွန်တော် ကြည့်နေရာ တောတွင်းတစ်နေ
ရာမှ လှုပ်လှုပ်ရွရွ မြင်တွေ့ရပါသည်။

သဲကွဲမှုတော့ မရှိသေးပါ။

ကျွန်တော်တို့ရောက်ရှိနေသော ကုန်းကမူ၏ အောက်
ဘက်တွင် သစ်ပင်ငယ်များ၊ ချုံနွယ်များ လှုပ်ရှားယမ်း
ခါနေသည်။

စကားပြောသံများ ကြားနေရသည်။

ကျောက်တိုင်၏ အိန္ဒိယ မျက်နှာစာဘက်မှ ကျွန်တော်
တို့ဆီသို့ ရှေ့ရှုတူရူ လာနေကြခြင်း ဖြစ်သည်။

ကျောက်တိုင်မှာ မြန်မာနိုင်ငံဘက် အနေဖြင့်မူ....

မြန်မာပြည်
မှတ်တိုင် ၁၁၈
စိုက်ထူသည့် ခုနှစ် သက္ကရာဇ်ပါ ပါသည်။

အခြားတစ်ဖက်၌မူ....

INDIA
BP 118



ဟူ၍ အင်္ဂလိပ်ဘာသာဖြင့် ရေးထိုးထားပြီး၊ စိုက်ထူ
သည့် ခုနှစ် သက္ကရာဇ်ပါ ပါသည်။

ကျွန်တော်သည် ကျွန်တော်တို့၏ အသည်းအူကျောက်
တိုင်ဖြူကို ကျော်မှီကာ အိန္ဒိယအဖွဲ့ကို စောင့်ကြည့်နေ
လိုက်သည်။

မကြာမီ အိန္ဒိယအမျိုးသားများကို သဲကွဲစွာ မြင်တွေ့
ရပါတော့သည်။

ကျွန်တော်၏ ရင်မှာ ဝမ်းသာခြင်း၊ ကြည်နူးခြင်းတို့
ဖြင့် လှုပ်ရှားလို့နေပါသည်။

ကျွန်တော်သည် နေ့ရက်နှင့်အချိန်ကို မှတ်သားလိုက်
ပါသည်။

နေ့ရက်ကား....၁၅-၃-၇၄
နေ့ကား....သောကြာနေ့
အချိန်ကား....၁း၃၀ နာရီ

'စောင့်နေရတာ ကြာပြီလား'ဟု အိန္ဒိယ အဖွဲ့ခေါင်း
ဆောင်လုပ်သူက စတင်၍နှုတ်ဆက်ပါသည်။

'ဟုတ်ကဲ့၊ စောင့်နေရတာ ကြာပြီ'ဟု ဦးကြည်မြင့်က
ပြန်ဖြေသည်။

ကျောက်တိုင်အမှတ် ၁၁၈ တွင် မြန်မာနှင့် အိန္ဒိယ
နှစ်ဖွဲ့တို့ ဆုံကြပြီ။

အိန္ဒိယ နယ်ဘက်အရာရှိ ဆိုသူမှာ ဘောင်းဘီနက် ပြာရောင်၊ အင်္ကျီလက်ရှည် အဖြူစင်း၊ လည်စီးအနက်၊ နေကာမျက်မှန်၊ လျှာထိုးဦးထုပ်ဆောင်း၍ လက်တစ်ဖက်တွင် တစ်ပေခန့်သာသာရှိ ကျွန်းသားလက်ကိုင်တုတ်နှင့် သားနားလှသည်။

နောက်လိုက်လုပ်သူက ထီးမိုးပေးရ၏။

ထိုအရာရှိ၏ အမည်မှာ ရှည်သဖြင့် မမှတ်မိတော့။

ထိုသူမှာ အရပ်ရှည်၍ အသားဖြူသည်။

မြေတိုင်းအဖွဲ့စိတ် ခေါင်းဆောင် ဦးကြည်မြင့်ဘို့နှင့် ယခင်က သိကျွမ်းခင်မင်ခဲ့ဖူးသော အိန္ဒိယဘက်မှ မြေတိုင်းအဖွဲ့စိတ် ခေါင်းဆောင်မှာ မစ္စတာ ဒတ်စ် (Mr. Dass)။

မစ္စတာ ဒတ်စ်သည် ဟန်ပန်မရှိ။

ရိုးရိုးဝတ်ဆင်ထားသည်။

အင်္ကျီသက်ရှည်ဝတ်ထားပြီး၊ ဘောင်းဘီရှည်အပေါ်က အင်္ကျီဖားလျားချထား၏။

အိန္ဒိယအမျိုးသား တော်တော် များများ ဝတ်ဆင်လေ့ရှိကြသည်။

မစ္စတာဒတ်စ်မှာ ကျွန်တော်မြင်တွေ့ဖူးသော အိန္ဒိယအမျိုးသားများကဲ့သို့ အိန္ဒိယအမျိုးသားဟန်ပန်လက္ခဏာ အပြည့် ရှိပါသည်။



သဘောကောင်းကြောင်း ၎င်း၏ မျက်နှာ အမူအရာက ပေါ်လွင်နေပါသည်။

မြန်မာပြည် ရာသီဥတုသာယာပါ၏လော။ မိုးကောင်း၍ ဆန်ရေစပါးပေါများ၏လော။ တိုင်းပြည် အေးချမ်းပါရဲ့လား။ စိတ်ကူးဖြင့် တွေ့မြင်နေသူများကို ယခုမြင်တွေ့လိုက်ရ၍ ဝမ်းသာ အားရ ဖြစ်မိပါကြောင်း...ဖြင့် မစ္စတာဒတ်စ်က ပဋိသန္ထာရ နှုတ်ခွန်းဆက်စကားလှကို ပြောကြားရင်း ဗိုလ်ကြီးတင်စိုးလက်ကို လက်ဆွဲနှုတ်ဆက်ပါသည်။

မစ္စတာဒတ်စ်မှာ လောပေါင်း၊ လားပေါင်းများစွာဖြင့် ယဉ်ကျေးပျူငှာစွာ ပြောဆိုပါသည်။

ထို့အတူ ဗိုလ်ကြီးတင်စိုးကလည်း....

'ဟုတ်ကဲ့...ရာသီဥတုသာယာပါသည်။ မိုးကောင်း၍ စပါးဆန်ရေပေါပါသည်။ တိုင်းပြည် အေးချမ်းသာယာပါသည်။ တွေ့ရတာ ထပ်တူထပ်မျှ ဝမ်းသာလှပါသည်' ဟု ဗိုလ်ကြီးက မစ္စတာ ဒတ်စ်၏ ညာလက်ကိုသူ၏သက် နှစ်ဖက်ဖြင့် ဆုပ်ကိုင်၍ ဝမ်းသာအယ်လဲ ပြန်ဖြေကြားပါသည်။

တစ်ဦးကိုတစ်ဦး ရွှန်းရွှန်းစားစားကြည့်ကြရင်း ဖက်လဲတကင်း ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

အိန္ဒိယနှင့်မြန်မာ။

မြန်မာနှင့် အိန္ဒိယ။
နှစ်နိုင်ငံချစ်ကြည်ရေး၏ ပြယုဂ်တစ်ခု။
အေးချမ်းစွာအတူယှဉ်တွဲ နေထိုင်ရေး၊ နိုင်ငံအချင်းချင်းအကူအညီ အပြန်အလှန်ပေးရေး စသော ကောင်းမြတ်သော လက္ခဏာ မင်္ဂလာများပင် ဖြစ်ပါသည်ဟု တွက်စစ်ကြည့်လျှင် အမှန်ကို မြင်တွေ့နိုင်ပါသည်။

မြန်မာပြည် ကိုယ်စားလှယ်အဖွဲ့။ ယင်းနောက်ဆွယ်မှ စခန်းရုံးခွဲဌာနချုပ်နှင့် မြန်မာနိုင်ငံအစိုးရ။

အိန္ဒိယပြည်ကိုယ်စားလှယ်အဖွဲ့။ ယင်းနောက်ဆွယ်မှ စခန်းရုံးခွဲဌာနချုပ်နှင့် အိန္ဒိယအစိုးရ။

'ကျောက်တိုင် အခြေအနေ ကောင်းပါရဲ့လား၊ ကျောက်တိုင်ကို တွေ့ပြီးကြရောပေါ့၊ ကျောက်တိုင်ကိုသွားကြည့်ကြရအောင်၊ ကျေးဇူးပြု၍လာပါ'ဟု အိန္ဒိယနယ်ဘက် အရာရှိက စကားအပိုမပါ အလုပ်တာဝန်သာ ပြောဆို၍ ကျွန်တော့်ကို လက်ဆွဲနှုတ်ဆက်ပါသည်။

'ဟုတ်ကဲ့....ကျောက်တိုင်အခြေအနေကောင်းပါတယ်၊ ကျောက်တိုင်ကို တွေ့ပြီပါပြီ၊ ကျောက်တိုင်မှာ ဒီအနီးအနားတွင် ရှိပါတယ်၊ အားလုံးနှုတ်ဆက်ပြီး တစ်ဖွဲ့လုံးသွားကြည့်ကြတာပေါ့'ဟု ကျွန်တော်လည်း အချိုသာ



ဆုံး လေသံနှင့်အတူ ပြုံးရွှင်စွာဖြင့် လက်ဆွဲနှုတ်ဆက်လိုက်ပါသည်။
ကျွန်တော့်အဖို့မူ အင်္ဂလိပ်စကားကို စဉ်းစားရင်း တစ်လုံးချင်း ပီပီသသပြောပါသည်။
သူတို့ကဲ့သို့ လျှာလိပ်သံဖြင့် ရွှတ်ရှက်မပြောတတ်ပါ။

ကျင့်သားမရသေး၍ အနည်းငယ် အခက်အခဲတော့ရှိပါသည်။ ကျွန်တော်တို့ အချင်းချင်းကို မစ္စတာဒတ်စ်နှင့် ဦးကြည်မြင့်တို့က ဦးဆောင်မိတ်ဆက်၍ ဝမ်းသာအယ်လဲ နှုတ်ဆက်ကြပါသည်။
အပြန်အလှန် နှုတ်ဆက်ကြသည်။
အချိုသာဆုံး စကားလုံးများ။
အပြုံးရွှင်ဆုံးသော မျက်နှာများ။

ဤသို့ဖြင့် မိတ်ဆက် ပွဲကလေးကား အသမြောက် အောင်မြင်သွားခဲ့လေပြီ။
ကျွန်တော်တို့ နှစ်ဖွဲ့အားလုံးသည် ကျောက်တိုင်ဖြူဖွေး သဲမြညှာကလေးထံ အတူတကွ သွားကြသည်။
မြန်မာပြည်။
ကျောက်တိုင် ၁၁၈။
INDIA
B P 118
ကျောက်တိုင်အမှတ် ၁၁၈ကို ပွတ်သပ် ကိုင်တွယ်၍ အတော်အတန် လှုပ်ကြည့်သည်။

ဘေးပတ်လည်ကို ကြည့်သည်။
ကျောက်တိုင် ပတ်ဝန်းကျင် အနေအထား ရည်ညွှန်းချက် မှန်မမှန်ကို စစ်ဆေးသည်။

ကျောက်တိုင် စိုက်ထူမှုကောင်းမကောင်း။
နေရာမှန်မမှန်။
ပျက်စီးမှုရှိမရှိ။
ရည်ညွှန်းနေရာ မှန်ကန်မှုရှိမရှိ ဟူ၍....
အကြိမ်ကြိမ် အထပ်ထပ် အခါခါ ကျေနပ်အားရသည်အထိ စစ်ဆေးကြသည်။

နှစ်နိုင်ငံအဖွဲ့တို့သည် ကျောက်တိုင် စစ်ဆေးခြင်းလုပ်ငန်းပြီးစီး၍ ကျေနပ်အားရသည့်အခါ လွှဲပြောင်းလက်ခံပုံစံ Certificate of Handing Taking Over of Boundary Pillars ပေါ်တွင် လိုအပ်ချက်များ ရေးဖြည့်သွင်း၍ နိုင်ငံမြေတိုင်းအဖွဲ့စိတ်ခေါင်းဆောင်များနှင့် နယ်ဘက်အရာရှိ ကွန်တော်တို့က အသီးသီး လက်မှတ်ရေးထိုးရမည့် နေရာများတွင် လက်မှတ်ရေးထိုးကြ၍ လွှဲပြောင်း လက်ခံပုံစံပါ စာရွက် စာတမ်းများကို အချင်းချင်း တရားဝင်ပေးအပ် လဲလှယ်ကြသည်။

တရားဝင်လက်မှတ်ရေးထိုး လဲလှယ်ချိန်မှာ သုံးနာရီအချိန်ဖြစ်ပါသည်။



ထိုနေ့ ထိုရက် ထိုနာရီ ထိုအချိန်တို့သည် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်နိမိတ်ကျောက်တိုင် လုပ်ငန်း၏ ပထမဆုံးသော သဘောတူညီချက်လက်ခံမှု ဖြစ်ပါသည်။

အစချောမွေ့ခဲ့ရ၍ နှစ်နိုင်ငံကိုယ်စားလှယ်များ အားလုံး ဝမ်းသာ ဂုဏ်ယူကြသည်။ အစကောင်း၍အနှောင်းသေချာတော့မည်။
အဖုအထစ် အငြင်းမရှိခြင်းအတွက် နယ်နိမိတ်ကျောက်တိုင်လုပ်ငန်းမှာ နာရီပိုင်းအတွင်း ချောမွေ့ ပြီးစီးခဲ့လေပြီ။
အောင်နိမိတ်စစ်ဆင်ရေး၏ အဓိက တာဝန်လုပ်ငန်းမှာ ကျောက်တိုင်လုပ်ငန်း ဖြစ်၏။

ကျောက်တိုင်လုပ်ငန်းမှာ လွှဲပြောင်းခြင်း၊ လက်ခံခြင်း၊ ပြင်ဆင်ခြင်း ဖြစ်၏။
လိုအပ်မှ ပြင်ဆင်ရမည်ဖြစ်၏။

အခြေအနေအရပ်ရပ်ကောင်းမွန်ခဲ့ပါလျှင် လွှဲပြောင်း လက်ခံခြင်း ပြုလုပ်ရပါသည်။
ကျောက်တိုင်ကို လွှဲပြောင်းခြင်း၊ လက်ခံခြင်း လုပ်ငန်းသည် နှစ်နိုင်ငံ ကိုယ်စားလှယ်များ အနေဖြင့် မလွဲမသွေဆောင်ရွက်ရမည့် အဓိကလုပ်ငန်းရပ်ကြီး ဖြစ်၏။
အရေးအရာကြီး ဖြစ်၏။

အခိက အလေးထားရမည့် တာဝန်ကြီး တစ်ရပ်ဖြစ်သဖြင့် ယင်းလုပ်ငန်းကြီးကို ပထမဆုံးအကြိမ်အောင်မြင်ချောမော၍ ပြီးပြေလည်သွားပြီ ဖြစ်၍ ကျေနပ်အားရကြရသည်။

ဝမ်းမြောက်ရွှင်လန်းကြရသည် မဟုတ်ပါလော။

ဥပမာနိုင်းရသော် ကျွန်တော်တို့ အဖွဲ့များသည် သဲကန္တာရအတွင်း ခရီးသွားသူများကဲ့သို့ ပါတည်း။

ပင်ပန်းခြင်း၊ ရေငတ်ခြင်း၊ နေပူဒဏ်ခံရခြင်း၊ သဲမုန်တိုင်းဒဏ်ခံရခြင်း စသော ဆင်းရဲဘေးဒုက္ခများမှ လွတ်ကင်း၍သွားလိုရာ ခရီးပန်းတိုင်ကို ကျွတ်ကျွတ်လွတ်လွတ်ရောက်ရှိသွားသူများကဲ့သို့ ဝမ်းမြောက် ရွှင်လန်းကျေနပ်အားရကြပါသည်။

အောင်မြင်မှုအတွက် ဂုဏ်ယူ ဝမ်းမြောက်မိပါသည်။

ပထမဆုံးသော ကျောက်တိုင်လုပ်ငန်းကြီးမှာ ပြီးစီးခြင်းသို့ ရောက်ခဲ့ပြီ။

အချိန်တန် အိမ်ပြန်ကြရုံသာပေါ့။

ကျွန်တော်တို့အဖွဲ့သည် မြန်မာပြည်ဘက်ရှိ ကျောက်တိုင်အမှတ် ၁၁၈ အနီးတွင် စခန်းချသကဲ့သို့၊ အိန္ဒိယအဖွဲ့သည်လည်း အိန္ဒိယဘက်ရှိ ကျောက်တိုင်အမှတ် ၁၁၈ အနီးတွင် နားနေ စခန်းချကြပါသည်။



အိန္ဒိယ အဖွဲ့သည်လည်း ကျွန်တော်တို့ကဲ့သို့ တောတောင် လျှိုမြောင် အထပ်ထပ်၊ စမ်းချောင်းအသွယ်သွယ်ကိုဖြတ်ကျော် နင်းလျှောက် ခရီးပေါက်အောင် လာခဲ့ကြရလိမ့်မည် ထင်ပါသည်။

သူတို့လည်း တောတွင်းသွားခရီးသည်များပင် မဟုတ်ပါလော။

ကျွန်တော်တို့ဘက်မှ ဗိုလ်ကြီးတင်စိုးက အိန္ဒိယအဖွဲ့ခေါင်းဆောင်များကို မိတ်ဆုံထမင်းစားပွဲ တက်ရောက်ရန် ဖိတ်သည်။

သူတို့အနေဖြင့် ယဉ်ကျေးစွာပင် နှစ်နိုင်ငံချစ်ကြည်ရေးအရ မိတ်ဆုံစားပွဲကို လက်ခံလိုက်သည်။

သို့အတွက် မစ္စတာ ဒတ်စ်နှင့် နယ်ဘက် အရာရှိက ကျွန်တော်တို့အဖွဲ့နှင့် လိုက်ပါခဲ့ပြီး ကျန်သူများကို သူတို့စခန်းသို့ ပြန်လွှတ်လိုက်သည်။

မနက်ဖြန်မနက်မှ ပြန်လာကြိုကြရန် မှာကြားကြောင်း သူတို့ပြောပြ၍ သိရသည်။

အပြန်လမ်းခရီးကား သာယာဖြောင့်ဖြူးလေစွ။
မောသည် မရှိ၊
ပန်းသည် မရှိ။
ပျော်ရွှင်ခြင်း အတိပါတကား။

စကားများ ပြောနေ ဖြစ်သာ၍ ကျွန်တော်လည်း အနည်းငယ် လျှာသွက်လာသည်ဟု ထင်ရပါသည်။

ကျွန်တော်တို့ စခန်းသို့ကား ရောက်ခဲ့ကြပြီ။

ကျွန်တော်တို့ ရုံးဌာနေတွင် မြန်မာနိုင်ငံအလံတော်ကား.... လေတွင် လူးလွင့်ကာ အောင်ပွဲခံလျက်။ မာန်ဝင့်ထည်ဝါလျက် ရှိပါသည်။

ကျွန်တော်တို့ စခန်း၏ အတင့်တယ် အမြတ်ဆုံးသောနေရာတွင် အိန္ဒိယအဖွဲ့ကို နေရာထားပေးသည်။

ထိုနေရာကား ဗိုလ်ကြီးတင်စိုးနှင့် ကျွန်တော်တို့၏ ကွန်းခိုရာတဲ၏ ခေါင်းရင်းဘက် နေရာပါတည်း။

မိတ်ဆုံစားပွဲကား ထည်ဝါခန့်ညားမှုတော့ မရှိပါ။

သို့တစေ....ရင်းနှီးပွင့်လင်းမှုရှိ၍ နှစ်နိုင်ငံ၏ အောင်နိမိတ်ဖြစ်သည်ကိုတော့ ရဲရဲဆိုပါသည်။

မိတ်ဆုံစားပွဲတွင် ဝက်ပေါင်ခြောက်၊ ဝက်သားချက်၊ ငရုတ်သီးကြော်၊ အမဲနှပ်၊ ပဲဟင်း၊ ဟင်းရွက်စုံ၊ ကြက်သွန်နီတို့က နေရာယူထားကြသည်။ အိန္ဒိယအဖွဲ့သားများနှင့် ယဉ်ကျေးမှုအရ အရက်ဖန်ခွက်ထိ၍ ဆုတောင်းကြသည်။

**toast to for our health, for our nation, for our people,**

မစ္စတာ ဒတ်စ်တို့ နှစ်ဦးသည် ယဉ်ကျေးမှုအရ ပြောရမလား မသိပါ။ အားလုံးသော ဟင်းများကို မြိန်ယှက်စွာ စားကြသည်။



အလွန်အရသာရှိကြောင်း၊ စားလို့ကောင်းကြောင်းလည်း တဖွဖွ ပြောကြပါသည်။

ထမင်းစားအပြီး လက်ဖက်ရည်နှင့် ရေနွေးနှင့်အမြည်း ဝက်ပေါင်ခြောက်နှင့်။

စိုပြည်ခမ်းနားလှသည်။

စကားလက်ဆုံ ပြော၍မကုန်ကြ။

အတန်ကြာ ပြောဆိုကြပြီးမှ ကျွန်တော်တို့ အားလုံး အိပ်ရာ အသီးသီးဝင်ကြသည်။

"Good Night Mr. Dass."

"Good Night Mr. Aung Lwin"

ဟူ၍။

ဖယောင်းတိုင်မီးလည်း ငြိမ်းခဲ့သည်။

ကျွန်တော်တို့လည်း အိပ်ခဲ့ပြီတကား။

* * *

# အခန်း (၁၁)

## နှစ်နိုင်ငံချစ်ကြည်ရေးနှင့် မိဘ်ဆုံစားပွဲ

နယ်ဘက်အရာရှိနှင့် မစ္စတာ ဒတ်စ်တို့သည် အိန္ဒိယ
ပြည်၏ တာဝန်ရှိ ဝန်ထမ်းများဖြစ်သကဲ့သို့ အိန္ဒိယအစိုး
ကိုယ်စား ဆောင်ရွက်ရသူများ ဖြစ်ကြသည်။ ကျွန်တော်
တို့တစ်တွေမှာလည်း မြန်မာပြည်အစိုးရက တာဝန်ပေး
အပ်ခြင်း ခံရသူများ ဖြစ်ကြပါသည်။

နိုင်ငံတော်အတွက် အကျိုးဆောင်၍ အ
တော်ထမ်းကြခြင်းဖြစ်သည်။ ယင်းသို့ အမှုတော်
ထမ်းကြခြင်းမှ နိုင်ငံချစ်ကြည်ရေးအဖြစ် မိတ်
စားပွဲလေးကို ထည်ဝါခန့်ညားမှု မရှိဘဲ ရိုး
စင်းစင်းလေး ကျင်းပနိုင်ခဲ့သည်။ တောတွင်



တစ်နေရာတွင် ကျွန်တော်တို့ နှစ်နိုင်ငံနှစ်ဖွဲ့မှအပ
မသိလိုက်ကြဘဲ မထင်မရှား ကျင်းပခဲ့ကြခြင်းသာ
ဖြစ်ပါ၏။

သို့တစေ.... အမှတ်မထင်ဘဲနှင့် မထင်မရှား
ကျင်းပခဲ့သော မိဘ်ဆုံစားပွဲလေးသည် အတိုင်း
အဆ မရှိသော နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု၊ ပွင့်
လင်းမှု၊ အပြန်အလှန် ကျေးဇူးပြု ကူညီမှုများ
အတွက် သမိုင်းမှတ်တိုင်တစ်ရပ် ဖြစ်စေခဲ့ပါသည်
ဟု ရဲရဲပြောဝံ့ပါသည်။

အဘယ်ကြောင့်ဟူမူ.... ကျွန်တော်တို့၏ နယ်
နိမိတ်ကျောက်တိုင်လုပ်ငန်း ပြီးပြတ်ချက်၊ သဘော
တူညီချက်သည် နှစ်နိုင်ငံအစိုးရများ၏ ကျေနပ်
သဘောတူချက်၊ ပြီးပြတ်ချက် ဖြစ်သောကြောင့်ပါ
တည်း။

သို့ကြောင့် ကျွန်တော်တို့သည် နှစ်နိုင်ငံ၏ အောင်
စစ်ဆင်ရေးအတွက် ရှေ့တန်းစစ်မျက်နှာ၏ တိုက်
များ ဖြစ်ကြပါသည်။
တိုက်စစ်မှူးများသည် စစ်ဆင်ရေးတစ်ရပ် ဆင်နွှဲသကဲ့
စီမံခန့်ခွဲရေး စစ်မျက်နှာတွင် တာဝန် ယူရသူများ
ကြပါသည်။ စီမံခန့်ခွဲရေးဟူသည် နယ်နိမိတ်ကျောက်
လုပ်ငန်းများ၏ အရေးအရာ၊ အစီအမံကို ခန့်ခွဲဆောင်
ခြင်းပင် ဖြစ်သည်။

သို့အတွက် စီမံခန့်ခွဲရေးကို တာဝန်ယူရသူ တို
မှုးများသည် အမိနိုင်ငံတော်ကို ကိုယ်စားပြု၍ ချ
ရင်းနှီးမှု အထိမ်းအမှတ်အဖြစ် ညက တောတွင်း
ရာတွင် ထမင်းလက်ဆုံစားခဲ့ကြခြင်းဖြစ်၏။

ဤသည်ပင် နှစ်နိုင်ငံ အကျိုးအတွက် တိုက်
အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရှိရန် စီမံခန့်ခွဲရေး
ပညာဖြင့် မိတ်ဆုံစားပွဲ ကျင်းပရခြင်း ဖြစ်ပါသည်

အိန္ဒိယအဖွဲ့ ကိုယ်စားလှယ်များသည် နံနက်စော
ပင် အိပ်ရာထကြသည်။

'အိပ်လို့ကောင်းပါရဲ့လား' ဟု ကျွန်တော်က နှု
ဆက်လိုက်ရာ မစ္စတာဒတ်စ်နှင့် နယ်ဘက်အရာရှိ
ကျွန်တော်တို့ရဲ့မေတ္တာကြောင့် အိပ်လို့ကောင်းကြေ
ကောင်းသော နံနက်ခင်းဖြစ်ကြောင်းဖြင့် နှုတ်ခွန်း
ပါသည်။

ရဲဘော်မောင်ကို၏ လက်ရာဖြစ်သော လက်ဖက်
နှင့် ထမင်းကြော်တို့ကို ဧည့်သည်အရာရှိများအား
ကျွေးပါသည်။

နံနက်ခင်း လက်ဖက်ရည်ဝိုင်းလေးမှာလည်း
သန မဖက်၊ ကြီးကျယ်ခမ်းနားမှုတော့ မရှိပါ။ ချစ်
ရေးသဘော သက်ဝင်အောင် ပြုလုပ်ခြင်းဖြစ်၏။



င်းနှီးမှုသည် အချိန်နှင့်အမျှ ပိုမိုရင်းနှီးမှု ရရှိလာ

က်ဖက်ရည် သောက်ပြီးကြသည့်အခါ နေခြည်ပင်
ခဲ့ပြီဖြစ်၍ မစ္စတာဒတ်စ်တို့သည် နေရပ်သို့ပြန်ရန်
ခဲ့ကြပြီ။
အတွက် ကျွန်တော်တို့လည်း လိုက်ပါပို့ရန် ဟန်
ါတော့သည်။
န်တော်တို့လည်း မစ္စတာ ဒတ်စ်တို့နှင့် အတူ
တ်တိုင်အမှတ်-၁၁၈ ဆီသို့ ဦးတည်လျှောက်ခဲ့ကြ

ခန်းကျင် တောတောင် ရေမြေ သဘာဝသည်
ိုင်းထက် ပို၍ သာယာလှပနေသည်ဟု ထင်ပါ

ဿာရှိသော ကျောက်တိုင်လုပ်ငန်းကို နှစ်ဖက်
င်မြင်စွာ လုပ်ကိုင်ကြပြီးဖြစ်၍ နေရပ်ဌာနေ မိခင်
ပြန်လိုသည့်ဆန္ဒမှာ များစွာ ဖြစ်ပေါ်လာကြ၏။

ကျွန်တော်တို့သည် အောင်မြေကိုနင်း၍....
အောင်ခြင်းများစွာ
အောင်မင်္ဂလာဖြင့် ပြန်ချိန်တန်ခဲ့ပါပြီ။
မစ္စတာဒတ်စ်တို့ကို လာရောက်ကြိုဆိုသော အဖွဲ့နှင့်
းခွတ်လတ်တွင် တွေ့ခဲ့ကြ၍ ပြန်ချိန်တန်ပြီဟု ကျွန်
ော် ဆိုခဲ့ခြင်းဖြစ်ပါသည်။

ကျွန်တော်တို့လည်း မစ္စတာဒတ်စ်တို့ကို လက်ဆွဲနှု
ဆက်ကြပါသည်။ သိုင်းဖက်နှုတ်ဆက်ကြပါသည်။

အချင်းချင်း ကျောခိုင်း၍ပြန်ခဲ့ကြသည်။
လက်များ ဝှေ့ယမ်းနှုတ်ဆက်ကြသည်။

မစ္စတာဒတ်စ်ကဆိုလျှင် နောက် ကျောက်တိုင်အ
၁၁၉ မှာ တွေ့ဆုံကြဦးစို့နော်ဟု လှမ်းအော်နှုတ်ဆ
ရင်း ပြုံးပြရှာသည်။

မစ္စတာဒတ်စ်၏ စိတ်ရင်းစေတနာကို ကျွန်တော်သ
မှန်းဆ၍ ကြည့်မြင်နိုင်ပါသည်။

ကြင်နာသော မျက်ဝန်းနှင့်၊
လှပသော အသည်းနှလုံးပိုင်ရှင်၊
မစ္စတာဒတ်စ်ပင် ဖြစ်ပါသည်။

ကျွန်တော် လည်း မစ္စတာဒတ်စ်အကြောင်းနှင့် ခ
ဖော်ရွှေမှုကို စဉ်းစားမိရင်းမှ သူတို့ကို အမှတ်ရနေ
သည်။

ဩော်....ခင်ရာဆွေမျိုး
မြိန်ရာဟင်းကောင်း မဟုတ်ပါလား။

ကျွန်တော်တို့လည်း စခန်းတွင် တစ် နေ့ တာ
အတိုးချ၍ နားနေကြသည်။



ရေချိုးသူ ချိုးကြ၏။
အဝတ်လျှော်သူ လျှော်ကြ၏။
အိပ်စက်အနားယူသူ ယူကြ၏။

'စိတ်ပန်းပြေမှ ကိုယ်ကာယ အနွမ်းပြေမည်သာ' ဆို
သော ကျွန်တော့် ကဗျာတိုလေးကိုပင် အမှတ်ရလိုက်မိ
ပါတော့သည်။

တစ်ဆက်တည်းပင် ကျွန်တော်၏ အတွေးမျှင်တို့သည်
မစ္စတာဒတ်စ်တို့အပေါ်တွင် ပြန်လည်ကျရောက်ခဲ့ပြန်ပါ
သည်။

သူတို့လည်း သူတို့ပြည်၊ သူတို့လူမျိုး၊ သူတို့ ရေမြေ
တောတောင် သဘာဝ မလေ့ စရိုက် လက္ခဏာများကို
ချစ်ကြပေလိမ့်မည်။

နှလုံး သား ရှိ သော မစ္စတာ ဒတ်စ်တို့လည်း သူတို့
အောင်မြင်မှုအတွက် ဝမ်းသာဂုဏ်ယူမိကြပေလိမ့်မည်။

ဤသို့ပင် ကျွန်တော်သည် ကိုယ်ချင်းစာနာ တွေးယူ
မိပါသည်။

ကျွန်တော်တို့လည်း မိမိတို့၏ ကြီး လေး လှ သော
တိုင်းပြည်တာဝန်ကို ထမ်းဆောင်ပြီးစီးပြီဖြစ်၍ စိတ်အေး
လက်အေး ခရီးသွားကြရသဖြင့် ခရီးအတော်ပေါက်ခဲ့
ပါသည်။

ကျွန်တော်တို့လည်း အတော်အတန်မြင့်သော တောင်ကို တက်ခဲ့ရသည့်တိုင် ရင်မောဟိုက်ဘုန်ခြင်း မရှိတော့ပါ။ အတွေ့အကြုံက စကားပြောနေပြီ ဖြစ်ပါသည်။

ထိုတောင်ထိပ်၊ တောင်ခါးပန်းတို့တွင် တောင်ဇလပ်ပန်းတို့က ရဲရဲလွင်လွင် လှနေ၏။ သင်းနေရာတစ်ဝိုက်ကို တောင်ဇလပ်ပန်း အဆုပ်လိုက် အဆိုင်းလိုက်တို့က လှပစွာ မင်းမူလျက် နေရာယူထား၏။

ပတ်ဝန်းကျင် တောအလှကို တောင်ဇလပ်ပန်းတို့က စိုးမိုးထား၍ အခြား တောပန်းတောင်ပန်းတို့ပင် ခေါင်းမဖော်ဝံ့ရှာ။

ဆီးဖြူပင်တို့ကလည်းမရှား။ တောင်စောင်းများတွင် ပေါက်လျက်ရှိသည်။ ကျွန်တော်တို့လည်း ဆီးဖြူသီးကို စားကာ မမောမပန်း လျှောက်လှမ်း သွားနေကြသည်။

ဆီးဖြူသီးသည် အပန်းဖြေဆေးတစ်ခွက် ဖြစ်သည်သာမက၊ အာဟာရလည်း ဖြစ်စေခဲ့သည် မဟုတ်ပါလား။

မနက်ဖြန် သို့မဟုတ် စစ်ဆင်ရေးကြီး တစ်လျှောက်လုံး လုပ်ငန်းစဉ် ရည်ရွယ်ချက်ကြီး အထမြောက် မပြီးစီးသရွေ့ လျှောက်ကြရပေဦးတော့မည်။



နိုင်ငံကျော်အဆိုတော်ထားသီချင်းထဲကကဲ့သို့ 'နက်ဖြန် သို့မဟုတ် ဘယ်သောခါ'တိုင် အောင်ပန်း အောင်ဖူးကို ဆွတ်ခူးနိုင်ရန် တစ်လျှောက်တည်း လျှောက်နေရပါဦးမည်။

ထင်းရှူးတောကို ဖြတ်ကြသည်။

* * *

## အခန်း (၁၂)

### ခရီးဆက်ကြရပြန်ပြီ

ကျောက်တိုင် အမှတ် ၁၁၉ (မပည ၁၉၅၈၁၆)အတွက် လွှဲပြောင်း လက်ခံရေးကိစ္စ ဆောင်ရွက်နိုင်ရန် ခရီးဆက်ကြရပေဦးတော့မည်။

အောင်နိမိတ်စစ်ဆင်ရေးအမည်တွင်သော နယ်နိမိတ်ကျောက်တိုင်များ လွှဲပြောင်း လက်ခံရေးကိစ္စသည် ယခုအချိန်မှ စ၍ လက်တွေ့ကျကျ ပီပြင်လှုပ်ရှားစပြုချိန်ဖြစ်သည်ဟု ဆိုသော်ဆိုနိုင်ပါ၏။

ကျောက်တိုင် အမှတ် ၁၁၉ သည် ကျွန်တော်တို့၏ ဒုတိယခြေလှမ်း။ ကျွန်တော်တို့၏ အသည်းပန်းတည်း။

ထိုဒုတိယခြေလှမ်းအတွက် နားနေစခန်းတွင် သိမ်းကြ ပြင်ကြ ထုပ်ကြ စီစဉ်ကြရ တရှုရှုနှင့်။



အချိန်တန်၍ ခရီးစတင်ထွက်ခွာရန် ပြင်ကြပြီ။

ကျောက်တိုင်အမှတ် ၁၁၉ အနီး မြေပုံညွှန်း (မပည ၂၀၈၁)သို့ အရောက်သွားကြရန် ဟန်ပြင်နေကြခြင်းဖြစ်သည်။

ဤခရီးသည် တောတွင်း ခရီးသာဖြစ်၍ ရွာဆက်နီးသော ခရီးမဟုတ်ပါ။

တောတွင်းတစ်နေရာတွင်သာ ရပ်နားစခန်းချရမည့် ကြားနေစခန်း ဖြစ်ပါသည်။

ကျွန်တော်တို့အဖွဲ့လည်း အေးဆေးသက်သာ ခရီးထွက်ခဲ့သောရက်မှာ ၁၉၇၄ခု မတ်လ ၁၇ရက် တနင်္လာနေ့ ဖြစ်ပါသည်။ လေနုအေးကလေးက ညှင်းညှင်း ညို့ညို့ တိုက်ခတ်ပေးသဖြင့် ခရီးသွားရာတွင် သက်သောင့်သက်သာ သွားနေနိုင်ခြင်း ဖြစ်ပါသည်။

နေရောင်ခြည်သည် ထွက်ပြူစပင်ရှိသေးသည်။

ပတ်ဝန်းကျင်သည် နေခြည်ဆန်း၍ လင်းပနေသည်။ အဘယ်ကြောင့် ဟူမူ တောသည် ထူထပ်ခြင်း မရှိသောကြောင့် ဖြစ်၏။

ထင်းရှူးရနံ့က သင်းလှသည်။

ထင်းရှူးပင်တို့သည် မြင့်မြင့်မားမား ရှိ၏။

မိုးတိမ်ယံအမြင့်နှင့် ပန်တင့်လှ၏။

မိုးပြာအလှနှင့် ထင်းရှူးပင်အလှတို့က အလှချင်းပြိုင် အနိုင်ကြဲနေသည်သို့ ရှိ၏။

ထင်းရှူးတောအောက်တွင် ထင်းရှူးသီးတို့ကပြန့်ကျဲလျက်.... ပတ်ဝန်းကျင် တောင်ကမူ ကုန်းကြောနှင့်ထင်းရှူးတော စိမ်းဖန့်ဖန့်မှာ ကြည့်၍ပင် ကောင်းနေသေးတော့သည်။

ရုပ်ရှင်ထဲက ရှုခင်းများသည် ဒါရိုက်တာ ဖြစ်သူက ရှုခင်းလှလှရွေး၍ ရိုက်ကူးခြင်း ဖြစ်သဖြင့် သာယာစမြဲဖြစ်သည်။

သို့တစေ ဤမြေ ဤတော ဤမြိုင်ကြောမှသဘာဝရှုခင်းများနှင့် ချိန်စက်ကြည့်ရလျှင် မဆီလေးရယ်မှမဆိုင် အိုမဆိုင် အိုမဆိုင်ဟု နတ်သံကလေးနှော၍ ပြောလိုက်ချင်ပါတော့သည်။

လူသူအရောက်အပေါက် နည်းသောသဘာဝတော၏ အလှရှုခင်းပါတည်း။

တောတွင်း ခရီးသည် ပန်းမွေ့ရာမှာ လျှောက်လှမ်းရခြင်း မဟုတ်မူ၍ အတော်အတန်တော့ ချွေးစို့ရသည်။ မောရသည်သာ။

ထင်းရှူးတော တောင်ကမူပြန့်တွင် ခြေဆန့်ခဲ့ကြပြီး ကျွန်တော်တို့သည် ပြန့်ပြူးညီညာသော ချောင်းနံဘေးတွင် နေ့လယ်စာ စားခဲ့ကြသည်။

ကျွန်တော်တို့လည်း ထမင်းစားသောက်ကြပြီးနောက် အရိပ်ကောင်းသော သစ်ပင်အောက်များတွင် ခေတ္တအပန်းဖြေအိပ်ရင်း ထမင်းလုံးစီကြသည်။



အချိန်သည် လူကိုမစောင့်သဖြင့် အချိန်ရှိခိုက် လုံ့လစိုက်ကြရပြန်သည်။ ဇခန်းချမည့် မပည ၂၀၀၁ သို့ဦးတည်၍ သွားနေကြသည်။

နေ့လယ်ခင်းဖြစ်၍ နေမင်းကား ကျွန်ုပ်တော်၏ခေါင်းတည့်တည့်တွင် ရောက်ရှိနေ၏။

ကျွန်တော်သည် ထမင်းစားပြီးစ ဖြစ်၍ ဗိုက်လေးနေသဖြင့် ခြေလှမ်းကား မသွက်လှ။

နေကလည်း အပူကဲပေးနေသဖြင့် ချွေးကလေး စို့ရုံမျှမက အိုက်စပ်စပ် ပူလောင်လောင်ဖြစ်ကာ ချွေးသီးချွေးပေါက်ကြီးများက ကျဆင်းလာတော့၏။

နဖူးကချွေး ခြေမသို့ ကျသည်ဟု ပင်ပန်းဆင်းရဲမှုကို ပေါ်လွင်အောင် သီကုံးနှုံးဖွဲ့ကြသော်လည်း ကျွန်တော့်အနေဖြင့်မူ ဖင်ကြားက ချွေးထွက်အောင် ပင်ပန်းသည်ဟုပင် ရေးချင်မိတော့သည်။

ရိုင်းရိုင်းပျပျ ရေးလို၍မဟုတ်ပါ။ တောတွင်း ခရီးရှည်ချီတက်သွားရသူများအဖို့ ကိုယ်တွေ့ သိကြပါလိမ့်မည်ဟူ၍....

နေမင်းက ပူပြင်းလှသဖြင့် ပတ်ဝန်းကျင်လေတို့သည် ပူပွပေါ်၍ အထက်သို့ တက်ကြသည်။ သို့အတွက် လေဖူးလည်း တိုက်နေသဖြင့် ခရီးသွားရသည်မှာ မသက်သာလှ။

ကျွန်တော်တို့လည်း မကြာမီ တောအုပ်တစ်ခုတွင်းသို့ တစ်စတစ်စဝင်မိလာရာမှ တောသည်လည်း တစ်စတစ်စနက်လာပြီး အဆုံးတွင် နေပြောက် ထိုးရုံလောက်သာ ရှိတော့သည်။

နေမင်းသည် ကျွန်တော်တို့တစ်တွေ အပေါ် မင်းမမူနိုင်ရှာတော့။

တောနက်ထဲ လျှောက်ရပြန်တော့လည်း ချွေးဖြင့်အေး၍လာသည်။ အေးရာမှ စိမ့်၍စိမ့်ရာမှချမ်းလာသည်။

ဩော်...ပတ်ဝန်းကျင် ရေမြေ တောတောင်သဘာဝ၏ အပျိုပြင် အစိမ်းအောက်တွင် နေကြရသည် မဟုတ်ပါလား။

ပတ်ဝန်းကျင် လေနုအေးက ရိုက်ခတ်ပေးလိုက်ပြန်သဖြင့် ကျွန်တော်သည် ခိုက်ခိုက် တုန်လာတော့၏။

အပူက အအေးဘက်သို့ ချက်ချင်း ကူးပြောင်းသွားသဖြင့် ဤသို့ အခံရခက်ပုံရပါသည်။ သို့ဖြင့် ကျွန်တော်လည်း အထမ်းသမားများကို အပြေးကလေးကျော်တက်ကာ ချွေးကလေး ထွက်အောင် လှုပ်ရှားလိုက်တော့မှ သွေးလေမှန်ကာ နေ၍ကောင်းသွားပါတော့သည်။ ကျွန်တော်လည်း ရှေ့ပြေး ကင်းအဖွဲ့ဖြစ်သော ဆရာလိုင်ထွန်းတို့နှင့်အတူ လိုက်ပါခဲ့တော့၏။



ထိုစဉ် တစ်ဦးသော အထမ်းသမားက ရှမ်းဘာသာဖြင့် ဆွဲဆွဲငင်ငင် သီချင်းဆိုလိုက်သည်။

ပထမမူ ခွင့်ပြုချက်ရမရ မသိသဖြင့် ခပ်တိုးတိုးမျှင်းမျှင်းဆိုသော်လည်း စစ်ကြောင်းမှူးက ဘာမျှ မပြောတော့မှ အသံကျယ်လာတော့သည်။

ထိုသူ၏ သီချင်းကို ရှမ်းအထမ်းသမားတို့က နောက်မှသံပွိုင့် လိုက်ဆိုသဖြင့် တစ်မျိုးတစ်ဘာသာ နားအရသာခံရင်း လျှောက်ရသည်မှာ အမောသက်သာစေပါသည်။

တောသံ...ပဲ့တင်ရိုက်သံ။

သူတို့၏ ညီညာသော လှိုင်းသံတို့က ကြားရသူအပေါင်း ရွှင်ကြည်စေသည်။

အားတက် ရွှင်လန်းစေသည်။

သူတို့လေ...သူတို့စရိုက်ကို အလိုက်အထိုက်ဆိုကြည့်ရာ သိပ်မလွယ်လှဘဲ ဆိုမရအောင် ဖြစ်ရပါသည်။ ကျွန်တော်တို့လည်း ပြန့်ပြူးညီသော တောင်ခါးပန်းမှတောဆင်လမ်းတစ်လျှောက်အတိုင်း လိုက်လာခဲ့၏။

လမ်းတစ်ဖက်တစ်ချက်တွင် ဝါးရုံပင်တို့က ယှက်မိုးဖြာဝေနေ၏။

ဝါးရွက်ခြောက် နှင်းမိသံတို့က တဖြောက်ဖြောက်ဖြင့် စည်းဝါးလိုက်နေသကဲ့သို့ ရှိ၏။

လေတိုက်သဖြင့် ဝါးရုံပင်တို့ ယိမ်းနွဲ့ လှုပ်ရမ်းနေသည်။ တရှီးရှီးတရှဲရှဲဖြင့် လက်ရမ်းရှည်ကြီးများဖြင့် ခြောက်လှန့်နေတဲ့အလား။

ကျွန်တော်တို့တစ်တွေလည်း တောင်ခါးပန်း လွန်၍ ပြန့်ပြူးညီညာသော လွင်ပြင်သို့ ရောက်ခဲ့ရပြန်သည်။ ထို နေရာသည် စမ်းရေနှင့်လည်း သိပ်မဝေးလှ။

တောပန်းဖြူဖြူတို့ ပင်လုံးညွတ်မျှ ဖူးပွင့်ကုန်ကြ၏။

တောတွင်းဖြစ်၍ သစ်ပင်စုံသကဲ့သို့ သစ်သီးလည်း စုံလှ၏။

အမည်ကိုကား ဖော်မရ။

အချို့မှာ ကင်းကုန်၏။ အချို့မှာ မှည့်ကုန်၏။

မကြာမီ ကျွန်တော်တို့သည် တောင်ကမူ ကုန်းပြန့် ကြောလေးပေါ်သို့ ရောက်ခဲ့၏။ ပတ်ဝန်းကျင်ကား.... သာယာလှပါတီတောင်း။

မနီးမဝေးတွင် စမ်းရေ အလျဉ်သည် တသွင်သွင် စီးလျက်။

ပန်းအဖြူတို့လည်း အဆုပ်လိုက် အဆိုင်းလိုက် ပွင့် လျက်။

မိုးတိမ်ပြာလည်း အုပ်မိုးလျက်။

ဗိုလ်ကြီးလည်း ကျွန်တော်တို့ခေါ်ကာ မြေပုံထောက် ကြည့်ကြသည်။



နှားနေစခန်း မပည်-၂၀၀၁ သို့ကား ရောက်ခဲ့ပြန် လေပြီ။ ရောက်ရပြန်တော့လည်း ပြုမြဲဓမ္မတာအတိုင်း ထားယီတဲ ထိုးသူထိုး၊ ရိက္ခာ ဝေသူဝေ၊ ထင်းခွေသူခွေ၊ ခွေခပ်သူခပ်၊ ချက်သူချက်ဖြင့် အလုပ်ရှုပ်နေကြရ၏။

ခရီးသွားခြင်း၊ ရပ်နားခြင်း ဆိုသော ပြုမြဲဓမ္မတာ စာအုပ်ကြီး၏ စာမျက်နှာများကို တစ်ရွက်ချင်း လှန်နေ ကြရသည် မဟုတ်ပါလား။

ကျောက် တိုင်အမှတ်-၁၁၉ အတွက် ခရီးဆက်၍ ညနေရာ ညစခန်းသို့ ရောက်ရှိခဲ့ကြခြင်း ဖြစ်၏။ နားနား နေနေ အပန်းတော်ဖြေရမည့် ကျွန်တော်တို့၏ တစ်ခု တည်းသော တောတွင်းရိပ်သာဘုံခန်းဝါပင် ဖြစ်ပါတော့ သည်တကား။

* * *

## အခန်း (၁၃)

**ချောမောသာယာ ကျောက်တိုင်မှာ**

ကျွန်တော်နှင့် ဗိုလ်ကြီးလည်း ကျောက်တိုင်အမှတ်-၁၁၉ (မပည-၁၉၅၇၁၁၆) ကို ရှာရန် ထွက်မည်ပြုစဉ် ဆရာကာကားမား၏ အတွဲလိုက်ပစ်လိုက်သော သေနတ်သံများကို ကြားလိုက်ရသည်။

သေနတ်သံကား သိပ်မဝေးလှ။

ကျွန်တော်တို့လည်း သေနတ်သံလာရာဆီသို့ မှန်းဆ… သွားကြသည်။

ကျွန်တော်တို့သည် တောလမ်းကလေးအတိုင်း အတန်… ကြာသွားမိသောအခါ ဆရာကာကားမားကို လှမ်းမြင်လိုက်ရ၏။



…ကြီးက....

…ဘာဖြစ်တာလဲ'ဟု မေးလိုက်သည်။

…သစ်ပင်ပေါ်မှာ ရှူးပုံကြီး၊ မှန်လျက်နဲ့ မကျဘူး …ကြီး'ဟု ဆရာက ပြန်ပြောသည်။

…ပစ်ကွာ'

…တ်ကဲ့'

…ဆရာ ပစ်လိုက်သော အတွဲလိုက်ကျည်ဆန်များ ထိမှန်…ကြောင့် ရှူးပုံကြီးမှာ ကြာကြာမခံနိုင်တော့ဘဲ …မှာ ဝဲ၍ ဝဲ၍ ကျလာတော့သည်။

ကျွန်တော်လည်း ရှူးပုံဆို၍ သိလိုမြင်လို ဇောများ …သန်လာ၍ ရှူးပုံကျရာဆီသို့ အပြေးကလေး သွား…လိုက်မိပါသည်။

ရှူးပုံရင်မှာ ကျည်ဆန်ရာတွေဖြင့် ဆန့်ခါကြဲနေ၏။ …ရှုစရာမရှိ။ မြင်၍ပင် မကောင်း။

အသက်ပြင်းလှသည့် ရှူးပုံပါတကား။

…ဘာယ်တော့ ရှူးပုံသည် ကြောင်မျက်နှာအသွင်နှင့် …တောင်ပါသော ငှက်သတ္တဝါတစ်မျိုး ဖြစ်ပါသည်။

…ငယ်ခေတ်က ကျားကြီး၊ ရှူးပုံကြီး၊ ဝက်ကြီး ဟူ၍ …ပေါက်ခဲ့ဖူးရာ ကျွန်တော် ယခု မြင်တွေ့ရသော …ပုံမျိုး အကြီးစားကြီး ဖြစ်ပေလိမ့်မည်ဟု မှန်းဆမိပါ…သည်။

ဆရာ့အဖို့တော့ ဟင်းတစ်ခွက် တစ်မယ်ကောင်း
ရလိုက်ပြန်ပြီပေါ့ဟု ကျွန်တော်က ပြောလိုက်ရာ
ကလည်း ဟင်းပို့လိုက်မည် ဖြစ်ကြောင်း ပြန်ပြေ
သည်။

ကျွန်တော်တို့လည်း စခန်းသို့ပြန်လာခဲ့ကြပြီး ဦးကြ
မြင့်တို့ကိုခေါ်၍ ကျောက်တိုင်အမှတ်-၁၁၉ ကိုရှာ
ထွက်ခွာသွားပါတော့သည်။

ကျောက်တိုင်အမှတ်-၁၁၉ ၏ ဆောင်ရွက်ဖွယ်
ယနေ့ပင် အိန္ဒိယအဖွဲ့နှင့် တွေ့ဆုံဆောင်ရွက်ရမည်
ပါလား။

ကျွန်တော်တို့လည်း ရှုးပုံပစ်ခဲ့သော တော
မြောင်ကလေးအတိုင်း လိုက်ခဲ့၏။ တောလမ်းအ
တောအုပ်တစ်ခုတွေ့ရပြီး တောအုပ်အတွင်းသို့

ကျွန်တော်တို့လည်း သစ်ကိုင်းခြောက်များကို
လျှောက်ကြရသဖြင့် ဂျိုးဂျိုးဂွတ်ဂွတ် မြည်ကုန်၏။

နားဝင်ပီယံ နားအရသာခံ၍ သွားရသည်မှာ
ရောလူပါ သက်သာလှပါသည်။

တောအုပ်အလွန် တစ်ခုသော တောင်ကတုံးပေ
မြင့်မြင့်မားမား တစ်ပင်တည်း ပေါက် လျက် ရှိ



င်ပေါ်မှ ပန်းဖြူဖြူတို့သည် အဆုပ်လိုက် အဆိုင်း
ဖွင့်လျက် တွဲရရွဲ ရှိကုန်၏။

နောက်ခံ မှိုင်းညိုညို တောတန်း၊ တောင်တန်း။
ပြာလှ လွင်ပြာပြာ။
ကြည့်၍ ရှုမငြီးစရာ မျက်စိပသာဒတွင် ကြည်လင်၍
ပါတော့သည်။

'ဘယ်လောက်လှတဲ့ ရှုခင်းလဲဗျာ' ဟု ကျွန်တော်က
စိတ်၏နှိုးဆော်တိုက်တွန်းမှုကြောင့် မနေနိုင်မထိုင်
ပြောလိုက်မိ၏။

'ဟုတ်....ဟုတ်ပါ့ဗျာ၊ ဘယ်လောက်လှတဲ့ ရှုခင်းလဲ။
Fine it is' ဟု ဦးကြည်မြင့်က နောက်သလို
သည်လိုလို မချိုမချဉ်မျက်နှာဖြင့် ပြောသည်။

ကျွန်တော့်အနေဖြင့်မူ ပတ်ဝန်းကျင် တောအလှ၏
သာဝကျကျ လှပမှုကို ရင်သပ်ရှုမော အံ့သြနေမိပြီး
တွင် ယစ်မူးနေမိ၏။
ဘယ်သူ့ကိုမျှ စကား ဆက်မပြောမိတော့။

'ဤတော ဤတောင်
ဤလျှို မြောင်နှင့်
ဤချောင် ဤစမ်း

ဤလမ်း ဤရေ
ပတ်ကာ ခွေသည်

တောဝဲ့ဝစခန်း သာစွနန်း'ဟု တောတွင်းတစ် ရာ၏ အလှပန်းချီကို ကျွန်တော် ရေးမဆွက ဖွဲ့သီခဲ့ လေပြီ။

တောပန်းရယ် ဖြူဖြူ
မင်းမူသည်က သစ်ပင်ဖျား
လှအားနိုင်သား။

တောပန်းတို့သည် အပူပင်အကြောင်းကြမဲ့စွာ လွ လွတ်ကျွတ်ကျွတ်ကြီး လှအားဘိ၏။

အစွမ်းကုန် လှနိုင်အားတဲ့ တောပန်းရယ်။

ငါတို့ဌာနေ လူ့ဌာနေနဲ့နီးခဲ့ရင်ဖြင့် အစွမ်းကုန် နိုင်အားမထင်ဘူးကွယ်။ လူတို့ခူးခြွေယူသုံးလို့ ပျက်ပြ ချေသေးရဲ့။ အခုတော့ဖြင့် ကြောင့်ကြမဲ့စွာ လှအား သူ့ တောပန်းကလေးရယ်။

ကျွန်တော်လည်း တောပန်းနှင့် စကားပြောခဲ့မိ

ကျွန်တော်တို့အဖွဲ့သည် ကျောက်တိုင် အမှတ် ၁၁ ကို ခဲရာခဲဆစ် မရှာရပါ။

လွယ်လွယ်ကူကူပင် တောပန်းတို့ ဖူးပွင့်ရာမြေ၊ သ ပင်ကြီးအောက် ကုန်းကမူဘေးတွင် ဖွေးဖွေးလေးတွေ့ ပါသည်။ ကျွန်တော်သည် အတိုင်းမသိ ဝမ်းသာခဲ့မိ



အဘယ်ကြောင့်ဟူမူ....

ကျွန်တော်တို့ တွေ့လိုမြင်လိုဇောဖြင့် အမောတကော လိုက်ရှာနေရသော ကျွန်တော်တို့၏ ချစ်ဆိုင် ချစ်ခဲက လေးကို တစ်ခဏချင်း မြင်တွေ့လိုက်ရ၍ ဖြစ်ပါသည်။

အချိန်ကား နံနက် ၈ နာရီပင် မရှိသေး။
အိန္ဒိယအဖွဲ့မှုကား ယခုတိုင် မရောက်လာသေး။

ဆက်၍ဆက်၍ စောင့်ရပေဦးမည်ပေါ့။
ဝတ္တရားက ရှိနေမင့်ကိုး။

သို့ဖြင့် ကျွန်တော်တို့အဖွဲ့လည်း နောက်တစ်နေ့တွင် ဆောင်ရွက်ရမည့် ကျောက်တိုင် အမှတ် ၁၂၀ (မပည ၁၈၉၈၂၆)ကို အနီးအနားတွင် ရှာရန်ထွက်ခဲ့ကြသည်။

အိန္ဒိယအဖွဲ့တော်သားများ ရောက်လာခဲ့သည်ရှိသော် ဆက်သွယ်ရန် ဦးအေးဖေနှင့်အဖွဲ့ကို ထားခဲ့၏။

'မြေပုံထဲမှာတော့ ၁၁၉ နဲ့ ၁၂၀ သိပ်မဝေးဘူးဗျ' ဟု ဗိုလ်ကြီးက ပြောသည်။

'ဒီအနီးအနားမှာ တောင်ကမူချောတွေ များတယ်၊ ရှာလို့ လွယ်ပါလိမ့်မယ်၊ ကျွန်တော့ အထင်တော့ တောင်ကမူချောမှာပဲ ရှိလိမ့်မယ်ထင်တယ်'ဟုကျွန်တော် က ကျွန်တော့ထင်မြင်ချက်ကို ပြောလိုက်၏။

'အင်း.... ဖြစ်လောက်တယ်လို့တော့ ထင်တာပဲ'ဟု ဦးကြည်မြင့်က စဥ်းစဥ်းစားစားဖြင့် ပြောလိုက်သည်။

'ဦးကြည်မြင့် စကားက ကြီးကျယ်လိုက်တာဗျာ၊ စုံထောက်ကြီး ရှားလော့ဟုမ်းကျနေတာပဲ'ဟု ကျွန်တော်က ပြန်ခွပ်လိုက်၏။

ကျွန်တော်တို့လည်း တောင်ကမူချောများ အတိုင်း လျှောက်သွားရသဖြင့် သက်သောင့်သက်သာ ရှိလှ၏၊

နာရီဝက်ခန့် သွားမိသောအခါ ကျောက်တိုင်ဖြူဖွေးအသည်းဆိုင်ကလေးမှာ တစ်ခုသော ကမူလေးဘေးတွင် မေးတင်လျက်ရှိ၏။

ပတ်ဝန်းကျင်မှာ ရှင်းသန့်နေ၏။

တောင်ကမူလေးဆီမှ အဝေးသို့ လှမ်းကြည့်မိရာ အိန္ဒိယနယ်ဘက်ဆီမှ တောင်ပြာတန်း မှိုင်းညို့ညို့ကိုလွမ်းစဖွယ် မြင်တွေ့ရသည်။

အလွမ်းစိတ်ပေါ်လာမိသဖြင့်ရပ်ဝေးဆီကကျွန်တော့် မိသားစုကို အမှတ်မထင် သတိရလိုက်မိပြန်သည်။

တောများ၊ တောင်များ၊ ချောင်းများ၏ ဟိုမှာဘက် တစ်နေရာမှာတော့ ကျွန်တော့်မိသားစုတို့ ရှိလေရဲ့။



အားလုံးကျန်းမာ ချမ်းသာကြပါစေဟု စိတ်တွင်းက ဆုတောင်းမိလိုက်ပါသည်။

ဤသည်မှာတော၊ ဤသည်မှာတောင်၊ ဤသည်မှာ ချမ်း၊ ဤသည်မှာ လျို၊ ဤသည်မှာ တောပန်း အုံ့မခန်းလောက်အောင် နေသားတကျ ရှိလှပါသည်။ သဘာဝကား ဆေးပန်းချီ ရေးမမီနိုင်သည်ကို ယုံကြည်မိပါတော့သည်။

ဘယ်ပန်းချီရေးလို့ မမီပါတကား။

'ဗိုလ်ကြီး....အိန္ဒိယအဖွဲ့တွေ ရောက်လာပြီ၊ ကျောက်တိုင်မှာ စောင့်နေကြတယ်'ဟု ရဲဘော် မောင်ကိုက သတင်းပို့လာ၏။

'အေး အေး... တို့ခုလိုက်ခဲ့မယ်'ဟုဗိုလ်ကြီးလည်းပြောပြောဆိုဆိုဖြင့် ထရပ်လိုက်တော့၏။

ကျွန်တော်တို့လည်း ဗိုလ်ကြီးနောက်မှ ထက်ကြပ်မကွာ လိုက်ခဲ့ရတော့သည်။

ကျွန်တော်တို့အဖွဲ့လည်း ကျောက်တိုင်အမှတ် ၁၁၉ သို့ ပြန်လည်ရောက်ခဲ့ပြီး ဖြစ်ပါသည်။

'Hello, Mr. Aung Lwin, How do you do'

ဟု မစ္စတာဒတ်စ်ကနှုတ်ဆက်ရာ ကျွန်တော်ကလည်း 'How do you do, Mr. Dass' ဟု ပြန်လည် နှုတ်ဆက်ရင်း လက်ဆွဲနှုတ်ဆက်ကြပါသည်။

ကျွန်တော်တို့လည်း တစ်ဦးနှင့်တစ်ဦး ဖက်လဲတကင်း နှုတ်ဆက်ကြပါသည်။
ကွဲကွာနေကြသော ညီရင်းအစ်ကိုများ ပြန်လည်တွေ့ဆုံကြသကဲ့သို့ ရှိပါတည်း။

နယ်ဘက်အရာရှိမှာ မျက်နှာစိမ်း တစ်ဦး။

သို့တစေ ပြုံးရွှင်သောမျက်နှာနှင့် ဖော်ရွေလှသည်။ ကျောက်တိုင်အမှတ် ၁၁၇ တုန်းက နယ်ဘက် အရာရှိထက် အသက်ငယ်ပုံ ရပါသည်။
ကိုယ်ခန္ဓာ ပိုမိုတောင့်တင်းခိုင်မာသည်။

အသားဖြူ၍ အရပ်မြင့်သဖြင့် ယောက်ျားပီသပြီး ကြည့်ကောင်းသူ ဖြစ်သည်။
ကျွန်တော်ကြည့်နှံ့ရသော အိန္ဒိယ ရုပ်ရှင်မင်းသား ဒေ့ဗ်အာနန်နှင့်ပင် တူသေးတော့သည်။

ကျွန်တော်တို့အချင်းချင်းမိတ်ဆက်ကြပြီးနောက် ကျွန်တော်က အိန္ဒိယရုပ်ရှင်မင်းသား ဒေ့ဗ်အာနန်နှင့် တူကြောင်း ပြောလိုက်ရာ နယ်ဘက်အရာရှိက ညင်ညင်သာသာလေး ပြုံးလိုက်ပြီး ကျွန်တော့်လက်ကို သူ၏ လက်နှစ်ဖက်ဖြင့် ဖွဖွလေးဆုပ်ကိုင်ကာ 'ခင်ဗျားလဲ လူချောတစ်ယောက်ပါပဲ။ မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေမှာ



ပေါ့၊ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်မဟုတ်ပါလား' ဟုခွန်းတုံ့ဆိုပါသည်။
နယ်ဘက်အရာရှိကလည်း စကားရေး ကျွမ်းကျင်လှပါတကား။
ကျွန်တော်က သူ့ကိုအိန္ဒိယမင်းသားနှင့် တူကြောင်းပြောသဖြင့် ကျွန်တော့်ကိုလည်း ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ဖြစ်ကြောင်းပင် ထပ်ကွန့်လိုက်သေး၏။

အာဂ နယ်ဘက်အရာရှိပါတကား။
တကယ်တော့မူ သူပြောသလိုမဟုတ်ပါ။

ကျွန်တော့်ကိုယ်ကျွန်တော်သိပါသည်။ ရုပ်အဆိုးထဲကမဟုတ်ဆိုကာမူ ချောသည်တော့ မဟုတ်ပါ။ချောသည်ဟူ၍လည်း အပြောမခံရဖူးပါ။

သို့တစေ နယ်ဘက်အရာရှိက ယဉ်ကျေးမှုအရ လိုက်လျောညီထွေပြောလိုက်ခြင်းသာဖြစ်ရပါမည်ဟုကျွန်တော် ဤသို့ပင် ယုံကြည်မိပါတော့သည်။

ကျွန်တော်တို့ နှစ်နိုင်ငံအဖွဲ့များသည် ကျောက်တိုင်အမှတ် ၁၁၉ ဆီသို့ သွားကြသည်။
ကျောက်တိုင်ကို သေချာစွာ စစ်ဆေးကြသည်။
လှုပ်ကြည့်ကြသည်။

နယ်နိမိတ် ပိုင်းခြားမှုအညွှန်း မှန်မမှန် စစ်ဆေးကြသည်။

အားလုံးမှန်ကန်၍ ကျေနပ်ကြသည်။

သဘောတူညီမှု ရကြသည်။

သည်တော့ ထုံးစံအတိုင်း လွှဲပြောင်းလက်ခံရေးပုံစံများတွင် လက်မှတ်ရေးထိုး လဲလှယ်ကြရုံပဲပေါ့။

မြန်မာပြည်ဘက်မှ ကျွန်တော်နှင့် ဦးကြည်မြင့်။

အိန္ဒိယဘက်မှ မစ္စတာဒတ်စ်နှင့် နယ်ဘက်အရာရှိ။

ကျွန်တော်တို့ လေးယောက်သည် အချင်းချင်း လက်မှတ်ရေးထိုးထားသော လွှဲပြောင်းလက်ခံ စာရွက်စာတမ်းများကို လဲလှယ်၍ ပြီးကြပြီ။

လက်မှတ်ရေးထိုးခြင်း၊ စစ်ဆေးခြင်း၊ လဲလှယ်ခြင်းဆိုသော ပြုမြဲဓမ္မတာ စာအုပ်ကြီး၏ စာမျက်နှာတစ်ရွက်ကို အောင်မြင်စွာ လှန်လိုက်ပြီး ဖြစ်ပါသည်။

နောက်တစ်မျက်နှာကို လှန်နိုင်ရေးအတွက် ရှေ့ဆက်၍ လုပ်ရပေလိမ့်ဦးမည်။

နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုးကြပြီးနောက် မစ္စတာဒတ်စ်နှင့်အဖွဲ့သည် ဗိုလ်ကြီးတင်စိုး၏ ဖိတ်ကြားချက်အရ နေ့လယ် လက်ဖက်ရည် သောက်ရန် ကျွန်တော်တို့၏ နားနေစခန်းသို့ လိုက်လာ၏။



စခန်းသာသို့ အပြန်ခရီးကား စိတ်လက်ပေါ့ပါးနေ
သဖြင့် သက်သောင့်သက်သာ ရှိလှ၏။

စကားတပြောပြောဖြင့် စခန်းသာသို့ ရောက်မှန်းမသိ
ရောက်ခဲ့ရပါတော့သည်။

ကျွန်တော်တို့လည်း မစ္စတာဒတ်စ်တို့ အဖွဲ့ကို ဝက်
ပေါင်ခြောက်သုပ်နှင့် လက်ဖက်ရည်တို့ဖြင့် တိုက်ကျွေး
ဧည့်ခံလိုက်၏။

ဘောတွင်းဖြစ်၍ နေ့လယ်စာ လက်ဖက်ရည်သည်
ဝက်ပေါင်ခြောက်ဖြင့် ခမ်းနားနေ၏။

မစ္စတာဒတ်စ်တို့လည်း ကြက်သွန်နီကို တဂျွမ်းဂျွမ်း
ကိုက်၊ ဝက်ပေါင်ခြောက်ကို တဂျွတ်ဂျွတ်ဝါး၍ လက်
ဖက်ရည်ကို တရှူးရှူးသောက်သဖြင့် တိုက်ကျွေးဧည့်ခံ
ရသူ ကျွန်တော်တို့အဖို့ ကျေနပ်အားရမိပါတော့သည်

မစ္စတာ ဒတ်စ် တို့လည်း ကျေးဇူးတင် ဝမ်းမြောက်
ကြောင်းပြောပြီး လက်ဆွဲနှုတ်ဆက်သည်။

အချိန်တန် အိမ်ပြန်ရသည်သို့ သူတို့လည်း နားနေ
စခန်းသို့ ပြန်ကြရဦးမည် မဟုတ်ပါလား။

ကျွန်တော်တို့လည်း မစ္စတာဒတ်စ်နှင့် နယ်ဘက်အရာ
ရှိတို့ကို နယ်စပ်အထိ လိုက်ပို့ကြပါသည်။

တစ်ယောက်နှင့် တစ်ယောက် ဖက်လဲတကင်း နှုတ်ဆက်ကြပြီး မနက်ဖြန် ကျောက်တိုင်အမှတ်-၁၂၀ မှာ မျက်နှာချင်းဆိုကြစို့ဟု ကျွန်တော်က နှုတ်ဆက်ရင်း ပြောလိုက်ပါသည်။

'မျက်နှာချင်းပဲ ဆုံမှာနော်'ဟု နယ်ဘက် အရာရှိက ပြန်ပြီး နောက်ပြောင်ပြောင် ပြောပါသည်။

ကျွန်တော်ကတော့ ချစ်သူမျက်နှာချင်း လမင်းမှာတဲ့ ဆုံကြမယ် ဆိုသော စကားလေးကို အမှတ်ရလိုက်မိလို့ စကားအလှ တန်ဆာဆင်ပြီး ပြောလိုက်မိခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့လည်း တစ်နေ့တာ လုပ်ငန်းတာဝန်ကြီး အောင်မြင်စွာ ပြီးဆုံးခဲ့ပြီ။

ဆရာဂျာကားမား၏ ရှူးပျံဟင်းလျာက မွှေးပျံ့ကြိုင်သင်းလျက် ညစာအတွက် စောင့်ကြိုနေချေပြီ။

ယခုမှပင် ဆာရမှန်း သိကြတော့၏။

ကျွန်တော်တို့ အဖွဲ့လည်း စခန်းသာသို့ ပြန်ရောက်ရောက်ချင်း ထမင်းစားကြသည်။

ဦးကြည်မြင့်က....

'ရှူးပျံဆိုပြီး နာမည်သာ ကြီးနေတာပါဗျာ၊ တကယ်တော့ ကြောင်သားစားရသလိုပါပဲ'ဟု မှတ်ချက်ချ၏။



ကျွန်တော့်အဖို့မူ ယခင်က ကြောင်သား မစားခဲ့ဖူး၍ ဦးကြည်မြင့်၏ စကားကို အသာပင် နားထောင်နေလိုက်ရတော့၏။ စိတ်တွင်းကမူ ရှူးပျံသည် ကြောင်သတ္တဝါမျိုးဖြစ်၍ ကြောင်သားနှင့်မတူ၊ ခွေးသားနှင့် တူရပါမည့်သားဟု အောက်မေ့မိသေးတော့၏။

ကျွန်တော်တို့လည်း ကိုယ့်ရွက်ဖျင်တဲဘွင် လဲလျောင်းရင်း ထမင်းလုံးစီခဲ့ကြ၏။

ဗျိုင်းတစ်အုပ်သည် အိပ်တန်းတက်ရန် အနောက်ဘက်တူရှုသို့ ပျံကြလေပြီ။

ညနေဆည်းဆာ တိမ်ပဒေသာကား တောက်ပလျက်။

ဗိုလ်ကြီးတင်စိုးလည်း ကျွန်တော့်ဘေးတွင် တစ်ဖက်စောင်းလျက်ဖြင့် ဆေးလိပ်ကို ဖွာရှိုက်လျက်ရှိသည်။

ဘာတွေများ စဉ်းစားနေသည် မသိနိုင်တကား။

ကျွန်တော့်အဖို့မူ ယခုမှ နယ်ခြားကျောက်တိုင်(၂)တိုင်သာ ပြီးဆုံးသေးသည်မို့ နောက်(၁၁)တိုင်လုပ်ငန်းက ကျန်သေးသည်။ ရက်အားဖြင့် မတ်လ (၁၁)ရက်မှ မတ်လ(၁၈)ရက်။ တောတွင်း ရှစ်ရက်ခရီးသာ ရှိသေးသည်။ ရှေ့လုပ်ငန်းများစွာ ခရီးရက်ပေါင်းများစွာ အတွက် အောင်မြင်ချောမွေ့ပါစေဟု ဆုတောင်းမိရင်း မှေးခနဲ အိပ်ပျော်သွားပါတော့သည်။

၁၉၇၄ ခု မတ်လ ၁၉ ရက်။
အင်္ဂါနေ့။

ကျောက်တိုင်အမှတ် ၁၂၀ (မပညာ၁၈၉၈၂၆) လုပ်ငန်း အတွက် ခရီးဆက်ရမည့်နေ့ ဖြစ်ပါသည်။

ဩကာသလောကကြီးသည် သာယာ စိုလွင်လျက် ရှိသည်။

ကျေးငှက် သာရကာတို့လည်း အစာရှာထွက်ကြပြီ။

နေဝန်းသည်လည်း ရဲရဲနီ တောက်ပလျက် အရှေ့ဖျား သစ်ပင်များကြားမှ ပြူထွက်ရန် အားယူလျက်ရှိ၏။

ကျွန်တော်တို့လည်း ထုံးစံအတိုင်း ထမင်းကြော်နှင့် လက်ဖက်ရည်၊ အဆာပြေ လွေးခဲ့ပြီးနောက် ကျောက်တိုင်အမှတ် ၁၂၀ ဆီသို့ ဦးတည်ရွေ့လျားခဲ့ကြပြန်ချေပြီ တကား။

ကျောက်တိုင်အမှတ် ၁၂၀ ခရီးကား ပင်ပန်းခြင်းမရှိ။ ချွေးကလေးစို့ရုံမျှပင် ရောက်ခဲ့သည်။

အချိန်ကား နံနက် ၈ နာရီပင် ရှိသေးသည်။

ကျွန်တော်လည်း ကျောက်တိုင်ကို ကျော်မှီရင်းနံနက်ချိန်ခါ တေးသံသာကို နားဆင်နေမိပါသည်။

ဗိုလ်ကြီးတင်စိုး၏ တစ်ခုတည်းသော ဖျော်ဖြေရေး သတင်းစုံ ကြားရာ ရေဒီယိုကလေး၏ အသုံးဝင်ပုံကား ရေးပြရန်ပင် မတတ်နိုင်အောင် ရှိပါတော့သည်။



ယနေ့အဖို့မူ အိန္ဒိယအဖွဲ့နှင့် ခပ်စောစော ချိန်းဆိုထားပြီးဖြစ်၍ သိပ်မစောင့်ရဘဲ မစ္စတာဒတ်စ်တို့ အဖွဲ့ ရောက်ရှိခဲ့ပါသည်။

ရွှင်လန်းအားရခြင်းနှင့်အတူ ပြုံးရွှင်သော မျက်နှာများကို မြင်တွေ့ရပါသည်။

Good Morning, Mr. Aung Lwin.
Good Morning, Mr. Dass.

သို့ကလို ကျွန်တော်နှင့် မစ္စတာဒတ်စ်တို့ နှုတ်ခွန်းဆက်ကြရင်း ကျောက်တိုင် အမှတ် ၁၂၀ ကို သေချာစွာ စစ်ဆေးကြည့်ရှုကြသည်။

ကျောက်တိုင် အခြေအနေမှာ ကောင်းနေသကဲ့သို့ နယ်နိမိတ်အညွှန်းများလည်း မှန်ကန်ပါသည်။

သည်လိုဆိုလျှင် လက်မှတ် ထိုးကြရုံပဲပေါ့။

သို့ဖြင့် လက်မှတ်ရေးထိုး၍ အချင်းချင်း လဲလှယ်ကြသည်။

စုရပ်မှာ တွေ့ဆုံကြ၍ ခွဲခွာကြရသည်မှာ ဓမ္မတာ။
တွေ့ဆုံကြုံကွဲဖြစ်မြဲ ဓမ္မတာရယ်ပါ။

အိန္ဒိယအဖွဲ့သားများအနေဖြင့် အိန္ဒိယပြည်ဘက် မိုးလ်ထင်းရွာ၊ ဂမ်ဖာရွာတို့တွင် ပြောင်းရွှေ့ စခန်းချပြီး ကျွန်တော်တို့ အဖွဲ့အနေဖြင့် မူဆာရဖော့ရွာတွင် စခန်း

ချရမည်ဖြစ်ပါသည်။ စခန်းချရာအသီးသီးမှ နေ၍ ချိန်း
ရက်နေ့များတွင် သတ်မှတ်ကျောက်တိုင်လုပ်ငန်းများ
ဆောင်ရွက်ကြရန် ဖြစ်ပါသည်။

သို့တစေ ကျွန်တော်တို့ နှစ်ဖွဲ့စလုံးက နားနေစခန်း ချရမည့် ကျေးရွာများသို့ မသွားတော့ဘဲ အထက်စခန်းခွဲရုံး၏ ညွှန်ကြားချက်အရ ရှေ့ဆက်လုပ်ရမည့်ကျောက်တိုင်များမှ လက်ရှိစခန်းများနှင့် သိပ်မဝေးတော့သဖြင့် တောတွင်းတွင်ပင် ပြောင်းရွှေ့စခန်းချပြီး ဆောင်ရွက်ရန် ဖြစ်ပါသည်။

ကျေးရွာများသို့ သွားရောက်နားနေ စခန်းချပြီး စုရပ်များသို့ ပြန်လာဆောင်ရွက်ပြန်သွားရမည့်အခေါက် အခါခါဒုက္ခ၊ နောက်ကြောင်းပြန် ဒုက္ခမဖြစ်စေရန် ဤသို့ အထက်စခန်းရုံးခွဲမှ ညွှန်ကြားကြောင်း နောင်သော် ကိုယ်တွေ့အရ သိခဲ့ရပါသည်။

ကျွန်တော်တို့လည်း မိမိတို့စခန်းသာများသို့ ပြန်ကြပြီးနောက် တောတွင်းတစ်နေရာ စခန်းသာအတွက် ဆက်ကြရမည်မဟုတ်ပါလား။

သို့ဖြစ်၍ ညောင်ညိုပင်စခန်းသာက လမ်းခွဲရန် ပြင်ကြရပြန်ပါသည်။

မစ္စတာဒတ်စ်နှင့် ဦးအေးဖေ၊ ဦးကြည်မြင့်တို့က စကားလက်ဆုံ ပြောမကုန်ကြ။



ဤသည်မှာ သဘာဝ ကျလှပါသည်။

…ိုင်ငံအချင်းချင်း လူမျိုးချင်း ကွဲပြားစေကာမူ သူတို့က …ဝဒ္ဒါနဆွေမျိုး တော်စပ်ကြသူများ မဟုတ်ပါလား။

"ကဲ…ဆရာတို့၊ ပြောလဲပြော နှုတ်လဲဆက်ကြ၊ နေပူဦးမယ်"ဟု ကျွန်တော်က ပြောပြောဆိုဆိုပင် Good-bye Mr. Dass ဟု ပြောပြီး လက်ဆွဲ နှုတ်ဆက်လိုက်ပါသည်။

ကျွန်လူများလည်း အချင်းချင်း Good-bye ဟု ပြော၍ လက်ဆွဲနှုတ်ဆက်ကြပါသည်။

ကျွန်တော်က နယ်ဘက်အရာရှိကို လက်ဆွဲနှုတ်ဆက်သည့်အခါ နောက်ကျောက်တိုင်တွေမှာ မျက်နှာချင်းဆုံပါစို့ဟု ကျွန်တော့်ကို ရယ်ကျဲကျဲဖြင့် နှုတ်ဆက်ပါသည်။

ထိုအခါ ကျွန်တော်က မျက်နှာချင်းပဲနော်….ဟဲ….ဟဲ ဟု ပြန်ပြောရင်း အားရပါးရ ဖက်လဲတကင်း နှုတ်ဆက်လိုက်ပါသည်။

တစ်ယောက်နှင့်တစ်ယောက်လည်း သိုင်းဖက်၍ နှုတ်ဆက်ကြပြန်သည်။

ချစ်ခင်ရင်းနှီးခြင်း အထိမ်းအမှတ်ကို ကိုယ်စီပြသကြသည်။ နှစ်သိမ့်ကြည်နူးခြင်း ဖြစ်ကြရပါသည်။

စခန်းသာသို့ ပြန်လည်ရောက်ရှိသည့်အချိန်မှာ
လယ် ၁၂နာရီတိတိ ဖြစ်သည်။

ယခုတိုင် နေ့လယ်စာကား မစားကြရသေး။

စားဖိုမှူးလေး မောင်မြင့်ဆွေ၊ တွဲဖက် မောင်
အောင်တို့က ပဲဟင်းပူပူ၊ ထမင်းပူပူ၊ ငါးခြောက်
ငရုတ်သီးကြော်၊ ကြက်သွန်တို့ကို အခန့်သင့်ပင် ခူး
ချပေးသဖြင့် ခေါင်းမွှမဖော်နိုင်အောင်ပဲ တရှူးရှူးတ
ရှားဖြင့် စားနေကြသည်။

ချွေးသုတ် နှပ်ညှစ်ရသည်ကလည်း အခါခါ။

နေကလည်း ပူသည်။

ဟင်းကလည်း ပူသည်။

ထမင်းကလည်း ပူသည်။

ဝမ်းကလည်း ဆာသဖြင့် ပူသည်။

သည်တော့ ဝန်ကြီးပဒေသရာဇာ၏ ကျော်ချင်း
ကဲ့သို့ပင် ထမင်းကပူ၊ ဟင်းကပူ၊ ရှူးရှူးသာရှမ်း
ကယ်နှင့်လေးဟု ဆိုလိုက်ချင်ပါတော့သည်။

ဝန်ကြီး ပဒေသရာဇာလည်း သည်အဖြစ်မျိုးကို
ချိန်ကကိုယ်တိုင် သို့မဟုတ် ကိုယ်တွေ့ကြုံခဲ့ရပေလိမ့်

ငါးခြောက်ကြော်နှင့် ပဲဟင်းသည် ကျွန်တော်တို့
အတွက် မရှိမဖြစ်သော အဓိကတောတွင်း အစားအ



ပါသည်။ ဆရာကာကားမား၏ ကောင်းမှုဟင်းလျာ
တော့လျှင် ငါးခြောက်ကြော်နှင့် ပဲဟင်းအလှည့်။

သာဟင်းချက်လဲ ခမေးစရာမလို။

ငါးခြောက်ကြော်နှင့် ပဲဟင်းသည် ကျွန်တော်တို့အဖွဲ့
မိတ်ဖက်ဟင်းလျာတည်း။

ကျွန်တော်တို့လည်း ထမင်းစားပြီးလျှင် ကိုယ့်နေရာ
သွား၍ ထမင်းလုံးစီရန်ပင် ဖြစ်သည်။

ဤသည်မှာလည်း ပြုမြဲမမှတာကဲ့သို့ ဖြစ်နေချေပြီ။
နေ့အဖို့ ကျောက်တိုင် လုပ်ငန်းစောစောပင် အောင်
မြင်စွာ ဆောင်ရွက်ပြီးဖြစ်၍ အတိုးချ၍ နားနေရုံသာရှိ
တော့သည်။

ညနေစောင်းတွင် စခန်းအနီးရှိ စမ်းချောင်းတွင်
တက်လျှော် ရေချိုးကြသည်။

စမ်းချောင်းတွင် ရေကူးကြသည်။

ရေကူးခြင်းသည် ကျန်းမာစေသည့်အပြင် ကိုယ်လက်
လှုပ်ရှားနည်းတွင် အကောင်းဆုံးဟု ထင်ပါသည်။

ရေထိ၍ ရွှင်မွေ့သည်။

ရေကူးရ၍ စိတ်ကြည်လင် အပန်းပြေသည် မဟုတ်ပါ
ား။

ကျွန်တော်လည်း ရေချိုးအပြီး ရေနွေးတစ်အိုး၊ရေ ယိုတစ်လုံး၊ ဖောင်တိန်တစ်ချောင်း၊ မှတ်တမ်း စာရွ များယူဆောင်ကာ အသာယာဆုံးဟု ထင်ရသော ကျွ တော် စိတ်ကြိုက် နေရာကလေးကို ရွေးချယ်နားနေလို ပါသည်။

သည်နေရာကလေးသည် စခန်းနှင့်လည်း သိပ်မဝေး စမ်းချောင်းနံဘေး တစ်ခုသော ကျောက်တုံးမြင့်ကလေး တွင် ဖြစ်၏။

ရေစီးသံသည် လွင်လွင်သာလျက်။

ရေဒီယိုသီချင်းသည်လည်း ကြည်လွင်လျက်။

ပတ်ဝန်းကျင် တောတောင်တို့သည်လည်း သာယာ လျက်။

ကျေးငှက်သာရကာတို့လည်း အပူပင် အကြောင့်ကြ ကင်းစွာ ပျော်မြူး စီညံလျက်။

ကျွန်တော်သည်လည်း ဖောင်တိန် တစ်ချောင်းနှ အလုပ်များလျက်ရှိတော့သည်တကား။

တစ်ခါ တစ်ခါတော့လည်း ဤမျှသာယာသောနေရာ မျိုးတွင် ဤစည်းစိမ်မျိုးဖြင့် တိုင်းပြည်အတွက် အမှုတော် ထမ်းရင်း နားနေစခန်းချရသည်မှာ အရသာဟု ထင် ရုံမက၊ ဂုဏ်လည်း ယူမိသည်။

ကျွန်တော်၏ လက်ရှိဘဝ အခြေအနေကို ပို၍ကျေနပ် မိပါသည်ဆိုက ပို၍မှန်ကန်မည် ထင်ပါသည်။



ဘာလိုလိုနှင့် ကျောက်တိုင် သုံးတိုင်တောင် အောင် မြင်စွာ ဆောင်ရွက်ပြီးပါပကော။

နောက် နယ်ခြားကျောက်တိုင်(၁၀)တိုင်သာ ဆောင် ရွက်ရန် ကျန်တော့သည် မဟုတ်ပါလား။

တစ်လှမ်းချင်းသွားရင်းဖြင့် ခရီးလမ်းဆုံးသို့ရောက်ရ သကဲ့သို့ ကျောက်တိုင် တစ်တိုင်ချင်း ပြီးပြတ်ခြင်းဖြင့် ကျောက်တိုင်အားလုံး ချောမော ပြီးဆုံးရမည် ဖြစ်ပါ သည်။

တစ်နေ့ တစ်လံ ပုဂံဘယ်ပြေး ဆိုသကဲ့သို့ သွားပါ များ ခရီးရောက်ပေလိမ့်မည်။

'ဆရာ.... ထမင်း စားကြရအောင် တဲ့၊ ဗိုလ်ကြီးက အခေါ်ခိုင်းလိုက်တယ်'ဟု ကျွန်တော့်ညီတော်မောင်က ခေါ်သည်။

'အေး အေး....ငါခုလိုက်ခဲ့မယ်'ဆိုပြီးကျွန်တော်လည်း စမ်းချောင်းတွင် ခြေလက်မျက်နှာ ဆေးကြောသန့်စင်ပြီး ပစ္စည်းများသိမ်းကာ စခန်းသာသို့ ပြန်လာခဲ့တော့သည်။

ရေဒီယိုသံကလေးကတော့မူ ပတ်ဝန်းကျင်ကို လွင်လွင် သာသာကလေး လွှမ်းမိုးထားလျက်ပါ။

'ဦးအောင်လွင်က တော်တော် အလွမ်း သယ် နေ သလား၊ ချစ်မှာတမ်း လွမ်းကဗျာ စာခွေတွေ တော်တော်

ရေးခဲ့ပြီးပြီလား၊ သည်ကနေ အထက်စခန်းရုံးကတစ်ဆင့် ကြေးနန်းနဲ့ပို့ပေးမယ်လေ၊ ဘယ့်နှယ်လဲ' ဟု ဗိုလ်ကြီးတင်ဖိုးက မေးပါသည်။

'မဟုတ်ရပါဘူးဗျာ၊ ကျွန်တော် ဒိုင်ယာယီ သွားရေးတာပါ၊ ကဗျာ မစပ်ခဲ့ပါဘူး၊ ကဗျာစပ်တယ်ဆိုတာ ခံစားချက်နဲ့ ဆိုင်တယ်၊ စပ်ချင်တိုင်း ရေးချင်တိုင်း မရဘူး၊ ဖြစ်သလို ဖျစ်ညှစ်ရေးရင်လဲ စာကောင်း ပေမွန် မထွက်ဘူး၊ ခံစားချက်နဲ့ ပတ်ဝန်းကျင်နဲ့ တိုက်ဆိုင်လာတဲ့အခါ ကာရန်လဲ သိပ်မရှာရဘဲ စကားလုံးလှလေးတွေ စီကာစဉ်ကာ စီရရီ ထွက်ပေါ်လာတာပဲဗျ၊ အဲဒီကကတော့ နှလုံးသား ရိုက်ခတ်မှုပဲပေါ့ဗျာ၊ ဘာအသိပေးနဲ့ ဦးနှောက်ကတော့ အဓိကပေါ့ဗျာ' ဟု ကျွန်တော်က ရှည်လျားစွာ ပြန်ပြောလိုက်ပါသည်။

'မြဝတီမင်းကြီး ဦးစတို့၊ နဝဒေးတို့၊ နတ်ရှင်နောင်တို့လဲ စစ်နားချိန်မှာ နှလုံးသား ရိုက်ခတ်မှုကြောင့် ကဗျာ၊ ရတု၊ သီချင်း စတဲ့ စာပေဈာန်ဝင်ပြီး၊ စပ်ဆိုရေးခဲ့လေတော့ ခံစားချက်လဲရှိ၊ ဘာအသိလေးကပါဆိုတော့ နိုင်ငံကျော် စာဆိုတော်ကြီးတွေ ဖြစ်လာတော့တာပေါ့နော် ဦးအောင်လွင်'

'ဟုတ်ပါတယ်.... ဗိုလ်ကြီး၊ သည်ခေတ်ပိုင်းမှာတော့ ထီလာစစ်သူ၊ ခင်မောင်အေး(မန္တလေး)တို့ဟာ စာဆိုစစ်သည်တွေပေါ့ ဗိုလ်ကြီး'



'အေးဗျ၊ သူ့ဝါသနာနဲ့သူပဲ၊ ကျွန်တော်တော့ စာဖတ်ပေမယ့် စာရေးလိုစိတ် မရှိဘူး'

'စာရေးရမှာ ပျင်းလို့လား၊ စိတ်မပါလို့လား ဗိုလ်ကြီး....'

'ဘယ်လိုဖြေရမလဲ၊ စိတ်ကူးတောင် မထည့်မိဘူးဗျာ၊ ခံစားချက် မရှိလို့လား'

'သည်လိုတော့မဟုတ်သေးဘူး ဗိုလ်ကြီး၊ အကြောင်းတိုက်ဆိုင်ရင် ခံစားချက်တော့ ရှိကြစမြဲပဲ၊ ဒါပေမယ့် ခံစားပုံချင်း မတူဘူးပေါ့ဗျာ'

ကျွန်တော်တို့လည်း ရင်ဖွင့်ကြသည်။
အမြင်ချင်း ဖလှယ်ကြသည်။

သည်လိုနှင့် တစ်ညတာ အိပ်စက်အနားယူဖို့ အချိန်ကျရောက်ခဲ့ကြပြန်ပြီ။

အချိန်သည် လူကိုမစောင့်ဘဲ မှန်မှန်ကြီးပင် စက္ကန့်နှင့်အမျှ၊ မိနစ်နှင့်အမျှ၊ နာရီနှင့်အမျှ ရွေ့လျားကုန်ဆုံးခဲ့ကြသည်။

နေ့နှင့် ညသည် ကမ္ဘာဦး တည်စကပင် တစ်လှည့်တစ်ပြန် တစ်ပြန်တစ်လှည့် ဝတ္တရား မပျက်ခဲ့တကား။

၁၉၇၄ ခု မတ်လ(၂၀)ရက်
ဗုဒ္ဓဟူးနေ့။

ကျောက်တိုင်အမှတ်- ၁၂၂ (မပည - ၂၂၉၉၇၄)၊ ၁၂၃ (မပည-၂၃၁၉၈၂)၊ ၁၂၄ (မပည-၂၂၉၉၈၇) တို့ကို တစ်ဆက်တည်း လွှဲပြောင်းလက်ခံရေး လုပ်ငန်းကို လုပ်ဆောင်ကြပြီး၊ နောက်အစီအစဉ်အရ ကျောက်တိုင်အမှတ် ၁၂၁ (မပည-၂၃၀၉၃၆) လုပ်ငန်းကို ဆက်လက်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

အကြောင်းမှာ ကျောက်တိုင်အမှတ်-၁၂၂၊ ၁၂၃၊ ၁၂၄ တို့မှာ ခရီးလမ်းကြော တစ်ကြောထဲ ကျနေသောကြောင့် ဖြစ်ပါသည်။

ကျွန်တော်တို့အဖွဲ့လည်း ပြုမြဲမမှတာအတိုင်း အောင်နိမိတ်စစ်ဆင်ရေး စာအုပ်ကြီး၏ စာမျက်နှာတစ်ရွက်ကို ခရီးစတင် ထွက်ခွာခြင်းဖြင့် လှန်လိုက်ရပါတော့သည်။

တောင်ပေါ်ဒေသ ဆိုသည်မှာ အခါမဟုတ် မိုးရွာတတ်သည်။

ရာသီသဘော စောကြောမရ ဆိုသော်လည်း ကံကြမ္မာကမူ ကျွန်တော်တို့ အဖွဲ့အတွက် အထောက်အကူပြုလျက်ပင် ရှိပါသေးသည်။

ကံကောင်းလေစွ။

မိုးနှင့်ကား မတွေ့ရသေး။

လေအေးနှင့်တော့ အမြဲလို တွေ့နေရ၍ ခရီးသွားရသည်မှာ ကောင်းလှသည်။



လေမတိုက်ပြန်ကလည်း တောတွင်းဖြစ်၍ အိုက်စပ်စပ် မှုလောင်လောင်ဖြင့် အတော်အနေရဆိုးလှသည်။

ကျွန်တော်တို့အဖွဲ့လည်း ကျောက်တိုင်အမှတ် ၁၁၉၊ ၁၂၀ စခန်းများကိုဖြတ်ကျော်ပြီး တောင်ကုန်း ကမူတွေ အလွန် တစ်ခုသော လျှိုမြောင်အတွင်း သွားကြရ၏။

လျှိုမြောင်သည် ချမ်းအေးဘိ၏။

သို့ကြောင့် သားရဲတိရစ္ဆာန်တို့ အနေများ၏။

ပုန်းကွယ် နားခို အိပ်စက်ရန် စခန်းကောင်း များဖြစ်၏။

ကျွန်တော်လည်း မဆီမဆိုင် ကျားရဲနှင့်တွေ့မှာ စိုးကြောက်စိတ်များ ပေါ်မိ၏။

'အများကြားထဲက ငါ့ကိုရွေးပြီး ကုတ်လိုက်မှဖြင့်....'

'ဟယ်....လူသံတွေကြားလို့ ကျားဆိုး ပြေးရော့မယ်၊ မပြေးသော် ကံရာရှိပေါ့'ဟူ၍ အမျိုးမျိုးတွေးမိရင်း လိုက်လာခဲ့မိတော့သည်။

လျှိုမြောင်လွန်မြောက် တောသို့ရောက်ခဲ့ပြန်ချေပြီ။

တောတွင်း ဝင်မိခဲ့ကြရာ တောသည် တဖြည်းဖြည်း နက်သည့်ထက် နက်နက်လာ၏။

နေပြောက် ထိုးမရအောင် တောသည် ထူလာ၏။

သစ်ကြီး ဝါးကြီးက စိုးမိုးနေလေတော့သည်။
ကြည့်လေရာတိုင်းပင် ဝါးရုံတို့ဖြင့် ပိန်းပိတ်နေ၏။

လမ်းသွားရင်း တောရှင်းရင်း လမ်းစ, ပျောက်ခဲ့ချေပြီ။ ဝါးတောတို့ဖြင့် ပိတ်နေဘိ၏။ ဆူးတော ကြိမ်တောတို့ဖြင့် မြှုပ်နေဘိ၏။ ရှေ့ဆက်ရာလမ်းကား မမြင်တော့။

လမ်းပြကြီးလည်း ကျွန်တော်တို့အဖွဲ့အား ခေတ္တ နားနေစေ၍ ခရီးတစ်ထောက် လမ်းစပျောက်ကို ရှာရန် ဓားတစ်လက် လှံတစ်ချောင်းဖြင့် ထွက်သွား၏။

လမ်းပြကြီး နားနေ မခိုင်းလျှင်လည်း ရှေ့ဆက်သွားရန် လမ်းလည်း မရှိ။

ဝါးတော ကြိမ်တောတို့ ကြားတွင် ပိတ်မိ ခဲ့ချေပြီတကား။

ဗိုလ်ကြီးလည်း လမ်းပြကြီးအတွက် စိုးရိမ် စိတ်မချ၍ ကင်းအဖွဲ့ ဆရာလိုင်ထွန်းတို့ အကူအညီပေးရန် လိုက်စေ၏။ နားနေရမည့်အတူတူ နေ့လယ်စာကို စားစေသည်။

ရှေ့ခရီးကား မှန်းဆ၍မရနိုင်သေးသဖြင့် နားနေချိန်တွင် နေ့လယ်စာစားခြင်းသည် မှန်ကန်သောလုပ်ရပ်ဖြစ်ပြီး၊ ကိစ္စတစ်ခု တာဝန်တစ်ခု ပြီးခြင်းမည်သည် မဟုတ်ပါလား။



တစ်ခုတော့ တော်သေးသည်။

မတ်လ ၂၃ ရက်နေ့တွင်မှ ကျောက်တိုင် လုပ်ငန်းစ,ကြရမည်ဖြစ်၍ အချိန်အများကြီး ရပါသည်။

လက်ရှိ နားနေရာတွင် စခန်းချရလျှင်လည်း အပန်းမကြီးသေး။

ခပ်အေးအေး နေနိုင်သည်။

သို့တစေ.... သွားရမည့် ခရီး၊ ရောက်လိုသည့် နေရာကိုကား ရည်မှန်းချက်အတိုင်း သွားကြရမည်။

လုံ့လကိုတော့ မလျှော့ပါ။

ကျွန်တော်နှင့် ဗိုလ်ကြီးလည်း နေ့လယ်စာ စားပြီး၍ လမ်းပြနှင့် ဆရာလိုင်ထွန်းတို့နောက်သို့ လိုက်ကြသည်။

ရှေ့က လမ်းလုပ် ထွင်သွားသည့် ဓားထစ်ခုတ်ရာ လမ်းနောက်သို့ ခေါင်းကိုငုံ့၍ ကိုယ်ကို ကုန်း၍ ရုန်း၍ လိုက်ခဲ့ကြသည်။

ဝါးတောသည် သစ်ပင်ကြီးများ အုပ်ဆိုင်း လွှမ်းမိုးထားသော်လည်း အလင်းရောင်ကား ရှိနေသည်။

အေးလည်းမအေး၊ ပူလည်းမပူ။
လေပြည်လည်း မတိုက်။

ကျွန်တော်တို့လည်း တစ်နာရီကျော်ခန့် ငုပ်လျှိုးပုဝင် ထွက်ပေါက်မြင်ရန် လျှောက်ခဲ့ရ၍ ခါးနှင့် လည်ကုပ် ညောင်းသလို ဖြစ်လာသည်။

'ဗိုလ်ကြီး.... သည်ဒုက္ခလဲ မသေးဘူးနော်။ အဆမ်းသမားတွေတော့ ပစ္စည်းတွေ ဗလုံးဗထွေးနဲ့ ဘယ်လိုများ သယ်ပိုးကြမယ် မသိဘူး၊ ခရီးတော်တော်ဖင့်လိမ့်မယ် နော်'ဟု ကျွန်တော်က ပြောပါသည်။

'ဟုတ်တယ်၊ ကျွန်တော်လဲ စဉ်းစားမိဘယ်၊ခင်ဗျားကို ပြောမလို့'

ဗိုလ်ကြီးတင်စိုးက ပြန်ပြောပါသည်။

'ဒါ...လက်တွေ့ ဘ၀အသိက ခံစားချက်ချင်း တူတဲ့ သဘောပေါ့ ဗိုလ်ကြီး'

'ဟုတ်တယ်နော်'

ကျွန်တော်တို့လည်း စကားတပြောပြောနှင့် အတော်ခရီးပေါက်ခဲ့ပြီ။

မကြာမီ အလင်းရောင်များ ပို၍ပို၍ ရလာသည်။

ဗိုလ်ကြီးက 'မြို့ပိုင်ကြီး လမ်းတွေ့တော့မယ်ဗျ၊ ဝါးရုံတောလဲ ပါးလာပြီ'ဟု အတွေ့အကြုံ ရှိသူပီပီ ပြော၏။ ဟုတ်ပါသည်။



ဆရာလိုင်ထွန်းတို့အသံများကို ကြားနေရပါသည်။ မကြာမီ တွေ့ရတော့သည်။

ဆရာလိုင်ထွန်းက 'လမ်းတွေ့ပြီဗိုလ်ကြီး'ဟု သတင်းပို့ပါသည်။

'အေး....အေး ဆရာနဲ့လမ်းပြကြီးတို့ ပြန်သွား၊ထမင်းစားကြ၊ စားပြီးရင် အဖွဲ့ကို ဦးဆောင်ခေါ်ခဲ့ပေတော့၊ တို့ဒီကပဲ စောင့်တော့မယ်'ဟု ဗိုလ်ကြီးက ညွှန်ကြားလိုက်ပါသည်။

'ဟုတ်ကဲ့'ဟု ပြောပြီး နောက်ကြောင်းပြန်လှည့်သွားပါတော့သည်။

ကျွန်တော်တို့လည်း ကုန်းကမူရှိ သစ်ရိပ်အောက်တွင် အပန်းဖြေရင်း နားနေရင်း ထိုင်နေကြသည်။

ကုန်းအမြင့်ပေါ် ရောက်နေခြင်းဖြစ်၍ လာလမ်းကို မှန်းဆကြည့်နိုင်သည်။ လျှိုမြောင်မှတစ်ဆင့် ဝါးရုံတောသို့ ရောက်ရခြင်းမှာ လမ်းလွဲ၍ လျှိုနံဘေးသို့ပင် သွားမိခြင်းကြောင့် ဖြစ်၏။ ဝါးရုံတောကို လမ်းထွင်၍ ကုန်းကမူအထိ ရောက်အောင် လမ်းဖောက်သွားရခြင်း ဖြစ်သည်။

ယခုဖြင့် မထူးတော့ပြီ။

လမ်းဖောက်ထားသည့် ဝါးရုံတောလမ်းအတိုင်းသာ လိုက်ကြရပါတော့မည် မဟုတ်ပါလား။

ကျွန်တော်သည် နာရီကို ငုံ့ကြည့်လိုက်မိသည်။ နာရီလက်တံသည် နေ့လယ် နှစ်နာရီသို့ ပြဆိုညွှန်းနေသည်။

'ဗိုလ်ကြီး အချိန်အတော်ကြာသွားပြီ၊ အဖွဲ့တွေ သုံးနာရီခွဲလောက်မှ ရောက်ကြမယ် ထင်တယ်၊ နားစခန်းရောက်ပမလား'

'လမ်းတွေပြိုဂဲ ခပ်သုတ်သုတ်သွားကြရင်တော့ရောက်လောက်ပါတယ်၊ အရေးလုပ်ရှိ ဖြစ်နာရီပေါ့ဗျာ၊ မြေပုံညွှန်းနဲ့လဲ သိပ်မဝေးလှတော့ဘူး'

ဗိုလ်ကြီးက မြေပုံကိုဖြန့်ကြည့်ရင်း ပြောသည်။

အတန်ကြာတော့မှ ကျွန်တော်ဘို့အဖွဲ့တွေ မရောက်ရှိလာသည်။ ခေတ္တအပန်းဖြေစေပြီးနောက် ကျွန်တော်တို့လည်း ခရီးပြင်းနှင်ကြရတော့သည်။

ကုန်းကမူမြင့်မှ တောင်ကုန်းအမြင့်သို့တက်ကြရသည်။

တောင်ကုန်းသည် လွယ်လွယ်နှင့် တက်၍ကားမရ။ ခက်ခက်ခဲခဲဖြင့် တက်ကြရသည်။

ညနေဆည်းဆာသို့ ရောက်သည့်တိုင် ကျွန်တော်တို့လည်း ခရီးသွားရတုန်းပင်။ ဗျိုင်းအုပ်တစ်အုပ်ပင် အိပ်တန်းတက်ရန် အနောက်ဘက်တူရူသို့ ပြန်ကြလေပြီ။



'ကဲ...ခပ်သွက်သွက်ကလေး လျှောက်ကြ၊ နားနေခန်းရောက်တော့မယ်၊ မှောင်သွားရင် ဆက်လျှောက်လို့ရမှာမဟုတ်ဘူး၊ ညည်နားမှာ ရှေ့ဝေးတယ်'ဟုဗိုလ်ကြီးက အားလုံးကြားလောက်အောင် ပြောပြီး ခပ်သွက်သွက်လျှောက်တော့သည်။

ကျွန်တော်တို့လည်း မနားတမ်းခရီးဆက်ရသည်၊ ဒူးတွင် အားထည့်ထားရ၏။

ကျွန်တော်တို့လည်း တောင်ကိုလည်း တက်လိုက်ရ၏၊ တောကိုလည်း ဖြတ်လိုက်ရ၏။

အဆင်းတွင်လည်း ဘီးတပ်လှိမ့်ဆင်းသကဲ့သို့ ခပ်သုတ်သုတ်ဆင်းကြရသည်။

'သည်တောင်ကို ကျော်မိရင်တော့ နားနေ စခန်းရောက်တော့မယ်၊ ကြိုးစားလိုက်ကြဗျို့'ဟု တစ်လမ်းလုံး တိုက်ဆိတ်လိုက်လာသော ဦးကြည်မြင့်က တပ်လှန့်သိုက်သည်။

ဦးကြည်မြင့် တပ်လှန့်မှုကြောင့် ဒူးအား ပိုထည့်ကာ တောင်ကို အားနှင့်အင်နှင့် တက်လိုက်ကြရမြန်သည်။

အလင်းအား ဖျော့လာ၏။

ကျွန်တော်တို့လည်း တောင်ပေါ်ရောက်ခဲ့ပြီ။ ချွေးပေါက်များသီး၍ မောဟိုက်နေကြသည်။

ဗိုလ်ကြီးလည်း မြေပုံကိုကြည့်၍ နားနေစခန်း မြေပုံညွှန်းကိုရှာသည်။

တောင်ပေါ် မြေပြန့်ခင်း သန့်သန့်နေရာကို တွေ့၍ နားနေစခန်းအဖြစ် သတ်မှတ်ကြပြီး တဲထိုးသူထိုး၊ ရေခပ်သူခပ်၊ ချက်သူချက်၊ ကြော်သူကြော်၍ အားလုံး အလုပ်ရှုပ်ကြသည်။

နားနေစခန်း၏ အခက်အခဲကား ရေဖြစ်၏။ ရေကား တောင်အောက်ဆင်းခပ်မှ ရ၏။ တောင်ကလည်းအဲတော် မြင့်သောတောင် ဖြစ်၏။

ရေကို လုံလောက်မှုရှိရန် တစ်ယောက်တည်း ခပ်၍ မဖြစ်။ ရေခပ်လိုလျှင် လေးငါးယောက်အလှည့်ကျအတွဲ လိုက် ဆင်း၍ ခပ်ရတော့၏။

ယနေ့ခရီးကား ပင်လည်းပင်ပန်း၏။

ကသီလင်တလည်း နိုင်၏။

ညနေ ၆ နာရီထိုးသည့်တိုင် အမော မဖြေနိုင်ကြ ရသေး။

ဗိုလ်ကြီးနှင့်ကျွန်တော်ပင် တဲဝင်ထိုးရ၏။ အမှောင် ပျိုးစပြုပြီ။

ညစာကို ည ၇ နာရီခွဲမှပင် စားကြရတော့၏။ ယနေ့ ခရီးမှာ နံနက်စာကို စောစောစားခဲ့ရပြီး ညစာနောက် ကျစားရသဖြင့် အဆာလွန်၍ သိပ်မစားနိုင်တော့။



ယနေ့ခရီးကား ရင်မောဟိုက်တုန် အားအင် ကုန်ခဲ့ရသော မတ်လ ၂၀ ရက် ဗုဒ္ဓဟူးနေ့ပေါ့။

မှတ်သားမိလောက်သည့် နေ့ရယ်ပါ။

ကျွန်တော်တို့သည် ဤနားနေစခန်းမှနေ၍ ကျောက်တိုင်အမှတ် ၁၂၂၊ ၁၂၃၊ ၁၂၄ တို့ကို ဆောင်ရွက်ပြီး နောက်ဆုံး ၁၂၁ ကို ဆောင်ရွက်ပြီးမှ သည်စခန်းကခွာကြရမည်။

သည်စခန်းတွင် ၅ ရက်တိတိ နားနေစခန်း ချရမည်။

ရေခပ်ရခြင်း အခက်အခဲမှ တစ်ပါး နေရာထိုင်ခင်းမှာ နားနေအဆင်ပြေလှ၏။

ကျယ်ကျယ်ပြန့်ပြန့်ရှိ၏။

အမှောင်ထုကား အခြားညများနှင့် မတူ ပိန်းပိတ်အောင် မှောင်နေတော့သည်။

ကျွန်တော်တို့လည်း ဦးကြည်မြင့်တို့ တဲသို့ မရောက်။

ဦးကြည်မြင့်တို့လည်း ကျွန်တော်တို့ထံ မရောက်လာ။ မောပန်းကြ၍ ခပ်စောစော အိပ်ကြပေရော့မည်။ ကျွန်တော်လည်း ဒိုင်ယာယီရေးပြီး အိပ်ရာဝင်ခဲ့တော့သည်။

ည ၉ နာရီရှိပြီ။

သမင်ဟောက်သံ ချေဟောက်သံများကိုကား ကြားနေရ၏။

ပတ်ဝန်းကျင်အလှကိုကား ရှုစား၍မရ။ လောကကြီးကို ကမ္ဘာအနက်လွှာခြုံစောင်ဖြင့် ပိုက်ထွေးလွှမ်းခြုံထားသည်ဖြစ်၍ ယနေ့ခရီးကိုစိတ်မှတ်တမ်းဖြင့်သာ ရေးလိုက်ရတော့သည်တကား။

၁၉၇၄ခု မတ်လ ၂၁ရက်။
ကြာသပတေးနေ့။

ကျွန်တော်လည်း နေ့အားဖြစ်၍ နံနက် ၈ နာရီခွဲမှ ထခဲ့၏။
လက်ဖက်ရည်နှင့် ထမင်းကြော် စားပြီးသောအခါ ၉ နာရီပင်ရှိခဲ့ချေပြီ။

ဗိုလ်ကြီးတင်စိုးတို့လည်း ကျောက်တိုင်ရှာဖွေ၍ ပြန်ခဲ့ကြချေပြီ။
ကျွန်တော့်အဖို့မူ ဆောင်ရွက်ဖွယ်ကိစ္စများ မရှိတော့ဘဲ နေ့အားရက် ဖြစ်သဖြင့် ပင်ပန်းခဲ့သမျှကို အတိုးချ၍ နားနေအိပ်စက်ခြင်း ဖြစ်ပါသည်။

အိန္ဒိယအဖွဲ့နှင့်မူ ၂၃ ရက်နေ့တွင်မှ တွေ့ရမည်ဖြစ်၍ နက်ဖြန်တစ်ရက်ပါ ဆက်လက် နားနေရဦးမည် ဖြစ်ပါသည်။ သို့အတွက် ၂၁ ရက်နေ့သည် နေ့ရက်အားတစ်ရက် ဖြစ်ပါသည်။



ကျွန်တော်သည် ခြေညောင်း လက်ဆန့် လုပ်လို၍ ပတ်ဝန်းကျင်ကလည်း ခြေခင်း လက်ခင်း သာသဖြင့် အနားဝန်းကျင် ကြည့်ရှုရင်း လမ်းလျှောက်ရန် ထွက်ခဲ့ပါသည်။

တောလမ်းကလေးအတိုင်း အတန်ကြာလျှောက်လှမ်းမိသည့်အခါ တောအုပ် လွန်မြောက် ခရီးပေါက်ခဲ့သဖြင့် ဟင်းလင်းပြင် တောင်ကတုံးပေါ်သို့ ရောက်ခဲ့သည်။ တောင်ကမူစွန်းပေါ်တွင် ကျောက်တောင်ကတုံးတစ်ခု မနိမ့်မမြင့်ပေါ်၌ မျှော်လင့်မထားမိသော ကျောက်တိုင်ဖြူဖွေးကလေးကို အံ့ဩစွာ တွေ့မြင်ရပါသည်။

ကျွန်တော်လည်း ထိုကျောက်တောင်ကတုံးလေးပေါ်သို့ တက်ကြည့်လိုစိတ် ပေါ်လာပြီဖြစ်သဖြင့် ကျွန်တော်၏ ခြေထောက်များက ဆိုင်းတွခြင်းမရှိဘဲ ကျောက်တောင်ဆီသို့ လှမ်းမိပြီး ဖြစ်နေပါသည်။

ကျောက်တောင်ဖြစ်၍ ကိုင်တွယ်စရာမရှိဘဲ ခက်ခက်ခဲခဲ တက်ခဲ့ရပါသည်။
ကျောက်တောင်မှာမူ သိပ်မမြင့်သေး၍ တော်သေးတော့သည်။
ကျွန်တော် ကျောက်တောင်ပေါ်သို့ရောက်သည့်အခါလေမှာ တဟူးဟူး တဖြူးဖြူး တိုက်လျက် ရှိပါသည်။ ကျွန်တော်လည်း ကျောက်တိုင်ကိုမှီ၍ လေညှင်းခံကာ

ပတ်ဝန်းကျင်ကို မျက်စိကစားမိသည့်အခါ ကျွန်တော့် မျက်စိကို ကျွန်တော် မယုံနိုင်အောင် ဖြစ်ရပါသည်။

အကြောင်းမူ.... ကျွန် တော် ၏ မျက်စိ တစ် ဆုံး တွင် တောင်စဉ်အထပ်ထပ် ဝိုင်းရံပတ်ထားပြီး တပြောင်ပြောင် တလက်လက်ဖြင့် ဝင်းပ အရောင်ထွက်နေသော ကုလားရွာကို လှမ်းမြင်လိုက်ရ၍ ဖြစ်ပါသည်။

တောင်စွန်း ထိပ်များတွင် တိမ်ညှန့် တိမ်ဆိုင်းတို့က တွဲခိုထားတဲ့အလား တိမ်ပန်းဆိုင်းများကို မြင်တွေ့ရပါသည်။

ကောက်ကွေ့ လိမ်ပတ်နေသော တာလမ်းမကြီးသည် နက်မှောင်လျက် တည်ငြိမ်စွာရှိပါသည်။

ကျွန်တော်၏ မျက်စိသည် ရှုခင်းမှ ခွာမရအောင် ဖြစ်နေပါသည်။

အိန္ဒိယ အဖွဲ့တော်သားများသည် သည်ရွာများတွင် နားနေစခန်းချနေပေလိမ့်မည်။

အိန္ဒိယဘက်မှ မိုးလ်လင်းရွာ၊ သို့မဟုတ် ဂင်ဖာရွာ ဖြစ်ပေလိမ့်မည်။

၂၃ ရက်နေ့တွင် ကျောက် တိုင် လုပ်ငန်း အတွက် မစ္စတာဒတ်စ်နှင့် အဖွဲ့တို့သည် သည်ရွာမှပင် လာကြရမည်မဟုတ်ပါလား။



ကျွန်တော်လည်း ကျောက်တိုင်ရင်းတွင် အတန်ကြာနေပြီး နားနေစခန်းသို့ ပြန်လာခဲ့ပါသည်။ စခန်းရောက်၍ ဦးအေးဖေတို့ကို ကျွန်တော် မြင်ခဲ့ရသော အခြေအနေကို ပြောပြမိသောအခါ မိုးလ်လင်းရွာနှင့် ဂင်ဖာရွာတို့ဖြစ်ကြောင်း၊ တပြောင်ပြောင် တလက်လက်ဖြင့် အရောင် ထွက်နေသည်မှာ ဘုရား ရှိခိုးကျောင်း ဖြစ်ကြောင်း ဦးအေးဖေ ပြောပြ၍ သိရပါသည်။

ကျွန်တော်တို့အဖွဲ့လည်း နားနားနေနေဖြင့် စကားပြောလိုက်၊ အချိန်ဖြုန်းလိုက်၊ အဝတ်လျှော်လိုက်၊ ရေချိုးလိုက်၊ စားလိုက် သောက်လိုက်ဖြင့် အချိန်ကို ကုန်လွန်စေရပါတော့သည်။

အချိန်သည် လူကို မစောင့်သည်မှာ မှန်သော်လည်း ကုန်လွန်ခဲ့သော အချိန်များတွင် တန်ဖိုးရှိစွာ အသုံးချရန် လိုပါသည်။

သို့ရာတွင် စားလိုက်သောက်လိုက်၊ စကားပြောလိုက် အိပ်လိုက်ဖြင့်ပင် အချိန်ကို ကောင်းစွာ အသုံးမချရဘဲ ကုန်ခဲ့ရပါတော့သည်။

သည်လိုဖြင့်ပင် တစ်ညလွန်မြောက်၊ နောက်တစ်နေ့သို့ ရောက်ခဲ့ရပါသည်။

နောက်တစ်နေ့တွင်လည်း နားနေရက်ဖြစ်၍ အချိန်ကို ဖြစ်သလိုပင် ကုန်လွန်စေခဲ့ရပါတော့သည်။

၁၉၇၄ ခု မတ်လ ၂၃ ရက်
စနေနေ့။
နံနက် ၀၃း၀၀ နာရီ

နေခြည်တွင် ရွှေရည် ဝင်းသည်သို့ အိန္ဒိယ ဘက်မှ ကုလားရွာများသည် နေရောင်အောက်တွင် တပြောင်ပြောင် တလက်လက်ဖြင့် ဝင်းခနဲ လက်ခနဲ ပြိုးပြက်လျက်ရှိသည်။

ကျွန်တော်တို့လည်း လက်ဖက်ရည်သောက်၊ ထမင်းကြော်စားအပြီး၊ ကျောက်တိုင်ဆီသို့ နံနက် ၀၉ နာရီ အရောက်သွားခဲ့သည်။

ကျောက်တောင်ပေါ်မှနေ၍ ဗိုလ်ကြီးတင်စိုး၏ မှန်ပြောင်းဖြင့် ကုလားရွာများကို ကြည့်ရှုရာ ကားများသွားလာနေကြပြီး၊ အဆောက်အအုံများမှာလည်း အုတ်ဖြင့် အခိုင်အမာ ဆောက်လုပ်ထားသည်ကို မြင်တွေ့ရပါသည်။

ကျွန်တော်တို့လည်း ကျောက်တိုင်တွင် ၉ နာရီခွဲ အချိန်၌ ဆုံကြရန် ချိန်းဆိုခဲ့ပြီး ဖြစ်သည်။

သို့အတွက် အချိန်ကြာကြာ မစောင့်ရဘဲ မစ္စတာဒတ်စ်တို့အဖွဲ့ ကျောက်တိုင်၏အနောက်ဘက်ဆီမှ ခေါင်းလေးတွေ တလူလူ အသံတွေ တစီစီဖြင့် လာနေကြသည်။



မှန်ပြောင်းဖြင့် ကြည့်သည့်အခါ မစ္စတာဒတ်စ်မှာ ရှေ့ဆုံးက ချီတက်လာပြီး ယခင် နယ်ဘက်အရာရှိပင် လိုက်ပါလာသည်ကိုတွေ့ရသည်။ စစ်ဘက် နယ်ဘက် မြေတိုင်းဘက် စုစုပေါင်း ၂၅ယောက်လာကြ၏။

ကျွန်တော်၏ ပေါင်းဟောင်း သင်းဟောင်း ရဲဘော်ဟောင်းများ ဖြစ်ကြပါသည်။

အတန်ကြာသော် မစ္စတာဒတ်စ်တို့လည်း ကျွန်တော်တို့ကို မြင်သွားပြီဖြစ်၍ လက်ဇွေ့ယမ်း နှုတ်ဆက်ကြကာ ခပ်သွက်သွက် လျှောက်လှမ်းလာကြသည်။

နေပူသဖြင့် ချွေးတလုံးလုံးဖြင့် ရောက်ရှိလာပါတော့သည်။

ကျွန်တော်တို့လည်း မစ္စတာဒတ်စ်နှင့် နယ်ဘက်အရာရှိကို လက်လှမ်း၍ ကျောက်တောင်ပေါ်သို့ ကူညီဆွဲတင်လိုက်သည်။

လေချိုအေးက ဆော်သွေးလိုက်သဖြင့်လည်းကောင်း ကျွန်တော်တို့အဖွဲ့နှင့် တွေ့ရ၍လည်းကောင်း မစ္စတာဒတ်စ်တို့မှာ ပင်ပန်းခဲ့သမျှ အနွမ်းအပန်းပြေခဲ့ကြဟန် ထင်ပါသည်။

ကျောက်တိုင်သည် ကျွန်တော်တို့အသက်။

ကျောက်တိုင်သည်သာ နှစ်နိုင်ငံနယ်ခြားမြေပိုင်းခြားမှုနယ်နိမိတ်ကို တိကျမှန်ကန်စွာ ပြဆိုညွှန်းသော ပြည့်တန်ဖြစ်ပါသည်။

ကျွန်တော်တို့၏ တာဝန်မှာ....

၁။ ကျောက်တိုင်ကို တွေ့အောင် ရှာရမည်။

၂။ တွေ့ခဲ့ရသော နယ်နိမိတ်ပိုင်းခြားမှု မှ မမှန်နှင့် ကျောက်တိုင် အခြေအနေကောင်းမကောင်းစစ်ဆေးရမည်။

၃။ အားလုံး မှန်ကန်ကောင်းမွန်ခဲ့သော် လွှဲပြောင်းလက်ခံ စာချုပ်စာတမ်းတွင် တာဝန်ရှိသူတို့ အသီးသီးလက်မှတ်ရေးထိုး လဲလှယ်ကြရမည်။

သို့အတွက် ကျောက်တိုင်ကို အခက်အခဲမရှိ တွေ့ခဲ့ရပြီဖြစ်သည်။ နှစ်နိုင်ငံ တာဝန်ရှိသူတို့လည်း စုရုံး စုံညီရောက်ခဲ့ကြပြီဖြစ်သည်။ ကျောက်တိုင် အခြေအနေ နယ်နိမိတ်ခြားနားပိုင်းခြားမှုလည်း မှန်ကန်ပြီဖြစ်သည်။

သို့ဖြစ်၍ နှစ်နိုင်ငံတာဝန်ရှိသူတို့ လွှဲပြောင်းလက်ခံရေး စာချုပ်စာတမ်းတွင် လက်မှတ်ရေးထိုး လဲလှယ်ကြရုံသာ ရှိတော့၍ အချင်းချင်း လက်မှတ်ရေးထိုး လဲလှယ်လိုက်ကြသည်။

ကျောက်တိုင်လုပ်ငန်းစစ်ဆေးဆောင်ရွက်မှုမှာ ခဏချင်း ပြီးပြေချောမောသွားသည်ဟု ဆိုသော် ဆိုနိုင်ပါ၏။



သို့တစေ ဤသို့ အဆင်ပြေပြေ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် မြန်မာနှင့်အိန္ဒိယနှစ်နိုင်ငံ၏ထိပ်ပိုင်းခေါင်းဆောင်များ ပါဝင်သည့် အရာရှိကြီးတို့သည် နှစ်နိုင်ငံနယ်နိမိတ်ကိစ္စ၊ ကျောက်တိုင်ကိစ္စ၊ နယ်နိမိတ်ကျောက်တိုင်များ ပျက်စီး ချို့ယွင်းခဲ့သော် မည်သည့်အပိုင်းကို မည်သည့်နိုင်ငံကတာဝန်ယူပြင်ဆင်မည် စသည်ဖြင့် စားပွဲပေါ်တွင် အကျေအလည်ညှိကြသည်။ သဘောတူညီမှု ရယူကြသည်။

နှစ်နိုင်ငံသဘောတူညီမှု ရရှိပြီးသောအခါ နှစ်နိုင်ငံကျောက်တိုင်စိုက်မှုလုပ်ငန်း ဆောင်ရွက်ကြရသည်။

နောက်ဆုံးအဆင့်အနေဖြင့် နှစ်နိုင်ငံကိုယ်စားလှယ်တို့က ကျောက်တိုင်နှင့် နယ်နိမိတ်လမ်းကြောင်းသို့ အမှန်တကယ်လက်တွေ့ သွားရောက်ကာ လွှဲပြောင်းလက်ခံရေးလုပ်ငန်းတို့ကို ဆောင်ရွက်ရပါသည်။

ဤသို့သော နောက်ဆုံးအဆင့်သို့ ရောက်ရှိရန် နှစ်နိုင်ငံကိုယ်စားလှယ်တို့သည် အခါခါ တွေ့ဆုံ၍ အကြေအလည် ညှိနှိုင်းရသည်။

သဘောတူညီမှုရယူရသည်။ ဤသို့ဖြင့် ကြီးစွာသော အမြော်အမြင်၊ ရည်ရွယ်ချက်တို့ဖြင့် လုံ့လ စိုက်ကာ ဆောင်ရွက်ခဲ့ကြသည်။

နှစ်နိုင်ငံနယ်နိမိတ်လမ်းကြောင်း မှန်ကန်ရေး

နှစ်နိုင်ငံငြိမ်းချမ်းစွာ အတူယှဉ်တွဲနေနိုင်ရေး။

နှစ်နိုင်ငံ အချင်းချင်း နားလည်မှုရှိ၍ အချင်းချင်း အပြန်အလှန် ကူညီရိုင်းပင်းရေး စသော နိုင်ငံအချင်းချင်းထားအပ်သည့် မိတ်ဖက်မပျက် ကူညီရိုင်းပင်းရေးမှုကို အစဉ်ရှေ့ရှုဆောင်ရွက်ခြင်းပင် ဖြစ်သည်။

အိမ်နီးနားချင်း နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေနိုင်ရန် အိမ်နီးချင်းရိုင်းပင်းကူညီစောင့်ရှောက်သကဲ့သို့ ပါတည်း။

နှစ်နိုင်ငံနယ်နိမိတ်သည် အိမ်နီးချင်း၏တာဝန်ကျခတ်ထားရာ ခြံစည်းရိုးသဖွယ်ပါတည်း။

ကျောက်တိုင်မှာ ခြံစည်းရိုး ဝင်းခြံခတ်သော အခါ အမှာခံတိုင် စိုက်ထူထားသကဲ့သို့ပါတည်း။

နှစ်နိုင်ငံ နယ်နိမိတ်လုပ်ငန်းသည် လက်တွေ့အားဖြင့် အိမ်နီးချင်း နယ်နိမိတ် ခြံဝင်းခတ်သကဲ့သို့ပါတည်း။

သို့ရာတွင် ယင်းကဲ့သို့ သဘောတူညီမှုရယူဆောင်ရွက်ရန် အနှစ်နှစ်အလလညှိနှိုင်းပြီးရရှိလာသောအကျိုးရလဒ်များဖြစ်၍ ကျွန်တော်တို့နှစ်ဖွဲ့ အနေဖြင့်လည်း လက်တွေ့ကျကျ နောက်ဆုံးဆင့်အနေဖြင့် ဆောင်ရွက်နေကြခြင်း ဖြစ်ပါသည်။



ဤသို့ဆိုပါလျှင်....

ကျွန်တော်တို့သည် ကြီးစွာသောရည်ရွယ်ချက် လေးနက်သော အမြော်အမြင် ကောင်းမြတ်သော အကျိုးရှိမှုတို့အတွက် အဓိကအချက်ကို လက်တွေ့အကောင်အထည်ဖော်နိုင်ခဲ့ခြင်းအတွက် ဂုဏ်ယူမဆုံးသကဲ့သို့ အပျော်ကြီးပျော် အကျေနပ်ကြီးကျေနပ်ခဲ့ရသည် မဟုတ်ပါလား။

ကျောက်တိုင်လုပ်ငန်းကို မိနစ်ပိုင်းအတွင်း ပြီးစီးခဲ့သော်လည်း ဤသို့ ပြီးစီးနိုင်ရန်အတွက် ကြီးမားသော လုံ့လဝီရိယဖြင့် ကြမ်းတမ်းသော ခရီးလမ်းကို ဖြတ်ကျော်ခဲ့ပြီးမှ ရယူအပ်သော ရလဒ်အကျိုး ဆုကြီးပင် ဖြစ်ပါသည်။

သို့အတွက်....

မြန်ဆန်သော်လည်း ခိုင်မြဲသည်။
မြန်ဆန်သော်လည်း ထိရောက်သည်။
မြန်ဆန်သော်လည်း မြဲမြံသည်။
မြန်ဆန်သော်လည်း တိကျသည်။
မြန်ဆန်သော်လည်း မှန်ကန်သည်။
မြန်ဆန်သော်လည်း စိတ်ချရသည်။

သို့ပါ၍ ချောမောသာယာသော ကျောက်တိုင်မှာဟူ၍သာ ကမ္ဘည်းတင် မှတ်တမ်းဝင်အောင် ကျွန်တော်နှစ်စဉ် မှတ်တမ်းတွင် ဝမ်းမြောက်ဂုဏ်ယူစွာ ရေးမိပါသတည်း။

ကျောက်တိုင်အမှတ်-၁၂၂ လုပ်ငန်းကို ဆောင်ရွက်ပြီးပြတ်ပြီးဖြစ်၍ အထက်စခန်းခွဲရုံး၏ ညွှန်ကြားချက်အရ ကျွန်တော်တို့ နှစ်နိုင်ငံအဖွဲ့သည် တစ်ဆက် တည်း ပင် ကျောက်တိုင်အမှတ်-၁၂၃၊ ၁၂၄ လုပ်ငန်းကို ဆောင်ရွက်နိုင်ရန် အတူ တကွပင် စကား တပြောပြောဖြင့် ကျောက်တိုင်များရှိရာသို့ ဦးတည် သွားရောက် ကြပါသည်။

ကျွန်တော်တို့အဖွဲ့က ကျောက်တိုင်များကို အသင့်ရှာဖွေထားပြီးဖြစ်သည့်ပြင်၊ ကျောက်တိုင်များနှင့် နယ်နိမိတ်အခြေအနေမှာလည်း ကောင်းမွန် သင့်မြတ် လှသဖြင့် လက်မှတ်ရေးထိုးရေး လွှဲပြောင်း လက်ခံရေး လုပ်ငန်းမှာ အခက်အခဲမရှိ၊ ပကတိ ကောင်းမွန်လျက် ဟူ၍သာ ဂုဏ်ယူဝင့်ကြွားစွာ ရေးလိုပါတော့သည်။

မြန်ဆန်သော်လည်း ခိုင်မြဲမှန်ကန် သေချာသည်ပေါ့။

ကျွန်တော်တို့ အပြန်လမ်းမှာလည်း သာယာ ဖြောင့်ဖြူးလှပါသည်။

ကျွန်တော်တို့အချင်းချင်း ကျောက်တိုင်အမှတ်-၁၂၂ မှာပင် နှုတ်ဆက်ကြသည်။

ဖက်လဲတကင်း နှုတ်ဆက်ကြသည်။

" We see you tomorrow at BP-121 Good-bye "



ဟူ၍ ကျွန်တော်က နှုတ်ဆက်ပြောရင်း လက်ဝဲယမ်းကာ စခန်းသာသို့ ပြန်လာခဲ့ပါသည်။

တစ်နေ့တည်းတွင် ကျောက်တိုင် သုံးတိုင်၏ လုပ်ငန်းကို တစ်ပြိုင်တည်း၊ တစ်ချက်တည်း ပြီးပြတ်ခဲ့၍သည်း ဝမ်းသာအားရ ကျေနပ်မိပါတော့သည်။

တစ်နေ့က လာခဲ့ရသော လမ်းမှား ခရီးကြမ်းကြီးကိုလည်း အမှတ်မရတော့ပြီ။

ရင်မော ဟိုက်တုန် အားအင် ကုန်ခန်းပါစေ ခဏလေးဖြင့် အားမာန်ပြည့်ခဲ့ရသည် မဟုတ်ပါလား။

ဤသည်မှာ မှန်ကန်သော စေတနာထားရှိမှု၊ တာဝန်သိတတ်မှု၊ စုပေါင်းတာဝန်ယူမှု၊ စုပေါင်းဆောင်ရွက်မှုတို့၏ ရလဒ်အဖြေ အကျိုးဆက်ပေတည်း။

သို့မို့ကြောင့် ရင်ပန်းရကျိုးနပ်ခဲ့ပြီ ဖြစ်ပါသည်။

ညသည် တိတ်ဆိတ်နေ၏။

မည်းမှောင်နေ၏။

ညမှောင်မိုက်နေသော်လည်း နှစ်နိုင်ငံ အကျိုးတည်းဟူသော အလင်းရောင်ကား အမြဲတစေပင် ကျွန်တော်တို့၏ ရင်တွင်း၊ နှလုံးသား အတွင်းတွင် ထွန်းလင်းတောက်ပနေသည် မဟုတ်ပါလား။

ကျွန်တော်လည်း စားသောက်အပြီး၊ ခပ်စောစောပင် အိပ်ရာဝင် နားနေလိုက်ပါတော့သည်။

၁၉၇၄ ခု မတ်လ ၂၄ ရက်

တနင်္ဂနွေနေ့။

ဝန်ထမ်းများအဖို့ အနားယူရသော နေ့အားရက် ဖြစ်ပါသည်။

ကျွန်တော်တို့အဖို့မူ ကျောက်တိုင်အမှတ်–၁၂၁ (မပည ၂၃၀၉၃၆) သို့ ဦးတည်လာနေကြရသည်။ တာဝန်ဖြင့် အသိစိတ် လွှမ်းမိုးထား၍ နိုင်ငံအတွက် တနင်္ဂနွေနေ့တွင်ပင် အလုပ်တာဝန် ထမ်းဆောင်နေခဲ့သည်။

ရာသီဥတု ကလည်း ယခုအချိန်ထိ ဖေးမ ကူညီဆဲ.... သာယာမြဲ ဖြစ်ပါသည်။

ကျောက်တိုင်အမှတ် ၁၂၁ သွားရာလမ်းသည် မကြမ်းတမ်းလှသော်လည်း ကွေ့ကောက်သည်။

တောတွင်းခရီးဖြစ်၍ မပင်ပန်းသော်လည်း ချွေးတော့ စို့ရသည်ပေါ့။

တောကိုလည်း တိုးရသည်။

တစ်တောင်ကျော် တစ်တောင်ဆင်း တစ်မြေနင်း တစ်ဖင်ဒိုရခြင်းသည် တောတွင်းခရီးသည် ကျွန်တော်တို့အဖို့ ထူး၍မဆန်းတော့ပြီ။



ကိုယ့်နိုင်ငံ ကိုယ့်အရေးပေမို့ ကိုယ့်ချွေးရေ ကိုယ်စတေးလို့ရယ်....

သွေးသစ်တွေပွား ဟူ၍ လက်ပမ်းပေါင်း ခတ်ကာ ရုန်းယူဝင့်ကြွားလိုပါသည်။

ကျောက်တိုင်ကြီး ခိုင်မာသကဲ့သို့ နှစ်နိုင်ငံချစ်ကြည်ရေးမှာလည်း မယိုင်မနဲ့ ခိုင်မြဲလျက်ရှိကြောင်း ကျွန်တော် ထမ်းလျှောက်ရင်း စဉ်းစားမိပါသည်။

ကျွန်တော်တို့ ခရီးအတော်ပေါက်ခဲ့ပြီ။ ပင်ပန်းနွမ်းနယ်စ ပြုလေပြီ။ စက်မဟုတ်ဘဲ ခန္ဓာအိမ်ကိုယ် ရုပ်ဖြပ်ဓာတ်ကြီး လေးပါး အဖွဲ့အစုအစည်း ဆိုတော့လည်း မောပေမည်ပေါ့။

သဘာဝကျပါသည်။

သို့တစေ....စိတ်ကတော့မူ မယိမ်းမယိုင် ကျောက်တိုင်စမာတည်း။

များမကြာမီ တစ်ခုသော ကြိမ်တောအလွန်.... အုပ်ဆိုင်းမှိုင်းညို့နေသော တောအုပ်အလယ် တွက်လပ်ငယ်တွင် ခပ်ထည်ထည် မင်းမူနေသည့် ကျောက်တိုင်အမှတ် ၁၂၁ ရယ်သာပါ။

မရှာရဘဲနှင့် တွေ့ပါပြီ။

အသာအယာ ပွေ့ချီချင်သည့်စိတ် ပေါ်မိပါသည်။ ကျွန်တော့် အဖို့မူ သားပျောက်ကို ရှာ၍တွေ့ခဲ့သောမိခင် တစ်ယောက်ကဲ့သို့ ခံစားမိပါသည်။

ကျွန်တော်တို့အဖွဲ့လည်း ကျောက်တိုင်နံဘေးတွင်ပင် နေ့လယ်စာ စားကြပါသည်။

ခရီးသွားရင်း စားခြင်းဖြစ်၍ ပြီးစလွယ် နိုင်လှပါ သည်။ အထမ်းသမားများ မပါ၍ ဆူညံခြင်းတော့ မရှိပါ။

အထမ်းသမားများ အခန်းကဏ္ဍက အိပ်စက်ခြင်း အနားယူခြင်းပင် ဖြစ်၍ ဝမ်းသာရသေးတော့သည်။

အဆင်းရှိက အတက်ရှိသကဲ့သို့၊ အသွားရှိက အပြန် လည်း ရှိရပေမည်။

အပင်ပန်းရှိက အနားယူခြင်းလည်း ရှိရပေဦးမည် ပေါ့။ သို့မှ သဘာဝကျသော နိယာမ ဖြစ်ပေမည်မဟုတ် ပါလား။

ညနေ သုံးနာရီပင် ရှိချေပြီ။

အိန္ဒိယအဖွဲ့ လည်း မရောက်လာသေး။

ကျွန်တော်တို့အဖွဲ့ ကချည်း စောင့်ခဲ့ရသည်။ ထကြွ နိုးကြားမှု၊ စည်းလုံးညီညာမှု၊ ဝီရိယရှိမှုတွင် အိန္ဒိ



အဖွဲ့ထက် ကျွန်တော်တို့အဖွဲ့က သာပါလိမ့်မည် ထင်ပါ သည်။

အဘယ်ကြောင့်ဟူမူ... စစ်ကြောင်းမှူးဖြစ်သူ ဗိုလ်ကြီး တင်စိုးက ထကြွနိုးကြားမှုရှိသလို ဦးကြည်မြင့်က လော ဆော်သည်။ ဦးအေးဖေက စကားနည်းသလောက် သွက် လက်သည်။ ကျွန်တော်ကတော့ တာဝန်သိသည်။ ကိုယ့် အတွက်ကြောင့် မည်သည့် လုပ်ငန်းတွင်မဆို အနှောင့် အယှက် မဖြစ်စေရပါ။

အနှောင့်အယှက်လည်း တစ်ကြိမ် တစ်ခါဖူးမျှ မဖြစ် ပေါ်ခဲ့ပါ။

ဤသည်မှာ ကျွန်တော်၏ ဓိဇစိတ်နေ ဖြစ်ပါသည်။

ကျွန်တော်ကပင် တိတ်ဆိတ်ခြင်းကို စတင်ဖြိုခွဲလိုက်သူ ဖြစ်ပါသည်။

'ဘယ့်နှယ် ဦးကြည်မြင့်၊ ခင်ဗျား မစ္စတာဒတ်စ်လဲ ပေါ်မလာသေးပါလား၊ ဘာပြောသွားသေးသလဲ' ဟု ပြောလိုက်ပါသည်။

'တောလမ်းခရီးက ကျွန်တော်တို့ထက် ကြမ်းတမ်းလိမ့် မယ်ထင်တယ်ဗျ၊ ဝေးလဲ ဝေးလိမ့်မယ်၊ ရောက်တော့မယ် ထင်တယ်' ဟု မှတ်ချက်ချပါသည်။

ဦးကြည်မြင့်စကားပြောမပြီးခင်ပင် တောတွင်း တစ်နေရာမှ အိန္ဒိယအမျိုးသားများ၏ အသံများကို အမှတ်မထင် ကြားလိုက်ရသည်။ တောတွင်းဖြစ်၍ လူကိုတော့ မမြင်ရပါ။ ကျွန်တော်တို့လည်း ဝမ်းသာအားရ အသံပြုလိုက်ပါသည်။

'Hello Mr. Dass Please come here' ဟု အသံပြုလိုက်သောအခါ 'Yes, All right' ဟု ပြန်ပြောသံကြားရပါသည်။

မကြာမီ မစ္စတာဒတ်စ်တို့ ရောက်လာကြသည်။ ကျွန်တော်တို့က ကျောက်တိုင်စစ်ဆေးပြီးဖြစ်ကြောင်း မစ္စတာဒတ်စ်တို့ပဲ ကျေနပ်သည်အထိ စစ်ဆေးရန် လိုကြောင်း ဗိုလ်ကြီးတင်စိုးက ပြောလိုက်ပါသည်။

သူတို့လည်း ကုလားစကားဖြင့် အချင်းချင်းကျောက်တိုင်ကို လှည့်ပတ်ကြည့်၍ ပြောနေကြပါသည်။

သူတို့ဘာသာစကားအတိုင်း ပြောရသည်မှာအရသာရှိ၍ အားရပေလိမ့်မည်။

မကြာမီ စစ်ဆေးခြင်းလုပ်ငန်းပြီးခဲ့၍ နှစ်ဖွဲ့သဘောတူလုပ်ငန်းဖြစ်သော ပူးတွဲမှတ်တမ်း စာမျက်နှာတစ်ရွက်ကို လှန်လိုက်ကြပါတော့သည်။



အပြန်ခရီးကား အတန်ငယ် လှမ်းကြသည် ဖြစ်၍ ကျောက်တိုင်တွင် အချိန်သိပ်မဖြုန်းကြတော့ဘဲ နှုတ်ဆက်၍ စခန်းသာအသီးသီးသို့ ပြန်ခဲ့ကြသည်။

ကျောခိုင်းကြ၍ တရွေ့ရွေ့ခွာခဲ့ကြပြီ တကား။

* * *

# အခန်း (၁၄)

## ဘဝ အိပ်မက်

၁၉၇၄ ခု မတ်လ ၂၅ ရက်။

တနင်္လာနေ့။

နားနေယာယီတဲစခန်းမှ တောင်လှန်(မပည ၂၇၀၇) သို့ ပြောင်းရွှေ့ နားနေရမည့်နေ့။

တစ်နည်းပြောရလျှင် စခန်းပြောင်းသောနေ့။

ကျွန်တော်သည် တောထဲ အနေများပြီး ဌာနေရွာများမှ ကျေးရွာသားများနှင့် တွေ့ရမည်ဖြစ်၍ အပျော်ကြီး ပျော်နေသည်။ ရိုးသားလှသော ဌာနေရွာသားများနှင့် တွေ့ရတော့မည်။ လူသူမနီးတောကြီးတွင် သူ့ရိုးရာ သူ့ဓလေ့ ပျော်နေသူများပါပေ။



နံနက် ၇ နာရီရှိခဲ့ပြီ။

နံနက်ချိန်ခါ ဈေးသံသာနှင့်အတူ ကျွန်တော်တို့သည် ယာယီတဲစခန်းမှ တောင်လှန်ရွာသို့ ခြေဦး တည့်ရပြန်ချေပြီ။

ဆရာဦးသုခ၏ ဘဝသံသရာ သီချင်းကဲ့သို့ မနေမနား အသွားထဲသွားကြရသည်။

မနားမနေတပေပေ လျှောက်ရသည်ပေါ့။

တာဝန်နှင့်လျှောက်လှမ်းရခြင်းသည် လူသွမနီး တောကြီးဖြစ်သော်လည်း အဓိပ္ပာယ်အပြည့်ရှိပါသည်။

ကိုယ့်လူမျိုးနှင့် ကိုယ့်တိုင်းပြည် အတွက် မဟုတ်ပါလား။

တောထဲတွင် အနေကြာ၍ မပျင်းလှသော်လည်း တောင်လှန်ရွာကလေးကိုကား ရောက်လိုလှသည်။

ကျွန်တော်တို့တစ်တွေ အပျင်းဖက်နေ၍ မရ။

တာဝန်တည်းဟူသော ကြိမ်တို့ခံရ၍ မနားမနေခရီး ဆက်နေကြရသည် မဟုတ်ပါလား။

မီးရှို့ထားသော တောင်ယာနံ့ကို ရှူမိသည်။

လူသူနှင့် တွေ့ရတော့မည့် ပြယုဂ်ပါတည်း။

ကျွန်တော်တို့သည် မကြာမီတောင်ယာ တဲတစ်ခုသို့ ရောက်ခဲ့ကြ၏။ ထိုတဲတွင် လူသူမရှိတဲကား။

သို့သော်စပါးကျီဘွင့်တော့ စပါးကားအပြည့်။ ခိုးသားဓားပြကို မကြောက်ကြရ။ စိုးရွံ့ဗျာဒေ‌ဝနေကြရသော အရပ်ဒေသများ မဟုတ်ကြ။ စိတ်ချလက်ချပင် တောထဲ ယာယီအနီးစပါးတို့ကို ထားလေ့ရှိကြသည်။ အသုံးလိုသည့်အခါမှသာ ထုတ်ယူသုံးတော့သည်။

ကျွန်တော့်ဘဝသည် အိပ်မက်ကမ္ဘာထဲ ရောက်နေဘိ အလား ထင်ရှိုးမှားဖွယ်ဖြစ်ပါသည်။

အဘယ်ကြောင့် ဟူမူ....

ကျွန်တော်မရောက်ဖူးသော အရပ်ဒေသ၊ မတွေ့ဖူးသောအရာ၊ မမြင်ဖူးသော သားငှက် တိရစ္ဆာန်များကို နေ့စဉ်နှင့်အမျှ မြင်တွေ့နေရ၍ ဖြစ်ပါသည်။

ကျွန်တော်သည် ရေနံချောင်းဇာတိဖြစ်၍ အညာသား စစ်စစ်ကြီး ဖြစ်၏။

ကျွန်တော်သည် မိုးခေါင်ရေရှား ရပ်ဝန်းဒေသသား ဖြစ်၍ ခြောက်သွေ့သော ဝန်းကျင်တွင် လေပူ (ပူသောလေ) ကို ရှူရှိုက် ကြီးပြင်းခဲ့ရ၏။

ကျွန်တော်တို့အရပ်ဒေသတွင် ရှား၊ ထနောင်း၊ ဆူးလက်ဝါးတို့သာ များသောအားဖြင့် မင်းမူနေပြီး သစ်ပင်



အပေါက်အနေရာက်နည်းကာ ဝန်းကျင်တခိုတွင် စိုပြည်လွင်ခြင်း အလျဉ်းမရှိ။

ပကတိခြောက်သွေ့လျက် ကြည့်လေရာရာတိုင်း ခပ်မွဲမွဲ....။

တောင် ကတုံးများသည်လည်း အမြင့်မားကြီးလည်း မဟုတ်ဘဲ သစ်ပင်ပေါက်ရောက်ခြင်းမရှိ။ ပကတိမွဲပြောင်ပြောင်။

နေပူသဖြင့် ပျော်လိုက်လာသော ကတ္တရာလမ်းသည် နက်မှောင်မည်းပြောင်လျက် မော်တော်ကား သွားသည့်အခါ တရွှတ်ရွှတ်တဗျစ်ဗျစ် မြည်လေ့ ရှိပါသည်။

ဤသို့သော အရပ်ဒေသမျိုးတွင် ကြီးပြင်းလာခဲ့ရသော ကျွန်တော်ပါ။

ကျွန်တော် နေထိုင်ကြီးပြင်းရာအရပ်ဒေသတွင် ထင်ရှား၍ အမြင့်ဆုံးတောင်ဆိုလျှင် လက်ညှိုးထိုးမလွဲသော ပုပ္ပားတောင်ကို ပြဆိုညွှန်းရပါမည်။

ပုပ္ပားတောင်သည် ပေ ၅၀၀၀ ကျော်ရှိပြီး အလွန်မြင့်သောတောင်အဖြစ် အညာအရပ်တွင် သိသာ ထင်ရှားခဲ့ပါသည်။

သို့ရာတွင် ကျွန်တော်တို့ ယခုရောက်ရှိ သွားလာနေသော အရပ်ဒေသများသည် များသော အားဖြင့် ပေ

၆၀၀၀ ပေ ၇၀၀၀ကြား တောင်တန်းများတွင်သွားလာ ရွေ့လျားနေခြင်း ဖြစ်ပါသည်။

သို့အတွက် အညာသား စစ်စစ်ကြီးသည် မည်သို့မျှ ကြံစည်စိတ်ကူးခြင်း အလျဉ်းမရှိသော ဤအရပ်ဒေသ များတွင် သွားလာနေရခြင်းဖြင့် ဘဝအိပ်မက် မက်နေ ခြင်းများ ဖြစ်နေသလားဟု ထင်ယောင်ထင်မှား ဖြစ် ခဲ့သည်။

သို့တစေ တကယ်ပင် ကျွန်တော်ရောက်နေသည့် ကျွန် တော်၏ ပြန့်လွင့်နေသော ဘဝအိပ်မက်စိတ်ကူးချက်သတိ ဖြင့် ဖမ်းယူဘည်ငြိမ်လိုက်ပါသည်။

ယာတောထဲတွင် မီးရှို့ထား၍ သစ်ငုတ်တိုမည်းမည်း များ စိုးမိုးမင်းမူနေရာယူလျက် ရှိပါသည်။

'ယာတောရဲ့အလယ်မှာ ငါပြောမယ် ရွှေရှင်ဘုရင် ရဲ့၊ နှင်ဆင်ခြင်ဦး'

ကျွန်တော်ငယ်ငယ်က မေမေသီဆို၍ ကြားဖူးနားဝ ရှိခဲ့ဖူးသော ငိုချင်းအတိုအစလေးကို ပြေး၍ အမှတ်ရမိ လိုက်ပြန်သည်။

ဘုရင်မိုက်အတွက် ရင်လေးပုံကို သီချင်းဆို၍ သတိ ပေးလေရော့သလား။



ကျွန်တော် တွေ့မြင်ရသော ယာတောမှာ ထိုသို့ မဟုတ်ပါ။

ရှုပ်ထွေးသော ဇာတ်လမ်းများလည်း မရှိပါ။

လယ်ယာကို သေတပန်သက်တဆုံးတိုင် ချစ်၍သွားရဲ ပေါသော တောကြီးမျက်မည်းထဲတွင် အနေရိုးစွာ နေ ထိုင်ခဲ့လေသူ ချင်းလူမျိုးတစ်စု ပိုင်ဆိုင်ပါသည်။

တောင်လှန် ရွာသားများ၏ လယ်ယာ တောများ ပါပေ။

ကျွန်တော်တို့တစ်တွေ လျှိုကြီးတစ်ခုအတွင်းသို့ ဖြတ် ဆင်းနေကြရသည်။ နေပြောက်ကား မထိုး။

အလင်းရောင်ရှိသော်လည်း နေရောင်မရပါ။

ဝါးပင်တို့ဖြင့် ရှုပ်ထွေး မွေ့လီသိပ်သည်းလျက် ရှိ၏။

လျှိုမြောင်အောက်ခြေတွင် စမ်းရေအလျဉ်က တသွင် သွင် စီးဆင်းနေပါ၏။

စိမ့်သော လျှိုနှင့် အေးသောရေ လိုက်ဖက်ပါသည်။ ကျွန်တော်တို့သည် လျှိုမြောင်အတွင်းမှနေ၍ ဆင်းလမ်း တစ်ကြောသို့ တက်ခဲ့ရပြန်သည်။

ကျွန်တော်တို့အဖို့ ဤကဲ့သို့ သက်တုံဘက်တုံ အလုပ် မျိုးမှာ ရိုးသလောက် ဖြစ်နေလေပြီ။ ကျွန်တော်တို့သည်

လျှိုမြောင်အတွင်းမှ ဆင်းလမ်း တစ်ကြောသို့ တဖြည်းဖြည်းခြင်း တက်ခဲ့ကြ၏။

လျှိုကြီး လွန်မြောက်၍ ကိုင်း တော ချောက် ထဲသို့ ရောက်ခဲ့ပြီ။

ကျွန်တော်နှင့် စစ်ကြောင်းမှူးတို့အညီ ဆရာကာကားမားတို့အဖွဲ့ ရှေ့ပြေးကင်းနောက်မှ ကပ်လျက် လိုက်ပါလာ၏။

ရုတ်တရက်....

ဝူးခနဲ အော်မြည်သံနှင့်အတူ မည်းမည်းပြောင်ပြောင် သတ္တဝါကြီးတစ်ကောင်သည် ကျွန်တော်တို့အနားမှ ထပြေးသွား၏။

ကျွန်တော်တို့ နှစ်ယောက်သည် ရုတ်တရက် အဖြစ်အပျက်မို့ ဘာမျှ မတတ်နိုင်လိုက် ကြောင်သွားသည်။ နောက်မှ သတိရကာ ဗိုလ်ကြီးတင်စိုးက သူ၏ ပစ္စတိုသေနတ်ကိုထုတ်၍ ချိန်လျက် ပါးစပ်မှလည်း 'ပစ်...ပစ်' ဟု အမိန့်ပေးနေပါသည်။

သို့သော် မည်သူမျှ မပစ်လိုက်ရပါ။

မည်းမည်း သတ္တဝါကြီးသည် ရုတ်ရုတ်သဲသဲ ဖြစ်နေသော အထမ်းသမားများ ကြားတွင် ပြေးသွားပြီး လျှိုကြီးထဲကို ဆင်း၍ ကွယ်ပျောက်သွားတော့သည်။

ထိုအခါမှ မည်းမည်းသတ္တဝါကြီးမှာ ပြောင်ကြီးဟု သိလိုက်ရတော့၏။



ပြောင်တို့မည်သည် မြင်တွေ့ရာရာကို ရန်ပြုတတ်သည်ဆို၏။ ပြောင်ကြီးသည် အစာဝ၍ အိပ်ငိုက်နေရာမှ အနားဖြတ်လာသော လူသံများကြောင့် ရုတ်တရက် လန့်သွား၍ လန့်ပြေး ပြေးခြင်းဖြစ်၏။

ပြောင်ကြီးကသာ စတင် မြင်ရ၍ ခိုက်ရန် အသင့်အနေအထားတွင် ရှိမည်ဆိုပါလျှင် မတွေးဝံ့အောင် ရှိပါသည်။ ယခုမူ ပြောင်ကြီးသည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဒုက္ခပေးမသွား၍ တော်ပေသေးသည်။

အားကောင်း မောင်းသန်လှသော ပြောင်ကြီးပါပေ။

အိပ်ငိုက်နေသော ပြောင်ကြီးသည် ရုတ်တရက် လန့်ပြေး ပြေးသွားသလို၊ ကျွန်တော်တို့ တစ်တွေလည်း အငိုက်မိ အံ့အားသင့်ကာ မည်သူမျှ ပြောင်ကြီးကို မပစ်လိုက်ကြရ။

ပစ်ရန်မှာလည်း အထမ်းသမားများနှင့် ရောထွေးလျက် ရုတ်ရုတ်သဲသဲ ဖြစ်နေ၍ ပြောင်ကိုပစ်ရန် ချိန်သားမကိုက်ပါ။ မတော်၍ အထမ်းသမား တစ်ယောက် မှန်သွားမှဖြင့် ကျွန်တော် မတွေးရဲအောင် ဖြစ်ရပါသည်။

ယခုတော့မူ ဘုရားသခင် အလိုတော်ကျအတိုင်း မည်သူမျှ ဒုက္ခမရောက်ကြရဘဲ ဘေးကင်း ရန်ကွာ ဖြစ်ခဲ့ရ၍ ကျွန်တော့် အဖို့ စိတ်ချမ်းသာမိပါတော့သည်။

ဆရာကာကားမားကမူ မူဆိုးကျော်ဖြစ်၍ တစ်လမ်းလုံး တဖျစ်တောက်တောက် ပြောဆိုလာ၏။

သည်ပြောင်ကြီးသာ ရလိုက်လျှင် သေးငါးဆယ်ရက် ခရီးတွင် ဟင်းလျာဖူလုံမည်ဖြစ်ကြောင်း၊ အချိန်အတော်စီးမည် ဖြစ်ကြောင်း၊ စားရလျှင် အရသာရှိမည် ဖြစ်ကြောင်း၊ မစားရ ဝ,ခမန်း သွားရည်ကျအောင် ပြောဆိုနေ၏။

ပြောင်နှင့် ကျွန်တော်တို့အဖို့ နှစ်ဦးနှစ်ဖက် စည်းစိမ်ပျက်ခဲ့ရခြင်းသာ ရလဒ်အဖြစ် ကျန်ခဲ့ပါတော့သည်။

'ဗိုလ်ကြီးလဲ ဗိုလ်ကြီးသေနတ် ထုတ်ချိန်တာ နှစ်ခါရှိပြီနော်၊ ဒီလိုပဲ မကြာမကြာ သူ့အိမ်ထဲက ထုတ်ချိန်မှပေါ့ ဗိုလ်ကြီးရ၊ ဒါမှ သူလဲ ဝတ္တရားထမ်းဆောင်ရသလိုဖြစ်မှာပေါ့၊ သူ့ခမျာ တစ်ကိုယ်တည်း ပျင်းနေရှာရော့မယ်ပေါ့'ဟု ကျွန်တော်က စစ်ကြောင်းမှူးကို နောက်ပြောလိုက်ပါသည်။

'ကြုံကြုံဖန်ဖန် ပြောရော့မယ်၊ ဒီလူ စိတ်ကူးယဉ်သမားပဲ'

ဗိုလ်ကြီးက မပွင့်တပွင့် ပြန်ပြောပါသည်။

'ဒီတောင် ကျော်ပြီးရင် တောင်လှန်ပဲ'ဟု လမ်းပြကြီးက ပြောလာသည်။



ကျွန်တော်က အားတက်သရော ဖြစ်ရသည်။

ကျွန်တော်တို့သည် သည်တောင်ကို မောင်ဖြိုရပြန်ချေပြီ။

တောင်လှန်ရွာ၊ သို့မဟုတ် တောင်လန်ရွာကိုကား မမြင်ရသေး။

စိတ်ကူးတောင် မထည့်နိုင်သေးပေ။

တကုတ်ကုတ် တလှုပ်လှုပ်ဖြင့် တက်နေရဆဲ ဖြစ်ပါသည်။

တရွေ့ရွေ့ တအိအိဖြင့် တက်နေရဆဲပါ။

ကျွန်တော်တို့သည် အတော်မြင့်သော တောင်ကို ကျားကုတ်ကျားခဲ ဇွဲနပ်ဖြင့် တက်နေရခြင်း ဖြစ်သည်။

ချွေးတို့သည် နဖူး၊ မျက်နှာတို့တွင် သီးနေ၏။

တစ်ပေါက်ပေါက် တစ်စက်စက် ကျနေ၏။

မျက်စိထဲ စီးသည့်အခါ စပ်ဖျဉ်းဖျဉ်းနေပါသည်။

ဇွဲကိုတော့ ဘယ်တောင် လျှိုမြောင် ချောင်းမျှ အနိုင်တု မယှဉ်ပြိုင်နိုင်ရှာ။

အရှုံးပေးရသည်ချည်းသာ။

တောင်ကြီး ဖဝါးအောက်သို့ ရောက်ရသည်သာတကား။

ကမ္ဘာတွင် အမြင့်ဆုံး ဧဝရက်တောင်ကိုလည်း တက်ရောက်နိုင်ခဲ့ကြပြီ။ အောင်ပန်း အောင်ဖူး ဆွတ်ခူးနိုင်ကြပြီ။

မြန်မာပြည်ရှိ ခါကာဘိုရာဇီလို အမြင့်ဆုံး တောင်ကိုပင် တက်ရောက်နိုင်ခဲ့ကြပြီ မဟုတ်ပါလော။

ယခု ကျွန်တော်တို့ တက်ရသော တောင်မှာ ယင်းတောင်များနှင့် နှိုင်းယှဉ် အန်တုရန်ပင် မဟုတ်မူ၍ တက်နိုင်လျှင် ဖျားရောက်ရပေမပေါ့။

သံမဏိစိတ်ဓာတ် ရင့်ကျက်၍ အတွေ့အကြုံရှိကြသူများမဟုတ်ပါလား။

တောင်ကိုကား ကျော်ခဲ့ပြီ။

တစ်ဖန်တောင်အောက်သို့ပင် ဆင်းသွားလမ်းကြောအတိုင်း ဆင်းခဲ့ရပြန်သည်။

ကျွန်တော် အထင်နှင့်မူ တက်တက်စင်အောင်လွဲခဲ့၏။ လမ်းပြကြီး ပြောသည့်အတိုင်း သည်တောင်ကျော်လျှင် တောင်လှန်ရွာကို ရောက်မည်ထင်ခဲ့၏။

ယခုမူ တောင်အောက်သို့ပင် ဆင်းနေရပြန်ချေသည်။

တောင်အောက်တွင် တောင်ကျ ချောင်းကလေးမှာ တသွင်သွင်စီးဆင်းလျက် ရှိ၏။ လမ်းပြကြီး ဆိုလိုသော



သည်တောင်ကို ကျော်လျှင်ဆိုသည်မှာ သည့်တောင်ကို လုံးလုံးလျားလျား ကျော်ခြင်းကို ဖြစ်ဟန်တူသည်။

စိမ့်သော လျှို့နှင့် ကြည်လင်သော ရေကို မြင်တွေ့ရသောအခါ ကျွန်တော်၏ အနွမ်းအပန်းများ ပြေပျောက်သွားရပြန်တော့သည်။

စမ်းချောင်း တစ်နေရာတွင် ရေအားဖြင့် အလိုအလျောက် စပါးထောင်းနေသော မောင်းတံကြီးကို အံ့သြဖွယ်တွေ့ရ၏။

တောင်လှန်ရွာနှင့် နီးလာပြီဖြစ်ကြောင်း ထိုမောင်းတံက သက်သေသာဓကတစ်ခုအဖြစ် ပြနေ၏။

စပါးအပြည့် ထည့်ထားသော ဆုံတစ်ခု။

ထိုဆုံကို မောင်းတံကြီးဖြင့် ဆက်သွယ်အုပ်မိုးထား၏။ မောင်းတံအဆုံးတွင် ရေခံဇလားခွက်ကြီးရှိ၏။ စမ်းရေသည် ထိုဇလားခွက်ကြီးထဲသို့ ကျ၏။

ရေပြည့်လာသောအခါ ရေအားအပြည့် အလေးချိန်ကြောင့် မောင်းတံကြီးကား ကြွလာကာ မြောက်၍တက်သွား၏။ မောင်းတံကြီးလည်း အဆုံးသို့တိုင် မြောက်တက် ကြွသွားသောအခါ ရေဇလားထဲမှ ရေများကိုသွန်

ချလိုက်သကဲ့သို့ ဖြစ်သွားသဖြင့် ရေများ ဝေါခနဲမြည်၍ ကျသွား၏။

ထိုအခါ ရေဇလားတွင် ရေမရှိတော့သဖြင့် မောင်းတံကြီးမှာ တံကြီးကို ထိန်းမထားနိုင်တော့ဘဲ မောင်းတံကြီးမှာ စပါးဆုံထဲသို့ အားဖြင့် ဒိုးဆိုကျသွား၏။

တစ်ဖန်စမ်းရေမှ ဇလားသို့ ကျပြန်၏။ ဇလားရေ ပြည့်လာသောအခါ မောင်းတံကြီးမှာ မြောက်တက် သွားရပြန်ပြီး ဝေါခနဲ ရေကျလျှင် မောင်းတံကြီးသည် အရှိန်ဖြင့် စပါးဆုံထဲသို့ ကျရပြန်၏။

ဤသို့ဖြင့် မောင်းတံအစဉ်မပြတ် ကျနေသဖြင့် ဆုံထဲ ရှိ စပါးကိုထောင်းသလို ဖြစ်ရသည်။

ဤကဲ့သို့ပင် အဆက်မပြတ်ဘဲ သဘာဝအလျော စပါးထောင်းပြီးသား ဖြစ်နေတော့သည်။ ပိုင်ရှင်သ စပါးထောင်းပြီးချိန်လောက်တွင် ဆန်ကိုလာယူရုံသာ တော့သည်။

ခိုးသားမားပြဘေးလည်း ကြောက်စရာမလို။

ကျွန်တော်သည် သဘာဝမောင်းတံကြီးကိုနှစ်သက် မိရုံမက သဘာဝ တောင်ကျ စမ်းရေကိုယူငင်၍ အ အလျောက် စပါးထောင်းရအောင် တီထွင်ကြံဆ အံ့ဩချီးကျူးနေမိပါသည်။



ကျွန်တော်သည် တစ်နေရာတွင် ဝါးဆစ်တိုကလေး တစ်ခုနှင့်ရိုက်ရန် တုတ်တံကလေးတစ်ချောင်းကို တွေ့ရပြန်သည်။

မကြာမီ နောက်ထပ် အလားတူ တစ်ခုကို တွေ့ရပြန်၏။

ကျွန်တော်သည် သိလိုစိတ်များ တဖွားဖွားပေါ်လာ၍ လမ်းပြကြီးကို မေးကြည့်မိသောအခါ လမ်းပြကြီးက အချက်ပေးတုံးဖြစ်ကြောင်း ပြောပြ၏။

သူတို့၏ဓလေ့ အရ သင်္ကေတဖြင့် အချက်ပေးနိုင်သော ကျွန်တော်တို့အရပ်အခေါ် အချက်ပေး သံချောင်းလေး ပါတကား။ အဝေးတွင်ရှိသော တောင်လှန်ရွာကလေး ဆီသို့ ဤအချက်ပေးသံချောင်းဖြင့် စကားအများကြီး ပြောနိုင်၏။

တောတွင်း ကြိုးမဲ့ကြေးနန်းစက်ကလေး ဖြစ်ပါသည်။ ရန်သူလာလျှင်လည်း ကြိုတင် သိနိုင်သကဲ့သို့ သားရဲ တိရစ္ဆာန် အနှောင့်အယှက် ဘေးမှလည်း ကင်းဝေးစေ နိုင်၏။

ကျွန်တော်သည် ထိုသို့ပင် ၎င်းတို့၏ သင်္ကေတလုပ် ဆောင်ချက်များကို သဘောတွေ့နှစ်ခြိုက်မိရင်းလျှောက် လှမ်းလာခဲ့ရာ ခရီးအတော်ပေါက်သည့်အခါ ကျွန်တော် တို့၏ ရှေ့တွင် မတ်စောက်သော ကမ်းပါးစောင်းကြီး တစ်ခု ပိတ်ဆီးထားသည်ကို တွေ့ရသည်။

တောင်လှန် ရွာကလေးသည် ထိုကမ်းပါးထိပ်ပေ တွင် တည်ဆောက်ထားကြောင်း လမ်းမကြီး ပြောပြ သိရသည်။ မှတ်စောက်သော ကမ်းပါးစောင်း ဆိုသော လည်း ကွေ့ပတ် ဖောက်လုပ်ထားသော လူသွားလမ်း သွယ်ကလေးများရှိသည်။

ထိုလူသွား လမ်းကလေးမှာ တဖြည်းဖြည်း မြေ လေးဖြင့် တောင်စောင်းသို့ တက်မှန်းမသိ တက်နေ ပထမလမ်းသွယ်ဆုံး၍ ဒုတိယလမ်းသွယ်ကို တက်မိလျှ ကျွန်တော်သည် အောက်သို့ အမှတ်မထင် ကြည့်မိ တောင်စောင်း၏ အတော်အတန် မြင့်သော နေရာ ရောက်နေမှန်းသိလာရတော့သည်။

ထိုသို့ဖြင့် ကမ်းပါးစောင်း လမ်းသွယ်လေးမှာ အဆ ဆင့်ကဲလျက် မြွေလိမ်မြွေကောက်သဖွယ် ပတ်ရစ်ခွေ ရှိတော့၏။ တစ်ဖက်စွန်းသို့ ရောက်သည့်အခါ တစ်ဆ မြင့်တက်စရာလမ်းသွယ်လေးကို တွေ့ရမြဲဖြစ်၏။

ဤသို့ဖြင့် တောင်စောင်းကို ပတ်ကာ ရစ်ကာဖြ တစ်စတစ်စအမြင့်သို့ တက်လာခဲ့ရပါတော့သည်။

ကျွန်တော်တို့လည်း တဖြည်းဖြည်း တအိအိ တရွေ ရွေ့ တလှုပ်လှုပ် တကုတ်ကုတ်ဖြင့် ခြေသလုံးနှင့် ဒူးတ အားထည့်၍သာ တက်နေရသည်။ ယခုထိ တက်နေရဆဲ



ကမ်းပါးစောင်းကို တက်နေချိန်မှာ နှစ်နာရီခန့်ရှိပြီ ဖြစ်သော်လည်း တက်နေရဆဲပင်။

ထို့ကြောင့် ထင်၏။

တောင်လှန် သို့မဟုတ် တောင်လန် ခေါ်ခြင်း ဖြစ် ပေမည်ဟူ၍....

နောက်ဆုံးတွင် ကိုယ့်ခြေထောက်ကိုပင် မသယ်နိုင် တော့။ မသယ်ချင်တော့။

လေးဖက်ပစ်နေတော့သည်။

လေးဖက်ပစ်ဆိုသောစကားသည် အတော်ပ် လေးနက် ၏။ ထိရောက်ပြီပြင်ကာ ရုပ်လုံး ပေါ်လှသည်။

ကျွန်တော်၏ ခြေထောက်နှစ်ဖက်နှင့် လက်နှစ်ဖက် စလုံး ပေါင်းလေးဖက်စလုံးကိုမလှုပ်ချင်မသယ်ချင်တော့။

လေးဖက်ပစ်နေလေပြီ။

ဗိုလ်ကြီးတင်စိုးလည်း အတော်ပန်းရှာပြီ။ သို့တစေ စစ်ကြောင်းမှူးဖြစ်သည်ကတစ်ကြောင်း အတွေ့အကြုံ ရှိ သည်ကတစ်ကြောင်းတို့ကြောင့် ခံနိုင်ရည်ရှိသူဖြစ်၏။

အထမ်းသမားတွေ အတော် ခရီးပန်းနေကြလေပြီ။

အလိုက်သိသော ဗိုလ်ကြီးတင်စိုးက မိနစ် ၂၀ တိတိ နားမည်ဖြစ်ကြောင်း ရှေ့ဆုံးမှ နောက်ဆုံးအထိ ဆင့်တဲ ဆင့်ကဲ ပြောစေခြင်းဖြင့် ခေတ္တရပ်နားမှုကိုပေးပါသည်။

ကျွန်တော်တို့လည်း ရောက်ရှိသည့် နေရာအတိုင်းပင် လမ်းတစ်ဖက်ဘေးရှိ ကမ်းပါးယံစောင်းကို မှီကာ ခြေဆင်း၍ ပယ်ပယ်နယ်နယ်ကြီး နားပစ်လိုက်ကြသည်။

လမ်းပြကြီးသည် ကျွန်တော့်ကိုကြည့်ကာ ထသွား၍ တစ်ခုသော ဝါးရုံတော အတွင်း ပျောက်ကွယ်သွားတော့၏။

အတန်ကြာမှ လမ်းပြကြီး၏ လက်ထဲတွင်အနှစ်အပြည့် ဝါးသဲစိမ်း တုတ်လေးတစ်ချောင်း အနေတော်ကလေး ပါလာသည်ကို မြင်တွေ့ရသည်။

ဝါးသဲစိမ်းတုတ်ကလေးမှာ အလုံးအနေတော်ကလေး ဖြစ်၏။

စိမ်းညို့နေ၏။

ဝါးဆစ်ဖုးကလေးများသည် အပေါက်စက် ဖြူဖြူ ဖွေးဖွေးလေးဖြင့် သိုင်းရစ်ထားသည်သို့ ရှိ၏။ ထိပ်ပိုင်းတွင် လက်ကိုင်စရာ တုတ်ကောက်ကဲ့သို့ အဖျားကောက်၍ နှုတ်သီးကလေးနှင့် တူသေးတော့၏။ ထိုနှုတ်သီး၏ ထိပ်တစ်ဖက်တစ်ချက်တွင် ထောင်နေသော ဝါးဆစ်မှ မတိုမရှည်လေး ပါသေး၏။ နားရွက်နှစ်ဖက်ကဲ့သို့တည်း နှုတ်သီးရင်းတွင်ပင် မျက်စိကဲ့သို့ နက်ပြောက်ခွက်ကလေး နှစ်ခု ပါသေး၏။

ထိုဝါးဆစ်မြစ်၏ အောက်ဘက်အရင်းမှ ဝါးရွက်ကလေး နှစ်ခုမှာ ထိုးထိုးထောင်ထောင် ဖြစ်နေသေး၏။



သေသေချာချာကြည့်သည့်အခါ တိရစ္ဆာန်တစ်ကောင်ကောင်၏ ဦးခေါင်းသဖွယ် ဖြစ်နေတော့သည်။ အနှစ်အပြည့် အသားအပြည့်ရှိသော ဝါးသဲစိမ်းတုတ်ကလေးမှာ လမ်းပြကြီးက ကျွန်တော့်အတွက် ရည်ရွယ်၍ ဝါးရုံတောမှ စိတ်တိုင်းကျ ရှာဖွေပေးသော ဝါးဆစ်မြစ်ဆုံကလေး ဖြစ်ပါသည်။

ထိုဝါးဆစ်မြစ်ဆုံကလေးမှာ ကျွန်တော်၏တောင်ဝှေး ဖြစ်လာတော့သည်။

ကျွန်တော်သည် ဝါးဆစ်မြစ်ဆုံကလေးကို ချစ်လည်း ချစ်၏။

မြတ်လည်း မြတ်နိုး၏။

ယုယုယယလည်း ရှိ၏။

ကျွန်တော်၏ နှစ်သက်မှုကိုကြည့်ကာ လမ်းပြကြီးမှာ အတော်ပင် ကျေနပ်အားရ ပီတိဖြစ်နေတော့၏။

ကျွန်တော်က သူ့ကို နေ့လယ်စာ၊ ညစာ စားသည့်အခါတွင် လည်းကောင်း၊ လက်ဖက်ရည် သောက်သည့်အခါတွင်လည်းကောင်း ကျွန်တော့်အထဲမှ မျှ၍ ကျွေးခဲ့၏။ ပေးခဲ့၏။ ကျွန်တော်က ဆေးလိပ်မသောက်သဖြင့် မောင်တင်အောင်ထံမှ ဆေးလိပ်ယူ၍ လမ်း၌သောက်ရန် ပေး၏။

ဤသို့ပင် အမှတ်မထင် ပြုမူဆက်ဆံခဲ့ခြင်းကို လမ်းပြကြီးက ကျွန်တော်၏ အခက်အခဲကိုကြည့်ကာ တောတွင်း၏ အကောင်းဆုံး၊ သဘာဝအကျဆုံး လက်ဆောင်ပေးခဲ့ခြင်း ဖြစ်ပါသည်။

တကယ်လည်း ထိုဝါးဆစ်မြစ်ဆုံကလေးသည် တောင်တက် တောင်ဆင်းတွင် ကျွန်တော့်အဖို့ အထူးအသုံးဝင်ခဲ့ပါချေပြီ။

တကယ် အသုံးဝင်၍ လမ်းပြကြီးကို ကျေးဇူးတင်မဆုံး ဖြစ်မိ၏။

ကျေးဇူး တင်မိကြောင်းလည်း နှုတ်က ဖွင့်ပြောပြမိခဲ့၏။

နောင်သော် ထိုဝါးဆစ်မြစ်ဆုံကလေးမှာ ကျွန်တော့် အသက်ဖူးကလေး ဖြစ်ရာမှနေ၍ ကျွန်တော့် ဖခင်၏ အသက်ဖူးကလေး ဖြစ်သွားတော့သည်။

ကျွန်တော်က ဖခင်အတွက် တောတွင်းလက်ဆောင် အဖြစ် ပေးခဲ့သောကြောင့်တည်း။

ယခုအခါတွင် ထိုဝါးဆစ်မြစ်ဆုံကလေးမှာ စက္ကန့် နာရီ အချိန်နှင့်အမျှ ကာလ တောင်တာ ကြာခဲ့ပြီဖြစ်၍ သဘာဝအလျောက် ပျိုရာမှ အိုခဲ့ပြီတည်း။



စိမ်းညို့ရာမှ ဝါဖျော့ခဲ့ပြီ။
ပို၍နုချော ပြောင်တော့ လာသည်။
ကိုင်ဖါ ပွတ်တိုက်ပါ များ၍ထင့်။

ဖခင်ဖြစ်သူက ထိုဝါးဆစ်မြစ်ဆုံထိပ်တွင် အနေတော် သံကွင်း စွပ်ထားသဖြင့် အနှားမဖွာ၊ မကွဲမရှ ပကတိ လှမြဲလှနေခဲ့ပါသည်။

သို့တစေ....ပျိုရာမှ အိုခဲ့ပြီတည်း။

ဤကဲ့သို့ ကျွန်တော်ချစ်သော သူ့အကြောင်း ရေးဖွဲ့နေသည့် နှစ်ကာလ အပိုင်းအခြားနှင့်ဆိုခဲ့လျှင် ခြောက်နှစ်တင်းတင်းပြည့်ခဲ့ပြီ။

ကျွန်တော်သည်ပင် ထိုစဉ်က ၃၃ နှစ်၊ ယခု ၃၉ နှစ် ရှိခဲ့ပြီ။

နေရပ်ဌာနေပင် ပြောင်းရွှေ့အမှုထမ်းခဲ့ရပြီ။

ကျွန်တော်တို့ တစ်တွေလည်း နားနေချိန်စေ့၍တနုံ့နုံ့ တရွရွဖြင့် လျှောက်ခဲ့ရာ တောင်စောင်း ထိပ်ပေါ်သို့ ၄ နာရီတင်းတင်းပြည့်မှ ရောက်ခဲ့ရတော့သည်။

တောင်လှန်ရွာကိုကား မြင်ရပြီ။

သို့တစေ.... ရွာကိုကား အတန်ငယ် လျှောက်ရသေးသည်။

တောင်လှန် ရွာကလေးသည် ဒန်းစကူး ရွာ အပြီး ဒုတိယ တွေ့ခဲ့ရသော ရွာကလေးဖြစ်၏။ တောင်စောင်းပေါ် ရွာတည်ထားခြင်းဖြစ်၍ ရွာမှာ ညီ ညာ ခြင်း မရှိလှ။

အချို့ ချင်းအိမ်များသည် တောင်စောင်းအမြင့်တွင်ရှိ၍ အချို့မှူ အနိမ့်တွင်ရှိသည်။

အိမ်ခြေ နှစ်ဆယ် အစိတ်ခန့်ရှိ၏။

ချင်းအိမ်တို့သည် များသော အားဖြင့် မြေစိုက်တဲ ခပ်ကုပ်ကုပ်ပင်။

တံခါးပေါက်နည်း၍ အလင်းရောင် သိပ်မရ။

အိမ်ထဲတွင် မီးဖိုရှိ၏။ မီးဖိုပေါ်တွင် ကြိုးဖြင့်ချိတ်ဆွဲဆိုင်းထားသော ဝါးငြမ်းရှိ၏။

ဝါးငြမ်းစင်တွင် ရက်ဖော်ထားသော မကျဉ်းမကျယ် အပေါက်ငယ်ကလေးများရှိ၏။

ဝါးငြမ်းစင်ကို ကျပ်တင်ဗန်းအဖြစ် အသုံးပြု၏။

ကင်လိုသော အသားများကို ထိုဝါးငြမ်းစင်တွင် တင်ထားလိုက်ရုံမျှဖြင့် ကျပ်တင်ပြီးသား ဖြစ်သွားတော့သည်။ အသားကို အဝေးမှနေ၍ မီးမျှင်းမျှင်းဖြင့် ကင်ခြင်း ဖြစ်ပါသည်။



ကျပ်ကင်ခြောက်သည် အင်မတန် စားကောင်း၏။

ဆိတ်ရွဲ ရွဲနှင့် ကြက်သွန်နှင့် ငရုတ်သီးတောင့်နှင့်ဆိုလျှင် ဆွေမျိုးမေ့ မတတ် စားကောင်းလှတော့သည်။

ထိုကျပ်တင်ဗန်းတွင် ကျပ်တင်ခြောက်မျိုးစုံရှိသကဲ့သို့ ထမင်းခြောက်လည်း ရှိတတ်၏။

အမြဲ မီးဖို ကျပ်တင်လေ ရှိသဖြင့် ချင်း တဲအိမ်တို့မှာ မီးခိုးလုံးဖြင့် အူနေကာ မှိုင်းတို့ဖြင့် မည်းသဲကုန်၏။

အလင်းရောင်ကနည်း၊ မှိုင်းကမည်းဖြင့် ချင်းတဲထဲသို့ ဝင်မိလျှင် ဝင်မိချင်း ဘာမျှ မမြင်ရပေ။

ကျွန်ုပ်တော်သည် အတန်ငယ် မျက်စိကျင့်သားရတော့မှ အနီးပတ်ဝန်းကျင်ကို ကြည့်မိသောအခါ မီးဖိုဘေးတွင် ချင်းအဘိုးအိုတစ်ယောက်ထိုင်လျက် တွေ့ရ၏။

'နေကောင်းလားအဘ' ဟု ကျွန်တော်က နှုတ်ဆက်လိုက်ရာ ဘာမျှ ပြန်မပြောပေ။

အဘိုးအိုက လက်ဟန်ခြေဟန်ဖြင့် ထိုင်ရန်ပြောနေ၏။ အတော်ကြီးပြီဖြစ်၍ နားလေးနေဟန်တူပါသည်။

ကျွန်တော်တို့ အဖွဲ့သည် ချင်းဟာအိမ်များတွင် မျှ၍ တည်းခိုကြသည်။

ဦးကြည်မြင့်နှင့် ဦးအေးဖေတို့အဖွဲ့က တစ်အိမ်။
ဗိုလ်ကြီးနှင့် ကျွန်တော်တို့က တစ်အိမ်။

အိမ်ချင်းက အလှမ်းကွာ၍ အကူးအလူးအဆက်အဆံ မရှိဘဲ နားနေကြတော့၏။

ထူးခြားသည်မှာ ကျွန်တော်တို့၏အိမ်အနီး ကုန်းကမူမြင့်တွင် အုတ်ရေကန်ကြီးတစ်ခုရှိ၏။ ထိုအုတ်ရေကန်တွင် ရေများအမြဲပြည့်နေသည်။

တောင်ကျ ချောင်းရေကို ဝါးပိုးဝါးများဖြင့် သွယ်တန်းထား၍ အုတ်ရေကန်အတွင်း ကျစေ၏။ အုတ်ရေကန်တွင် သောက်သုံးရန် ပိုက်ခေါင်း ၆ လုံးရှိ၏။

တစ်ခုနှင့်တစ်ခု အနေလာတော် အကွာအဝေးတွင် ရှိကြသည်။ ရေလိုလျှင် ထိုသလောက် ပိုက်ခေါင်း ဖွင့်၍ သုံးနိုင်သည်။

မလှမ်းမကမ်းတွင် အုတ်ရေကန်တစ်ခုရှိ၏။ ယင်းကန်တွင် အဝတ်လျှော် ရေချိုးနိုင်ရန် ကျောက်ပြားများစီ၍ ထား၏။

ကျွန်တော်နေခဲ့သည့် ညနေပိုင်းတွင် မည်သူတစ်ဦးတစ်ယောက်မျှ ရေမခပ်ကြ၊ မချိုးကြ။

ကျွန်တော်တို့အဖွဲ့တွေကသာ ထိုနေရာများတွင် မင်းမူနေတော့၏။ ဆူညံနေတော့၏။



ညီသည် ကျွန်တော်တို့အတွက် လွတ်လပ်မှုကို ပေးသည့်အနေဖြင့် ရေလာမခပ်ခြင်းပေလား။

သို့တည်းမဟုတ် ချင်းလူမျိုးတို့ အသွင်စရိုက်ကို ကြည့်၍ ရေချိုး ရေခပ်နည်းလေ့ရှိသူများ ပေလား။

ကျွန်တော့်အနေဖြင့် အမှန်ကို မပြောတတ်အောင် ဖြစ်ခဲ့ရပါသည်။
- သို့တစေ တစ်ခုတော့ ရှိရဲဆိုဝံ့သည်။

တောင်လှန် ရွာလူကြီးသည် သြဇာညောင်း၍အမြော်အမြင်ကြီးသူ ဖြစ်ရမည်။

အလိုအလျောက် စပါးထောင်းဆုံ။

အချက်ပေးတုံး။

ရေအမြဲပြည့်လျက်ရှိသော အုတ်ရေကန်။

ချိုးရေကန်နှင့် သုံးရေကန်၊ အလှမ်းအတန်ငယ် ကွာစေကာ တည်ဆောက်ထားသည်။

အနီးအနားတွင် ကျောက်စရစ်ခဲလေးများ ခင်းထားလိုက်သေး၏။

ဤသို့သောအခြင်းအရာများကြောင့် တောင်လှန်ရွာလူကြီးများသည် သြဇာညောင်း၍ ဥာဏ်အမြင်ရှိသူများဟု ကျွန်တော် ဆိုလိုက်ခြင်း ဖြစ်ပါသည်။

တစ်နေ့တော့ နှမြောမိခြင်း ဖြစ်ခဲ့သည်။

ဤမျှ စိမ်းလဲ့ကြည်မြနေသော ရေချိုများအားကို အလျှံပယ် မသုံးဆောင်ကြခြင်းပင်။

အုတ်ကန်များမှာ အဇာဥ် ရေများ ဝေလျှံကျ၍ စိမ်းဖန့်သော ရေညှိတို့ဖြင့် ပြီးကုန်၏။

ချင်းအမျိုးသားများသည် များသောအားဖြင့် ထူထဲသောအဝတ်များကို ဝတ်ဆင်ကြ၏။

အချိန်ကာလ ကြာသည်အထိ မလဲမပြု ဝတ်ဆင်လေ့ရှိကြ၍ ပေကျံလျက်ရှိ၏။

၎င်းတို့သည် မည်သို့ပင် အပေါ်ယံ အဝတ်အစားညစ်ထေးနေသော်လည်း အတွင်းနှလုံးသားမှာမူ အမြဲဖြူစင်ရိုးသား၏။ တည်ကြည်၏။ ဖော်ရွေ၏။

စကားနည်းကြသည်။

ဟက်ဟက်ပက်ပက် ရယ်ရယ်မောမော၊ ကျယ်ကျယ်လောင်လောင် သိပ်မရှိ။

သို့သော် အိမ်ရှင်တို့သည် လောကွတ်ပျူငှာရှိ၏။

မရှိ ရှိကြောင်းဖြင့် သိမ်းဆည်းထားခဲ့ကြသော ကျပ်တင်ခြောက်များကို ချကျွေးကြ၏။



အမဲသားခြောက်။

ချေသားခြောက်။

တောင်ဆိတ်သားခြောက်။

စုံလည်း စုံလှပါပေသည်။

တောတွင်းသားရဲတိရစ္ဆာန်များသည် ယင်းတို့၏အမဲဟင်းလျာဖြစ်သကဲ့သို့ ၎င်းတို့ သတိမမူမိသည့်အခါ ၎င်းတို့သည်ပင် ကျား၊ ဆင်ရဲတို့၏ အမဲဟင်းလျာ အဖြစ်တစ်လှည့်တစ်ပြန် ဖြစ်ကြရသည်။

ယခုမူ တောင် ဆိတ် သား ခြောက်ကို ခံတွင်းတွေ့လှ၏။

ကျွန်တော်တို့အဖွဲ့များသည် တောင်လှန်တွင် တစ်ညတာ ရပ်နားနေမည် ဖြစ်ပါသည်။

သို့အတွက် ညနေဘက်တွင် ချက်ကြ ပြုတ်ကြတော့မည်။

ဆရာကာကားမားသည် ဟင်းလျာရှာရန် တောလည်ထွက်သွားသည်ကို ကျွန်တော် မြင်လိုက်မိ၏။

သိပ်မကြာပါ။

'ဒိုင်း....ဒိုင်း....'

သေနတ်သံနှစ်ချက် ကြားလိုက်ရပြီး မကြာမီ ဆံရာကာကားမားသည် မျောက်မောင်းမတစ်ကောင်ကိုလက်မှ ဆွဲလျက် လာနေသည်။

သည်ညတွင် မျောက်သားဟင်းလျာဖြင့် ပွဲတော်တည်ရမည် မဟုတ်ပါလား။
မောင်ကိုက မျောက်သားချက်ကို စားဦးစားဖျားအဖြစ် လာရောက် ပေးပေ၏။

'အေး အေး၊ ထားခဲ့' ဟု ဗိုလ်ကြီးတင်စိုးက ခေါင်ရည်စုပ်ရင်း ပြောလိုက်၏။
ကျွန်တော်ကမူ ခေါင်ရည်မကြိုက်၍ မစုပ်တော့။

ဗိုလ်ကြီးကမူ ခေါင်ရည်တစ်အိုးကို အလယ်မှာချကာ ရွာလူကြီးဆိုသူနှင့် အာတွေ့ လျှာတွေ့နေလေပြီ။

ကျွန်တော်သည် 'မျောက်သားစားချင်လျှင် မျောက်မျက်နှာ မကြည့်နဲ့' ဆိုသောစကားကို အမှတ်မထင်ပင် သတိရလိုက်မိ၏။

မကြာမီ ကျွန်တော်တို့လည်း မျောက်သားဟင်း၊ ဆတ်သားခြောက်၊ ပဲဟင်းတို့ဖြင့် ပွဲတော် တည်ကြ၏။ ရွာလူကြီးလည်း မြိန်ယှက်စွာ စားလေသည်။



ကျွန်တော့်အဖို့မူ မျောက်သားကို မြည်းရုံမြည်းကြည့်မိသည်။

မျောက်သားချက်သည် ရဲတွတ်ဆီဝေ့ကာ ကြက်သားချက်ဖြင့်ပင် တူသေးတော့၏။

မျောက်သားသည် မျောက်မဖြစ်ပြီး၊ သက်ကြီးလည်းဖြစ်သဖြင့် ရင့်လှ၏။

အရသာကို ရှာမတွေ့။

မြန်မြန်ဝါးစားလိုက်မိသည်။

ထိုနောက်တွင်မှာတော့ တောင်လှန်က မောင်ပြန်ရန် အိပ်ရာစောစောဝင်ခဲ့သည်။

ဗိုလ်ကြီးကမူ ရွာလူကြီးနှင့် စကားပြော ကောင်းလျက်။
ရွာလူကြီး၏ မျက်နှာမှာ ဝင်းမ ကြည်ဝင်းလျက်....။ ဗိုလ်ကြီးကမူ အာလေး လျှာလေးကြီး ဖြင့် ပြောနေတုန်းပင်။

ကျွန်တော်သည်သာ ပင်ပန်းခဲ့ရ၍ ဟန်ပင် မဆောင်နိုင်တော့ဘဲ အိပ်မောကျသွားတော့သည်။

လောကကြီး ဘာဖြစ်နေသည်ကို မသိနိုင်တော့ပ
မသိလိုက်တော့ပါ။

ဇာတာခွင်ထဲတွင် တွေ့ရသော အသက် ၁၂၀ ရှ
စေသောဝ် ဆိုသည်မှာ အသက်ရှည်လို၍သာ ထုံးစံအတိုင်
ရေးကြသည်။

လူတစ်ရာတွင် တစ်ယောက်သော်မျှ အသက် ၁၂
မနေကြရ။

ရုရှားပြည် အဇာတိုင်ဂျန်ပြည်နယ်ရှိ တောင်ပေ
သားတို့သည် အသက် ၁၂၀ ကျော် တော်တော်များမျ
နေခဲ့ရသည်ဟု ကြားဖူး၏။

သူတို့၏ မြေး မြစ်များပင် ၇၀ ကျော် ၈၀ ရှိပြီ
ကြားသိကြရ၏။

တဲအိမ်ဟုသာ ခြုံငုံရေးရသော်လည်း အချို့မှာ ပျ
ထောင်သွပ်မိုး ပျဉ်ခင်းနှင့် ခိုင်ခံ့သော အဆောက်အဦ
များ ဖြစ်ကြ၏။

အချို့အိမ်တွင် ရေဒီယို တစ်လုံးစ နှစ်လုံးစ ရှိကြ

တောင်ဆိတ်သားခြောက်ကို မီးဖိုဘေးတွင် ရေနွေး
ကြမ်းတစ်အိုးနှင့် ဆေးတံခဲ ဇိမ်ရစ်နေသော ကျွန်တော်
တွေ့စက အဘိုးအိုကို အမှတ်ရမိလိုက်၏။



ရေဒီယိုသံ လွင်သာသာကို ဤလို ဝေးသီ မြင့်ခေါင်
သော တောအရပ်ဒေသတွင် တွေ့ရ၍ ကျွန်တော့်အဖို့
အမသော် ထူးဆန်းသလို ဖြစ်မိ၏။

တကယ်တော့ သူတို့လည်း လောကီဘုံသား ဖြစ်ကြ
သည်သာတကား။

* * *

# အခန်း (၁၅)

## ဂုဏ်ယူလောက်ပါသည်

၁၉၇၄ ခု မတ်လ ၂၆ ရက်
အင်္ဂါနေ့
နံနက် ၇း၀၀ နာရီ။

တောတွင်းသွားခရီးသည် ကျွန်တော်တို့အဖို့ ကျွ
တော်တို့မြို့ ဟုမ်းမလင်းမှ ခွဲခွာလာခဲ့သည်မှာ ၁၅ ရ
တင်းတင်းပြည့်ပြီးခဲ့သောနေ့။

ကျောက်တိုင် အမှတ် ၁၁၈ မှသည် ၁၂၄ အ
ကျောက်တိုင်ပေါင်း (၇)တိုင်ပင် အောင်မြင်စွာ ချေ
မောပြီးခဲ့ချေပြီ။ တောတွင်းအတွေ့အကြုံ၊ အစားစုံလည်း
စားခဲ့ရချေပြီ။ စိတ်ရော ခန္ဓာကိုယ်ပါ ကျန်းမာ တော



င်းခိုင်မာ၍ နေတော့၏။ ကျောက်တိုင် (၆)တိုင်သာ
ကျန်တော့သည်။

မြေပုံကိုကြည့်၍ ခရီးစဉ် ထွက်သောအခါတွင်လည်း
တောင်လှန်၊ ဆာရဖော့၊ ဟိန်ကွတ်၊ ငကျန်၊ ဆွမ္မရာ
စသော ရွာစဉ်အတိုင်း ခရီး တစ်ထောက် နားရင်း
ကျောက်တိုင် လုပ်ငန်း ဆောင်ရွက် ရတော့မည် ဖြစ်၍
ဆက်နီးသော ရှေ့ခရီးအတွက် အပျော်ကြီး ပျော်ခဲ့
သည်။

လုံခြုံသော တည်း ခို အိမ် အတွင်း မီးဖို နံဘေးမှာ
တွေးတွေးလေး အိပ်ရသည်မှာ အရသာ။

တောထဲဆိုလျှင် ဝံကုတ်၊ ကျားဆွဲမှာလည်း ကြောက်
သည် မဟုတ်လား။

သို့ဖြင့် ကျွန်တော်တို့လည်း တောင်လှန်ရွာမှ မောင်
န်ရရေးအတွက် ပြင်ကြ၊ ဆင်ကြ၊ သိမ်းကြ၊ ဆည်းကြ
ရှုရှုနှင့်။

အရုဏ်ဦး မဟုတ်သော်လည်း နံနက်ခင်း ညှင်းလေ
ည်သည် တဟူးဟူးဆော်သွေးနေသည်။

လေနုအေးကို ခံစားရင်း နေခြည် ထွေးထွေးတွင်
သမ်းလျှောက်ရသည်မှာ တစ်မျိုးအရသာ။

ကျွန်တော်တို့လည်း ရွာလူကြီးနှင့် ရွာသားများကို နှုတ်ဆက်ကာ တောင်လှန် ရွာကလေးကို ကျော်ခိုင်းခဲ့ ချေပြီ။

တောင်လှန်ရွာလူထု၏ ရိုးသား ပွင့်လင်းသော စေ တနာ။

တောင်ဆိတ်သားခြောက်၏ အရသာ။

ထိုထိုသော အရသာများကို ပေါင်းစပ်လိုက်သည်နှ သော် တောင်လှန်ရွာကလေး ဖြစ်သွားပါတော့သည်။

ကျွန်တော်တို့လည်း တောင်လှန်ရွာမှတစ်ဆင့် ဆာရေ ဖော့ရွာ ခေတ္တနား၍ ဟိန်ကွတ်ရွာ (မပည ၂၄၁၈)သို့ အရောက် ခရီးပေါက်အောင် သွားရချေမည်။

ခရီးရှည်ချီတက်ထိုးဖောက်ခြင်းသည် ကျွန်တော်တို့၏ လက်နက်ကောင်းတည်း။

တောင်လှန်ရွာကလေးကား မျက်စိအောက်မှတော၏ နောက်သို့ ရောက်၍ ကွယ်ပျောက်ခဲ့ပြီ။

တောင်ကမ်းပါးစောင်းမှနေ၍ မသိမသာ ပြေပြေ လျောဆင်းကာ တစ်ဖက်တောင်နှင့် ဆက်ကူးရန် မခိုင် တခိုင် ကြိုးတံတားလေး ရှိ၏။

လျှိုချိုင့်ကလေးသဖွယ်ရှိနေ၍ စိမ့်အေးနေ၏။ ကြိုး တံတားလေးအောက်ဘက်တွင် ကျောက်တုံး ကျောက်ချပ်



များအကြား ရေစီးသံများကား တဝေါဝေါ မြည်လျက် ရှိ၏။ မညီမညာစီးဆင်းရသဖြင့် အချို့နေရာတွင် ရေ မြုပ်ခေါင်းဖြူလေးထကာ ရေတွင် မျောပါနေ၏။

သဘာဝလျှိုနှင့် ချောင်းကလေးကား ကြိုးတံတား လေးဖြင့် သာယာဘိတော့သည်။

တောင်ကမ်းပါးယံကြောနှင့် တစ်ဖက်တောင်တို့ကို ကြိုးတံအားကလေးဖြင့် သွယ်ထား၏။

ကြိုးတံတားကလေးမှာ လှုပ်စိစိ ဖြစ်သော်လည်း ပေါင်းကူးတံတားအဖြစ် ခရီးရောက်သေးသည်။

ကျွန်တော်လည်း ပန်းကလေး တစ်ပွင့်ကို ခူး၍ ကြိုး တံတားလေးကို ဖြတ်ကူးရင်း စမ်းရေကြောတွင် မျော လိုက်သည်။

ပန်းကလေးသည် ရေစီးသံလွင်လွင်နှင့်အတူ လှည့်ပတ် ချာလည်ကာ မျောပါသွားပါတော့သည်။

ဘယ်သောင် ဘယ်ကမ်းသို့ ဆိုက်လေမည်မသိ၊

ကျွန်တော့်ဘဝတော့ ပန်းကလေးကဲ့သို့ မဟုတ်ပါ။ ဦးတည်ရည်ရွယ်ချက်ဖြင့် သွားလာ လှုပ်ရှားနေခြင်းဖြစ် ပါသည်။ ကျွန်တော့် ဆိုက်ကပ်ရမည့် သောင်ကမ်းကား အောင်မြင် ချောမောစွာ ဆောင်ရွက်ပြီးစီးခဲ့သော နယ်

နိမိတ်ပိုင်းခြား ကျောက်တိုင်များနှင့် ဆောင်ရွက်ရတော့မည့် ကျောက်တိုင်များ ပြီးစီးသည့် အခြားတစ်ဖက်သို့ နိုင်ငံအတွက် စည်းရိုးနဲ့ ဝင်းခြံတွေ ခိုင်မြဲ နေခြင်းပင် ဖြစ်၏။

* စည်းရိုးနဲ့ ဝင်းခြံတွေ
စည်ဝေခဲ့ ပြည်သူ့အား။
* နှစ်နိုင်ငံ ချစ်ကြည်ရေးပေမို့
တွေးစိတ်ကယ် ကြည်ကြည်လွန်လို့
ပြည့်ဝန်ကို ဖြည့်သွန်ကြိုးလို့ရယ်
တိုးချစ်စိတ်ပွား။ ။

နိုင်ငံအတွက် စည်းရိုးဝင်းခြံနှင့်တူသော ကျောက်တိုင်နှင့် နယ်နိမိတ်လမ်းကြောင်းကြီးသည် နှစ်နိုင်ငံ ပြည်သူ့အားဖြင့် စည်ဝေခဲ့လေပြီ။

ယင်းသို့ စည်ဝေဖြိုးအောက် နှစ်နိုင်ငံ အကျိုးအတွက် တွေးမိရင်း တိုင်းပြည်ဝန်ကို ဖြည့်သွန်ကြိုးစားကြပါကုန်။

နှစ်နိုင်ငံချစ်ကြည်ရေးကိုလည်း တိုးမြှင့်၍ ချစ်စိတ်တွေ တဝေဝေတိုး၍သာ ထားကြပါလေလော့ ဟူ၍....

တောင်လှန်ရွာမှ ဆာရဖော့ရွာ ခရီးမှာ သိပ်မပင်ပန်းလှပါ။ အဘယ်ကြောင့်ဟူမူ တောင်ကြောပတ်လမ်းအတိုင်း သွားနေရသောကြောင့် ဖြစ်ပါသည်။



တောင်လည်းသာမော၊ တောလည်းသာတွေ
ရေလည်း သာလှသည်တကားဟု ထပ်မံပြဆို ညွှန်းပါရစေ။

အကာယ်မင်း သည်မြိုင်တစ်ကြောမှာ သာမောစိုပြည်လွင်လို့ နေပါသည်။

ရေဒီယိုတေးသံက စိုပြည်လွင်နေပါသည်။

ညွှင်းလေပြည်က ညွှင်းညွှင်းညှံ့ညှံ့ရိုက်ခတ်လာ၍ ပတ်ဝန်းကျင် တောအလှနှင့် နားသောတအာရုံကို လေညှင်းလေးက ထပ်လောင်းပို့ပေးသလို ဖြစ်၍ ကျွန်တော်၏စိတ်မှာ မြူး၍လာပါချေပြီ။ ကျွန်တော်တို့လည်း တောင်နှင့်တောကို ဖြတ်ကျော်နင်းလျှောက်၍ လာခဲ့ရာ တစ်ခုသော တောအုပ်သို့ ရောက်ပြန်၏။

ခရီးတော့ အတော်ပေါက်ခဲ့ပြီ။

သို့ဖြင့် တောတွင်းသွား ခရီးသည်တို့ ခြေကုန် ခြေခန်းဆက်၍ မနားတမ်း လျှမ်းခဲ့ကြသည်။

တစ်သောက်ခြေရာ တစ်ယောက်နင်းလျက် ခရီးဆက်လက် လာခဲ့ရာ တောအုပ်အလွန်တွင် တောင်များပတ်ချာဝိုင်း၍ တစ်ခုသောကုန်းကမူ မြေကြောတွင် သာမောဖွယ် ဆာရဖော့ရွာကလေးကို ဘွားခနဲ အမှတ်မထင် တွေ့လိုက်ရပါသည်။

ဆာရဖော့ရွာလေးမှာ ချင်းရွာပင်ဖြစ်၍ ဟိန်ကွတ်ကျွန်၊ ဆွမ္မရာရွာများသည် နာဂကို့ပျော်စံရာ နာဂရွာများဖြစ်သည်။

ယခုဆာရဖော့သည် နောက်ဆုံး တွေ့ရသော ချင်းရွာကလေးဖြစ်ပြီး ချင်းတို့၏ နောက်ဆုံးနယ်မြေ အဖြစ် ချင်းတို့၏ စခန်းသာရွာကလေးအဖြစ်ကြီးဖြစ်ခဲ့ပါ၏။

ဆာရဖော့ဟူ၍ အမည်ကလေးကပင် မွှေး၍လှပနေသကဲ့သို့ ရွာ၏ဝန်းကျင်လည်း စိုပြည်လွင်လို့နေပါသည်။

ဆာရဖော့ ရွာကလေးကို တောင်တန်း ပြာကြီးကပတ်ဝိုင်း အုပ်ဆိုင်းထား၏။

ဆာရဖော့သည် တစ်ခုသော ကုန်းမြေကြောတွင်ရှိ၍ ရွာ၏ နောက်ဘက်တွင် နက်မှောင်သောတော ရှိ၏။

တောင်ကြော ကုန်းမြေထိပ်တွင် မကြီးလွန်း မငယ်လွန်းသော ဘုရားရှိခိုးကျောင်းကလေး ရှိ၏။

ဘုရားကျောင်းသည် ရာသီဒဏ်ခံနေ၍ သစ်လွင်သပ်ရပ်မှုတော့ မရှိတော့ပါ။ အတန်ငယ် ဟောင်းနေချေပြီ။

နံရံသစ်သားတို့သည် ဆွေးကုန်၍ အိုမင်းသော ဇရာကို ပြဘိအလား ခြစား၍ ပေါက်ပျက်နေ၏။



သို့တစေ တစ်ခုတည်းသော ကိုးကွယ်ရာ ယုံကြည်ရာ ဖြစ်၍ ခရစ်ယာန်ဘာသာဝင် ချင်းတို့၏နှလုံးသားအတွင်းမှ ဘုရားရှိခိုးကျောင်းကလေးကဲ့သို့ မဟုတ်ဘဲ ဘာသာ အယူမှာ အမြဲပင် လတ်လတ်ဆတ်ဆတ် နုပျိုရှင်သန်နေမည်သာ။

စီးပွားရေး အခြေအနေအရ ဘုရားရှိခိုးကျောင်းကို ဤသည်သို့ မပြင်ဘဲ ထားနေရခြင်းဖြစ်ဟန် တူပါသည်။

ဘုရားကျောင်း၏ အောက်ဘက် မြေအနိမ့်တွင် ချင်းအိမ်များရှိပြီး အချို့မှု အမြင့်တွင် ဆောက်လျက် အချို့မှု အနိမ့်တွင် ဆောက်လျက် ပထဝီမြေသား အလိုကျ အတိုင်း သင့်သလို စီရရီဆောက်နေကြသည်။

ဝင်းထရံ ခြံစည်းရိုးများကိုမူ သပ်ရပ်စွာ ခတ်ထားခြင်းမရှိပါ။

ကုန်းကမူချော၏ အခြားဘက် အစွန်းရှိ တောစပ်တောင်ကမူခြေတွင် ချင်းတဲကလေး ငါးတဲရှိ၏။

ကုန်းကမူကို အတန်ငယ် ခိုင်ခံ့သော တံတားဖြင့် ယှက်ကူးထား၏။ တံတား၏အောက်ဘက်တွင်မူ ကျောက်ကြိုကျောက်ချပ်ကြား စီးဆင်းသွားနေသော စမ်းချောင်းကလေးရှိ၏။

ကျောက်ဆောင်ကျောက်တုံးများ ပေါ်၌ စမ်းချောင်း ရေမှာ မနက်လှပေ။

ကျွန်တော်တို့လည်း တောင်ကမူခြေရှိ တောစပ် ချင်းတဲစုမှ သစ်ဝါးတဲတဲကလေးကို ဖြတ်ကာ တစ်ဖက်ကုန်းကမူအမြင့်ရှိ ချင်းအိမ်များတွင် အစုလိုက် သင့်သလို နား၍ နေ့လယ်စာစားသောက်ကြသည်။

ကျွန်တော် နားသောအိမ်မှာ ကုန်းကမူ အစွန်းရှိ အတန်ငယ် သပ်ရပ်သော အိမ်ကလေးဖြစ်၏။ ယင်းအိမ်၏အတွင်းဘက်တွင် ကြမ်းကွပ်ပျစ်ကြီး ထိုးထားကာ ထိုကွပ်ပျစ်ကြီးမှနေ၍ ကလားတံခါးကို မှတင် ချိတ်လိုက်သည့်အခါ တောင်အောက်ရှုခင်းကို အတိုင်းသားမြင်နေရသကဲ့သို့ တစ်ဖက်တောင်ကုန်းရှုခင်းကိုလည်း မြင်နေရပါသည်။

မှိုင်းပြာပြာ တောင်ခြေရှုခင်း။
ညိုမှောင်နေသော တောင်တန်းပြာ။
တိမ်ပြာပြာ။

သို့ကြောင့် ကြည့်လေရာရာတိုင်း အပြာနှင့်မှိုင်းတို့ကသာ လွှမ်းမိုးထားသည်သို့ ရှိတော့သည်။

သဘာဝပန်းချီကားအဖြစ်မှ တကယ့် ဆာရဖော့ရှာပန်းချီကားကို မှုတ်ရေးခြယ် အရောင်တင်ရမည် ဆိုက



ပန်းချီဆရာက အပြာရောင်ကို ခပ်ရဲရဲဆေးတို့ကာ အပြာမှိုင်း မှိုင်းပြာပြာကို အလေးတဲ ဆွဲပေးရချိမ့်မည်။

သို့မှသာ ဆာရဖော့ရှာမြင်ကွင်းမှာ အသက်ဝင်ပေလိမ့်မည်ဖြစ်သည်တကား....

'ကဲ...ဦးအောင်လွင်၊ စိတ်ကူးလဲယဉ်ပေါ့ဗျာ၊ စားလဲစားလိုက်ဦး၊ ကျွန်တော်တို့က ဟိန်ကွတ်ထိ ခရီးဆက်ရမှာ... ဟိုရွာကျမှ ရှမ်းအထမ်းသမားနဲ့ နာဂ အထမ်းသမားအစားလဲရမယ်မဟုတ်လား၊ အချိန်မီရောက်အောင် သွားရမယ်လေ ခင်ဗျားလဲ သိသားပဲဥစ္စာ' ဟု ဗိုလ်ကြီးတင်စိုးပြောတော့မှ ကျွန်တော်လည်း ပတ်ဝန်းကျင်ပသာဒအာလုံမှ ခွာကာ မှောက်လျက် ရှုစား အနေအထားမှ ထိုင်လျက်မိသား ဖြစ်သွားရပါတော့သည်။

'ဟုတ်ကဲ့ဗိုလ်ကြီး....ဆောရီးဗျာ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ' ဟု တောင်းပန်စကားပြောရင်း ဗိုလ်ကြီးနှင့်အတူ နေ့လယ်စာထမင်းကို စားကြပါသည်။

များသောအားဖြင့် ချင်းတဲအိမ်များတွင် တဲအိမ်စောင့်အဖြစ် အဘိုးအို အဘွားအိုတို့ကိုသာ တွေ့ရပါသည်။ ငယ်ရွယ်သူမိသားစုများက ခါးမဦးချ သဘာဝအတိုင်း တောင်ယာအလုပ် လုပ်ငန်း ဝင်နေကြသည် မဟုတ်ပါလား။

ကျွန်တော်တို့လည်း နေ့လယ်စာ စားအပြီး ခေတ္တနားနေကာ ဆာရဖေးမှ နေ့လယ် ၁ နာရီတိတိ အချိန်တွင် ထွက်ခဲ့ပါသည်။

ရှေ့ဆက်ရမည့် ခရီးက ရှိသေးသည် မဟုတ်ပါလား။

နေမင်းက ပူအားဘိသည်။

ချွေးများလည်း တဒီးဒီးစီးနေချေပြီ။

တောအုပ်အတွင်း သွားနေရသော်လည်း တောရွာအနီး တောပါးသော တောင်ကြောဖြစ်၍ အပူဒဏ်ကို မခံနိုင်ကြ။

ကျွန်တော်တို့လည်း တောအုပ်လွန်မြောက် အတော်ခရီးပေါက်လာသည့်အခါ ထင်းရှူးရနံ့ သင်းပျံ့ပျံ့ကို ရှူရှိုက်မိလာသည်။

'သည်တောအုပ်လွန်ရင် ထင်းရှူးတောကဖြတ်ရမယ် ဗိုလ်ကြီး၊ ထင်းရှူးတောအဆုံး ရွာက ဟိန်ကွတ်ရွာပဲ၊ တောင်ထိပ်ပေါ်မှာ' ဟု လမ်းပြကြီးကဆိုလိုက်သဖြင့်ကျွန်တော်က ဤသို့စဉ်းစားမိပါသည်။

'အင်း....ငါတို့ တောအုပ်တစ်ခုပြီးတစ်ခု ဖြတ်ကျော်ခဲ့ပြီ၊ သည်တောအုပ်လွန်လျှင် ထင်းရှူးတောကို ဖြတ်ရလိမ့်ဦးမည်၊ ထင်းရှူးတောအလွန် တောင်ကိုတက်ရလိမ့်ဦးမည်၊ ဘယ်လောက် မြင့်သည့် တောင်လဲ၊ အင်း....



ငါ့အဝဟာ တောင်တောကို ဖြတ်ကျော် နင်းလျှောက်ခဲ့ပြီပဲလေ၊ ဒါ...စဉ်းစားစရာမှမဟုတ်ဘဲ၊ နိုင်ငံအတွက်ပဲ' ဟု ကျွန်တော်က မှတ်ချက်ချရင်း လျှောက်ခဲ့မိပါသည်။

•

ထင်းရှူးတောကို ရောက်ခဲ့ပြီ။

ထင်းရှူးတောသည် အခြားတောများကဲ့သို့ ရှုပ်ထွေးပွလီ၍မနေ။

ရှခင်းသန့်သန့်။

ပင်ခြေရှင်းရှင်း။

ကုန်းမြေကြောနှင့် ထင်းရှူးတောမှာ နောက်ခံ တိမ်ပြာပြာအလှနှင့် သာမောဖွယ်ဖြစ်၏။

ထင်းရှူးပင်တို့က စေယံမြင့်ဖျားသို့ ခပ်ရှူးရှူးဘည့် မတ်နေကြ၏။

ထင်းရှူးသီး အခြောက်ကလေးများကို ကျွန်တော် ကောက်ခဲ့သေး၏။

လျှောက်ရဖန်များ၍ ပင်ပန်းလာသဖြင့် ကျွန်တော်လည်း လမ်းတွင်ပင် တွေ့မြင်ရာရာကို ပစ်ပေါက်ခဲ့မိသည်။

ထင်းရှူး ကုန်းကြောအဆင်းတွင် တစ်ခုသော စမ်းချောင်းကို တွေ့ရပါသည်။

ထိုစမ်းချောင်းအလွန်တွင် ထင်းရှူးတောဘို့ဖြင့် ပြီးသော တောင်ကို တွေ့ရသည်။

တောင်ဆိုသော်လည်း မတ်စောက်သောတောင်ကား မဟုတ်။

တောင်ကုန်းချောပြေပြေဖြင့် တဖြည်းဖြည်း မြင့်တက်လာသည့် တောင်မျိုးဖြစ်သည်။

သည်တောင်မျိုးကို တက်ရသည်မှာ တော်သေးသည်။ ခရီးရောက်မှန်းမသိ ရောက်သော တောင်မျိုးဖြစ်၏။

ကျွန်တော်၏ မျက်စိတဆုံးတွင် ထင်းရှူးတောတို့ဖြင့်သာ လွှမ်းမိုးနေဘိ၏။

ကြည့်လေရာရာတိုင်း ထင်းရှူးပင်များက စိုးမိုးထားသည်။

တိမ်ပြာပြာမှတစ်ပါး အခြားမြင်စရာ မရှိတော့ပါ။

ကျွန်တော် တို့လည်း စမ်းချောင်းကို ဖြတ်ကူးခဲ့၍ ထင်းရှူးတောင်ကြောကို စတင်တက်မိချေပြီ။

တစ်ယောက်ခြေရာ တစ်ယောက်နင်း၍ တစ်ယောက်ကျောကုန်း တစ်ယောက်ကြည့်၍ ဒူးတွင် အားထည့်ကာ တက်ကြရပြန်ချေပြီ၊ အတက်ရှိက အဆင်းရှိရဦးမည်ပေါ့။

အကျွန်ုပ်တို့ဘဝလည်း သည်အတိုင်းသာပေါ့။

ကဲ...တက်လိုက်ကြဦးစို့ရဲ့ ရောင်းရင်းတို့ရေလို့သာ ကျွန်တော်ဟစ်ဆိုလိုက်ချင်မိတော့သည်။



တကယ်တော့ မဆိုဖြစ်ခဲ့ပါ။

ကျွန်တော်တို့အဖွဲ့သည် မည်သူ့အားမျှ စကားမပြောနိုင်ကြဘဲ တသဲသဲ တလှုပ်လှုပ် တကုတ်ကုတ် တရှူရှူတက်လျက် နေသည်သာတည်း။

သို့တစေ ထင်းရှူးတောင်၏ အစ တောင်ကြောကို တက်မိရုံသာ ရှိပါသေးသည်။

ခပ်ပြေပြေအမောအတက်သည် ကျွန်တော့်စိတ်အထင် ခုနစ်မိုင်ထက် လျော့မည်မထင်ပါ။

ကျွန်တော်တို့သည် တအိအိ တရွေ့ရွေ့ တက်ခဲ့ကြသည်။

ပုရွက်ဆိတ်များကဲ့သို့ အတန်းလိုက် တလှုပ်လှုပ် တရှူရှူ။

ကျွန်တော်တို့ကို အဝေးမှနေ ကြည့်လျှင် အတော်ကြည့်၍ ကောင်းပေမည်။

ဤသို့ ထင်ပါသည်။

ထင်းရှူး တောကြောကိုကား လေးနာရီလုံးလုံးတက်ခဲ့ရသည်။

ယခုတော့ဖြင့် ထင်းရှူးတော လွန်၍ ဟိန်ကွတ်ရွာ (မပည ၂၄၁၈)သို့တား ရောက်ခဲ့ပါပြီ။

ရောက်ခဲ့ရပါလေပြီကော....

မျဉ်တောင်ပျဉ်ခင်း သွပ်မိုးအိမ်များ။

ဘုရားရှိခိုးကျောင်း။

စာသင်ကျောင်းတို့ဖြင့် နေထိုင်မှု အဆင့်မြင့်၍ သာ
ယာသော ရွာကလေး။

ဟိန်ကွတ်ရွာသည် တောင်ထိပ်ပေါ်တွင်ရှိသော်လည်း
ထိုတောင်ထက် မြင့်သော တောင်များက ပတ်ဝိုင်း
ထား၏။

ထို့ကြောင့် မှိုင်းပြာပြာ တောင်တံတိုင်းတို့ဖြင့် ဟိန်
ကွတ်ရွာကလေးသည် ညနေဆည်းဆာတွင် လှချင်တိုင်း
လှနေတော့၏။

တောင် တစ်ခုနှင့်တစ်ခု အကြား တောင်ကြား လျှို
မြောင်ကြီးများ ရှိ၏။

အချို့ဆို သစ်ဝါးတံတားဖြင့် ယှက်ကူးထား၏။

ကျွန်တော်တို့လည်း ထုံးစံအတိုင်း မြန်နိုင်၍ တည်း
ကြ၏။

ကျွန်တော်နှင့် ဗိုလ်ကြီးတင်စိုးမှာ နာဂရွာလူကြီးနှ
အထမ်းသမား လဲလှယ်ရေး ကိစ္စအတွက် ခရီးရော
မဆိုက်ပင် ဆွေးနွေးခဲ့ကြ၏။ ရွာလူကြီးက သူ့လူ တ
ယောက်ကို နာဂစကားဖြင့် ခိုင်းလိုက်ရာ မကြာမီ အ
မြင့်မြင့်၊ ခပ်တောင့်တောင့် နာဂကြီးနှစ်ယောက် န
လုံကြီးများကိုင်လျက် ရောက်ရှိလာကြသည်။

ထိုနာဂနှစ်ယောက်မှာမူ အရှက်လုံရုံသာ အဝတ်
နှင့် ဖုံးအုပ်ထားသည်မှအပ၊ ဗလာကိုယ်ချည်းသာ။



နာဂရွာလူကြီးသည် ထိုနာဂကြီးတို့ကို အထမ်းသမား
ကိစ္စအတွက် လေရှီးသို့ နေ့ချင်းပြန်လွှတ်လိုက်သည်။

သွားနေကျခရီးဖြစ်၍သာ နေ့ချင်းပြန်နိုင်ချင် ပြန်နိုင်
ပါမည်။

ကျွန်တော့်အဖို့မူ ဟိန်ကွတ်ရွာ တောင်တံတိုင်းကို
ဖြတ်ကျော်ရင်ဆိုင်ရမည့်အရေးကို တွေးပင် တွေးမကြည့်
တော့။ လေရှီး ရောက်ပြီး ချက်ချင်း ပြန်လာ ရမည့်
အရေးကား မသေးလှ။

လေရှီးမှာ မြို့နယ်တစ်မြို့နယ် ဖြစ်ပါသည်။

ကျွန်တော် ဖြတ်သန်းကျော်လွှားခဲ့ရသော ရွာ၊ မြေ၊
တော၊ တောင်တို့သည် လေရှီးပိုင် နယ်မြေထဲက ဖြစ်ပါ
သည်။

တောင်ဆင်း တောင်တက်သည် နာဂတို့၏ မိဘ်ဖက်
တည်း။

ခရီးသွားသည့်အခါ အမြေးဆင်း၊ အမြေးတက်ကြသူ
များ ဖြစ်ကြပါသည်။

ဟိန်ကွတ်ရွာသည် နာဂတို့၏ ပျော်စံရာဖြစ်ခဲ့၏။

ကျွန်တော် အမှန်အတိုင်း ရိုးသားစွာ ဝန်ခံရပါလျှင်မူ
နာဂတို့သည် ဤမျှ အဆင့်မြင့်မြင့် နေလိမ့်မည် မထင်
ခဲ့ပါ။

နာဂမြေသည် လမ်းပန်း အဆက်အသွယ် ခက်ခဲ
လူသူအရောက်အပေါက်နည်းကာ မယဉ်ကျေးသူများ
ရှေးက အထင်ရှိခဲ့မပါသည်။

ရိုးရာစလေ့အရ 'ပန်း' များအကြောင်း။

အချင်းချင်း ကလဲ့စားချေခြင်း အကြောင်းများ
တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ပြောကြဆိုကြသံ ကြ
ဖူးခဲ့ပါသည်။

နားရည်ဝခဲ့သည်။

သို့တစေ...ထိုစဉ်က အဲခြေနှင့် ယခု အခြေအနေ
ပါစင်အောင် လွဲနေပါသည်။ ပန်းလည်း မမြင်။

ဘုရားရှိခိုးကျောင်းနှင့် စာသင်ကျောင်းနှင့် ခမ်းန
ကြီးကျယ်ခဲ့သည်။

ကျွန်တော် ရောက်ရှိခဲ့သော ချင်းရွာတို့ထက် အ
မြင့် သာလွန်သည်ဟု ဆိုရမည်။

နာဂ တို့ သည် ကောင်းကောင်း တော့ နေ သည်
သို့သော် ကောင်းကောင်းကား မဝတ်သေး။

နာဂတို့သည် အထက်ပိုင်း ဗလာ။ အောက်ပိုင်းတ
သာ ဘောင်းဘီတိုကို အများဆုံး ဝတ်ဆင်ကြသည်။



နာဂအမျိုးသမီးဆိုလျှင် အရှက်လုံအနေဖြင့် အောက်
ပိုင်းနံငယ်တို ထဘီသာ ဝတ်လေ့ရှိ၏။

အချို့မှ ထဘီနှင့် အင်္ကျီနှင့် အကျအန ဝတ်ဆင်ကြ
သူများလည်း ရှိသည်။

အချို့နာဂအမျိုးသားများမှာလည်း ဘောင်းဘီရှည်
နှင့် အင်္ကျီလက်ရှည်နှင့် အကျအန ဝတ်ဆင် ကြသည်ကို
တွေ့ရပါသည်။

ကျွန်တော့်အထင်ရေးရပါလျှင် နာဂတို့သည် များ
သောအားဖြင့် အဝတ်မပါ၊ ဗလာကိုယ်ချည်းနေရသည်က
လွတ်လပ်သည်ဟုဆင်၍ ဤသို့မင် အဝတ်အစားကို
တော်ရုံသင့်ရုံ ဝတ်ဆင်ကြသည်ဟု ထင်ပါသည်။

ကျွန်တော်တို့လည်း ရွာလယ်ရှိ တောင်ကုန်းတစ်ခုမှ
ကျလာသော ပိုက်ခေါင်းရေတွင် ရေချိုးကြသည်။

သည်ပိုက်ခေါင်းမှ ကျလာသော ရေသည် အဆက်
ပြတ်သည် မရှိ။ သို့အတွက် ဟိုန်ကွတ်ရွာ တစ်ရွာလုံး
သုံးရေကို သုံးမကုန်စွဲမခန်း ဖြစ်ခဲ့ရသည် မဟုတ်ပါလား။

အလျှံပယ် ဆိုသောစကားသည် ဤအရပ်ဒေသတွင်
အဓိပ္ပာယ်ရှိလှသည်။

ရေကို အလျှံပယ်သုံးနိုင်သည်။

အားမနာတမ်း သုံးနိုင်သည်။

ရေရှားသော အရပ်ဒေသတွင် ကြီးပြင်းရသူ ကျွန်တော့်အဖို့ သည်ရေကို ကျွန်တော်တို့ အညာရပ်သူ ရွာသားများထံ တန်ခိုးဖြင့် သယ်ဆောင်သွားနိုင်မည်ဆိုက ကောင်းလေစွဟု စိတ်ကူးမိပါသည်။

ကျွန်တော်တို့လည်း ညစာထမင်းစားရန် အသင့်ဖြစ်နေလေပြီ။

မိုးလည်းချုပ်၍ အမှောင်ထုလည်း လွှမ်းမိုးခဲ့ပြီ။

ဖန်မီးအိမ်နှင့် ဖယောင်းတိုင်နှင့် အမှောင်ကို အလင်းဖြင့် ခွင်းရတော့သည်။

သို့တစေ....အမှောင်ထုကား စိုးမိုးဆဲ။

ဟိန်းကွတ်ရွာကို မမေ့နိုင်သည့် အကြောင်းအချက်ကြီးတစ်ချက်ကား ရှိခဲ့ပါ၏။

ထိုအကြောင်းရင်းကြီးမှာ တောင်ဖြူတ်တို့၏ ဝင်မျက်နှာဖွင့်၍ တပ်နှင့်ချီ၍ အကိုက်ခံလိုက်ရခြင်းပင် ဖြစ်ပါသည်။

ဟိန်းကွတ်နှင့် တောင်ဖြူတ်

တောင်ဖြူတ်နှင့် ဟိန်းကွတ်မှာ

ခွဲခြားမရအောင် ရှိခဲ့ပါသည်။

အယ်အချိန်က ရောက်လာမှန်း မသိရသော ခပ်သေးသေး တောင်ဖြူတ်တို့မှာ လက်မောင်း၊ ခြေလက်မျက်နှာ ရစရာမရှိအောင် သီးနေသည်။



ကျွန်တော်တို့လည်း ညစာကို အလျင်မြန်ဆုံး စံချိန်ဖြင့် ပြီးလိုက်ရ၏။

တောင်ဖြူတ် ရန်ကို ကာကွယ်ရန် အသားလွတ်မကျန်အောင် အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်၊ ခြေအိတ်လက်အိတ်၊ ခေါင်းစွပ် စွပ်ထားကြသည်။ သို့တစေ.... ဘောင်းဘီ၊ အင်္ကျီ အကြိုအကြားမှ အသားချော်တို့၌မရမနေ တိုးဝင် ထိုးဖောက်ကိုက်လာသည်။

ခြင်ထောင်ထဲဝင်၍လည်း မရ။

ခြင်ထောင် အပေါက်သေး ကလေးကို သူတို့သည် အလွယ်တကူ ဝင်နိုင် ထွက်နိုင်၏၊

သို့အတွက် တောင်ဖြူတ်ရန်ကား မသေးလှရာကား စိတ်အပျက်ကြီး ပျက်နေမိတော့၏။

ဖြူတ်ကိုက်လျှင် နာ၍ ယားလာ၏။

ပြည့်ဝတ်ကလေးလို ဖြစ်လာကာ နောင်သော် အနာဖြစ်လာပြီး ဆက်သွားတော့သည်။

တောင်ဖြူတ်များ ပျော်ပိုက်သလောက် ကျွန်တော်တို့မှာ စိတ်အိုက်ရသည်။

သူတို့ကတော့ ပျူငှာ လိုက်လှဲစွာ အနမ်းဆက်ခြင်းသာပါ။

ကျွန်တော်တို့ကသာ မခံနိုင်ခြင်း ဖြစ်ခဲ့၏။

နာဂသွေးထက် ကျွန်တော်တို့၏သွေးက ပိုများချိနေ့သလား စဉ်းစားစရာ ဖြစ်လာ၏။

ဤသို့ မဟုတ်ပါချေ။

နာဂတို့အဖို့မူ ဤသနေတောင်ဖြုတ်ကို ရိုးသလောက် ဖြစ်နေပေပြီ။

ကျွန်တော်တို့မှာသာ အခက်တွေ့နေတော့၏။ ကျွန်တော်တို့လည်း ကြာကြာ စကားမပြောနိုင်ကြတော့ဘဲ စောစောအိပ်ရာဝင်၍ စောင်ဖြင့် ခေါင်းကိုပါ ခြုံ၍ အိပ်လိုက်ရတော့သည်။

အသက်ရှူမဝ။

သို့တစေ...စောင်ခြုံကို မလှပ်ရဲတော့ပါ။

ဒီဘစ်ညတော့ တောင်ဖြုတ်ဒုက္ခကို လှလှကြီး ခံလိုက်ရပါသည်။

သည်နောက်တွင်တော့ ကျွန်တော့်အာရုံတွင် ဘာမျှ ထင်ပေါ်မလာတော့ပါ။

အမှောင်ထုသာ ကျွန်တော့် ကမ္ဘာကို စိုးမိုးထားတော့သည် မဟုတ်ပါလား။

၁၉၇၄ ခု မတ်လ ၂၇ ရက်။

ဗုဒ္ဓဟူးနေ့။

ဟိန်ကွတ်ရွာမှ ကျေန်ရွာ(မပည-၁၆၂၆)သို့ သွားရမည့် ခရီးနေ့။



မိုး မလင်းမီကပင် နာဂ အချင်းချင်း စကားပြောကျွက်ကျွက်ညံနေ၍ အိပ်မရတော့။

ကျွန်တော်တို့ တဲအိမ်ရှေ့တွင် မည်သည့် အချိန်က စုရုံးရောက်ရှိနေသည် မသိ။ လေရှီးနယ်ထဲရှိ နာဂရွာများမှ အသဘ်းသမားများနှင့် နယ်ခံ ဟိန်ကွတ်များမှ အထမ်းသမားများ ဖြစ်ကြပါသည်။

နာဂရွာလူကြီးအိမ်ဖြစ်၍ ရွာလူကြီး၏ အခိန့်နာခံရှန် ရောက်ရှိလာကြခြင်း ဖြစ်ပေမည်။

ရောင်ခြည်ပျို့ပျို့ လင်းပိုးစို့အချိန်တွင် ကျွန်တော်နှင့်ဗိုလ်ကြီးလည်း အိပ်ရာမှ ထခဲ့ရတော့သည်။

ကျွန်တော်က မောင်တင်အောင်ကို ဦးကြည်မြင့်တို့အား ခေါ်ရန် လွှတ်လိုက်ရ၏။

ကျွန်တော်တို့လည်း အထမ်းသမားများခွဲဝေယူကြရာ ခရီးဆက်ရဦးမည့် ရှေးနည်းကား စာအုပ်ကြီး၏ စာမျက်နှာ တစ်ရွက်ကို ဤသို့ဖြင့် လှန် ယိုက် ရ ပါ တော့သည်။

ရှမ်းလူမျိုး အထမ်းသမားများကမူ ညနေစောစော ချက်ပြုတ်စားပြီးစကပင် သူတို့အတွက် အဖိုးအခ ရှင်းပြီးကြသည်နှင့် တစ်ချိုးတည်း သုတ်ခြေတင်ကြလေပြီ။

တာဝန်က လွတ်ခဲ့လေပြီတကား။

လှောင်အိမ်မှ လွတ်လိုက်သော ငှက်ကလေးများကဲ့သို့ ပါတည်း။ ပေါ့ပါးလွတ်လပ်စွာပင် နေရပ်သို့ ပြန်ကြလေပြီ။

ရှမ်းအထမ်းသမားတို့နှင့် တောတွင် ၁၅ ရက်ခရီးကို အတူနေ၊ အတူစား၊ အတူသွား၊ အတူလာ တစ်ခရီးထည်း တစ်လှေတည်း စီးခဲ့ရသူများပမာ ဖြစ်ခဲ့ရ၍ တစ်ယောက်အကြောင်း တစ်ယောက်သိကြကာ ဝမ်းပန်းတနည်း နှုတ်ဆက်ခဲ့ကြ၏။

လမ်းပြကြီးကမူ မျက်ရည်ဝဲလျက်ဖြင့်....

'သွားမယ် ဗိုလ်ကြီး'

'သွားမယ် ဆရာ' ဟု နှုတ်ဆက်ကာ လက်ဝှေ့ယမ်းရှာသည်။

ကျွန်တော်လည်း လမ်း၌စားရန်အတွက် လမ်းပြကြီးကို နို့ဆီတစ်ဘူး ပေးလိုက်မိသေး၏။

ကျွန်တော်တို့အဖို့ ရှေ့ခရီးကို အထမ်းသမားနောက်တို့ဖြင့် တစ်စခန်းသွားရမည် ဖြစ်ပါသည်။

နေခြည်လည်း ဖြာဝင်းခဲ့ပြီ။

ကျွန်တော်တို့လည်း နံနက်စာ စားပြီးခဲ့ပြီ။

နေခြည်ဝင်းနေရာမှ ရုတ်ခြည်း အားဖျော့သွားသည်။ တိမ်တိုက်စွဲကြီး ဆစ်ခုကား ကျွန်တော်တို့ ဝန်းကျင်ကို



ရွှေ့လျားစိုးမိုးခဲ့၍ နေခြည်အလင်း ဖျော့တော့ခြင်း ဖြစ်ရသည်။

နေခြည်လည်း ဖျော့ရာမှ မှိန်ခဲ့ပြီ။

မှိန်ရာမှ ပျောက်ခဲ့ပြီ။

'ကဲ မြို့ပိုင်ကြီး၊ ရာသီမသာလဲ သွားရမှာပဲ ရှေ့သို့ ရဲတော် ဆက်လုပ်'

ဟု ဗိုလ်ကြီးတင်စိုးက ကျွန်တော့်ကို ရင်းရင်းနှီးနှီး ပခုံးဖက်၍ ပြုံးပြုံးကြီး ပြောပါသည်။

ကျွန်တော်တို့လည်း ဟိန်ကွတ်ရွာ တောင်ဘက်ရှိ တောင်ကို စတက်ခဲ့ပြီ ဖြစ်ပါသည်။

ဟိန်ကွတ်ရွာမှ အထွက် တောင်ပေါ်အတက်တွင်ပင် မြူနှင်းတို့ ပိတ်ဆီးကာ ဆိုင်းထားတော့သည်။

တဖြည်းဖြည်းဖြင့် မြူနှင်းအကျများလာ၍ ရှေ့ခရီးကိုပင် မမြင်ရတော့။

သို့ဖြင့် ရှေ့ခရီးအတွက် ခက်ချေပြီ။

ကျွန်တော်တို့လည်း စိမ့်အေး၍ ချမ်းလာသကဲ့သို့.... နှင်းရည်တို့ဖြင့် စိုရွှဲနစ်နေတော့၏။

လမ်းလျှောက်ရာတွင်လည်း ခရီးကား မတွင်တော့။ ရှေ့ဘာဆက်လုပ်ကြမည်နည်း။

နှင်းမုန်တိုင်းဆိုပါကလား။

မိုးမည်းတိမ်တိုက် ရွေ့လျားခိုက်မို့ ခဏပါ။ ဒီလိုပဲ တဖြည်းဖြည်း လျှောက်ကြတာပေါ့ဟု ဗိုလ်ကြီး၏ အကြောင်းပြန်သံ ကြားလိုက်ရပါသည်။

သို့ဖြင့် ကျွန်တော်တို့လည်း ကိုယ့်ခြေကိုယ် မနည်းကုတ်၍ အားယူကာ တရွေ့ရွေ့ဖြင့် တက်နေရတော့သည်။

အဝေးသို့ဖြင့် မမြင်ရ။

အနီးပင် မျက်စိရှင်ရှင် ကြည့်နေရ၏။

မတော်တဆ ခြေချော် လက်ချော် တောင်စောင်းမှ ကျသွားလိုက်မှဖြင့်....အမယ်လေး....မတွေးရဲအောင် ဖြစ်နေမိပါသည်။

နှင်းမုန်တိုင်းကလည်း ကျဆဲပင်။

မိုးကာလည်း မအတ်နိုင်တော့။

မိုးကာမှ နှင်းစက် နှင်းပေါက်များ အောက်သို့ တစ်ပေါက်ပေါက် တစ်စက်စက် ကျနေ၏။

ခေါင်းဖျားမှ ခြေဖျားတိုင် လုံအောင် မထွေးနိုင်တော့။

ရှေ့ခရီးစဉ် ပတ်ဝန်းကျင်လည်း မမြင်ရတော့။

နှင်းမှုန်များကြား မှုန်တိမှုန်မွှား ဂိုးတာ ါး။

ခြေဖျားနှင့် လက်ဖျားတွေ အေးလာပြီ။



မေးဖျား ခိုက်ခိုက်တုန်အောင် ချမ်းလာတော့သည်။ ကျွန်ုပ်တော့မှာ ချမ်းအေးခိုက်တုန်နေရသည့်အထဲ ရေကဆာလိုက်သေးသည်။

ရေဆာလှသဖြင့် ကျွန်တော်လည်း မနေနိုင်တော့ဘဲ တောင်ကုန်းအနီးရှိ ကြံပင်မှ ကြံချောင်းကို ချိုးယူကာ စုပ်ရတော့သည်။ ကျွန်တော်၏ရင်တွင်းဝယ် ချိုအေး စိမ့်သွားသည်။ ကြံရိုးကိုင်သည့် လက်များ ထုံကျဉ်လာ၍ ကြံရိုးကို လက်ကိုင်ပဝါဖြင့် ဆုပ်ကိုင်ရတော့၏။

အားလုံးသောမျက်လုံးများက ကျွန်တော့်ကို စူးစူးစမ်းစမ်း ထူးထူးခြားခြား ကြည့်နေကြသည်။

ဒီလူ ရူးသွားပြီလား....ဟူ၍။

အမှန်တော့ ကျွန်တော် မရူးပါ။

ရေဆာလွန်း၍သာ ရေအစား ကြံစုပ်နေခြင်းဖြစ်၏။ ကြံရည် ချိုအေးနေသဖြင့် ကျွန်တော့်အဖို့ စိတ်ကြည်လန်းဆန်းသွားပါသည်။

ကျွန်တော်၏ ခြေသလုံးကြွက်သားများသည် ကျစ်၍ မာနေ၏။

ရာသီဥတုဒဏ်၊ ခရီးပန်းခြင်း ဒဏ်ကို ကြံ့ကြံ့ခံနိုင်ခဲ့လေပြီ။

ကျွန်တော်တို့လည်း ခရီးအတော်ပေါက်ခဲ့ပြီ။

နှင်းမှုန်တိုင်းလည်း တစ်စ တစ်စ ပါးစ ပြုလာ၍ မြူမှုန်ကလေးများသာ ကျန်တော့သည်။

မြူမှုန်များကြား ပြေးလွှား ဆော့ကစားချင်စိတ်ပင် ပေါက်မိတော့သည်။

ကျွန်တော်တို့အဖွဲ့သည် တဖြည်းဖြည်းနှင့် တောင်ထိပ်ရောက်၍ မြူတွေကြား သွားနေရတုန်းပင်။

သည်မြူတွေပင် အဝေးကကြည့်လျှင် တောင်ထိပ်တွင် မြူတွေဆိုင်းမှိုင်းညို့လို့ဝေ ဆိုတာပေါ့။ တိမ်ညွန့် တိမ်ပန်းဆိုင်းများ တောင်ထိပ်တွင် တွဲခိုနေဘိ အလား။

တော်တော်ဟုတ်သည့် ကျွန်တော်ပါ။

တိမ်ညွန့်ကိုစား ဖြတ်သွားနေသည့် ကျွန်တော်။

သက်တန့်ပေါ်မှာ ကစားမယ် သီချင်းဆိုသူ အဆိုကျော် မာမာအေးအဖို့ စိတ်ကူးယဉ်ဖြင့်သာသီဆိုရသည်။ လက်တွေ့မခံစားရပါ။ ကျွန်တော့်အဖို့မူ မြူမှုန်တွေကြားတွင် အိပ်မက်ကမ္ဘာထဲရောက်နေဘိအလားလျှောက်သွားနေရခြင်း ဖြစ်သည်။

ကျွန်တော်တို့အဖွဲ့ ခရီးထွက်လာခဲ့မိသည်မှာ ရက်အားဖြင့် ၁၇ ရက်တင်းတင်းပြည့်ခဲ့ပြီ။

သီတင်းနှစ်ပတ်ပင် ကျော်ခဲ့ရပါပြီကော။



ကျွန်တော်လည်း မြူတွေကြားသွားနေရ၍ စိတ်ပျော်မိသည်။

ငကျွန်ရွာကိုတော့ ရောက်လိုလှသည်။

သို့ဖြင့် စိတ်ကြည်ရွှင်နေသည့်အချိန်တွင် ကျွန်တော် ရောက်လိုလှသော ငကျွန်ရွာကလေးကို မျှော်မှန်းတမ်းတသည့် သဘောဖြင့် ကျွန်တော့်ရင်မှာ ခံစားထွက်ပေါ်လာသည့် သီချင်းကတော့...,

ငကျွန်....ငကျွန်....ငကျွန်.... တို့ရောက်လိုသည့်ငကျွန်....

ပုဂံ....ပုဂံ....ပုဂံ....တို့ပြည်မရဲ့ မင်းဌာနေအမှန်....

တစ်နေ့တစ်လံ ပုဂံဘယ်ပြေး....

ယနေ့ငကျွန် ဘယ်မှာမဝေး....

ရောက်တော့မယ်ဟေး....အနီးလေး....

သွားစို့တူပျော် ခရီးတေး....ဟူ၍ ဖြစ်ပါသည်။

ကျွန်တော်သည် အိန္ဒိယရုပ်ရှင်ထဲက မင်းသားကဲ့သို့ ရင်ကလေးကော့ လက်ကလေးဆန့် ကိုယ်ကလေးကို လှုပ်လှုပ် မြူတိမ်များကြားတွင် ဟန်ရေးပြ သိုက်ချင်စမ်းပါဘိတော့။

ထိုထိုသော ရုပ်ရှင်မင်းသားက အနုပညာသက်သက်ဖြင့် ပျော်တော်ဆက်ခြင်း ဖြစ်သည်။

'ငါ့အဖို့မူ အမိနိုင်ငံ အတွက် တိမ်ညွှန့်ကို စား၍ အောင်ပန်းအောင်ဖူး ရယူဆွတ်ခူးရန် ဦးတည် ရည်ရွယ်ချက်ကြီးဖြင့် လျှောက်လှမ်းနေသည် မဟုတ်တုံလော'

ကျွန်တော်၏ လက်ရှိဘဝနှင့် တာဝန်ကို နက်နက်နဲနဲ တွေးမြင်ကြည့်လျှင် တကယ်ပင် ဂုဏ်ယူလောက်ပါသည်။

မြန်မာပြည်ကို ကိုယ်စားပြု၍ ဆောင်ရွက်ခွင့်ရသည့် နယ်ဘက်အရာရှိလေး ကျွန်တော်ပါ။

အသက်အားဖြင့် ၃၃ နှစ်အရွယ်။

လူလတ်ပိုင်း။

ကျန်းမာရေးညီညွတ်သည့်အရွယ်။

ပြည်သူအများအတွက် စေတနာဖက်၍ အသက်မခံနမထားဘဲ သက်စွန့်ဆံဖျား စွန့်စား တိုက်ခတ်နေရသော သားကောင်းစစ်သည် အာဇာနည်များကဲ့သို့ ကျွန်တော်လည်း တိုင်းပြည်၏ စီမံခန့်ခွဲ အုပ်ချုပ်ရေး စစ်မျက်နှာတွင် တပ်ဖြန့်လိုက်နေရသည့် တပ်မှူးလေး ကျွန်တော်ပေါ့။

အများပြည်သူ မေတ္တာကြောင့် ကျန်းမာ ရွှင်လန်းလျက်သာပါဟု သို့ကလိုပင် ကျွန်တော်၏ လက်တွေ့ဘဝနှင့်ယှဉ်၍ ဝင့်ကြွား ဂုဏ်ယူမိပါသည်။

နောင်သော် အောင်နိမိတ်၏ အောင်ပွဲ အကြောင်း။

အတိတ်ဖြစ်ရပ် အကြောင်းစကားစပ်မိတိုင်း ဂုဏ်ယူဝင့်ကြွားနိုင်လေမည့် ကျွန်တော်ပါ။

ကျွန်တော်တို့အဖွဲ့သည် တောင်ထိပ်ကိုတော့ ရောက်ခဲ့ပြီ။

သည်တောင်က ဆင်း၍ တစ်ဖက်တောင်စောင်းပတ်လည်နံဘေးရှိ တောင်ခုလတ်တွင် ကျောက်ရွာ ရှိသည်တဲ့။



ကျောက်ရွာ (မပည ၁၆၂၆)သို့ ရောက်ရှိရန် ခရီးကသိပ်မဝေးတော့။

လေကလည်း တဟူးဟူး တဖြန်းဖြန်း တပြုန်းပြုန်း တိုက်ခတ်နေ၍ ခရီးအသွားခက်နေသည်။

ပိုဆိုးသည်က အဆင်းဖြစ်နေ၍ ဖြစ်သည်။

တောင်ဆင်းဆိုသော်လည်း ခပ်ပြေပြေ အဆင်းဖြစ်၍ တော်သေးသည်ဟု ဆိုနိုင်သည်။

ကျွန်တော်တို့လည်း လေကို ဆန်၍ လည်းကောင်း၊ စုန်၍လည်းကောင်း၊ ကိုယ်တစောင်း အနေအထားဖြင့်လည်းကောင်း နည်းအမျိုးမျိုးဖြင့် အဆင်ပြေသလိုသွားနေကြသည်။

ဆန်သည့်အခါ ခရီးဖင့်နှေးသလောက် စုန်သည့်အခါ လေအရှိန်ဖြင့် အရှေ့သို့ တိုးလျှောက်သလို ဖြစ်နေ၏။

နားနေ့ခင်ကျွန်ခရီးမှန်ကို ရောက်မှ အေးပေတော့မည်။

မကြာမီ လေလည်း အတိုက်ရပ်ပြီ။

မြူလည်း စဲခဲ့ပြီ။

ကျွန်တော်တို့သည် ကျောက်တိုင်ချွန်ချွန်များ စီရရီစိုက်ထားသည့် တစ်ခုသော တောင်စောင်းနံဘေးသို့ရောက်ခဲ့သည်။

ကျောက်တိုင်များ အနီးတွင် ကျောက်တန်းရှည် ခုံကလေးများရှိသည်။ ကျွန်တော်တို့လည်း ကျောက်တန်းရှည်ခုံလေးများတွင် ထိုင်နေရင်း နားကြသည်။

ကျောက်တိုင်များနောက်ဘက်ရှိ တောင်စောင်းတွင် ကပ်လျက် ပေါက်နေသော တောင်ဇလပ်ပင်မှ တောင်ဇလပ်ပန်း အဖြူအဆုပ်အဆုပ် အပွင့်လိုက် အဆုပ်လိုက် ပွင့်နေကြပုံမှာ အားရစရာ ကောင်းတော့သည်။

တောင်ဇလပ်ပန်းတို့မည်သည် အဆုပ်လိုက် ပွင့်အား ကောင်းသည့် ပန်းမျိုးပါတကား။

တောင်ဇလပ် ပန်းဖြူဖြူကြီးများကား ထီးဖြူကြီး ဖြန့်ကြက်အုပ်ဆောင်းထားသကဲ့သို့တည်း။

သည်တော သည်မြေ သည်ရေ သည်ပန်းတို့သည်တင့် မော လိုက်ဖက်လေစွ။

ကျွန်တော်တို့သည် ကျောက်တန်းခုံတွင် ထိုင်ကာ ကျောက်တိုင်များကို ကြည့်သည့်အခါ အလှူရှင်ရွာလူကြီး က သူ့အလှူတွင် ကျွဲဘယ်နှစ်ကောင်၊ ပစ္စည်းဘယ်နှစ် မျိုး၊ ငွေဘယ်လောက်သုံးစွဲ လှူဒါန်းကြောင်း၊ အင်္ဂလိပ် စာဖြင့် လှူဒါန်းခဲ့သည့် ခုနှစ်သက္ကရာဇ်ပါ ရေးထိုးထား ကြောင်း တွေ့ရသည်။

အာဂ နာဂများပါပေ။



အလှူဒါနပြုပွဲကျောက်တိုင်တွင် ကမ္ပည်းမှတ်တမ်းတင်ခြင်းမှာ အလွန်အဆင့်မြင့်ခဲ့သည့် ကျောက်စာကမ္ပည်းတိုင်ကဲ့သို့တည်း။

ယဉ်ကျေးမှုကို ဖော်ကျူးသကဲ့သို့ နာဂတို့၏ ဓလေ့စရိုက်ကိုလည်းသိရသည်။

အလှူရှင်၏ စေတနာဆန္ဒကိုလည်း သိရသည်။ စာသားများကို ဆေးနီခြယ်ထားသဖြင့် အလှအပကိုလည်း ကြိုက်ကြောင်း သိရသည်။

သို့တစေ ကျောက်တိုင်လည်း ချောမွတ်ခြင်း မရှိ။

စာသည်လည်း ညီညွတ်လှပခြင်းမရှိ။

သဘာဝကျောက်တိုင် ကျောက်တုံးပေါ်တွင် ဖြစ်သလို စာထွင်းရေးသားထားခြင်းသာ။

မည်သို့ဆိုစေ အစဉ်အလာကောင်းတစ်ရပ်အဖြစ်တော့ ဓလေ့စရိုက်တစ်ခုအနေဖြင့် မှတ်ယူထိုက်၏။

တစ်နည်းဆိုရသော် ရွာနှင့် နီးလာပြီ ဖြစ်ကြောင်း သက်သေသာဓကတစ်ခု ဖြစ်၏။

ကျွန်တော်တို့သည် ထင်းရှူးတောကို ဖြတ်၍ တစ်ခုသောတောင်စောင်းတွင် မေးတင် ဆောက်ထားသော ကျေးရွာကို မြင်တွေ့နေရပါသည်။

ကျေးရွာသည် တောင်စောင်းပေါ်တွင်ရှိပြီး၊ တောင်ကြောပြေပြေမှ ဆင်းသွားရ၏။

ကျွန်တော်တို့ အဖွဲ့လည်း တောအုပ် ခပ်ပါးပါးမှ ထွက်ခဲ့၍ တောင်ကြောပြေပြေ လမ်းကလေးအတိုင်း ဆင်းသွားခဲ့သည်။

ကျေးရွာတွင် များသောအားဖြင့် သွပ်မိုးပျဉ်ထောင် အိမ် တော်တော်များသည်။

ရွာ၏အလယ်တွင် ကျောက်တိုင်ခုံလေးများ စီတန်းထားသည့် မြေညီကွက်လပ်တစ်ခုရှိသည်။

ထိုနေရာသည် ရပ်ရေးရွာမှုအတွက် စုဝေးရာ နေရာ ပါတည်း။

ကျေးရွာမြောက်ဘက် တောင်ကုန်း ခပ်မြင့်မြင့်ထိပ်တွင် ရွာကြီးတစ်ရွာရှိသည်။

အိမ်များသည် အချို့ အမြင့်တွင် ရှိသည်။ အချို့ အနိမ့်တွင်....

နာဂရွာနေတွင် ဆွမ္မရာသည် ရွာကြီးရပ်ကြီး ဖြစ်ခဲ့၏။ ကျော်ကြားခဲ့၏။

နာဂတို့၏ မြို့တော်လေး ဖြစ်ခဲ့၏။ နာဂ အိမ်တွင် ထူးခြားချက်တစ်ခုရှိ၏။ အိမ်ရှေ့တွင် တိရစ္ဆာန်ဦးခေါင်းခွံများ ချိတ်ဆွဲထားလေ့ရှိ၏။



ရပ်ရေးရပ်မှု စုဝေးရာ ထိုကွက်လပ်အွင်ကား နာဂကလေးငယ်များ ဆော့ကစားနေကြပြီး၊ ကျောက်တန်းတိုင်ခုံကလေးများတွင်မူ နာဂအမျိုးသမီးကြီးများ ထိုင်နေကြသည်။

နာဂအမျိုးသမီးကြီးတို့တွင် လှပ၍ ရောင်စုံမြေးနေသော နာဂပုတီးစေ့ကလေးများကို ပုံစံအမျိုးမျိုးဖြင့် သီကုံးလည်ဆွဲပြုထားသည်။

နာဂအင်္ကျီ ထဘီတို့မှာ များသောအားဖြင့် အနက်များ ဖြစ်ကြ၏။

အနက်ရောင်ကို အတော်သဘောကျဟန်တူသည်။

ကျွန်တော်တို့ အဖွဲ့လည်း နားနားနေ ထုံးစံအတိုင်း အဖွဲ့လိုက် သင့်ရာအိမ်များတွင် ရွာလူကြီးနှင့် တိုင်ပင်၍ တည်းခိုလိုက်ကြသည်။

ကျွန်တော်တို့လည်း ညစာ စားသောက်အပြီး ခပ်စောစောပင် အိပ်ရာဝင်ခဲ့ပါတော့သည်။

အပန်းဖြေနားနေခြင်းကား ကျွန်တော်တို့အတွက် မရှိမဖြစ်သော အားဆေး လက်နက်ကောင်းတစ်ခု မဟုတ်ပါလား။

ရောက်လိုလှသော ကျေးနံ။
မြင်လို တွေ့လိုလှသော ကျေးနံ။

ယခုတော့ဖြင့် ငကျန်ရွာတွင်ပင် စခန်းချ နားနေခဲ့ပြီ မဟုတ်ပါလော။

တစ်နေ့တစ်လံ ပုဂံဘယ်မြေး....
ယနေ့ငကျန် ဘယ်မှာမဝေး....
ရောက်တော့မယ်ဟေး....အနီးလေး

သွားစို့တူပျော်....ခရီးတေး....ဟု ရင်ဖွင့် အားတင်းရန် မလိုတော့ပါ။

သွားစို့တူပျော်ခရီးတေးကိုတော့ဖြင့် ခံစားချက်ပေါ် မိသည့်အခါတိုင်း ဆိုမိလိမ့်မည် ဖြစ်ပါသည်။ အောင်နိမိတ်စစ်ဆင်ရေး စ ထွက်စဉ်ကလည်း ခံစားချက်ဖြင့် ရေးသီဖွဲ့လို့ ဆိုခဲ့မိသည်။

ယခုမူ....
အောင်နိမိတ် အောင်တီတ်ကိုမျှော်
ပျော်ပါရဲ့လေး။
သည်နယ်မြေ သည်ကျောက်တိုင်နဲ့
မြဲခိုင်အောင် နောင်ရှည်ကြီးမယ်
မျိုးတွက်ကယ်လေး....
ဟူ၍သာ ဆိုချင်မိတော့သည်။

ကျွန်တော်၏ မျက်ခွံများသည် လေး၍မှေး၍ လာခဲ့ပါပြီ။



အတွေးအာရုံကို ဆက်လက် ဖြန့်ကြက် မထားနိုင်တော့ပါ။

ပန်းခဲ့သမျှသော ခန္ဓာအိမ်စက်ကြီးက နားနေဖို့အချက်ပေးနေပြီ ဖြစ်ပါသည်။

ကျွန်တော်သည် ကောင်းမြတ်သော စေတနာစိတ်ဇောဖြင့် နှစ်နှစ် ခြိုက်ခြိုက်ပင် အိပ် လိုက် မိ ပါ တော့သတည်း။

* * *

# အခန်း (၁၆)

## ဆွမ္ဗူရာ အလှ

နာဂတို့ ပျော်စံရာ နယ်မြေကမ္ဘာတွင် ဆွမ္ဗူရာသည် အလှဆုံးဒေသ ဆိုရလေမလား။

ထိုသို့ဆိုခဲ့လျှင်လည်း ရောက်ဖူးသူတိုင်းအဖို့ လွန်အံ့မထင်ပါဟု ပြန်လည်ဖြေကြားမည် ဖြစ်ပါသည်။

ဆွမ္ဗူရာသည် ပေ ၇၀၀၀ ကျော်တွင် ရွာတည်ထားပြီး ကျန်ရွာ တည်ထားသော တောင်ထက် မြင့်သည့် တစ်ဖက် တောင်ထိပ်တွင် ရွာတည်ထားခြင်း ဖြစ်၏။ သို့ကြောင့် ကျန်မှနေ၍ ဆွမ္ဗူရာအလှကို အဝေးမှ အကဲခတ်နိုင်ခြင်း ဖြစ်ပါသည်။



နာဂဌာနေ ဆွမ္ဗူရာနှင့် ကချင်ပြည်နယ် ဆွမ္ဗူရာဘွမ် တို့မှာ ရောထွေး မှားယွင်းတတ်ပါသည်။

နာဂရွာ ဆွမ္ဗူရာမှာ လေရှီး မြို့နယ်အတွင်းရှိ လူနေအိမ်ခြေစိပ်၍ အဆောက်အအုံဟောင်းများ ပေါများသော နာဂမြို့ကလေးဆိုသော် ရနိုင်စကောင်း၏။

ဆွမ္ဗူရာရွာကို ကျန်မှလှမ်းကြည့်သည့်အခါ တပြိုးပြိုး တပြက်ပြက် အရောင်ထွက်၍ ဝင်းခနဲ လက်ခနဲ အရောင်ထွက်နေသည်။

သွပ်ရောင်ဖွေးဖွေးတို့ကို အတိုင်းသား မြင်နေရ၏။ တောင်ကုန်းအမြင့်တွင် စီရရီ ဆောက်ထား၍ ဆွမ္ဗူရာ အိမ်များမှာ ကြည့်၍ပင် ကောင်းသေးတော့သည်။

ဗိုလ်ကြီး မှန်ပြောင်းဖြင့် ယူကြည့်မိသောအခါ ဘုရားရှိခိုးကျောင်း၏ အစွန်းထိပ်မှ ဖြိုးပြက်သောအရောင် ထွက်နေကြောင်း တွေ့ရပါသည်။

မှန်ပြောင်းဖြင့် ကြည့်မှ အိမ်များ၊ အဆောက်အအုံများကို ကွဲပြားစွာ မြင်ရတော့သည်။

အချို့ အိမ်သည် မြင့်လျှက်ရှိပြီး၊ အချို့ အိမ်သည် အနိမ့်တွင်ရှိသည်။

တောင်ထိပ်မှာ ညီညာခြင်းမရှိ။

မိုးကောင်းကင်သည် ကြည်မြ လဲ့နေပြီး၊ တစ်ကွက်သော မိုးမည်းတိမ်တိုက်က ဆွမ္မရာရွာထိပ်တည့်တည့်တွင် တည်ရှိ၍ ဆွမ္မရာမှာ မှိုင်းအုံ့နေ၏။ သို့ကြောင့် ဆွမ္မရာအလှကို နယ်ဝန်းကျင် အစင်းအဝမှနေ၍ ဆွမ္မရာကို မှိုင်းအုံ့စေကာ မီးမောင်းထိုးပြသကဲ့သို့ ရှိတော့၏။

ဤမျှ ကျွန်တော့်အမြင်ကို ကြည်လင်နိုင်သမျှ ကြည်လင်စေကာ ရေးဖွဲ့နေသည်မှာ ညက အိပ်ရေးဝခဲ့သဖြင့် ကြည်လင် လန်းဆန်းနေ၍ ဖြစ်ပါသည်။

တကယ်တော့မူ ဆွမ္မရာကို ရောက်လိုလှသော ကျွန်တော့်စိတ်က လွမ်းမိုးခြုံငုံထား၍ဖြစ်ကြောင်း အကဲခတ်မိပါသည်။

မဆီစိတ်က လူတို့ စွဲလမ်းရာရာကို
အမှတ်မထင် စိုးမိုး လွှမ်းခြုံထားတတ်သည် မဟုတ်ပါလား။

နာဂတို့အိမ်မှာ သပ်ရပ်မှု ရှိသော်လည်း ခန့်ညားမှု မရှိ။

အတွင်းပစ္စည်း သိပ်မထား။ အိမ်ထောင်ပရိဘောဂ မရှိ၊ ပကတိ အစင်းသား။

အခန်းလည်း သိပ်မဖွဲ့။

သို့ကြောင့် နာဂ အိမ်တို့သည် မကြီး သော် လည်း ကျယ်သည်။ ငယ်သော်လည်း ရှင်းသည်။ လင်းသည်ပေ၏။



ကျွန်တော်တို့အတွက် ဝရန်တာထွက်၍ နေ့စာလှိုရင်း၊ ထမင်းကြော်စားရင်း ပတ်ဝန်းကျင်အလှကို မျက်စိပသာဒ ကျခဲ့ရပါသည်။

ဆွမ္မရာ အဆောက်အအုံများမှာ အချို့ မှောင်၍မှိုင်းလျက်၊ အချို့ လင်းလျက်။

သို့အတွက် ဆွမ္မရာရွာကြီးမှာ တစ်ခြမ်းမှောင်၊ တစ်ခြမ်းလင်းဖြင့် ကြည့်၍ပင် တစ်မျိုးဆန်းနေပေတော့သည်။

'ဆွမ္မရာဘက် ငေးလှချေလား မြို့ပိုင်ကြီး၊ လွမ်းစရာရှိနေပြီလား'

ဦးမအေးဖေက စကားစလိုက်ပါသည်။

'မဟုတ်ရပါဘူးဗျာ....အလင်းဘက်တစ်ဝက် အမှောင်တစ်ဝက်နဲ့ လှနေတဲ့ ဆွမ္မရာကို ကြည့်မိနေတာပါ'ဟု ကျွန်တော်က ပြန်ပြောလိုက်ပါသည်။

'ကဲ....စကား ကောင်းနေလိုက်ကြတာ၊ ကျောက်တိုင်အမှတ် ၁၂၇ (မပည ၁၅၁၂၁၀)သို့ သွားကြစို့' ဟု ဦးကြည်မြင့်က ပြောပြောဆိုဆို လာခေါ်ပါသည်။

'ကျွန်တော်တို့လဲ အဆင်သင့်ပါပဲ'ဟု ပြန်ပြောရင်း ဦးကြည်မြင့်နောက်သို့ ထလိုက်သွားကြပါသည်။

ဗိုလ်ကြီးနှင့် အထမ်းသမားတို့ အဆင်သင့် ဖြစ်နေကြပြီ။

ကျွန်တော်တို့လည်း ကျေးရွာမှ အနောက်တောင်ဘက်ရှိ ကျောက်တိုင်အမှတ် ၁၂၇ (မပည ၁၅၁၂၁၀)

သို့ ထွက်ခဲ့ကြပြန်သည်။ အထမ်းသမားများမှာ နာဂ လူမျိုးများ ဖြစ်ကြပါသည်။

ခြေမြန်သည်။ ဖျတ်လတ်သည်။

စကားပြောနည်းကြသည်။

သွားနေကျခရီးဖြစ်၍လည်း သူတို့တွင် အခက်အခဲ ရှိဟန်မတူ။

ရှမ်းအထမ်းသမားတို့က ပစ္စည်းကို ထမ်းယူသကဲ့သို့ နာဂတို့က ပလိုင်းတွင်ထည့်၍ ပလိုင်းကြိုးကို နဖူးထိပ်တွင်သိုင်းကာ ကျောပိုးထမ်း၏။

နာဂကိုယ်စီတွင် အရေးကြုံက သက်လုံကောင်းရန်နှင့် တောင်ဝှေးအဖြစ် လိုသလိုအသုံးပြုရန်လှံတစ်ချောင်းစီပါ၏။

လှံသည် နာဂတို့၏ ခရီးဆောင်ပစ္စည်းတစ်ခု ဖြစ်၏။

နာဂနှင့်လှံမှာ ခွဲခြားမရသကဲ့သို့တည်း။

နာဂတို့သည် ရှမ်းလူမျိုးတို့ထက် မာရေ ကြောရေ ရှိသည်။ အပင်ပန်းပိုခံနိုင်သည်။

နာဂတို့သည် ခရီးဝေး သွားကြမည်ဖြစ်၍ ခြုံစောင်တစ်ထည်ကို ပတ်ခြုံထားလေ့ရှိသည်။

အင်္ကျီဝတ်ဆင်ရာတွင်လည်း ဖြစ်သလို ဝတ်ဆင်တတ်၍ ဘောင်းဘီတိုကို ဝတ်ဆင်လေ့ရှိ၏။



အချို့မူ အောက်ပိုင်းတွင် အရှက်လုံ အဝတ်ကလေးမှတစ်ပါး ဗလာကိုယ်ချည်း နေကြသည်။

ဆံပင်ပုံစံများမှာ မဖော်ပြတတ်လောက်အောင်အမျိုးမျိုးရှိသည်။

ရှမ်းအထမ်းသမားတို့မှာ ထူးခြားသောသွင်ပြင်လက္ခဏာ အမူအရာမရှိကြ၍ ဖော်ပြရေးသားခဲ့ခြင်း မရှိပါ။

နာဂတို့အဖို့မူကား....

ဝတ်စားပုံချင်း မတူသကဲ့သို့ ဆံပင်ပုံစံချင်းက အစ မတူပေ။

တူညီတာ တစ်ခုတော့ရှိသည်။

မည်းပြောင်ညစ်ထေး၍ ညိုမောင်းသောကိုယ်ကာယ ရှိကြသည်။

အချို့မှာ နားကွင်းကြီးနှင့် စီးပ်ပုတီးနှင့်။

အချို့မှာ လည်ပင်းတွင်လည်းကောင်း၊ လက်မောင်းတွင်လည်းကောင်း ရစ်သီဆိုင်းဖွဲ့လျက်။

နာဂတို့မှာ လျင်မြန်ဖျတ်လတ်ခြင်း၊ အလုအယက်ကြိုက်ခြင်းတို့တွင် တူညီကြသည်။

သူတို့နှင့်ခရီးသွားရသည်မှာ ပိုခရီးရောက်သည်ဟုဆိုနိုင်ပါသည်။

အဘယ်ကြောင့်ဟူမူ....

နာဂတို့မှာ ပစ္စည်းကို ပေါ့ပါးစွာသယ်၍ အပြေးကလေးသွားသောကြောင့် ဖြစ်ပါသည်။

ကျွန်တော်တို့လည်း ခပ်သွက်သွက် လျှောက်ရတော့သည်။

ခေါင်းဆောင်လုပ်သူက နာဂလိုပြော၍ လောဆော်သေးသည်။

ကျွန်တော်တို့ အဖွဲ့သည် ခရီးသွားချိန် တစ်နာရီလောက်ရှိသော်လည်း တောင်နှစ်လုံးကျော်၍ ဆင်းနေပြီဖြစ်ပါသည်။

ရာသီဥတုကား ကောင်း၍ မိုးကပြာသည်။ နေကသာသည်။

တောဖွဲ့ တောင်ဖွဲ့မှာ အထူးဖွဲ့နွဲ့ရေးသိရန် မရှိပါ။

တောတွင်းသွား ခရီးသည်အဖို့ တစ်တောင်ကျော် တစ်တောင်ဆင်း၊ တစ်မြေနင်း၊ တစ်ပင်ခိုလို့ လျှိုမြောင်စိမ့်စမ်း ချိုင့်ဝှမ်းအသွယ်သွယ်ကို ဖြတ်ကျော်ခဲ့ရသည်မှာ ထူး၍မဆန်းတော့ပါ။ တောတွင်း အတွေ့အကြုံရင့်ကျက်နေပြီ မဟုတ်ပါလား။

ကျွန်တော်တို့သည် တောင်ကြောအတိုင်း မတ်ကာကွေ့ကာ ဆင်းခဲ့ပြီ။

ယခုတစ်ဖန် ခပ်မတ်မတ်တောင်ကို ဒူးကို အားပြု၍ တက်ကြရပါဦးမည်။

နာဂအထမ်းသမားတို့၏ ခေါင်းဆောင် လုပ်သူက ထိုတောင်ကိုစ၍ တက်မိလျှင်တက်မိခြင်းပင်....

'ဟေး....ဟေး....ဟေး....



ဟေး....ဟေးရဲ့....ဟေးဟေး'ဟု သံတိုင်လိုက်ပါသည်။

နာဂအများက နောက်မှနေ၍ 'ဟေး....ဟေးရဲ့....ဟေးဟေး'ဟု သံပြိုင်လိုက်ဆိုပါသည်။

သူတို့သည် မည်သူ့ ထံမှ အမိန့်မခံ ခွင့်မတောင်း။

ပစ္စည်းကို ပေါ့ပါးစွာသယ်၍ ညီညာစွာ ဆိုနေကြပါသည်။

သူတို့၏သံပြိုင်ဆိုတေးသံသည် အာကာနံဘေး ကောင်းကင်ယံ အလုံးပဲ့တင်ရိုက်အုံးသွားတော့သည်။

ရှမ်းအထမ်းသမားတို့ သီချင်းကအေး၍ ဆွဲဆွဲငင်ငင်ရှိသည်။ နာဂတို့၏ သီချင်းက ဆိုရလွယ်၍ သွက်သည်။ အားမာန်ပို၍ ပါသည်။ ညီညာသည်ပေ။

ကျွန်တော်လည်း နောက်က မသိမသာဆိုကြည့်သည်။ ဆို၍တော့ရ၏။ သို့သော် သံစဉ်အထွန့်အတက် ဆွဲသော 'ဟေး'လိုက်ပုံမမှန်။ သူတို့လိုက်သော ဟေး....ဟေးရဲ့....ဟေးဟေး ကား နားဝင်ချိုမြလှတကား။

သူ့အရပ် သူ့ဓလေ့ ပျော်မွေ့နေကြသည်သာ။

ကျွန်တော်ဆိုလျှင် တောနှင့်ခေါင်ခေါင်။

တောင်လည်းကာဆီး သည်သို့ အရပ်ဌာနေကြီးမျိုးတွင်နေရန် ဘယ်အခုန်းကမှ စိတ်မကူးခဲ့။

သို့တစေ....

အဘယ်အကြောင်သူသည် နာဂအမျိုးသား ဖြစ်ဘိမူကား သူ့အရပ် သူ့ဓလေ့ ပျော်မွေ့နေမည်သာ။

နာဂသီချင်းသည် ရင်တွင်းမှ အတွင်းအား လှိုက်လှဲသံပါ၍ အားနှင့်မာန်နှင့်သီဆိုမှ အရသာရှိ၏။

သို့ကြောင့် အတွင်းအားကို ဖြစ်စေ၏။

ညီညွတ်ခြင်းကို ပြ၏။

သံဖြိုင်ကလေးစီး၏။

ပူးကပ်တွဲယှဉ်၏။

အားမာန်ပါ၏။

သို့အတွက် နာဂစစ်သည်တော်များ စစ်လုံကြီးများ တကားကား ဝတ်ရုံကြီးတွေတဖားဖား ခေါင်းစွပ်ကြီးတွေ တဖွားဖွားဖြင့် ဘယ်ကလောက် ကြည့်ကောင်းပါမည်နည်း။

ယခုပင် နာဂစစ်သည်တော်များ စစ်ချီနေဘိ အလားထင်ရှီးမှားဖွယ် ဖြစ်ရပါသည်။

ကျွန်တော်တို့လည်း တောင်ပေါ်သို့ ခပ်သွက်သွက်တက်မိခဲ့ကြ၍ မောဟိုက် ရင်တုန် အားအင် ကုန်ခဲ့ကြပြီတည်း။

အကြင်နာဂတို့မှာ ဘာမျှပင်ပန်းမှုမပြသေးဘဲချွေးစို့ရုံသာရှိတော့သည်။

ကျွန်တော်တို့မှုကား ဟူးဟူးလန်နေပေပြီ။

ကျွမ်းကျင်ရာ လေ့ကျင့်မိရာ လိမ္မာလှပါတကား။

ကျွန်တော်တို့လည်း စစ်ကြောင်းမျိုး၏ ခေတ္တနားဧမှုကြောင့် ခြေပစ်လက်ပစ် နားလိုက်မိပါသည်။



နာဂခေါင်းဆောင်လုပ်သူက ဆီးဖြူသီးတစ်ဆုပ်လာပေး၍ ကျွန်တော်တို့လည်း ဆားဖြင့် မြည်းကြသည်။ အမေ့ာပြေဆေးတစ်ခွက်ပင်။

ကျွန်တော်သည် ဆီးဖြူသီးကြိုက်သူပီပီ ရေငတ်တုန်းရေတွင်းထဲကျသူကဲ့သို့ တရှမ်းရှမ်း ကိုက်စားပစ်လိုက်သည်။ အချို့ကို ဘောင်းဘီအိတ်ထဲသို့ လမ်း၌စားရန်ထည့်ထားမိလိုက်သေး၏။

ကျွန်တော်တို့သည် မြူမြဲမမှုတာ အတိုင်း တောတွင်းမိတ်ဝတ်မပျက်သည့်အနေဖြင့် တစ်တောတိုး၊ တစ်လျှိုဝင်ခဲ့ပြီ။ တစ်တောင်ကျော်၊ တစ်တောင်ဆင်းခဲ့ပြီ။

သစ်တောကား ထူထပ်သိပ်သည်းခြင်း မရှိ။

မထူမပါး အနေတော်၊ သွားလာ ကောင်းရုံသာရှိတော့၏။

ကျွန်တော်တို့ ရောက်ရှိရာအရပ်သည် ကျောက်တိုင်အမှတ် ၁၂၇ (မပညာ-၁၅၁၂၁၀) အနီး ဖြစ်နေသည်ကို အံ့သြစွာ တွေ့လိုက်ရတော့သည်။

အချိန်မှာ နေ့ ၁၂ နာရီတိတိပင် ရှိသေးသည်။

နေ့ရက်ကား ၁၉၇၄ ခု မတ်လ ၂၈ ရက် ကြာသပတေးနေ့။

အချိန်ကား နေ့ ၁၂ နာရီ။

စုရပ်ကား ကျောက်တိုင်အမှတ် ၁၂၇

ကျွန်တော်တို့လည်း ထုံးစံအတိုင်း ကျောက်တိုင်ကို
စစ်ဆေးပြီး ပြုဖွယ်ကိစ္စများ ကြိုတင် ပြုလုပ်ထား
နေ့လယ်စာစားရင်း အိန္ဒိယအဖွဲ့ကို စောင့်ကြိုနေလို
ကြပါသည်။

ခရီးကြမ်းနှင်ခြင်း၊ နားနေခြင်းမှာ မဟာမိတ်
တည်း။

ကျွန်တော်သည် အရိပ်ကောင်းသော သစ်တစ်ပ
အောက်တွင် ထမင်းလုံးစီရင်း လှဲအိပ်မိတော့သည်။

အချိန်ကား စောလွန်းနေသေးသည်။

အိန္ဒိယအဖွဲ့သားများ ရောက်မလာနိုင်သေး။

ကျွန်တော်တို့အဖို့မူ တာဝေးပြေး မာရသွန်အ
သမားတွေနှင့် သူတော်ချင်းချင်း သတင်းလွှဲ
ပေါင်းဖက်တွေ့နေကြပြီ ဆိုရလေမလား။

ကျွန်တော်လည်း မှေးခနဲ အိပ်ပျော်သွားတော့
ကျွန်တော်လည်း မကြာမီ ဆူညံသံများကြောင့် အိပ်
နိုးလာသည်။ နာရီကြည့်မိသည့်အခါ နာရီလက်တံ
၂ နာရီသို့ ညွှန်းနေပေပြီ။

မစ္စတာဒတ်စ်နှင့် နယ်ဘက်အရာရှိတို့ ဦးဆောင်သော
အိန္ဒိယအဖွဲ့သားများ ရောက်ရှိလာခြင်း ဖြစ်၏။



'ကျောက်တိုင်အမှတ်-၁၂၁ မှာ တွေ့ကြပြီး နောက်
တွေ့တာ ပထမဆုံးပဲနော်၊ ကျွန်းမာကြရဲ့ မဟုတ်
၊ ကောင်းသော ညနေခင်းပါ ခင်ဗျာ'

မစ္စတာဒတ်စ်က ချိုပြုံးစွာဖြင့် နှုတ်ခွန်းဆက်ရှာ
သည်။

'ဟုတ်ကဲ့၊ ပို့သသော မေတ္တာကြောင့် ကျွန်းမာရွှင်
န်းလျက်ရှိပါတယ်၊ ဒီနေ့ ကျောက်တိုင်လုပ်ငန်းဟာလဲ
မောလွယ်ကူပါလိမ့်မယ် ခင်ဗျာ'

ကျွန်တော်က ပြန်လည်နှုတ်ခွန်းဆက်ရင်း ပြောလိုက်
သည်။ ကျွန်တော်နှင့် နယ်ဘက်အရာရှိ တို့ လည်း
တွေ့ဆုံရင်းနှီးပြီးဖြစ်၍ အခက်အခဲမရှိဘဲ စကားလက်ဆုံ
ရင်း ကျောက်တိုင်ဆီသို့ သွားကြပါသည်။

ကျွန်တော် တွေ့ကြုံခဲ့ရသော နယ်ဘက်အရာရှိတို့၏
ခည်မှာ ရှည်လျား၍ စဉ်းစားမရအောင် ဖြစ်နေပါ
သည်။

ဝင်းအပြင် အမှတ်တရ လက်မှတ်ထိုးဖြင့် အော်တို
ရေးခိုင်းမိခြင်းအတွက် ကျွန်တော် ကိုယ် ကျွန်တော်
အားမရနိုင်အောင်ဖြစ်ရပြီး အပြစ်တင်မိပါတော့သည်။

ဤသည်မှာ ကြီးစွာသောချတ်ယွင်းချက်ကြီး ဖြစ်သည်
ယုံကြည်ခံယူမိပါသည်။

နယ်ဘက်အရာရှိကြီး၏ အမည်နာမကိုမှ တိတိကျ… မဖော်ပြနိုင်ခဲ့သော ကျွန်တော်ပါ။

ကျွန်တော့် ညွှန်ဖျင်းမှု အတွက် ခွင့်လွှတ်ကြစေလို… ကြောင်း ဤမှတ်တမ်းတွင် ဖော်ပြ တောင်းပန်အပ်… သည်။

'ကျောက်တိုင်အခြေအနေ အားလုံးကောင်းတဲ့အတွ… ဘုရားသခင် အလိုတော်အတိုင်း အဆင်ပြေပါတယ်' … ကျွန်တော်က မြတ်ဗုဒ္ဓကို တိုင်တည်၍ စကားဆိုလိုက်… ပါသည်။ ဟုတ်လည်း ဟုတ်ပါသည်။

အမိမြန်မာနိုင်ငံတော်အတွက် စေတနာဖက်၍ အခ… အခဲ ခရီးကြမ်းကို ကျော်လွှားနိုင်ခဲ့သည်ချည်း မဟု… ပါလား။

နတ်ကောင်း နတ်မြတ်များက စောင့်ရှောက် သ… ဟု၍။ ယခုအချိန်အထိ မြွေ၊ ကျား၊ ဝံ၊ ဆင် စသ… တိရစ္ဆာန်ရိုင်းများကို မမြင်တွေ့ခဲ့ရပါ။

ဤမျှနက်ရှိုင်းသော တောကြီးမျက်မည်းထဲတွင် … တော့ တွေ့ဖို့ ကောင်းသည်မဟုတ်ပါ။ မြတ်ဗုဒ္ဓ၏ မေ… တန်ခိုးကြောင့် နတ်ကောင်း နတ်မြတ်များ စော… ကြည့်ရှုခဲ့၍ မြက်လျှော်မြွေ၊ ရေမြွေမျှပင် မတွေ့မြင်… ဖူးပါ။

တစ်ခုတော့ရှိသည်။



ကျွန်တော့် အကျင့်မှာ ရောက်လေရာအရပ်တွင် ညစဉ် …ခိုး အမျှဝေပြီး ရှေ့ ခရီးစဉ်အတွက် ချောမွေ့စေ…ကြောင်း ဆုမွန်ကောင်း တောင်းလေ့တော့ ရှိပါသည်။ …အတွက် ဘေးဘယာ ကင်းကွာသည်ဟု ယုံကြည်မိပါ…သည်။

အောင်နိမိတ်စစ်ကြောင်း မထွက်မီက သွေးဝမ်းသွား…သော ကျွန်တော်ပင် ကြမ်းကြမ်းသွား၊ ကြမ်းကြမ်းနေ၊ …မ်းကြမ်းစား၊ စစ်သားများနှင့် ရင်ပေါင်တန်းထား၍ …မိသောအခါ သွေးဝမ်းတို့သည် ကျွန်တော့်ကိုယ်မှ …၍ ပြေးကုန်၏။

ကျွန်တော်လည်း မည်းမြောင် တုတ်ခိုင်နေတော့၏။ သွေးဝမ်းလည်း မနေသာ၊ ပြေးလမ်းရှာ၍ အဝေးသို့ …ပြေးရသည်သာ။

တစ်နည်းဆိုရသော် စိတ်သည် အနုအယဉ် အကောင်း …ညွန့်ကြိုက်၏။

ရုပ်သည် အကြမ်း အပင်ပန်းကြိုက်၏။

စိတ်နှင့်ရုပ်ကို မျှတစွာ အသုံးပြု လိုက်သော အခါ …ကျွန်တော် ကျန်းမာနေသည် မဟုတ်ပါလား။

ကျွန်တော်တို့လည်း ကျောက်တိုင်အနီး သွားကြ၍ …မြေစာအုပ်ကြီးတွင် ကျောက်တိုင်အမှတ် ၁၂၇ ၏ လွဲ…ပြောင်းလက်ခံရေး လုပ်ငန်းကြီးကို ဤသို့ပင် အောင်မြင်…စွာ မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

ကျွန်တော်တို့လည်း ပြုံမြဲ ဓမ္မတာအတိုင်း လက်ဆဲ့ နှုတ်ဆက် ပွဲ့ရမ်း ဖက်ရင်း တောတွင်း ခရီးရှည်၏ နောက် တစ်မျက်နှာကို ဝမ်းပန်းတသာ လှန်လိုက်ရပြ ကော။

သို့တစေ....

* ကျောက်တိုင်ကြီး ခိုင်မာသလို
ချစ်စိတ်တို မယိုင်မနဲ့။

* နှစ်ပြည့် တစ်ပြည်ပေါ့
ကမ္ဘာတည့် ရွှေလက်ကမ်းလို့ရယ်
လှမ်းကြမယ်ကွယ်....

ဟူ၍တော့ ကျွန်တော်၏စိတ်တွင် အစဉ်အောက်မေ စွဲမြဲစွာ ယုံကြည်ခဲ့ပါသတည်း။

တကယ်တော့မူ ကျောက်တိုင်လုပ်ငန်းပြီး၍ အချင် ချင်း ဖက်လဲတကင်း နှုတ်ဆက်ခြင်းသည် တဒင်္ဂပဟာ အမူအရာ မြဲမြဲ ဓမ္မတာဟု ထင်စရာ ဖြစ်သော်လည် နှစ်နိုင်ငံကိုယ်စားပြုသော တာဝန်ရှိ ပုဂ္ဂိုလ်များ၏ ရင် တွင်း၌မူကား ခွေးထွေးခြင်း၊ ခင်မင်ရင်းနှီးခြင်း၊ အေ ငြိမ်းသာယာခြင်း စသော ပီတိသောမနဿ ရွှင်လ အားရခြင်း စေတနာများ ခံစား စံစားရမိပါတေ သည်။



ကျွန်တော်တို့လည်း အိန္ဒိယအဖွဲ့ကို နှုတ်ဆက်ကြကာ ကျောချင်းကပ်၍ တရွေ့ရွေ့ ခွာခဲ့ကြပါသည်။

တစ်မြေစီခြားသော တိုင်းတစ်ပါးသားတွေမို့ ကျော ခိုင်း၍ တရွေ့ရွေ့ ခွာခြင်းမှာ သဘာဝ ကျလှပါသည်။

သူတို့လည်း သူတို့နယ်ပယ်အတွင်းသို့ ပြန်ကြလေပြီ။

ကျွန်တော်တို့လည်း ကျွန်တော်တို့နယ်ပယ်အတွင်းသို့ ပြန်ခဲ့ကြပါသည်။

နက်ဖြန် ဆက်လက်ဆောင်ရွက်ရမည့် ကျောက်တိုင် အမှတ် ၁၂၆ (မပည-၀၄၇၀၉၉) အနီးသို့ စခန်းချ နား နေနိုင်ရန် ရှေ့ရှုဦးတည်သွားနေကြသည်ဆိုတာ ပို၍မှန်ကန် မည် ဖြစ်ပါသည်။

ကျန်ရှိနှင့် လမ်းကျသည်က ကျောက်တိုင် အမှတ် ၁၂၇ ဖြစ်၍ ကျောက်တိုင်အမှတ် ၁၂၇ ကို ဦးစွာဆောင် ရွက်ခဲ့ပြီးမှ ဆွမ္ဗရာရွာသို့ အသွားခရီးတွင် တွေ့ရမည့် ကျောက်တိုင် အမှတ် ၁၂၆ ကိုနောက်မှ ဆောင်ရွက်ရ ခြင်း ဖြစ်ပါသည်။

သို့ဖြင့် ကျွန်တော်တို့လည်း လမ်းပြကြီး ခေါ်ဆောင် ရာသို့ တရွေ့ရွေ့ တကောက်ကောက် လိုက်နေရပါ တော့သည်။

ကျောက်တိုင်အမှတ် ၁၂၇နှင့် ၁၂၆ တို့မှာကျောက် တိုင်နံပါတ် နီးသော်လည်း ခရီးကတော့ မနီးလှပါ။

သို့တစေ တောတွင်းခရီးလမ်းမှာ မကြမ်းတမ်းသည်က တစ်ကြောင်း၊ လမ်းပြကြီး၏ ကျွမ်းကျင် ပိုင်နိုင်စွာ ခေါ်ဆောင်နိုင်မှုကြောင့် တစ်ကြောင်း၊ ခရီးသွားရာတွင် ဖင့်ဆိုင်း တုန့်နှေးမနေသည်က တစ်ကြောင်းတို့ကြောင့် ကျောက်တိုင်အမှတ် ၁၂၆ (မပည ၀၄၇၀၉၉) အနီးသို့ ညနေ ၅ နာရီတွင် ရောက်ရှိခဲ့ကြပါသည်။

နားနေစခန်းချ ရပ်နားရေးနှင့် ပတ်သက်၍ အထူးအကျယ်ချဲ့၍ မရေးလိုတော့ပါ။ ရေးရန်လည်း လိုတော့မည်မထင်ပါ။

သို့တစေ ကျောက်တိုင်လုပ်ငန်းအရေးအရာကြီးမှာ ဘာတစ်ခုမျှ ခက်ခဲမှုမရှိဘဲ အောင်မြင်ပြီးပြတ်ခဲ့ခြင်းကိုတော့ အဓိကလုပ်ငန်း ဖြစ်သည့်အလျောက် ကောင်းစွာ မှတ်တမ်းတင်အပ်ပါသည်။

၁၉၇၄ ခု မတ်လ ၂၈ ရက်နေ့အထိ ၁၇ ရက်အတွင်းတွင် ကျောက်တိုင် အမှတ် ၁၁၈၊ ၁၁၉၊ ၁၂၀၊ ၁၂၁၊ ၁၂၂၊ ၁၂၃၊ ၁၂၄၊ ၁၂၇ စုစုပေါင်း ကျောက်တိုင် ၈ တိုင် ပြီးဆုံးနေပြီဖြစ်ပြီး နက်ဖြန်ဆိုက ကျောက်တိုင် အမှတ် ၁၂၆ လုပ်ငန်းပြီးလျှင် ကျောက်တိုင် ၉ တိုင်ပြီးချေတော့မည်။

ကျောက်တိုင်အမှတ် ၁၂၆ လုပ်ငန်းပြီးလျှင် ကျွန်တော် ရောက်လိုလှသော ဆွမ္ဗရာခရီးဆက်ရမည်။



ဆွမ္ဗရာတွင် ခေတ္တရပ်နား၍ ကျောက်တိုင် အမှတ် ၁၂၅၊ ၁၂၇ နှင့် ၁၂၉ တို့ လုပ်ငန်းကို ဆောင်ရွက်ရာ ပန်ဆတ်ရွာသို့ ကူးပြီး နောက်ဆုံး ကျောက်တိုင် အမှတ် ၁၃၀ ကို ဆောင်ရွက်ပြီးပြတ်ပြီးလျှင် ပြည်တော်ပြန်ခရီး ပင်ဖြစ်တော့မည်။

သို့အတွက် ကျွန်တော့်မှာ ကျောက်တိုင်လုပ်ငန်းလည်း တစ်စတစ်စ ပြီးမြောက်လာ၍ ရွှေပြည်တော်ပြန်ခရီးလည်း တစ်နေ့တစ်ရက်ချင်း နီးနီးလာပြီ ဖြစ်သဖြင့် အောင်ပွဲခံ၍ ပြန်ရမည့်အရေးကို မျှော်တွေး၍ ယခုကပင် ပျော်နေမိတော့သည်။

ပို၍လည်း စားနိုင်လာသည်။

ပို၍လည်း အိပ်ကောင်းလာသည်။

စိတ်ချမ်းသာမှု၏ သက်တရလဒ်တစ်ပါးဟု ဆိုပါရစေလား။ ညသည် မည်းမှောင်လာ၍ အိပ်ရာစောစောဝင်ခဲ့ပြီ ဖြစ်ပါသည်။

ကျွန်တော်တို့လည်း အိပ်ရာမှ စောစောထကာ ရေမိုးချိုးပြီး ထမင်းကြော်နှင့် လက်ဖက်ရည် သောက်ရင်း စကားဝိုင်းဖွဲ့ ပြောနေကြပါသည်။

'ဒီနေ့ ကျောက်တိုင်လုပ်ငန်းကို စောစောဆောင်ရွက်ပြီး ဆွမ္ဗရာကို စောစော သွားနိုင်မှ တော်ကာကျမယ်နော်၊ ဆွမ္ဗရာခရီးက ဝေးတယ်လို့ လမ်းပြက ပြောတယ်' ဟု ဗိုလ်ကြီးတင်စိုးက ပြောသည်။

'ကျွန်တော်တို့ ၉ နာရီ ချိန်းထားဆိုတော့ အရေးလွန် ၁၁ နာရီပြီးမယ်ဗျာ၊ ဒီပြန်လာ နေ့လယ်စာစား ဒီကနေ ၂နာရီ ထွက်နိုင်ရင် ၆ နာရီဆို မရောက်နိုင်ဘူးလားဗျာ' ဟု ကျွန်တော်က ပြန်ပြောပါသည်။

'သွားကြည့်မှ သိရမှာပဲ၊ အမ္ဗရာတောင်ကတော့ပေ ၇၀၀၀ကျော်တယ်နော်' ဟု ဦးကြည်မြင့်က ပြောသည်။

'ကဲ....ပြောလဲပြောကြ....စားလဲစားကြ၊ သွားဖို့အချိန်တန်ပြီဆရာတို့ရေ၊ ကျွန်တော်ကတော့ အမြဲအသင့်ပဲ' ဟု ဦးအေးဖေက ပြောလိုက်သဖြင့် ကျွန်တော်တို့လည်းစားလက်စကို သိမ်းကာ ခရီးထွက်နိုင်ရေးအတွက် ပြင်ဆင်ကြရပါတော့သည်။

အချိန်မှာ နံနက်ချိန်ခါ တေးသံသာပင် စတင်လာနေပြီ။

၇-နာရီရှိပြီပေါ့။

ရာသီဥတုကလည်း သာမြဲသာလျက်ပါ။

နေမင်းကလည်း ဝတ္တရားမပျက် နွေးထွေးလျက်ပါ။

ကံကြမ္မာကလည်း ကောင်းလျက်သာရှယ်ပါ။

'ကဲ....သွားကြစို့' ဟု စစ်ကြောင်းမှူးက ပြောပြောဆိုဆိုဖြင့် ရှေ့ဆုံးက ရှီးကျကျ ခပ်တောင့်တောင့် သွားပါတော့သည်။



ကျွန်တော်တို့လည်း အားနှင့်မာန်နှင့်....

ခပ်တောင့်တောင့်ပင်။

ကျောက်တိုင် အမှတ် ၁၂၆ (မပည ၀၄၇၀၉၉)မှာ ကျွန်တော်တို့ နားနေစခန်းနှင့် သိပ်မဝေးပါ။ တစ်နာရီကျော်လျှောက်လိုက်ရုံဖြင့် အေးအေးဆက်ဆက်သာ ရောက်ခဲ့ပါတော့သည်။

ကျွန်တော်တို့အဖွဲ့ကပင် အိန္ဒိယအဖွဲ့ကို စောင့်ခဲ့ရသည်ချည်းပါ။

အိန္ဒိယအဖွဲ့ အနေအထားကို မည်သို့မျှဖော်ကတက်၍ မရေးဖွဲ့လိုပါ။

ကျွန်တော်တို့ အဖွဲ့အနေဖြင့်မူ ထကြွမှု၊ နိုးကြားမှု၊ ရွှက်ဆောင်လိုမှု၊ ဇွဲရှိမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ တာဝန်ယူမှု၊ တစ်ဦးဆန္ဒတစ်ဦးလိုက်လျောတတ်မှုတို့နှင့်ပြီးပြည့်စုံပြီးဖြစ်၍ စေတနာနှင့် ရောယှက် ပေါင်းဖက်လိုက်သောအခါ အခက်အခဲမရှိ အောင်မြင်ခြင်းအတိ ပြီးသွားပါတော့သည်။

ဤသို့ပင် ယုံကြည်ပါသည်။

ဤသို့ပင် ပြောဆိုရေးသားဝံ့ပါသည်။

ဤသည်မှာမေတ္တာ။

ဤသည်မှာ စေတနာ။

ဤသည်မှာ တာဝန်။

ဤသည်မှာ ဝတ္တရားမဟုတ်တုံလော။

ကျွန်တော်တို့အဖွဲ့သည် ကျောက်တိုင်အမှတ် ၁၂၆ကို သေချာစွာ စစ်ဆေးကြည့်ရှုရာ အားလုံး ကျေနပ်စရာ ကောင်းပါသည်။

'ကောင်းမှုမြတ်နိုး
ကောင်းအောင်ကြိုး၍
ကောင်းကျိုးကိုလည်း တည်စေမင်း' ဆိုသကဲ့သို့
ကောင်းမှုမှန်သမျှကိုလည်း မြတ်နိုးတတ်ရမည်။

ကောင်းအောင်လည်း ကြိုးစားကြရမည်။
ကြိုးစားမှုအပေါ် အခြေတည်၍ ကောင်းကျိုးရရှိပါလိမ့်မည်။
သို့အတွက် ကျွန်တော်သည်...
ကောင်းကျိုးအတွက်
စေတနာဖက်၍
အဆက်ဆက်ဆုံးဆောင်ရွက်ရန် သန္နိဋ္ဌာန်ချမှတ်လိုက်မိပါသည်။
ကျွန်တော်တို့၏ မွန်မြတ်သောလုပ်ငန်းအတွက် လွန်စွာ အားရကျေနပ်မိပါသည်။

မစ္စတာဒတ်စ်တို့အဖွဲ့လည်း ချိန်းဆိုထားသော နာရီအတိုင်း အတိအကျရောက်ရှိလာသဖြင့် နောက်ကြောင်းပြန်ခရီး အခြေအနေပြောပြကာ ကျောက်တိုင် အမှတ်



၁၂၆လုပ်ငန်းကို ခပ်သွက်သွက်ကလေး ဆောင်ရွက်ပြီး ပြတ်လိုက်ကြသည်။
သူတို့လည်း အပြန်ခရီးဝေးသည်တဲ့။ ကျွန်တော်တို့ အကြံပြုချက်ကို ရွှင်လန်းဝမ်းသာစွာ လက်ခံကြပါသည်။

သို့ဖြင့် မပြီးဆုံးသေးသော ပန်းချီကား တစ်ချပ်တွင် လိုအပ်နေသော နေရာကို ဆေးစက်တင်၍ ရေးခြယ်လိုက်ကြသည့် သဘောမျိုးပင်ဖြစ်ပါသည်။
တစ်နည်းဆိုရသော် မပြီးဆုံးသေးသော ကျောက်တိုင် လုပ်ငန်းအတွက် ဆက်လက် ဆောင်ရွက်နိုင်ရန် လိုအပ်သော ပြုဖွယ် ဆောင်ရွက်ဖွယ်များကို ဆေးတို့မင်ခြယ်သကဲ့သို့ ဆောင်ရွက်နိုင်ခြင်းပင် ဖြစ်ပါသည်။

တာဝန်တစ်ရပ် ပြီးဆုံးသွားရသည်ပေါ့။
ရှေ့ခရီးဆက်နိုင်ရန် တာဝန်ဆိုသော စာမျက်နှာ တစ်ရွက်ကို စတင်လှန်လိုက်ခြင်း ဖြစ်ပါသည်။
ကျွန်တော်တို့လည်း အချင်းချင်းပွေ့ဖက် နှုတ်ဆက်ကြကာ ၄ ကြိမ်မြောက် တွေ့ဆုံနှုတ်ဆက်ခြင်း အနေဖြင့် ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။
နောင် ဤကဲ့သို့ပင် လေးကြိမ်တိတိ တွေ့ဆုံ၍ လေးကြိမ်တိတိနှုတ်ဆက်ပြီးပါလျှင် နှစ်နိုင်ငံ ကိုယ်စားလှယ်များအဖို့ နောက်ဆုံး တွေ့ဆုံ နှုတ်ဆက်ပြီး ဖြစ်ပေလိမ့်မည်။

ဦးကြည်မြင့်သည် ရေညှိနင်းမိရာက ခြေချော်လဲ၍ ဗိုင်းခနဲ လဲခဲ့၏။

'ဦးကြည်မြင့်က ဇာတ်မင်းသားကြီး ဦးအောင်မောင်းရဲ့ ခြေထိုး အကမျိုးလဲ ကတတ်သဗျ' ဟု ကျွန်တော်က ရယ်ရယ်မောမော အရော်လိုက်၏။

ကျွန်တော်လည်း အားရပါးရ ရယ်မိသဖြင့် ကိုယ်နေဟန်ထားပျက်ကာ မထိန်းနိုင်ဘဲ ဗိုင်းခနဲ လဲမိတော့၏။

ဦးကြည်မြင့်နှင့်ကျွန်တော် နှစ်ယောက်သား တစ်ဦးကိုတစ်ဦး ကြည့်ရယ်နေမိစဉ် ဦးအေးဖေလည်း ကိုယ်ကိုစောင်းရွေ့သွားရာမှ ခြေလည်တည့်မတ် ထိန်းသိမ်းမရတော့ဘဲ ဗိုင်းခနဲ လဲပြန်၏။

'အပွဲပွဲ နွှဲလာခဲ့ပြီး သည်တစ်ပွဲကျမှ ခံရတာ နာသကွာ၊ အို....ကျွတ်ကျွတ်' ဟု ဦးအေးဖေမှာ မဲ့ရှုံ့ကာထ,လာရတော့သည်။

သခုအချိန်ထိ လမ်းလျှောက် အောင်ပန်း ဆွတ်လှမ်းနိုင်သူကတော့ ဗိုလ်ကြီးပေါ့။

အထင်ကြီးစရာတော့ သိပ်မရှိပါ။

ဗိုလ်ကြီး၏ တောစီးဖိနပ် အောက်ခံမှာ အဖုအထစ်တွေနှင့် ခြေကုတ်ကောင်းသည့် ဖိနပ်မျိုးဖြစ်ပါသည်။

ဗိုလ်ကြီးမှာ ကိုယ်ကာယလည်း သေးသူ ဖြစ်ပါသည်။



မည်သို့ဆိုစေ....ယခုအချိန်ထိတော့ ဗိုလ်ကြီးမှာ မလဲသေးပါ။

'ဦးအောင်လွင်နဲ့ ဦးအေးဖေတို့တော့ ရေချိုးကြပြီပေါ့၊ ရိုးရိုးရေချိုးတာ မဟုတ်ဘူးဗျ၊ ဗိုင်ဗင် ကျွမ်းထိုးလိုက်သေးသဗျ' ဟု ဦးကြည်မြင့်က လက်ခုပ်လက်ဝါးတီး၍ ရယ်လိုက်ရာ ကိုယ်ကိုမထိန်းနိုင်တော့ဘဲ ဗိုင်းခနဲ လဲပြန်သည်။

'ဦးကြည်မြင့်တို့များ ရေချိုးလို့ကို ဝတယ် မရှိဘူး၊ နှစ်ခါရှာလို့ နှစ်ခါရှိပြီ' ဟု ဗိုလ်ကြီးတင်စိုးက ပြောလိုက်ပါသည်။

ဤသို့ပင် ကျွန်တော်တို့သည် ပျော်ခဲ့ကြရပါသည်။

စမ်းချောင်းလမ်းအတိုင်း လျှောက်လှမ်းခဲ့ရသည်မှာ ၂ နာရီခန့်ရှိ၍ အတော်ခရီးပေါက်ခဲ့ပြီ။

လမ်းပြကြီးသည် စမ်းချောင်းအတိုင်း သွားနေရာမှ ညာဘက်ကိုင်းတောစပ်သို့ ဖဲ့တက်သွားပြီး ကိုင်းတောလမ်းအတိုင်း နာရီဝက်ခန့် လျှောက်သည်။

ကျွန်တော်တို့လည်း လမ်းပြကြီး သွားသည့်အတိုင်း နောက်က လိုက်ကြရ၏။

မကြာမီ ကိုင်းတော လွန်မြောက်သောအခါ စမ်းချောင်းကလေးကိုဖြတ်၍ ဆောက်ထားသော သွပ်မိုးနှင့် ခိုင်ခံ့သော သစ်သား တဲတားတစ်ခုကို အမှတ်မထင်တွေ့ရပါသည်။

တံတားတွင် နားနေထိုင်ရန် ဘေးတန်းခုံရှည်ကလေးများနှင့် ဆက်သွယ်ထားသည်။

ကျွန်တော်တို့အဖွဲ့လည်း စစ်ကြောင်းမှူး၏ အစီအစဉ်ဖြင့် ခေတ္တ အပန်းဖြေနိုင်ခဲ့ပါသည်။

သည်တံတားကလေးမှာ ကျန်ရွာနှင့် ဆွမ္ဗရာရွာကို ဆက်သွယ်ပေါင်းကူးထားသော တံတားလေးဖြစ်ကြောင်း လမ်းပြကြီးက ပြောပြ၍ သိရပါသည်။

ဤသို့ဆိုပါလျှင် ရှေ့လျှောက် ဆွမ္ဗရာတောင် ပေ ၇၀၀၀ ကို တရွေ့ရွေ့ တအိအိ တက်ကြရုံပဲပေါ့။

ကျွန်တော်ရောက်လိုလှသော ဆွမ္ဗရာရွာကိုကား နာရီပိုင်းအတွင်းတွင် ရောက်ရှိပေတော့မည်။

ဆွမ္ဗရာရွာမှာ နားနားနေနေနှင့် ကျောက်တိုင် (၃) တိုင်ကို အပြီးတိုင် ဆောင်ရွက်ရမည် မဟုတ်ပါလား။

ကျွန်တော်တို့လည်း ရှေ့ခရီးမှာ ပေ ၇၀၀၀ ကို တက်ရမည့်ခရီးဖြစ်၍ ခေတ္တ အပန်းဖြေပြီးနောက် ဆွမ္ဗရာတောင်ကို စတင်တက်ခဲ့ကြသည်။

ဆွမ္ဗရာရွာတွင် အိန္ဒိယပစ္စည်း ပေါကြောင်း ကျန်ရွာမှာနေစဉ်ကပင် ကြားသိခဲ့ရပါသည်။

သို့ကြောင့် ကျွန်တော်လည်း ရောက်လိုဇောဖြင့်အားခဲ တက်နေပါသည်။

ဆွမ္ဗရာတောင်မှာ ပြေပြေလေးနှင့် တဖြည်းဖြည်း မြင့်တက်လာသော တောင်ဖြစ်ပါသည်။ တောင်တက်လမ်းများမှာ အံ့မခန်းပင် ကောင်းပါသည်။



မော်တော်ကားလမ်း တမျှတည်း။

ကတ္တရာမခင်းရခြင်းသာ ကွာပါလိမ့်မည်။

နာဂတို့၏ လုံ့လဥဿာဟကို ဤလမ်းကပင် သက်သေထူလို့ ဖော်ကျူးနေပြီ မဟုတ်ပါလား။

ကျွန်တော်တို့လည်း တရွေ့ရွေ့ တအိအိဖြင့် တောင်ငွေးလေးကို အဖော်ပြု၍ တက်လာခဲ့မိသည်။ ခရီးအတော်ပေါက်၍ ကျန်ရွာကို လှမ်း၍ မြင်နိုင်သည့် အမြင့်ထိ ရောက်ခဲ့ပြီ။

အဝေးဆီတွင် လှေကားထစ်စိုက်ပျိုးထားသော စပါးခင်းတို့မှာ ဝင်းဖန့်နေပါသည်။ သဘာဝ တောင်ကြော အခြေအနေကို ကြည့်၍ ကွေ့ဝိုက် ပတ်ကာ မဖြစ်မနေ ကြိုးကုတ်လုံ့လပြုပြီး စိုက်ပျိုးထားသည်ကို တွေ့ရသည်။

ပထဝီ ဘာသာရပ်တွင် သင်ကြားခဲ့ရသော ကွန်တိုမြေပုံအလား ထင်ရှီးမှားစရာပင်။

တောင်တက်လမ်း တစ်ဖက်တစ်ချက်တွင် စပါးကျီနှင့် စပါးကျီကို အုပ်မိုးထားသော တဲကလေးများကို မကြာခဏ မြင်တွေ့ရပါသည်။

စပါးကျီကို ညဉ့်အိပ်ညနေ စောင့်ရှောက်ရန် လုံးဝ မလိုပါ။ အသုံးလိုမှ သွားရောက် ယူငင်ပါသည်။ စပါးခိုးယူပျောက်ဆုံးခြင်း လုံးဝမရှိပါ။

ကျွန်တော်လည်း တစ်စ တစ်စဖြင့် တရွေ့ရွေ့ တက်လာခဲ့ရာ ဆွမ္ဗရာ ရောက်ခါနီးကြောင်း အထိမ်းအမှတ်

ဖြစ်သော ကျောက်တိုင်နှင့် ထိုင်ခုံတန်း တွေ့ရ၍ ဝမ်းသာ
မိတော့သည်။

ကျွန်တော်လည်း မထိုင်ဘဲ မနေနိုင်တော့သဖြင့်
ညနေဆည်းဆာ၏ ပန်းချီကားအလှကို တဝကြီး ရှုစား
ပါတော့သည်။

'Are you tired, Mr. Aung Lwin Come on
my dear, Please' ဟု ဗိုလ်ကြီးက နှုတ်ဆက်ပါသည်

'No, thank you I want to see the evening
scence, my dear, After that I will follow you,

ကျွန်တော်က ပြန်ပြောလိုက်သည်။

ညနေဆည်းဆာတွင် တိမ်များသည် ရဲရဲလွင်လွင်
တောက်ပနေသည်။

'နေဝင်ချိန် တိမ်တောက်လို့ ပျိုကြောက်သည့်ဒီအချိန်'
ဟု စာပေများတွင် တွေ့ရပါသည်။

ဘောက်မဲ့ကြောင့် အနှီစာဆိုရှင်မိန်းကလေးကြောက်
ရပါမို့လဲ။

ရှုကြည့်ပါ။

ပတ်ဝန်းကျင်တခိုမှာ တိမ်ရောင်ကြောင့် သာယာ
ရွှန်းအိဘိသည်။

စပါးပင်တို့ပင် မို့၍ ဝါရွှေရောင်ထနေ၏။

သစ်ပင် တောတောင်ရေမြေတို့သည် ရွှန်းလဲ့ရောင်
ထကာ ကြည်လွင်နေ၏။



ကျွန်တော်တို့ ဖြတ်သန်း ကျော်လွှားခဲ့ရသော စမ်း
ချောင်းရေအယဉ်မှာ ရွှေဝါရောင်ထ၍ တဖျတ်ဖျတ် ပြေး
နေ၏။

တောင်စောင်းတစ်ခုပေါ်မှ ပင့်လိုးညွှတ်ဝေနေသော
တောင်ဇလပ်ပန်းနီနီတို့မှာ အဆုပ်လိုက် ရဲလွင်တောက်ပ
နေ၏။

ကြွရရွှ ပွင့်အာကုန်၏။

အစွမ်းကုန် လှရေးကြွယ်နေတော့သည့် တကား။

ကြည့်လေရာတိုင်း တောင်တံတိုင်းများ မြင့်မားစွာ
ကာဆီးလျက်...ဆင့်ကဲဆင့်ကဲလျက်။

တောင်ပင်လယ်ဝေသည်ဟု ဆိုရနိုးလမလား။

ရင့်ကျက်သော ကျွန်ခြေနှင့် မှိုင်းညို့ ရီမှောင်လျက်....။

ထူထပ်စိမ်းညို့လျက်ရှိသော တောအုပ်ကြီးများဖြင့်
တည်ငြိမ်လျက် ရှိတော့သည်။

ကျွန်တော်သည် မျက်စိစားပွဲထိုင်ခြင်းကို ရပ်တန့်
လိုက်ပြီး ဆက်လက် လျှောက်လှမ်းခဲ့ရပါတော့သည်။

သဘာဝပန်းချီကား၏ လှပတင့်တယ်မှုကို အဘယ်
ပန်းချီကျော်မျှ မီအောင် စုတ်ချက်တင်နိုင်မည် မထင်ပါ။

အင်ဆွေကြည့်ရှုပါလော့။

သဘာဝ ရောင်စုံခြယ်ထားသည့် ငှက်ကျေးသာရကာ
ရွှေလိပ်ပြာကလေးများ၏ သဘာဝအရောင် စပ်ဟပ်မှုကို
အဘယ်ပန်းချီကျော်စုတ်ချက် မီနိုင်ပါမည်နည်းဟူ၍...

သဘာဝလောကကြီးကား လေ့လာစရာ အဖုံဖုံ၊ အံ့မခန်းစရာအထွေထွေရှိနေပေသည် မဟုတ်ပါလား။

ကျွန်တော်ရောက်လိုလှသော ဆွမ္ဗရာရွာကြီး။

မှန်ပြောင်းဖြင့် တယုတယ ကြည့်ခဲ့ရသောရွာကြီး။

တပြောင်ပြောင် တလက်လက် အရောင်ထွက်နေသောရွာကြီး။

ယခုတော့ဖြင့် ကျွန်တော်သည် ဆွမ္ဗရာရွာ မြေကို ရောက်ခဲ့ရပါပြီကော။

ဆွမ္ဗရာရွာကြီးကား မညီညာသော တောင်ထိပ်မြေတွင် ရွာတည်ထားခြင်း ဖြစ်၏။

ရွာကြီးက အပိုင်း(၃)ပိုင်းလောက် ကွဲနေ၏။ ကျွန်တော်ပထမဆုံးတွေ့ရသော တောင်ထိပ် ရွာပိုင်း။

ထိုမှတစ်ဆင့် ရွာလယ်ပိုင်း။

ထိုအထက်က ရွာထိပ်ပိုင်း။

ဆွမ္ဗရာရွာရှိ အပိုင်း (၃) ပိုင်းစလုံးတွင် သွပ်မိုး ပျဉ်ထောင်ပျဉ်ခင်း မှန်ကာဖြင့် အလွန်အဆင့်မြင့်သောအိမ်များကို အံ့ဩစွာ တွေ့ရပါသည်။

တောင်ထိပ်ရွာပိုင်းထက် ရွာလယ်ပိုင်းကပိုမြင့်၍ ရွာလယ်ပိုင်းထက် ရွာထိပ်ပိုင်းက ပိုမြင့်သည်။

ရွာလယ်ပိုင်းတွင် အိမ်များမြွတ်သိပ်လျက်ရှိပြီး နာဂအိမ်ဝက်ကလေးများမှာ အမွှေးထောင်ထောင် စုတ်ချွန်းချွန်း ပိန်လျလျဖြင့်နာဂရွာမင်းလမ်းမပေါ်တွင် ဟိုသည်ကူးလျက် ရှိတော့သည်။



ရွာထိပ် ရွာလယ်ရွာအောက်ပိုင်းတွင် အုတ်ကန်ကြီးများထားကာ ရေကိုပေါ်ပိုးပေါ်းဖြင့် ပိုက်တန်းသွယ်ထား၏။ ရေအလျှံပယ်ကို သုံးသူမရှိဘဲ တွေ့ရသည်။

ရွာလယ်ပိုင်းရှိ အဆောက်အအုံများက ပိုကောင်း၏။ ရွာလယ်ပိုင်းတွင် ခန့်ထည် မြင့်မားသော ဘုရားရှိခိုးကျောင်းကြီး ရှိ၏။

ထိုဘုရားရှိခိုးကျောင်းအနီးတွင် နာဂတို့၏ အလေ့စရိုက်အရ ရပ်ရေးရွာမှုတွက် စုဝေးရာ မြေညီကွက်လပ်ကြီးရှိ၏၊

ထိုမြေညီကွက်လပ်ကြီးကို ကျောက်တန်းထိုင်ခုံကလေးများဖြင့် ဝိုင်းပတ်စီထား၏။

ထိုကွက်လပ်တွင်ပင် ရပ်ရေးရွာမှုကို အဆုံးအဖြတ်ပေး၏။

ထိုကွက်လပ်တွင်ပင် ရိုးရာတူရိယာကိုတီးမှုတ်၍ ရိုးရာအကဖြင့် မီးပုံပွဲကျင်းပ၏။

ထိုကွက်လပ်တွင်ပင် နာဂလူမျိုးတို့၏ အလေ့စရိုက်လက္ခဏာများ ဖြန့်ချိရာ စုဝေးရာ နှီးနှောရာ Assembly ကြီး မဟုတ်တုံလော။

ရွာထိပ်ပိုင်းတွင်မူကား ကျန်းမာရေးအတွက် တိုက်နယ်ဆေးရုံ၊ စာသင်ကျောင်းတို့သည် ဆွမ္ဗရာရွာကြီးကို ရင်ခွင်ထား၍ စွင့်စွင့်ကားကား အုပ်မိုးထားလျက်ရှိ၏။

ဆွမ္ဗရာရွာထိပ်ပိုင်းရှိ ကျောင်းကလေးမှာ ဝင်းနှင့် ခြံနှင့် ကစားကွင်းနှင့် ကျယ်ဝန်းလှသည်။

ကျောင်းဝင်း အထက်ပိုင်းတွင် တိုက်နယ် ဆေးရုံရှိသည်။ တိုက်နယ်ဆေးရုံ အဆောက်အအုံမှာ ရှေးကျ၍ကြာမြင့်ဖြစ်သဖြင့် အိုမင်းနေပေပြီ။

သစ်မျောတိုင်တို့ဖြင့် ကျားကန်ထားရ၏။

ဆေးရုံမှာ ဆွမ္ဗရာတောင်ထိပ်၏ အမြင့်ဆုံး ထိပ်ပိုင်းတွင် တည်ဆောက်ထားခြင်း ဖြစ်၍ ဆွမ္ဗရာရွာကိုလည်းကောင်း ပတ်ဝန်းကျင်ကိုလည်းကောင်း ကောင်းစွာမြင်တွေ့နိုင်ပါသည်။

ကျွန်တော်တို့အဖွဲ့လည်း ဆေးရုံ၏ အဆောက်အအုံလွတ်တစ်ခုတွင် စုပေါင်းတည်းခိုကြသည်။

တည်းခိုရိပ်သာအနီးတွင် ဝါးပိုးဝါးဖြင့် သွယ်ဘန်းထားသော အုတ်ရေကန်တစ်ခုရှိ၍ ကျွန်တော်တို့အဖို့ ရေကို အလျှံပယ် သုံးစွဲနိုင်ပါသည်။

တိုက်နယ် ဆေးရုံရှေ့တွင်လည်း အားကစားကွင်းတစ်ခုရှိ၏။ တိုက်နယ် ဆရာဝန်မှာ ခရီးထွက်နေသဖြင့် မတွေ့ခဲ့ရပါ။ ကျွန်တော်တို့လည်း ညစာကို ည ၈ နာရီအချိန်လောက်မှ စားရတော့သည်။

ယနေ့ခရီးကား ဝေးလည်း ဝေး၏။ ပင်ပန်းမှုလည်းရှိ၏။

သို့အတွက် ကျွန်တော်တို့အားလုံး စောစော အိပ်ရာဝင်ကြသည်။

ကျွန်တော့်နေရာမှာ ပြတင်းပေါက်နှင့် တည့်နေ၍ ငွေစန္ဒာကို ကောင်းစွာ မြင်တွေ့နေရပါသည်။



လသည် ကြည်သာဝင်းဖြာလျက် လောကဓာတ်ကြီးကို သူ၏အလင်းရောင်ဖြင့် ပိုက်ထွေးထားသည်။

သဘာဝညရှုခင်းကလည်း အံ့မခန်း လှပနေသည်။

လလည်း ဝင်းထိန်လျက်။

ကြယ်လည်း တောက်ပလျက်။

မြူတိမ်လည်း ကင်းစင်လျက်။

လေချိုအေးကလည်း တဖြူးဖြူး ဆော်သွေးလျက်ရှိ၏။

ကျွန်တော်လည်း ပင်ပန်းခဲ့ခြင်း၏ ဒဏ်ကို မခံနိုင်တော့ဘဲ မျက်ခွံများလေး၍ လေး၍လာခဲ့ပါတော့သည်။

ကျွန်တော်သည် နံနက်မိုးသောက် အလင်းရောက်မှပင် အိပ်ရာမှ နိုးတော့သည်။

ညက အိပ်ရေးဝဝအိပ်ခဲ့ရ၍ ကြည်လင်ရွှင်ပျနေပါသည်။ ကျွန်တော်တို့အဖွဲ့သည် ဆွမ္ဗရာတွင် နားနေချိန်တော်တော်ရပါသည်။

၁၉၇၄ ခု၊ မတ်လ ၃၁ ရက် တနင်္ဂနွေနေ့တွင် ကျောက်တိုင်အမှတ် ၁၂၅ (မပည-၀၃၉၁၃၇) ကို လည်းကောင်း၊ ၁၉၇၄ ခု၊ ဧပြီလ ၄ ရက် ကြာသပတေးနေ့တွင် ကျောက်တိုင်အမှတ် ၁၂၈ (မပည-၀၇၀၂၆၀) ကို လည်းကောင်း၊ ၁၉၇၄ ခု၊ ဧပြီလ ၆ ရက်နေ့ စနေနေ့တွင် ကျောက်တိုင်အမှတ် ၁၂၉ (မပည-၀၉၇၃၄၈) ကို လည်း ကောင်း၊ ဆွမ္ဗရာမှနေ၍ နားနားနေနေ သွားရောက် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

ဆွမ္ဗူရာရွာမှ ဧပြီလ ၇ ရက်နေ့တွင် ပန်ဆက်ရွာသို့ ပြောင်းရွှေ့ စခန်း ချရမည် ဖြစ်၍ ဆွမ္ဗူရာ ရွာတွင်ပင် ၁၀ ရက်ခန့် နားနေဆောင်ရွက်ရမည် ဖြစ်ပါသည်။

သို့ကြောင့် ဆွမ္ဗူရာရွာတွင် နေရင်း ထိုင်ရင်း နားရင်း ဖြင့်ပင် ကျောက်တိုင်အမှတ် ၁၂၅၊ ၁၂၇၊ ၁၂၉ တို့ကို အပြီးတိုင် ဆောင်ရွက်ပြီးနိုင်မည် ဖြစ်ပါသည်။

ပန်ဆက်တွင် စခန်းချ၍ နောက်ဆုံး ကျောက်တိုင် အမှတ် ၁၃၀ ကို နားနားနေနေ ဆောင်ရွက်ပြီးခဲ့လျှင် မှုကား ရွှေပြည်တော်အပြန်ခရီးသာ ကျန်တော့သည်။

သို့အတွက် ကျွန်တော်တို့ အဖွဲ့သည် လေကလေး တချွန်ချွန်ဖြင့် စိတ်ချမ်းသာ ကိုယ်ချမ်းသာ နားနေကြပါ သည်။ ယနေ့လည်း ကျွန်တော်တို့အဖို့ အနားရသော နေ့တစ်နေ့ ဖြစ်ခဲ့ပါသည်။

နားနေခြင်း၊ အိပ်စက်ခြင်းတို့မည်သည် ကျွန်တော်တို့ နှင့် မိတ်ဖက်တည်း။

ကျွန်တော်တို့ အဖွဲ့ကို နားနေခြင်း၊ အိပ်စက်ခြင်းတို့ က အလှည့်ကျစနစ်ဖြင့် တာဝန်ယူလျက်ရှိပါသည်။

ကျွန်တော်လည်း ဆွမ္ဗူရာရွာ ညရှုခင်းကို အရသာခံ မည်ဟု အားခဲစောင့်မျှော်လျက်ရှိသည်။

အချိန်ကား ည ၁၂ နာရီ ရှိပေပြီ။



ငွေစန္ဒာလည်း ဝတ္တာရားမပျက် ထိန်ဝင်းလျက် ရှိပါ သည်။

လရောင်ဆမ်းထားသဖြင့် ဆွမ္ဗူရာရွာကြီးမှာ တိတ်ဆိတ် ခြင်းနှင့်အတူ ဝင်းပ ထိန်ဝင်းလျက်ရှိသည်။

လရောင်ကား အေးမြတိသည်။

တစ်ချက်ချက်တွင် လေချိုအေးက ဆော်သွေး ရိုက် ခတ်သွား၍ ကျွန်တော်၏အသည်းထဲ ရင်ထဲတွင် သိမ့်ခနဲ စိမ့်ခနဲ ဖြစ်သွား၏။

ဆွမ္ဗူရာ၏ ညအလှကား တကယ့်အလှ။

သဘာဝမိခင်ကြီးက အလှတွေ စုပေါင်း ရေးခြယ် ထားသောအလှ။

နဝဒေး၊ နတ်သျှင်နောင် တို့သာ ဆိုလျှင် ရင်တွင်း ခံစားချက်ကို စာဖွဲ့မိကြပေလိမ့်မည်။

ကျွန်တော့် အဖို့မူ....

သာစွဆွမ္ဗူရာ
ညမြန်မာတွင်
ဝင်းဝါရွှန်းကြည်
လဲ့ဝင်းရ၍
သာစည်ဖြိုးတင့်
ဂုဏ်ပေါင်းဆင့်ခဲ့
ဝင့်ဝင့် ရွှန်းရွှန်း လဲ့လဲ့တည်း...

ဟူ၍သာ လစန္ဒာကြောင့် ဆွမ္ဗရာရွာကြီး သာယာပုံကို စာပန်းချီ ခြယ်ခဲ့မိပါသည်။

ဖန်မီးအိမ်လည်း ဖန်မီးအိမ်လောက်၊ ပိုးစုန်းကြူး လည်း ပိုးစုန်းကြူးလောက် လင်းပေလိမ့်မည်တကား။

ကျွန်တော့်နောက်မှ ဘယ်အချိန်က ရောက်နေမှန်း မသိသော ဦးအေးဖေက....

'မြို့ပိုင်ကြီး.... အိမ်လွမ်းနေပြီလား' ဟု မေးပါသည်။

'လွမ်းတယ်ရယ်လို့တော့ မဟုတ်ပါဘူးဗျာ၊ သာယာ လွန်းလို့ပါ။ သိပ်သာယာတဲ့ တကယ့်ညအလှကို တင် စားလို့ စာဖွဲ့ကြည့်နေမိတာပါ။ ဒါပေမယ့် တကယ့် အလှ သဘာဝအလှလောက် စာသားနဲ့အောင် လှအောင် ဖွဲ့နွဲ့လို့မရဘူးဗျာ။ ဒါကြောင့် ဘယ်ပန်းချီရေးမမီအောင် သဘာဝအလှတရားက စိုးမိုးလွန်ကဲတာပဲ' ဟု ကျွန်တော် က ရင်တွင်းခံစားချက်ကို ဖော်ကျူးမိပါသည်။

ဦးအေးဖေလည်း အလိုက်တသိပင် 'ဟုတ်တာပေါ့' ဟု ပြန်ပြောပြီး ချက်ချင်းပျောက်သွားပါသည်။

မကြာမီ ဦးအေးဖေလည်း သူ့တပည့်နှစ်ယောက်နှင့် အတူရောက်လာပြီး အဝေးကြည့်မှန်ပြောင်းကို အတွဲလိုက် ကိရိယာစုံများကို တပ်ဆင်ပြီး ကျွန်တော့်ကို ခေါ်၍ လကို ကြည့်စေပါသည်။



ကျွန်တော်လည်း လကိုကြည့်ချင်ဇောဖြင့် အဝေးကြည့် မှန်ပြောင်းဖြင့် ကြည့်လိုက်လျှင်ပင် ပါးစပ် အဟောင်း သားနှင့် အံ့သြမိပါတော့သည်။

•

အို....လှလိုက်တဲ့ ငွေစန္ဒာရယ်။

ငဲ့လှဲကြည့်ရှုနေသော ငွေစန္ဒာကား အစွမ်းကုန် လှအားပါဘိသည်။

ပြိုးပြိုးပြက်ပြက် ကြယ်တာရာများက တဖျတ်ဖျတ် တလက်လက်။

တစ်ခုတော့ရှိသည်။

လပေါ်တွင် အရိပ်သဏ္ဌာန်မည်းမည်းကြီးများ ပေါ် ထွန်းနေကာ နိမ့်လိုက် မြင့်လိုက် အစွန်းထွက်လျက်။

အနက်ကြောင်းကြီး များလည်း တွေ့ရိုက် ပတ်ခွေ လျက်။ ထိုအရိပ်အမည်း ၊ အနက်ကြောင်းကြီးများကား တကယ်တော့ တောင်များ၊ ချိုင့်ဝှမ်းများ၊ လျှိုများ ဖြစ်ပေလိမ့်မည်။

သည်မြင်ကွင်းကိုပင် ဆန်ဖွပ်နေသော အဘိုးအိုနှင့် ယုန်ကလေးဟု ငယ်စဉ်က ထင်ခဲ့ရပါသည်။

'ရွှေလမှာ ယုန်ဝပ်လို့ ဆန်ဖွပ်သည့် အဘိုးအို' ဟု ငယ်စဉ်ကပင် ရခဲ့သော စာတိုပေစကလေးကို အမှတ်ရ လိုက်မိပါသည်။

'ကဲ....မြို့ပိုင်ကြီး အားရအောင်ကြည့်ပြီးရင် အိပ်ကြစို့၊ ညဉ့်နက်ပြီ၊ တော်ကြာ အအေးပတ်နေဦးမယ်' ဟု ဦးအေးဖေက စိုးရိမ်စိတ်ကလေးဖြင့် ပြောရှာသည်။

'ဟုတ်ကဲ့...ဦးအေးဖေ၊ ကျွန်တော် ခုပဲလာခဲ့မယ်' ဟု ကျွန်တော်က ပြန်ပြောလိုက်ပါသည်။

ကျွန်တော်လည်း လကိုရှုထောင့် အမျိုးမျိုးမှ နေ၍ အားရအောင် ကြည့်ပြီး နားနေရာသို့ ပြန်လာခဲ့ပါသည်။

ဩော်....သဘာဝ အလှ တရားကား ဆန်းကြယ်စွတကား။

* * *

## အခန်း (၁၇)

### မမှန်သတင်း

၁၉၇၄ခု မတ်လ ၃၁ ရက်။

တနင်္ဂနွေနေ့။

နံနက် ၀၆၀၀နာရီ။

ဆွမ္မွာရတောင်ထိပ်သည် အမြဲလိုပင် လေမှာတဟူးဟူး ဆော်သွေးတိုက်ခတ်နေသည်။ သို့ကြောင့် အမြဲပင် စိမ့်အေးချမ်းမြလို့ နေပါသည်။

ဒီနေ့ အိန္ဒိယအဖွဲ့နှင့် ကျောက်တိုင် အမှတ် ၁၂၅ (မပည ၀၃၉၁၃၇)၏ လွှဲပြောင်း လက်ခံရေးလုပ်ငန်းကို ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်

တော်တို့အဖို့ နားနေရာမှ ပြန်လည်အသက်ဝင် လှုပ်ရှား လာသော နေ့ဖြစ်ပါသည်။

ကျွန်တော်တို့အဖွဲ့လည်း နံနက်စာ ထမင်းကြော်နှင့် လက်ဖက်ရည်သောက်ကြပြီးနောက် ကျောက်တိုင်အမှတ် ၁၂၅ (မပည ၀၃၉၁၃၇) ဆီသို့ ဦးတည် ထွက်ခွာပါ တော့သည်။

ကျွန်တော်တို့သည် ဆူမွရာတောင်နှင့် တကြောတည်း တောင်ပေါ် ခရီးလမ်းအတိုင်း သွားနေကြသည်။

သစ်တောမှာ ပါးလျားပြီး အရိပ်ရလောက်အောင် သစ်ကြီးဝါးကြီး နည်းပါးလှပါသည်။

တောင်ကြောပေါ်ရှိ ကိုင်းတောကိုဖြတ်၍ ထိုတောင် ထက် မြင့်သော တောင်ကို ခပ်ပြေပြေ အတက်အတိုင်း တက်မိသောအခါ အစင်းကြောင်းကြီးများ အမြောင်း လိုက် အလျားလိုက်ဖြစ်နေသော သဘာဝကျောက်တောင် ကမ်းပါးယံကြီး ကာဆီးထားသည်ကို တွေ့ရပါသည်။

အမေရိကန် ကောင်းဘွိုင် ရုပ်ရှင် ကားများထဲက တက်စ်ဆပ်ပြည်နယ်ရှိ တောင်ကုန်းဒေသများနှင့်ပင် တူ သေးတော့သည်။ မြင့်မြင့် ချွန်းချွန်း တောင်များနှင့် မတ်မတ်စောက်စောက် ကမ်းပါးယံကြီးများကို အံ့သြစွာ မြင်တွေ့ရပါသည်။



ကျွန်တော်တို့လည်း ကျောက်ကမ်းပါးယံအနီး လှည့် ပတ်ရှာဖွေကြည့်ရာ တစ်ခုသော တောင်မြင့်ချွန်းကလေး ပေါ်တွင် ဖြူဖြူဖွေးဖွေး ကျောက်တိုင်ကလေးကို အား ပါးတရ မြင်တွေ့ရပါသည်။

ကျောက်တိုင်ရှိရာသို့ တစ်ဆက်တည်း တက်ခဲ့ကြပါ သည်။ ကျွန်တော်တို့ရောက်ရှိသော အချိန်မှာ နံနက် ၉ နာရီအချိန်ပင် ရှိပါသေးသည်။

ရာသီဥတုသာယာလျက် ရှိပါသည်။

မကြာမီ တစ်ခုသော ကမ်းပါးယံ မြေအနိမ့်ကြားထဲမှ မဇ္ဇတာဒဘ်စ်တို့ အဖွဲ့သားများ၏ စကားပြောသံများ အတိုင်းသား ကြားလာရပါသည်။

ကျွန်တော်တို့စာ်တွေလည်း အားရ ဝမ်းသာစွာပင် အသံပြု၍ လက်ယပ်ခေါ်လိုက်ပါသည်။

သူတို့လည်း ဝမ်းသာအားရကြ၍ တောင်ပေါ်သို့ အပြေးကလေး တက်လာကြပါသည်။

ပြန်လည်တွေ့ဆုံကြခြင်းအတွက် ဝမ်းသာခြင်း၊ အား ရခြင်း၊ ကျေနပ်ခြင်း၊ ရွှင်လန်းခြင်း ဖြစ်ရပါသည်။

ကျောက်တိုင်အခြေအနေနှင့် နယ်နိမိတ် အညွှန်းမှာ မှန်ကန်နေပြီဖြစ်၍ ကျွန်တော်တို့အဖွဲ့တော်သားများသည် ကျောက်တိုင်လုပ်ငန်း၏ လုပ်ထုံးလုပ်နည်း ရှေးနည်းတား အတိုင်း လိုက်နာဆောင်ရွက်ခဲ့ရပါသည်။

မစ္စတာဒတ်စ်တို့က 'ဒီစာစ်ကြိမ်တွင် နေ့လယ်စာ ကျွေးပါရစေ' ဟု ဖိတ်ကြားလာပါသည်။

ကျွန်တော်တို့လည်း ယခုမှသတိထားမိတော့သည်။

မစ္စတာဒတ်စ်တို့အဖွဲ့မှာ ချိုင့်ကြီးချိုင့်ငယ်များဆွဲလာယူဆောင်ခဲ့ကြသည်ကို မြင်တွေ့ရပါသည်။

မကြာမီ ကျောက်တိုင်အနီး အရိပ် ကောင်းသောကမ်းပါးယံခြေတွင် မစ္စတာဒတ်စ်တို့ ဖိတ်ခေါ်ချက်အရသွားရောက် ထိုင်ကြရပါသည်။

မစ္စတာဒတ်စ်တို့ အဖွဲ့ကလည်း ကျွန်တော်တို့အဖွဲ့ကိုပျူငှာစွာပင် ကြိုဆို၍ နေရာထိုင်ခင်းပေးပါသည်။

ကျွန်တော်တို့အဖွဲ့လည်း နေရာတကျ ကလေးရှုရထိုင်လိုက်ကြပါသည်။

နယ်ဘက် အရာရှိချင်း မြေတိုင်းအဖွဲ့ ခေါင်းဆောင်ချင်း၊ စစ်ဘက်အရာရှိချင်းတို့အား ရင်းနှီးသော အစဉ်တကျအနေဖြင့် နေရာထိုင်ခင်းပေးပါသည်။

ကျွန်တော်တို့လည်း ကျောက်တိုင်အကြောင်း၊ နယ်မြေအကြောင်း၊ ရပ်ရေးရွာမှု အကြောင်း၊ ယဉ်ကျေးမှုဓလေ့ထုံးစံအကြောင်း စုံညီစွာရောက်တတ်ရာရာ တွေလေးပါး ပြောဆိုကြပါသည်။



ကျွန်တော်တို့၏ ရှေ့တွင် ချာပါတီ၊ ပူရီ၊ အာလူးဟင်းတို့ပါရှိသော စားဖွယ်သောက်ဖွယ်များ စနစ်တကျထည့်ထားသည့်ချိုင့်များကို လာချပါသည်။

စားသောက်ရန် အဆင်သင့်ဖြစ်သောအခါ သုံးဆောင်ကြပါရန် မစ္စတာဒတ်စ်က ပြောပြီး ကျွန်တော်တို့ရှေ့ရှိချိုင့်များထဲသို့ မုန့်များထပ်ထည့်ပါသည်။

ကျွန်တော်တို့လည်း အတန်ငယ် လျှောက်လှမ်းခဲ့ရသည့်အလျောက် ဝမ်းဟာလာခြင်းကို ပူရီ၊ ချာပါတီတို့ဖြင့် အားရပါးရ ဖြည့်လိုက်ကြပါသည်။

ဂျုံကောင်းကောင်းဖြင့် ပြုလုပ်ထားသော မုန့်များဖြစ်၍ အထူးပျော့အိ၍ အရသာရှိလှပါသည်။

ထောပတ်နံ့လည်း မွှေးကြိုင် ယစ်ထုံနေပါသည်။

အာလူးဟင်းသာဆိုရသည်။ ခရမ်းချဉ်သီး၊ ကြက်သွန်များကို အကွင်းလိုက်လှီး၍ မဆလာနံ့ တသင်းသင်းဖြင့် စားချင့်စဖွယ် ဟင်းပင်ဖြစ်ပါသည်။

အရသာလည်း ရှိလှပါသည်။

စေတနာဖြင့် ကြိုတင်စီစဉ်ပြုလုပ်လာ၍လော မပြောတတ်ပါ။ အထူးအရသာရှိ ကောင်းမွန်လှကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ကျွန်တော်တို့အဖွဲ့လည်းမြိန်ရေယှက်ရေ စားသောက်ကြပြီး လက်ဆေးရေ၊ လက်သုတ်ပဝါပါ အဆင်သင့်

လာချပေးပါသည်။ အစားပိတ်အဖြစ် တပ်လက်ဖက်ရည်ဖြင့် ဧည့်ခံပါသည်။

ကျွန်တော်တို့သည် ဧည့်ဝတ်ကျေပွန်လှပြီးလိုလေသေးမရှိသည့် မစ္စတာဒတ်စ်တို့အဖွဲ့အား များစွာ ကျေးဇူးတင်ကြောင်း ပြောကြားကာ တစ်ဦးနှင့်တစ်ဦး ဖက်လှဲတကင်း ရင်ချင်းအပ် ပွေ့ဖက်နှုတ်ဆက်ကြပြီး နားနေစခန်းဆွမ့်ရာရွာသို့ ခြေဦးလှည့်ခဲ့ပါသည်။

စားပွဲသောက်ပွဲ ကလေးသည် နှစ်နိုင်ငံ ချစ်ကြည်ရေးကို အလေးအနက်မြဲဆိုညွှန်းသော အစဉ်အလာကောင်းဖြစ်စေသည့် ပြယုဂ်တစ်ခု ဖြစ်သည်ဟု ကျွန်တော်အလေးအနက် ယုံကြည်မိပါသည်။

မစ္စတာဒတ်စ်တို့၏ လူမှုရေးအမြင်နေဖြင့် တုံ့ပြန်လိုက်သော စားသောက်ပွဲ ကလေးသည် ရိုးစင်းသလောက် အကျိုးသက်ရောက်မှုမှာ အလွန်ထိရောက်လှပါသည်။

အောင်နိုမိတ်စစ်ဆင်ရေး၏ နယ်နိမိတ်လုပ်ငန်းများသည် နှစ်နိုင်ငံ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးဦးတည်ချက်သို့တိုင် အကျိုးသက်ရောက်နိုင်သော စားသောက်ပွဲလေး ဖြစ်သည်။

ကျွန်တော်လည်း ပေါ့ပါးသောစိတ်၊ သွက်လက်သော ကိုယ်ကာယဖြင့် လျှောက်လှမ်း ပြန်လာခဲ့ရာ ဆွမ့်ရာသို့



နေ့လယ် နှစ်နာရီခန့်အချိန်တွင် ပြန်လည် ရောက်ရှိခဲ့ပါသည်။

ကျွန်တော်တို့ အဖွဲ့သည် စားသောက်ရေး အတွက် ပြင်ဆင်ချက်ပြုတ်ခြင်း၊ နားနေခြင်း၊ ဖွပ်လျှော် ရေချိုးခြင်း၊ အိပ်စက်ခြင်းတို့ကို အလှည့်ကျစနစ်ဖြင့် လှည့်ပတ်ဆောင်ရွက်ခဲ့ရာမှ အလည်အပတ် သွားရောက်ခြင်းဟူသော တာဝန်တစ်ခုပါ ထပ်တိုးခဲ့ရပါသည်။

ဆွမ့်ရာတွင် အနေကြာသော ကျွန် တော် တို့ သည် ဆွမ့်ရာ ရွာလူကြီးများထံ ညနေခင်း စားသောက်အပြီး အိမ်လည်လေ့ရှိပါသည်။

ဆွမ့်ရာရွာလူကြီးမှာ အိန္ဒိယပြည် နယ်စပ်မြို့ဖြစ်သော အူကရူမြို့နှင့် နှစ်ညအိပ် သုံးရက်ခရီး အသွားအပြန် တစ်ဖတ်လောက်ဖြင့် အိန္ဒိယပစ္စည်းကို ချိချိသာသာ ဝယ်ယူနိုင်သော ရွာကြီးဖြစ်ပါသည်။

သို့အတွက် ကျွန်တော်တို့လည်း ဆွမ့်ရာရွာလူကြီးများမှတစ်ဆင့် အိန္ဒိယပြည်ဖြစ် ခရုလုံချည်များ၊ အဝတ်အထည်များ၊ ခြေညှပ်ဖိနပ်များ၊ ပေါင်ဒါဘူးများ၊ အမွှေးတိုင်များ စသည်ဖြင့် အနည်းငယ်စီ ဝယ်ယူရရှိပါသည်။

ကျွန်တော်တို့အဖွဲ့အနေဖြင့် ပြည်တော်ပြန်လက်ဆောင်အဖြစ် သင့်နိုးရာရာ ဝယ်ယူ၍လည်း ပြီးစီးခဲ့ပြီ။

အများကြီးဝယ်ရန်လည်း ပိုက်ဆံမရှိ။

ခရီးဝေးဖြစ်၍လည်း အများကြီး မဝယ်နိုင်ပါ။

ဆူမှရာတွင် ညွှန်ကြားချက်အရ၊ ခရီးစဉ်အတိုင်း နားနားနေနေ နေကြရသည်မှာ ပင်ပန်းခဲ့သမျှကိုအတိုးချ အားဖြည့် နားနေခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့အဖွဲ့သည် ၁၉၇၄ ခု၊ ဧပြီလ ၄ ရက် ကြာသပတေးနေ့တွင် ကျောက်တိုင်အမှတ် ၁၂၈ (မပညာ- ၈၇၀၂၆၀) ကိုလည်းကောင်း၊ ၁၉၇၄ခု ဧပြီလ ၆ ရက် စနေနေ့တွင် ကျောက်တိုင်အမှတ် ၁၂၉ (မပညာ-၀၉၇၃ ၅၀) ကိုလည်းကောင်း သွားရောက်ကာ ကျောက်တိုင်လုပ်ငန်းကြီး၏ ပြုဖွယ်ကိစ္စများကို အောင်မြင်စွာဖြင့် အပြီးသတ် အချောကိုင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကျောက် တိုင် လုပ် ငန်း စာအုပ်ကြီးကို တစ်ရွက်ပြီး တစ်ရွက် အောင်မြင်စွာ လှန်လှော ဆောင်ရွက်ခဲ့ပါ သည်။

ကျွန်တော်တို့၏ အောင်မြင်မှုသည် နိုင်ငံတော်၏ အောင်မြင်မှုပင် ဖြစ်၏။

ကျွန်တော်တို့၏ ရွက်ဆောင်မှုသည် နိုင်ငံတော်၏ ရွက်ဆောင်မှုပင် ဖြစ်၏။

ကျောက်တိုင်လုပ်ငန်းနှင့် ပတ်သက်၍ ကျွန်တော်တို့ သည် နိုင်ငံတော်၏ ကိုယ်စားလည်များ ဖြစ်သည်



အလျောက် ကျွန်တော်တို့နှင့် နိုင်ငံတော်မှာ ခွဲခြားမရ သော တစ်စိတ် တစ်ဝမ်းတည်း ဖြစ်ပါသည်။

နယ်ခြားကျောက်တိုင်လုပ်ငန်းများကို ဤရွေ့ ဤမျှ မြန်ဆန် မှန်ကန်စွာ ပြီးပြတ် ဆောင်ရွက် နိုင်ခဲ့ခြင်းမှာ နှစ်နိုင်ငံကိုယ်စားလည်များအနေဖြင့်....

၁-အတွေ့အကြုံရှိခြင်း
၂-နားလည်မှုရှိခြင်း
၃-တာဝန်သိတတ်ခြင်း
၄-အကျိုးတူ ရည်ရွယ်ချက်တူခြင်း
၅-ပွင့်လင်းရိုးသားခြင်း
၆-နိုင်ငံအပေါ် သစ္စာရှိခြင်း
၇-စေတနာမှန်ကန်ခြင်း

စသော အချက်အလက်၊ အရည်အချင်းများကြောင့် အောင်မြင်ပြီးပြတ်ခြင်းဖြစ်ကြောင်း ခိုင်မြဲစွာ ယုံကြည်မိ ပါသတည်း။

အောင်နိမိတ် အောင်တံဆိပ်ကိုမျှော်....
ပျော်ပါရဲ့လေး။
သည်နယ်မြေ သည်ကျောက်တိုင်နဲ့
မြခိုင်အောင် နောင်ရှည်ကြိုးမယ်
မျိုးတွက်ကွယ်လေး....

ဟူ၍ပင် ရည်ရွယ်ဆောင်ရွက်ရင်း ပျော်ခဲ့ကြရသည် မဟုတ်ပါလား။

၁၉၇၄ ခု ဧပြီလ ၈ ရက်

တနင်္လာနေ့

၀၇၀၀ နာရီ။

ဆွမ္ဗရာမှ ပန်ဆတ်ရွာ (မပည–၂၁၄၀)သို့ ခြေဆန့် ခရီးဖြန့်ရမည့်နေ။

တစ်နည်း ဆိုရသော်.... နားနေ စခန်း ပြောင်းရွှေ့ နေရာချရမည့်နေ့။

မိုးကောင်းကင် တစ်ခွင် တစ်ပြင်လုံးလည်း ပြာလဲ့ ကြည်နေပါသည်။

ကောင်းကင်က ပြာ၊ နေက သာလျက်။

နေလုံးနီနီ လဲ့ဝင်းရီလည်း ဆွမ္ဗရာ တောင် ထိပ် ၏ တစ်ဖက်တောင်စွယ်တန်းဆီမှ ထွက်ပြူ၍လာဘိ၏။

စစ်ကြောင်းမှူး၏ ရေဒီယိုကလေးက တာဝန်ကျေစွာ လွင်လွင်သာလျက် ရှိပါသည်။

ဆွမ္ဗရာရွာနှင့် ပန်ဆတ်ရွာအကြား နာဂ တဲအိမ်စု ကလေးများကို မကြာခဏတွေ့ရသကဲ့သို့၊ ရွာနှင့်မလိုက် အောင် သပ်ရပ်ခန့်ညားသော ဘုရားရှိခိုးကျောင်းများ ကိုလည်း ကြိုကြား ကြိုကြား တွေ့နေရပါသည်။

ခရစ်ယာန် သာသနာပြုများ၏ လုံ့လ ဥဿာဟကို ဘုရားရှိခိုးကျောင်းများ၏ အခြေအနေကို ကြည့်ခြင်းဖြင့် သိသာနိုင်ပါသည်။



ကျွန်တော်တို့ အဖွဲ့သည် တဖြည်း ဖြည်း ဖြေဖြေ လျော့လျော့ ဆင်းခဲ့ရခြင်းဖြစ်၍ လွန်စွာမှ သက်သာ နေ၏။

နေကလည်း သာသဖြင့် လောကကြီးသည် ကြည်လဲ့ ဝင်း၍ နေပါသည်။ လေပြည်ကလည်း ဆော်သွေး ရိုက် ခတ်နေသည်။

ကျွန်တော်တို့သည် ဖြည်းလေး သက်သာ လာခဲ့ကြ သည်ဖြစ်၍ ပန်ဆတ်ရွာသို့ ညနေ လေးနာရီအချိန်တွင် ရောက်ခဲ့ရတော့သည်။

ပန်ဆတ်ရွာကလေးကို မြင့်မားသော တောင်တို့က ပတ်ချာဝိုင်းထား၏။

သို့ကြောင့် ပန်ဆတ်ရွာကလေးမှာ တောရိပ်တောင် ရိပ်တို့ဖြင့် တင့်တယ် သာယာနေ၏။ စိမ်းလဲ့ ရွှန်းစို နေ၏။

နာဂအိမ်တို့မှာ ဆွမ္ဗရာရွာရှိ နာဂအိမ်များလောက် ခန့်ညားထည်ဝါခြင်း မရှိ။

ပျဥ်ထောင်သွပ်မိုးအိမ်ဆို၍ လေးငါးလုံးလောက်သာ ရှိသဖြင့် စီးပွားရေးအခြေအနေ သိပ်ကောင်းဟန်မရှိဟူ၍ ယေဘုယျ ကောက်ချက်ချ၍ရပါသည်။

ကျွန်တော်တို့လည်း အဖွဲ့လိုက်ခွဲ၍ သင့်သလို တည်းခို အိမ်များ ရှာဖွေနေကြသည်။

ကျွန်တော်နှင့် စစ်ကြောင်းမှူးတို့ တည်းခိုသော အိမ် မှာ ရွာလူကြီး၏ အိမ်ဖြစ်သည်။

ရွာလူကြီး၏ အိမ်မှာ ဖျဉ်ထောင်သွပ်မိုးနှင့် အသင့်အတင့် ကျယ်ဝန်းသပ်ရပ်မှုတော့ရှိပါသည်။

ပန်ဆတ်ရွာအနီးတွင် တောင်ကျချောင်းတစ်ခုရှိ၏။ ချောင်းရေမှာ နီးသဖြင့် ဆွမ္မရာရွာကဲ့သို့ ဝါးပိုးဝါးဖြင့် ပိုက်သွယ်တန်းထားသော အများသုံး အုတ်ရေကန် မရှိပါ။

နာဂများ ရေခပ်သည့်အခါ ပုလိုင်းထဲတွင် ဝါးကျည်တောက် အတိုအရှည် လေးငါးလုံးထည့်၍ ပုလိုင်းကြီးကို နဖူးတွင် သိုင်းကာ ရေခပ်လေ့ရှိ၏။

ထိုဝါးကျည်တောက် အတိုအရှည် လေးငါးလုံးသည် ကျွန်တော်တို့ အညာရေအိုး သုံးလုံးခန့် ရေပါ၏။

သူ့မလေ့ သူ့စရိုက် အလိုက်အထိုက်ဖြစ်၍ တစ်မျိုးတစ်ဘာသာ ဆန်းနေသည်။

သို့သော် နာဂပျိုမြူတို့၏ ယဉ်စစ အလှကို မြင်တွေ့ရပါသည်။

နာဂပျိုဖြူလို့သာ ဆိုရသည်၊ အသား ဖြူသူတော့မရှိပါ။ အသားညို များပါသည်။

ချောင်းရေအနီးတွင် အလိုအလျောက် စပါးမောင်းထောင်းဆုံ တစ်ခုရှိ၏။

ကျွန်တော်တို့လည်း စမ်းချောင်းတွင် ရေချိုးရင်း အပန်းဖြေရသည်။



ကျွန်တော်တို့သည် ညစာ စားအပြီး၊ စမ်းချောင်းကလေး၏ တသွင်သွင် ရေစီးသံကလေးကို နားခံရင်း တစ်ညတာ အပန်းဖြေ အိပ်စက်ကြပါတော့သည်။

၁၉၄၄ ခု ဧပြီလ ၉ ရက်

အင်္ဂါနေ့

နံနက် ၀၈၀၀ နာရီ

ကျွန်တော်လည်း ဗိုလ်ကြီးနှင့်အတူ ထမင်းကြော်စား၍ လက်ဖက်ရည်သောက်နေစဉ် အမဲပစ်ရာမှ ပြန်လာသော ဆရာဘာကားမားက ထူးခြားသော သတင်းကို တင်ပြလာသည်။

ထိုသတင်းမှာ နက်ဖြန်ဆောင်ရွက်မည့် ကျောက်တိုင်အမှတ် ၁၃၀ (မပည ၁၄၅၄၂၈) ကို မီဇိုသူပုန်များလာရောက်ဖျက်ဆီးမည်ဖြစ်ပြီး ကျောက်တိုင်လုပ်ငန်း ဆောင်ရွက်လျှင် ဆီးကြိုနှောင့်ယှက်မည် ဖြစ်ကြောင်းပင် ဖြစ်သည်။

ထိုသတင်းကြောင့် ကျွန်တော်တို့လည်း ဦးကြည်မြင့်နှင့် ဦးအေးဖေတို့ကို တိုင်ပင်ရန် ခေါ်ယူလိုက်၏။

ပန်ဆတ်ရွာလူကြီးလည်း ကျွန်တော်တို့နားတွင်အဆင်သင့် ရှိနေပါသည်။ ပန်ဆတ်ရွာလူကြီးအား လူရည်လည်သော နာဂတစ်ဦးကို ကြက်နှင့် ဂေတ်သီးအရောင်းသွားသည့်အနေဖြင့် တစ်ဖက် အိန္ဒိယနယ်နိမိတ်ရှိ အနီးဆုံး တပ်စခန်းသို့ သွားရောက် သတင်းမေးစေသည်။

သတင်းမေးစေသည်ဆိုရာ၌ ကျွန်တော်နှင့်ဗိုလ်ကြီး တင်စိုးတို့ တိုင်ပင်၍ ကြားသိရသော သတင်းမှန်မမှန်နှင့် နက်ဖြန် ကျောက်တိုင်လုပ်ငန်း အတွက် အခြေအနေကို ပါ အကြောင်းပြန်ကြားရန် အင်္ဂလိပ်လို စာရေးပြီး လုံ ခြုံရေးနယ်ခြားစောင့်တပ်ထံ အပေးခိုင်းခြင်းဖြစ်၏။

ထိုသူလည်း ည ၁၀ နာရီအချိန်တွင် နယ်ခြားစောင့် တပ်မှ ပြန်လည်ရောက်ရှိလာ၍ လုံခြုံရေးစစ်ဘက်စခန်း မှ ပေးလိုက်သော ပြန်ကြားစာကို လာပေးသည်။

ပြန်ကြားစာတွင် မီဇိုသတင်းမှာ မမှန်သတင်းသာ ဖြစ်ကြောင်း၊ နက်ဖြန်ကျောက်တိုင်လုပ်ငန်းကို ကိုးနာရီ တိတိ အချိန်တွင် ကျောက်တိုင် အမှတ် ၁၃၀ တွင်ဆောင် ရွက်မည်ဖြစ်ကြောင်း စိတ်ချစွာလာခဲ့ကြရန် တိုက်တွန်း၍ အစီအစဉ်လည်း မပျက်ကြောင်း၊ ယခုည လည်း တိုက်ကင်း ထွက်ခိုင်းထားပြီး ဖြစ်ကြောင်းများ ပါရှိပါသည်။

ကျွန်တော်တို့လည်း ထိုအကြောင်းပြန်ကြားချက် ရမှ ပင် ဟင်း....ချ၍ စိတ်လက်ပေါ့ပါးသွားတော့သည်။

သို့တစေ သတိဝီရိယတော့ ရှိကြပေလိမ့်မည်။
မမှန်သတင်းဆိုသော်လည်း ရန်သူ၏ ပရိယာယ်ကို လျှော့တွက်၍ မရ။



ကျွန်တော်လည်း မနက်ဖြန်ဆောင်ရွက်ရမည့်ကျောက် တိုင်အတွက် နံနက်စောစော ခရီးထွက်ရမည်ဖြစ်၍ အိပ် ရာစောစောဝင်လိုက်ပါသည်။
အလိုအလျောက် သဘာဝမောင်းထောင်းဆုံကြီးဆီမှ ဝေါ....ဝေါဒုံး ဟူသော လေးလေး မှန်မှန် အချက်ပေး သံကို ကြားနေရပါသည်။ ဝေါ....မှာ ရေကျသံ ဖြစ်၍ ဒုံး....မှာ မောင်းထောင်းသံ ဖြစ်ပါသည်။

ကျွန်တော်သည် ဝေါ....ဒုံး....ဝေါ ဒုံးကိုသာ အာရုံ ပြုမိနေရာမှ နောင်တွင် ဝေါ....ဒုံး ကိုပင် မကြားမသိ လိုက်ရတော့ပါ။
၁၉၇၄ ခု ဧပြီလ ၁၀ ရက်။
ဗုဒ္ဓဟူးနေ့။
နံနက် ၀၅၃၀ နာရီ။
ရောင်ခြည်ပျို့ပျို့ လင်းစို့စို့ အချိန်။
အရှေ့ဆီတွင် ရှိသော တောင်စွန်း တောင်စွယ်ထိပ် များဆီမှ ရောင်ခြည်ဦးသည် နီမျမျ အရောင်သမ်း၍ နေ မင်းလည်း ထွက်ပြူရန် အားပြုဆဲ။

နေမင်းကို မမြင်ရသေးသော်လည်း လင်းရောင်ခြည်ဦး နီပျပျကို မြင်တွေ့နေရသည်။
ကျေးငှက်သာရကာများကား အိပ်တန်းမှ ထကြ၍ ခွန်းဆက်သံစုံ ကျူးရင့်နေကြပြီ။

တစ်နည်းဆိုရသော် တောသဘာဝ တောသံပေးနေလေပြီ။

ကျောက်တိုင် အမှတ် ၁၃၀ (မပည ၁၄၅၄၂၈) နောက်ဆုံးဆောင်ရွက်ရမည့် ကျောက်တိုင်၊ စခန်းသိမ်း ကျောက်တိုင်။

အိန္ဒိယအဖွဲ့နှင့် နောက်ဆုံးတွေ့ရမည့် ကျောက်တိုင်။ နှုတ်ဆက်၍ နောက်ဆုံးအပြီးတိုင်ခွဲခွာရမည့်ကျောက်တိုင်။

ထိုကျောက်တိုင် စံနေရာမြေဆီသို့ သွားရန် အဆင်သင့်ဖြစ်ကြပြီ။

စစ်ကြောင်းမှူးလည်း နောက်ပိုင်း စိတ်ချရအောင် ဆရာလိုင်ထွန်းနှင့်အဖွဲ့ကို ပန်ဆက်ရွာစောင့် တပ်အဖြစ်ထားခဲ့ပြီး ဆရာကာဘကားမားနှင့် အဖွဲ့ကို လက်နက်ကြီးများတပ်ဆင်ကာ ခဲယမ်းမီးကျောက် အလုံအလောက်ယူစေခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့အတွက် လိုအပ်သည်များကို အပြီးအပြတ် အမိန့်ပေးခဲ့သည်။

တာဝန်နှင့် ဆက်သွယ်ရေးလမ်းကြောင်း၊ ဗိုလ်ကြီးတင်စိုးက ကျွန်တော့်ကိုပင် ကာဘိုင် လွယ်စေပါသည်။ ဦးကြည်မြင့်နှင့် ဦးမြအေးဖေတို့လည်း ထိုအတိုင်းပင်။ လုံခြုံရေးတပ်ဖွဲ့အတွက်လည်း ကျည်အားဖြည့်ထားသည်။

ကျွန်တော်တို့ကို ကျွမ်းကျင်သော နာဂလမ်းပြနှစ်ဦးက ခေါ်ခဲ့သည်။ ဗိုလ်ကြီးက ဆရာကာဘကားမား နောက်



ကလိုက်၍ ဝါယာလက်စ်ထမ်းသူ ဝါယာလက်စ်ရဲဘော်တို့လည်း သူနှင့်အတူ လိုက်ပါစေ၏။ ၎င်းနောက်မှ ရဲဘော်နှစ်ဦးသည် နောက်မှ၊ ကျွန်တော်တို့သုံးဦး၏နောက်မှ ရဲဘော်ခြောက်ယောက်တို့က သတိဝီရိယနှင့် လိုက်ကြရသည်။

ဘာစကားမှ မပြောကြတော့။

ကျွန်တော်တို့လည်း ခပ်သွက်သွက်လျှောက်ကြ၏။

ရပ်နားခြင်း အလျဉ်းမရှိ။

ရှေ့နောက် ဝဲယာကို သတိထား ကြည့်၍ သွားကြရသည်။

တစ်ဦးနှင့်တစ်ဦး သုံးကိုက်စီကွာ လျှောက်ကြ၏။

တောင်ကိုလည်း တက်ရ၏။ ဆင်းရ၏။ တောကိုလည်း တိုးရ၏။

တောနှင့်တောင်တို့သည် ရန်သူ့အတွက် အချိန်မရွေး ကျည်ကွယ် မျက်ကွယ်ဖြစ်မည် မဟုတ်ပါလား။

ကျွန်တော်တို့အဖို့ တောတိုးတောင်တက်၊ လျှိုဝင်၊ ချောင်းဖြတ်ရသည့် လှုပ်ရှားတပ်ဖွဲ့ဖြစ်သဖြင့် အထူးသတိထားပြီး/ ဝီရိယဖက်ကာ ခပ်သွက်သွက်ကလေး လျှောက်ကြသည်။

သို့အတွက် ချွေးတို့ဖြင့် ရွဲကုန်၏။

ရင်မောဟိုက်တုန်ခဲ့ရသည်။

သို့တစေ ရေသောက်ခြင်း၊ ရပ်နားခြင်းတား မရှိပါ။ လမ်းပြကြီး၏ ကျွမ်းကျင်မှုကြောင့် လမ်းမှာ ချွတ်ချော်ခြင်းမရှိဘဲ နံနက် ၈ နာရီ ၃၀ တိတိအချိန်တွင်တစ်ခုသော တောင်ကုန်းထက်ရှိ သစ်တောအလယ်တွင် ကျောက်တိုင်မွေးဖြူ ထိုအငူကလေးကို ဘွားခနဲ မြင်တွေ့ရပါတော့သည်။

ကျွန်တော်တို့လည်း နယ်နိမိတ်လမ်းကြောင်းမှန်မမှန် ကျောက်တိုင် အခြေအနေ ကောင်းမကောင်းကို ကျွန်တော်တို့သုံးဦးက သေချာစွာ စိတ်တိုင်းကျ စစ်ဆေးပြီး ကျွန်တော်တို့အတွက် သတ်မှတ်ထားသော နေရာတွင် သတိဖြင့် အိန္ဒိယအဖွဲ့ကို စောင့်နေသည်။

ဗိုလ်ကြီးနှင့်အဖွဲ့က ကျွန်တော်တို့ ကျောက်တိုင် စစ်ဆေးနေစဉ်အတွင်း လုံခြုံရေးကို တာဝန်ယူစောင့်ကြပ်ပြီး သီးခြားသတ်မှတ်သည့် နေရာများတွင် အသင့်နေရာယူ စောင့်ကြပ်လျက် ရှိပါသည်။

ကျွန်တော်တို့အဖွဲ့ရောက်ပြီး မိနစ် ၂၀ ရှိသည့် အချိန်တွင် တောတွင်းတစ်ဖက်ဆီမှာ ဟောင်ဖွာဖွာကုလားသံများ ကြားရပါသည်။ မကြာမီ မစ္စတာဒတ်စ်နှင့် နယ်ဘက်အရာရှိ အသစ်တစ်ယောက်လိုက်ပါလာပြီး သူတို့လည်း လုံခြုံရေး တပ်စိပ်နှစ်စိပ်ဖြင့် လက်နက်ကြီးများကိုင်စွဲကာ ရောက်ရှိလာသည်။

နယ်ဘက်အရာရှိဆိုသူမှာ အသားဖြူဖြူ ဝဝပုပု ဖြစ်ပါသည်။ စကားသွက်ပြီး သဘောကောင်းပုံ ပွင့်လင်းပုံ



ရသည်။ ထိုသူ၏ အတ်ချိမှာ ဖြူနီဝါ အကျား ဖြစ်၏။ ခေါင်းဘီမှာ နက်ပြာရောင်ဖြစ်၏။

စတိုင်ကျကျ ရှိုးကျကျပင်။

မစ္စတာဒတ်စ်ကတော့ အရိုးခံ့ သူ့အဝတ်အစား။

သူ့ စိတ်ဓာတ်အတိုင်းပေါ့။

မစ္စတာဒတ်စ်က ကျွန်တော်တို့တစ်တွေကို တစ်ဦးချင်း မိတ်ဆက်ပေးပါသည်။

နယ်ဘက်အရာရှိကလည်း လိုက်လှဲပျူငှာ နှုတ်ဆက်ပါသည်။

'သူမျှော်လင့်တာထက် ငယ်ရွယ်နုပျိုပြီး ထက်မြက်ကြသူ လူတော် လူကြီး လူကောင်းတွေ ဖြစ်ကြောင်း၊ နယ်နိမိတ်တစ်လျှောက်လုံး လိုက်ပါဆောင်ရွက်ကြ၍ အံ့သြဝမ်းသာကြောင်း၊ ယခုလို တွေ့ဆုံသိကျွမ်းရ၍ ဂုဏ်ယူဝမ်းသာပါကြောင်း' ဖြင့် ဖက်လှဲတကင်း နှုတ်ဆက်ရင်း ပြောကြားပါသည်။

ကျွန်တော်တို့ကလည်း ထပ်တူ ဝမ်းသာဂုဏ်ယူမိပါကြောင်းဖြင့် ယဉ်ကျေးပျူငှာ လှိုက်လှဲစွာ ပြန်ပြော နှုတ်ဆက်ပါသည်။

လုံခြုံရေးတပ်စိပ်များကတော့ အသင့်နေသားတကျ။

ကျွန်တော်တို့တစ်တွေလည်း မိတ်ဆက်အပြီး ကျောက်တိုင်အမှတ် ၁၃၀ (မာညှ-၁၄၅၄၂၀) ကို သေချာစွာ စစ်ဆေးပြီး နယ်နိမိတ်လမ်းကြောင်း မှန်ကန်မှု ရှိကြ

သဖြင့် လွှဲပြောင်းလက်ခံရေးပုံစံအသီးသီးတွင် လက်မှတ်ရေးထိုးလဲလှယ်လိုက်ကြပါသည်။

လက်မှတ်ရေးထိုး လဲလှယ်ကြပြီးနောက် တစ်ဦးနှင့်တစ်ဦး ဖွေ့ဖက်ကြကာ ပျော်ရွှင်ချမ်းမြေ့စေကြောင်း၊ ကျန်းမာစေကြောင်း ဆုမွန်ကောင်း တောင်းကြပြီး အားပါးတရနှုတ်ဆက်၍ ကိုယ့်နိုင်ငံ ကိုယ့်နယ်မြေဒေသ အသီးသီးသို့ တရွေ့ရွေ့ ကျောခိုင်းထွက်ခွာပြန်ခဲ့ကြပါသည်။

မစ္စတာဒတ်စ် အဖို့မူ ဝမ်းနည်းခြင်းဖြင့် နှုတ်ဆက်ရှာသည်။

ဝမ်းနည်းမျက်ရည်ဝဲရှာသည်။

နွေးထွေးသော နှုတ်ဆက်ခြင်းနှင့်အတူ....

"Good Luck to all
May you be healthy
May you be happy."

ဟူ၍....

ကျွန်တော်တို့ တစ်တွေလည်း မစ္စတာဒတ်စ် ကဲ့သို့ရင်မှာ ခံစားရပါသည်။

ခွဲခွာစဉ်က ရင်းနှီးခင်မင်စိတ်ကြောင့် ဝမ်းနည်းခြင်းဖြစ်ရသည်မှာ အမှန်ပါ။

သို့တစေ.... အောင်နိမိတ် စစ်ဆင်ရေးကြီး ဖြစ်သော နယ်နိမိတ် ကျောက်တိုင် လုပ်ငန်းကြီး အောင်မြင်စွာ



ချောမောစွာ ပြီးစီးပြီဖြစ်၍ ပေါ့ပါးသော ရင်၊ သွက်လက်သော ခြေလှမ်းဖြင့် အပြုံးပန်းများကို လူတိုင်းကိုယ်စီ ပန်ဆင်နိုင်ခဲ့ပါပြီ။

သို့ကြောင့် ကျွန်တော်သည် အထူးကျေနပ်အားရပီတိ ဖြစ်ရပါသည်။

ကျွန်တော်၏ မဟာ တာဝန်ကြီး အောင်မြင်စွာပြီးဆုံးခြင်းအတွက် ဂုဏ်ယူမိရပါသည်။

ကျွန်တော်တို့အဖွဲ့လည်း ကျောက်တိုင်လုပ်ငန်းကြီးအောင်မြင်စွာ ပြီးဆုံးပြီဖြစ်၍ စိတ်လက် ပေါ့ပါးစွာပြန်လာခဲ့သည့်အလျောက်၊ နေ့လယ် နှစ်နာရီတိတိအချိန်တွင် ပန်ဆတ်ရွာသို့ ပြန် လည်ရောက်ရှိခဲ့ကြပါသည်။

မြန်မာ-အိန္ဒိယ နယ်နိမိတ်ကျောက်တိုင် လုပ်ငန်းကြီးကား.... အောင်မြင်ချောမွေ့စွာ ပြီးစီးခဲ့လေပြီ။

နိုင်ငံတော်က ပေးအပ်သည့် တာဝန်ကြီးကား ယနေ့အဆုံးသတ်ခဲ့ပြီ။

သို့တစေ.... အိန္ဒိယအဖွဲ့နှင့် တွေ့ဆုံခဲ့ရသော ကျောက်တိုင်အမှတ် ၁၁၈ မှသည် ၁၃၀ အထိ ကျောက်တိုင်ပေါင်း ၁၃ တိုင်၊ ၁၃ နေရာ၊ ၁၃ ကြိမ်၊ ၁၃ ရက်ကိုလွယ်လွယ်ဖြင့် မေ့ပျောက်ရမည် မဟုတ်ပါ။ ၁၃ ကို

အများက 'ကံမကောင်းသောနံပါတ်'ဟု မှတ်ယူပြောဆို ကြပါသည်။ ကျွန်တော်တို့အဖို့မူ ထို ၁၃ သည် ဘ မှတ်ကျောက်။ ထို ၁၃ ကြောင့်....

ဝမ်းသာစရာ
လွမ်းစရာ
ရင်ခုန်စရာ
ကြောက်လန့်စရာ
ရင်မောစရာ
နှစ်သိမ့်စရာ
ကြည်နူးစရာ
ကျေနပ်စရာ....တွေနှင့် အတိပြီးခဲ့ပါ၏။

သူတို့ကိုလည်း မလွမ်းသော်လည်း အမှတ်ရနေသည် သူတို့ကို မတမ်းသော်လည်း သတိရနေသည်။ သူတို့ မမှန်းသော်လည်း အောက်မေ့တရ ရှိနေသည်ကို ကျွန်တော် (စာရေးသူ)မှ တစ်ပါး သိကြလိမ့် မဟုတ်ပါ။

နေသည် ညိုခဲ့ပြီ။
မှောင်ရိပ်လည်း သမ်းခဲ့ပြီ။
ကျွန်တော်သည် စိတ်မောခဲ့ရသမျှ၊ အလေးတင်ခဲ့ သမျှ စိတ်လျှော့ ကိုယ်ပေါ့ကာ သက်သာစွာ နား လိုက်ပါတော့သည်။



ကျွန်တော်၏ နေ့စဉ်မှတ်တမ်း ဒိုင်ယာယီတွင် ဤသို့ ရေးခြစ်လိုက်ပါသည်။

မလွမ်းသော်လည်း
အောက်မေ့ဆဲ။
မတမ်းသော်လည်း
မှတ်ရမြဲ။
မမှန်းသော်လည်း
သတိရမြဲ။
ကိုယ့်ရင်ထဲမှာ တစ်ရစ်ဝဲ....ဟူ၍။

* * *

# အခန်း (၁၈)

## ဟမ်းမလင်းသို့ အပြန်ခရီး

၁၉၇၄ ခု ဧပြီလ ၁၁ ရက်
ကြာသပတေးနေ့
၀၆၀၀ နာရီ

တစ်လောကလုံးကို နေရောင်ခြည်ဖြင့် ဖြန့်ကြက် အုပ်မိုးထား၍ သာသာနေသည်။

တောတို့သည် လည်းကောင်း၊ တောင်တို့သည် လည်း ကောင်း၊ မြင်မြင်သမျှသော အရာအားလုံးသည် လှ စိုပြည်နေသကဲ့သို့.... စမ်းချောင်း ရေအလျဉ်လည်း ဝင်း တလက်လက်ဖြင့် စီးဆင်းနေသည်။



ကျွန်တော့် အဖို့မူ အပြန်ခရီးဖြစ်သည်ကတစ်ကြောင်း၊ တာဝန်ဝတ္တရားလည်း ပြီးပြေလည်ခဲ့ပြီဖြစ်၍တစ်ကြောင်း ထို့ကြောင့် စိတ်လက် ကြည်ရွှင်နေသည်ဟု ဆိုလိုက်ချင် ပါသည်။

ကျွန်တော်၏စိတ်က ပျော်ရွှင်ကြည်လင်နေသည်ဖြစ်၍ မြင်မြင်သမျှ ဩကာသလောက အားလုံးမှာ ပို၍သာယာ နေခြင်း ဖြစ်ဟန်တူပါသည်။

ကျွန်တော်ကဲ့သို့ပင် အခြား အခြားသော ဗိုလ်ကြီး တင်စိုး၊ ဦးကြည်မြင့်၊ ဦးအေးဖေတို့သည်လည်း ခံစားချက် အပြည့်ဖြင့် စိတ်လက် ကြည်ရွှင်နေကြပေလိမ့်မည်။

ကျွန်တော်သည် 'နေရစ်ခဲ့ပေဦးတော့.... ပန်ဆတ်ရွာ ကလေးနှင့် ကျောက်တိုင်အမှတ် ၁၃၀ ရေ....'လို့ စိတ် အတွင်းမှ နှုတ်ဆက်မိရင်း ပန်ဆတ်ရွာကို ကျောခိုင်းခဲ့ ပါတော့သည်။

တောလမ်းကျိုမည်သည် တောင်ကိုလည်း ကျော်ရ မည်။ တောကိုလည်း ဖြတ်ရမည်။

လျှိုမြောင် စိမ့်ဖမ်းတို့ကိုလည်း ဆင်းတက် ကျော် လွှားကြရမည်။

ထိုသို့သော ခရီးလမ်းကို မဖြတ်ကျော် မငုပ်မလျှိုး မဆင်းမတက်ချင်၍ မရ။

ပန်ဆတ်မှ ကုက္ကိုင်လုံရွာ။ ၎င်းမှ ကူကီးရွာ (မပည- ၃၂၄၄)သို့ ရောက်ရှိစခန်းချနိုင်ရေးအတွက် ကျွန်တော် တို့အဖွဲ့လည်း ခပ်စောစော ခရီးထွက်ခဲ့ခြင်းဖြစ်သည်။

ကျွန်တော်တို့ စမ်းချောင်းကိုဖြတ်အပြီး တောင်ယာစပါးခင်းများကို ကွင်း၍ လေးငါးမိုင်ခန့် ရှည်သော မတ်စောက်စောက် နိုင်လှသည့် ကုက္ကိုင်လုံ တောင်ကို စတင် တက်ရပါတော့သည်။

ကုက္ကိုင်လုံရွာမှာ ထိုတောင်ထိပ်တွင်ရှိသည်။ ဆွမ္မရာ၊ ဖန်ဆတ်၊ ကုက္ကိုင်လုံရွာတို့မှာ တောင်များ ဝန်းရံထားသော မိုခနောက်ဆိုင်ရွာများ ဖြစ်ကြသည်။

ကျွန်တော်တို့သည် နေ့ ၁၂ နာရီ လောက်တွင် ကုက္ကိုင်လုံရွာသို့ရောက်ရှိပြီး နေ့လယ်စာ ထမင်းစားကြသည်။

ထမင်းစားသောက်ပြီး၍ ခေတ္တနားနေကာ နေ့လယ် ၁ နာရီ အချိန်တွင် ကျွန်တော်တို့သည် ကူကီးရွာသို့ ဆက်လက်ထွက်ခွာခဲ့ပါသည်။

ကုက္ကိုင်လုံရွာမှာ အထူးရေးသားစာဖွဲ့ရန် မရှိပါ။

ကျွန်တော်တို့သည် ကူကီးရွာသွားခရီးတစ်လျှောက်တွင် သက်တုံ တက်တုံဖြင့် တရွေ့ရွေ့ တလှုပ်လှုပ် တကုတ်ကုတ် တရွရွ သွားနေကြပါသည်။

ညနေ ၄ နာရီ အချိန်ခန့်တွင် ကျွန်တော်တို့သည် ကူကီးရွာသို့ ရောက်ရှိခဲ့ပါသည်။

ကျွန်တော်တို့ အဖွဲ့သည် ကူကီးရွာ စာသင်ကျောင်းတွင် တည်းခိုကြသည်။

ကျွန်တော်တို့လည်း ကူကီးရွာလူကြီးကို ခေါ်ပြီး ပန်ဆက်မှ ခေါ်ယူခဲ့သော နာဂအထမ်းသမားများကို ပြန်



လွှတ်၍ ကူကီးအထမ်းသမားများပေးရန် စီစဉ်ရတော့သည်။

ကူကီးရွာလူကြီးက အထမ်းသမားများအတွက်တာဝန်ယူသွားပါသည်။

ကျွန်တော်တို့သည် ကူကီးစာသင်ကျောင်းတွင် ကျယ်ဝန်းစွာပင် တစ်ပြေးညီ တည်းခိုနားနေ အိပ်စက်လိုက်ကြပါသည်။

၁၉၇၄ခု ဧပြီလ ၁၂ရက်။

သောကြာနေ့။

၀၆၀၀နာရီ။

ကျွန်တော်တို့သည် အိပ်ရာမှ စောစောထကြသည်။ ခရီးထွက်နိုင်ရေးအတွက် ပြင်ဆင်ကြ၏။ သိမ်းဆည်းကြနှင့် တရွရွလှုပ်ရှားနေကြသည်။

ထူးခြားသည်မှာ ကူကီးအထမ်းသမားထဲတွင် နာဂအမျိုးသမီး ကလေး မိခင်များ ပါလာကြခြင်းပင် ဖြစ်သည်။

ကူကီးရွာမှ နမစ်ယူပီရွာ(မပည ၃၇၃၇)သို့ စခန်းချရမည့်နေ့ ဖြစ်သည်။

တောလမ်းတို့မည်သည် ဘယ်တော့မှ ဖြောင့်ဖြူးခြင်း မရှိပါ။

ဤသည်မှာ ကျွန်တော်၏ တောတွင်း အတွေ့အကြုံဖြင့် ပြောကြားသော စကားဖြစ်ပါသည်။

အဆင်း အတက် အကွေ့အကောက် များလှသည်။

၁၉၇၄ ခု ဧပြီလ ၁၃ ရက်။

စနေနေ့။

သင်္ကြန်အကျနေ့။

မြန်မာ့ရိုးရာ အတာသတင် ဆင်ယင် ကျင်းပသည့်နေ့ပေါ့။

သို့တစေ ကျွန်တော်တို့အဖွဲ့မှာ နမ့်စ်ယူပီမှ လေရှီး (မပည ၄၅၄၃)သို့ ရောက်ရှိ စခန်းချနိုင်ရန် ခရီးဆက်ရမည်ဖြစ်သဖြင့် ပြုမြဲဓမ္မတာအတိုင်း ခရီးဆက်ရန် ဟန်ရေး ပြင်ကြရပါသည်။

ကျွန်တော်သည် ရောက်လိုလှသော လေရှီးမြို့ကို ယနေ့ပင် ရောက်ရတော့မည်ဖြစ်၍ ဝမ်းမြောက်နေပါတော့သည်။

'ယနေ့စနေနေ့။

လေတိတ်သည်။

စာကလေးနားနေသည်။

နေပါစေလား။

ဖိုးဆိတ်လေးတင်သည်' ဟသော စာတိုကလေးကို ဒေါင်းမြန်မာ ဖတ်စာအုပ်ထဲတွင် ကျွန်တော်ငယ်စဉ်က ဖတ်ရှု ကျက်မှတ်ခဲ့ရဖူးသည်ကို ယခုတိုင် အမှတ်ရနေမိပါသည်။

တကယ်တော့မူ....

ယနေ့စနေနေ့။

လေမတိတ်ပါ။



လေသည် တဖြူးဖြူးဆော်သွေးတိုက်ခတ်၍ အအေ ဓာတ်ကလေးပင် ပါလာသည်။

ကျွန်တော်တို့အဖွဲ့သည် နမ့်စ်ယူပီမှလေရှီးသို့ ရောက် စခန်းချနိုင်ရေးအတွက် ခရီးဆက်ခဲ့ရပြန်သည်။

လေရှီးမြို့သည် ကျွန်တော့်အနေဖြင့် မကြာခ ကြားနေရသောမြို့အမည်ကလေး ဖြစ်ပါသည်။

လေရှီးမြို့တွင် ဘဏ်ရုံးခွဲမရှိသဖြင့် လေရှီးမြို့နယ် ငွေရေးကြေးရေး ကိစ္စရေးရာများ ဆောင်ရွက်နိုင်ရ ဟုမ်းမလင်းမြို့နယ်သို့ လာရောက်ဆက်သွယ် ဆောင်ရွ ရသည်ချည်း ဖြစ်သည်။

သို့အတွက် လေရှီးနှင့် ဟုမ်းမလင်းမှာ အခြဆ သွယ်လျက်ရှိသောမြို့များ ဖြစ်သည်။

လေရှီးတွင် နာဂလူမျိုးအများစု နေထိုင်ကြ၍ ချင် လူမျိုးလည်းနေထိုင်ကြသည်။

ကျွန်တော်တို့ဖြတ်သန်းခဲ့ကြသော နာဂရွာ၊ ချင်းရွ တို့မှာ လေရှီးမြို့နယ်ထဲက ဖြစ်ပါသည်။

ကျွန်တော်တို့အဖွဲ့သည် တစ်ခုသော တောင်အဆ အကွေ့လေးတစ်ခုတွင် ဝါရွှေ၍ ဝင်းလဲ့ရွှန်းစိုနေသေ မိန်းမပျိုတစ်သိုက်နှင့် ယောကျ်ားပျိုနှစ်ဦးကို အမှတ်မထ တွေ့လိုက်ရ၍ အတော်အံ့သြပြီး မှင်သက်မိနေကြသည်

ခေတ်၏သမီးပျိုများ ဖြစ်ကြပြီး ဆင်ယင်မှုနှင့် သွ ဖြင့်လက္ခဏာမှာ ကြည့်ကောင်းကြသူများ ဖြစ်ကြသည် လှပကြသူများ ဖြစ်ကြသည်။

ဤလိုတောတွင်းခေါင်ခေါင်ဒေသတွင် ခေတ်၏ သမီးပျိုကလေးများကို တွေ့မြင်ရလိမ့်မည်ဟု ရှေးမဆွက ဘယ်တုန်းကမှ မမျှော်လင့်မိခဲ့ချေ။

သို့အတွက် အံ့ဩခြင်းဖြစ်ရပါသည်။

၎င်းတို့သည် တိုင်းရင်းသားဖွံ့ဖြိုးရေးသိပ္ပံကျောင်းသူကျောင်းသားများဖြစ်ကြောင်း ၎င်းတို့ ပြောပြချက်အရ သိရပါသည်။

၎င်းတို့သည် ဆွမ္ဗရာရွာသို့ ကျောင်းပိတ်ရက်အတွင်း ပြန် လာကြသော နာဂလူမျိုးများ ဖြစ်ကြောင်းလည်း သိခွင့်ရခဲ့ပါသည်။

ကျွန်တော့်မှာ ၎င်းတို့၏ လန်းဆန်း တက်ကြွမှု၊ လျှင်မြန် ဖျတ်လတ်မှု၊ အသိဖွံ့ဖြိုးကြွယ်ဝမှု၊ ကိုယ့်ရပ်ကိုယ့်ရွာ ကိုယ့်ဒေသ ကိုယ့်လူမျိုးကို မြတ်နိုးချစ်ခင်မှု စိတ်ဓာတ်များကို လေးစားချီးကျူးမကုန်အောင် ဖြစ်ခဲ့ရပါသည်။

အားရရွှင်လန်းမိရပါသည်။

ဤသို့ အမျိုးကောင်းသားသမီးတွေ ပေါ်ထွန်းလာလေလေ၊ နာဂလူမျိုးတို့၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများ တိုးပွားပေါ်ထွန်းလာလေလေ ဖြစ်မည်။

သို့အတွက် အားရကျေနပ်မိရပါသည်။

ကျွန်တော်သည် ထိုသူကလေးများကဲ့သို့ တောင်ပေါ်သားကလေးတွေ၏ မျက်စိဖွင့်ပေးရာ ရစ်ကိုင်းရွာသစ်ကြီးရှိ တိုင်းရင်းသားဖွံ့ဖြိုးရေးသိပ္ပံကျောင်း၏ ထိရောက်



သော အကျိုးပြုမှု အတိုင်းအတာကို ထင်ယောင် မြင်ယောင်မိလာပါတော့သည်။

နမ့်စယ်ယူပီရွာမှ လေရှီးသို့လာရာလမ်းသည် ထူးထွေ တာညွှန်းအံ့ရာသော်ကား မဟုတ်ပါ။

တောတောင် သဘာဝ အနေအထားအရ သာယာစိုပြည်လှပါသည်ဟူ၍သာ ကျွန်တော် ဆိုပါရစေလား။

ကျွန်တော်တို့သည် တစ်ဦးခြေရာ တစ်ဦးနင်း၍ တစ်ဦး နောက်သို့ တစ်ဦး လိုက်ခြင်းဖြင့် မနား မနေ တပေပေ သွားနေခဲ့ပေရာ ညနေ သုံးနာရီအချိန်လောက်တွင် လေရှီးမြို့ကလေးသို့ ရောက်ရှိခဲ့ပါသည်။

သစ်ပင် အုပ်ဆိုင်း၊ တောင်တံတိုင်းတို့ ပတ်ဝိုင်းရာ မြို့ကလေး။

လျှိုမြောင်စိမ့်စမ်းပေါသည့် မြို့ကလေး။

ချင်းနှင့်နာဂတို့ ပျော်စံရာဌာနေ မြို့ကလေး။

ရိုးသားဖွင့်လင်းသူတို့ နေထိုင်ရာ မြို့ကလေး။

ကျွန်တော်တို့ ရောက်လိုလှသော မြို့ကလေးကိုကား ယခုတော့ဖြင့် ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်ခဲ့ပြီ။

မြို့ဟုသာ ဆိုရသည် မြို့အင်္ဂါရပ်နှင့်တော့ လုံးဝ ညီညွတ်မှု မရှိပါ။

မြို့ထဲသို့ ဝင်ခဲ့မိလျှင်ပင် ဟောင်းနွမ်း အိုမင်းလျက်ရှိသော အုတ်နီနီအဆောက်အအုံပျက်ကြီးတစ်လုံးကို တွေ့ရ၏။ ညောင်ပင်ငယ်တို့သည် အုတ်နီကြားမှ ထိုးထိုးထောင်ထောင် ထွက်မြုနေ၏။ ထိုအုတ်နီ အဆောက်

အအုံကြီးသည် ခန္တီးမြို့ရှိ ခ.လ.ရ(၅၉)မှ တပ်ခွဲမှူး ဗိုလ်ကြီးနှင့်အဖွဲ့က စိုးမိုးပိုင်သ,၏။

လေရှ**း**တွင် မြို့နယ်လုံခြုံရေး အတွက် ခ.လ.ရ (၅၉)မှ တပ်ဆွယ် လာရောက်ဖွင့်ပေးခြင်းဖြစ်၏။

အဆောက်အအုံမှာ နိုကြွင်ကြွင် ညီမှိုင်းမှိုင်းနှင့် ရင့်ကျက်သောကဏ္ဍခြွေကို ဆောင်လျက်ရှိ၏။ ပို၍ခန့်ထည်မှုကို ရေညှိတို့က အရောင်တင်ပေးသကဲ့သို့ရှိ၏။ နှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်ကြောင်း ထိုရေညှိနှင့်ညောင်ပင်တို့က သက်သေပြုနေ၏။

အဆောက်အအုံရှေ့တွင် ဝါးစားပွဲ၊ ဝါးထိုင်ခုံတန်းရှည် ခရိုးခရိုင်လေးရှိ၏။

ထိုဝါးတန်းတွင်ထိုင်၍ လက်ဖက်ရည် သောက်ရင်း နေစာလှုံ၍ စကားလက်ဆုံကျရသည်မှာ နောင်သော် အရသာတစ်ခု ဖြစ်လာ၏။

ထိုအဆောက်အအုံ၏ အနိမ့်ပိုင်းတွင် အဆောက်အအုံပျက်တစ်ခုရှိ၏။ ထိုအဆောက်အအုံပျက်ရှေ့ရှိ ကုန်းအမြင့်တွင် ကင်းတပ်ဖွဲ့နေသော ဘန်ကာတစ်ခုရှိ၏။

ဘန်ကာ၏ အရှေ့ဘက်တွင် ညီညာ မြန့်ပြူးသော ကွင်းငယ်တစ်ခုရှိ၏။ နောင်သော် ထိုကွင်းငယ်တွင်ပင် ကျွန်တော်တို့အတွက် စားနပ်ရိက္ခာကို လေယာဉ်ပေါ်မှ ချခိုင်းခဲ့ရပါသည်။

ကွင်းငယ်၏ တစ်ဖက်တွင် ရေချိုးရန် အုတ်ကန်ငယ် နှစ်ခုရှိ၏။



ထိုအုတ်ကန်ငယ်၏ တောင်ကုန်းအမြင့်ထိပ်တွင်မူကား ဆေးရုံအဆောက်အအုံအိုလေးရှိ၏။ ဆေးရုံအထက် ကုန်းမြင့် တစ်ဖက်ထိပ်တွင်မူကား ကုန်သွယ်ရေး သွပ်ဂိုဒေါင် တစ်လုံးရှိ၏။ ကုန်းမြင့်အလယ်လောက်တွင် မြို့နယ်ပါတီယူနစ်အဆောက်အအုံရှိသည်။

ထိုအဆောက်အအုံမှာ ထရံကာ သက်ကယ်မိုးနှင့် ဖြစ်သည်။ မြို့နယ်ပါတီယူနစ်၏ အောက်ဘက်ရှိ မြေနိမ့်ချိုင့်ဝှမ်းအတွင်းတွင်မူကား ယခင်မြို့ပိုင်ရုံး၊ ယခုမြို့နယ် ပြည်သူ့ကောင်စီရုံး ဖြူဖြူတိုက်အဆောက်အအုံ တစ်ခု ရှိ၏။

မြို့နယ်ပြည်သူ့ကောင်စီရုံး အဆောက် အအုံသည် တိုက်ဖြူကလေးဖြစ်ပြီး၊ အဆောက်အအုံမှာ မကြီးပါ။

ထိုရုံးဘေး တစ်ဖက် တစ်ချက်တွင် တန်းလျားငယ် တစ်လုံးစီရှိ၏။

ထိုမှလွန်သော် အတန်ငယ်လှမ်းသည့် ကုန်းအမြင့်ထိပ်တွင် ကျောင်းရှိသည်။ ကျောင်းရှေ့တွင် ကျယ်ပြန့်ညီညာသော လွင်ပြင်ရှိသည်။

ကျောင်းမှာ ထရံကာ၊ ပျဉ်ခင်း၊ သွပ်မိုးနှင့်ဖြစ်၏။

အဆောက်အအုံမှာ သပ်သပ်ရပ်ရပ်လေးဖြစ်သည်။

ကျောင်း၏ အောက်ဘက်မြေအနိမ့် တောင်ကြောတွင် လူနေရပ်ကွက်ရှိသည်။ အိမ်ကြီးအိမ်ကောင်းမရှိ။ အိမ်ခြေ ပြွတ်သိပ်နေသည်။

လေရှီးမြို့ အဝင်တွင်လည်း လူနေရပ်ကွက်- ရှိ၏။ အိမ်ခြေကျဲ၍ လူနေနည်း၏။

ကျောင်းလွင်ပြင်၏ ညာဘက်ထိပ်စွန်းတွင် ကြီးစွာ သော ကျောက်တုံးကြီးတစ်ခုရှိသည်။

ကျွန်တော်တို့အဖွဲ့သည် ထိုကျောင်းတွင် စခန်းချကြ သည်။ ကျွန်တော်သည် လေရှီးရောက် ရောက် ချင်း ပထမဆုံး ဆောင်ရွက်သည့် အလုပ်မှာ ထိုကျောက်တုံး ပေါ်သို့ တက်ကြည့်ပြီး ဟုမ်းမလင်းရှိမည့် အရပ်ဒေသ ဘက်သို့ ရော်ရမ်း မျှော်မှန်းခြင်းပင် ဖြစ်သည်။

နာဂ အထမ်း သမား များသည်း ကျွန် တော် တို့ ကို နှုတ်ဆက်၍ ပြန်ခဲ့ကြလေပြီ။

အသံစာစာနှင့် မမျှော်လင့်သူတစ်ယောက်ကို တွေ့ရ ပါသည်။

'မြို့ပိုင်ကြီး ဦးအောင်လွင် တို့ များ ကျွန်တော့် ဆီ ကြို တင်အကြောင်းကြားရောပေါ့ဗျာ၊ ကျွန်တော် လာ ကြိုမှာပေါ့၊ အခုကော အလိုရှိတာ ပြောပါနော်၊ ကျွန်တော် တတ်နိုင်တာတော့ ကူညီမှာပေါ့'ဟု ကျွန်



တော်၏ ရဲဘော်ရဲဘက် ရှောင်းရင်းကြီး ဦးသာလှက အပြစ်တင်ရင်း ပြောရှာသည်။

'အေးဗျာ၊ အပြစ်တင်ရင်လဲ ခံရမှာပဲ၊ ကျွန်တော်က ခင်ဗျား ထမ်းသီမှာလို့ ထင်နေတာ၊ ခုတွေ့ရတော့ သိပ် ဝမ်းသာတယ်ဗျာ'ဟု ကျွန်တော်က ပြန်ပြောရင်း ကျွန် အဖွဲ့ခေါင်းဆောင်များနှင့် တစ်ဦးချင်း မိတ်ဆက်ပေး လိုက်ပါသည်။

ကျွန်တော်က ဦးသာလှကို ခေါင်ရည်ယူခဲ့ရန် တိုးတိုး တိတ်တိတ် မှာလိုက်သည်၊

ဒါမျိုးဆိုရင် အလွန်ခြေမြန်သွက်လက်လှသူ ဦးသာလှ။
ပါရမီဖြည့်ဖက် ဦးသာလှ။
စိတ်ချရသည့် ဦးသာလှ။
မကြာမီ ဝါးကျည်တောက် လေးလုံးနှင့် အမြည်းနှင့် ဝိုင်းဖွဲ့ကြပြီး စကားတပြောပြောဖြင့် လေရနေလေပြီ။

ခဏ နေပြီးနောက် ဦးသာလှတစ်ယောက် ပျောက် ချက်သားကောင်းနေသည်။

တစ် နာရီ လောက် ရှိ သော အခါ ဦးသာလှသည် နောက်တော်ပါ သုံးယောက်နှင့်အတူ ကုန်သွယ်ရေး ပစ္စည်းစုံ တစ်ပွေ့တစ်ပိုက်ကြီး သယ်ဆောင်လာတော့၏။

ဦးသာလှ၏ ကောင်းမှု၊ ပါတီ ကောင်စီ၏ ခွင့်ပြု ချက်ဖြင့် ကုန်သွယ်ရေး ပစ္စည်းများ ဝယ်ယူ လာခြင်း ဖြစ်လည်း။

လက်နှိပ်ဓာတ်မီး၊ ဓာတ်ခဲ၊ ဆပ်ပြာ၊ ဆေးအမျိုးမျိုး မျက်နှာသုတ်ပဝါ၊ စောင်နှင့် လုံချည်၊ အဝတ်စများ ဖြစ်ပါသည်။

ဦးသာလှသည် ကုန်သွယ်ရေးပစ္စည်း ရောင်းချပေး မက၊ မီးပုံပွဲကလေး ကျင်းပဖြစ်အောင်လည်း ဆော်ဩ စီစဉ်သူဖြစ်သည်။

နယ်ခံ ပါတီ၊ကောင်စီတို့မှ အောင်နိုင်မိတ်စစ်ကြောင်း ၏ အဖွဲ့ခေါင်းဆောင်များကို မနက်ဖြန်ည မီးပုံပွဲ တ ရောက်ပါရန် ဖိတ်ကြားပါကြောင်းဖြင့် ရှန်းရှန်းသေ အောင် ပြော၍ ဖိတ်ကြားသွားပါသည်။

ဦးသာလှသည် လေရှ ီး၏ ဇာတ် လိုက် ကျော် တည်း။

ဦးသာလှကို ဝေးဝေး နီးနီး၊ ကလေး လူကြီးမှ အားလုံးသိကြသည်။

ဦးသာလှ မပါလျှင် ပွဲမစည်။

သူပါမှ ပွဲစည်သည်။



သူ့ကို မြင်ဖူး တွေ့ဖူးသူတိုင်းက ခင်မင်သွားကြသည်။ အကြောင်းမှာ....ဦးသာလှသည် စိတ်ကောင်းရှိသူဖြစ်ပြီး၊ အမြဲတစေ အချိန်မရွေး အကူအညီ ပေးလေ့ ရှိသော ကြောင့် ဖြစ်ပါသည်။

ကျွန်တော်သည် ဦးသာလှအကြောင်း စဉ်းစားရင်း မနက်ဖြန်ည မီးပုံပွဲအတွက် အိပ်ရာစောစောဝင်၍ အတိုး ချပြီး အနားယူ အိပ်စက်လိုက်ပါတော့သည်။

* * *

# အခန်း (၁၉)

## လေရှိုးမြို့အလှ နှင့် မီးပုံပွဲည

ကျွန်တော်တို့သည် ကျောက်တုံးနက်ကြီးပေါ်ထိုင်ရင်း နေပူစာလှုံကြသည်။ ရေနွေးသောက်ကြသည်။ အောင်နိမိတ်စစ်ဆင်ရေး အောင်ပွဲအကြောင်း အရသာခံ ပြောကြသည်။

သို့ကြောင့် ကျွန်တော်တို့သည် လေရှိုးမြို့၏ကျောက်တုံးနက်ကြီးကို အောင်နိမိတ်ခရီး၏ ပြန်တော်ပြန် သက်သေအဖြစ် မှတ်ယူခဲ့ပါတော့သည်။

အဝေးတစ်နေရာဆီက တဖျတ်ဖျတ် တလက်လက်ဖြင့် ဘော်ငွေရောင် အဆင်းရှိသည့် အဖြူမှျင်တန်းကြီးကို ကျွန်တော်က မြင်တွေ့မိသဖြင့် ဦးသာလှအား မေးလိုက်သည်။



'အဲဒါချင်းတွင်းမြစ်ပေါ့ဗျ၊ ဘာလဲ ခင်ဗျားက လွမ်းလှပြီလား' ဟု ဦးသာလှက ပြောပါသည်။

'ဩြော်...အဲဒါ ချင်းတွင်းမြစ်ကြီးလား၊ ကျွန်တော့်မိသားစုက ချင်းတွင်းမြစ်ကနေ ဧရာဝတီမြစ်အတိုင်း စုန်ဆင်းပြီး ရေနံချောင်းကို ပြန်ကြတယ် လေ ဗျာ....၊ ဟုမ်းမလင်းမှာ မရှိကြဘူး' ဟု ကျွန်တော်က ပြန်ပြောလိုက်ပါသည်။

လေရှိုးမြို့ကလေးသည် တောရိပ် တောင်ရိပ်တို့ဖြင့် စိမ်းညို့နေ၏။

အဆောက်အအုံများကလည်း ရင့်ကျက်သော ကုန္မြေဖြင့် ခပ်မှိုင်းမှိုင်း။

လေရှိုး၏ ကျောက်တုံးနက်ကြီးက အမိကရ။

သို့ကြောင့် လေရှိုးမြို့သည် စိမ်းညို့ရီမှောင်နေတော့သည်။

ရှုလေရာတိုင်းတွင် တောင်တံတိုင်းတို့က ပတ်စိုင်းထားသည်။ လေရှိုးမြို့ကလေးပင် ပေ ၅၀၀၀ အထက်တွင် ရှိပါသည်။

ကျွန်တော်တို့သည် နေ့လယ်စာစားပြီး၍ ထမင်းလုံးစီရင်း အနားယူကြသည်။

ဦးသာလှ လာနှိုးတော့မှ ကျွန်တော်လည်း နိုးလာတော့သည်။

အချိန်ကား....ညနေ ငါးနာရီပင်ရှိပြီ။

ကျွန်တော်တို့လည်း ဦးသာလှနှင့်အတူ ညနေစာကို ခပ်မြန်မြန်စားကြပြီး၊ မီးပုံပွဲကျင်းပရာ ပါတီရုံးအဆောက်အအုံသို့ သွားကြသည်။

ကျွန်တော်တို့ ရောက်သည့်အခါ ပါတီ ကောင်စီမှ ပုဂ္ဂိုလ်များ၊ မြို့မိမြို့ဖများ၊ ခလရ(၅၉)မှ တပ်ခွဲ ဗိုလ်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများတို့ အားလုံးစုံညီစွာ ရောက်ကြပြီ။

မီးပုံပွဲလည်း စ,တော့မည်။

မီးကျီးခဲလည်း ရဲခဲ့ပြီ။

ဇာတ်လိုက်ကျော်ဦးသာလှက ကျွန်တော်တို့ကို နယ်ခံအကြီးအကဲ အားလုံးနှင့် တစ်ဦးချင်းလိုက်၍ မိတ်ဆက်ပေးသည်။

နယ်ခံအကြီးအကဲများမှာ ကျွန်တော်မှတ်မိသလောက် ရေးရလျှင်မူကား....

ပါတီဥက္ကဋ္ဌကြီး ဦးလဆော့ရော်။

လယ်သမားအစည်းအရုံးမှ ဦးကီရှမိုး။

ကောင်စီဥက္ကဋ္ဌ ဦးအာလုံး။

ဦးအက်စ်ပေါ့(ဆွမ္ဗရာ)။ ဦးရာငွေး(ဆွမ္ဗရာ)။

ဦးကောင်ခိုလက်(ဆာရဖော့)။ ဦးငိုခို(ဆာရဖော့)။

ဦးနီ(ဟိန်ကွတ်)။ ဦးမောင်ထင်(ပွန်ဒရက်)။

ဦးခိုခိုထန် (ဒန်းစကူး) စသော အာဏာပိုင် အဖွဲ့အစည်း သုံးရပ်မှ ပုဂ္ဂိုလ်များ၊ ဧည့်သည်တော် ရပ်မိရပ်ဖများနှင့် ဌာနအကြီးအကဲများ ပါဝင်သည်။



မီးပုံပွဲကြီးကို ကုလားထိုင်များဖြင့် ပတ်ချာဝိုင်း၍ထိုင်ကြသည်။

'အောင်နိုင်မိတ်စစ်ဆင်ရေးကို အောင်မြင်စွာ ဆင်နွှဲလို့ ပြန်ခဲ့ကြတဲ့ အောင်နိုင်မိတ်မြန် စစ်ကြောင်းမှူး ဗိုလ်ကြီးတင်စိုး၊ မြို့ပိုင်ကြီး ဦးအောင်လွင်၊ မြေတိုင်းအဖွဲ့ခေါင်းဆောင် ဦးကြည်မြင့်၊ ဦးအေးမေတို့ကို ဂုဏ်ပြုတဲ့အနေနဲ့ ကျင်းပတဲ့ မီးပုံပွဲဟာ တကယ်တော့ ချစ်ကြည်ရင်းနှီးမှု၊ စပေါင်းတာဝန်ယူမှု၊ ညှိနှိုင်းဆောင်ရွက်မှု၊ ဇွဲလုံ့လဝီရိယရှိမှု၊ တာဝန်ထမ်းလိုမှု၊ တာဝန်ကျေပွန်မှု စတဲ့ ကောင်းမြတ်တဲ့ လက္ခဏာတွေနဲ့ ရလဒ်အကျိုးဆက်များကြောင့် ပေါ်ပေါက်လာတဲ့ အသီးအပွင့်ဆိုလဲ မမှားပါဘူး၊ ဒါကြောင့် အောင်နိုင်မိတ်စစ်ပြန်များကို ဂုဏ်ပြုတဲ့အနေနဲ့ အားလုံး လွတ်လွတ်လပ်လပ် အားပါးတရ စိတ်ရှိလက်ရှိ ပျော်ပါး စားသောက်ကြပါခင်ဗျား'

ဟု ဇာတ်လိုက်ကျော်ဦးသာလှက မီးပုံပွဲအခမ်းအနားကို ဤသို့ပင် နိဒါန်းဆင် အဖွင့်ပြောလိုက်ရာ လက်ခုပ်သံများ စီစီညံသွားတော့၏။

ပါတီဥက္ကဋ္ဌကြီးကစ၍ တစ်ဦးချင်းဆီသို့ ဦးသာလှနှင့်အဖွဲ့က မတ်ခွက်တစ်လုံးစီ လိုက်လံပေးပါတော့သည်။

မတ်ခွက်ကိုယ်စီ ရပြီးသည်နှင့် ပါတီဥက္ကဋ္ဌဦးလဆော့ရော်မှစ၍ အလှည့်ကျစနစ်ဖြင့် ခေါင်ရေဘူးတွင် ခွက်ထိုးခံကာ တစ်ရှိန်ထိုး တဝသောက်စနစ်ပုံစံအရသောက်ရပါတော့သည်။

ခေါင်းရည်ထည့်၍ လိုက်လံငှဲ့ပေးသော ဘူးကတော့ကြီးမှာ အကြီးကြီးဖြစ်ပါသည်။ ထိုကတော့ကြီးဖြင့် ကိုင်ထားသော မတ်ခွက်တွင်းသို့ အပြည့်အလျှံ ပေါင်းလန်အောင် ထည့်ကာ သောက်သုံးသူက မည်မျှကြာကြာ သောက်နိုင်သလဲ ဟူသော စံကိုယူ၍ ထည့်ခြင်း ငှဲ့ခြင်းအလုပ်ကို ငှဲ့သူက အဆက်မပြတ် လောင်းထည့်နေပါတော့သည်။

သောက်သုံးသူက ရပ်ဆိုမှ ရပ်ရပါသည်။ အမြည်းအဖြစ် အသားမျိုးစုံ ပေါင်းထားသော ဟင်းပန်းကန်ကအဖွဲ့နောက်မှ အရန်သင့် လိုက်ပါ၍ ကြိုက်သလောက်စားသုံးရန် ဧည့်ဝတ်ပြုပါသည်။

ဥက္ကဋ္ဌကြီးသောက်နေသည်မှာ အားရစရာပင်ကောင်းတော့သည်။ထည့်သူ ငှဲ့သူနှင့် သောက်သူတို့ ဒီတစ်ချီတွင်သူနိုင် ကိုယ်နိုင် အပြိုင်ကြဲကြပြီ။

ငှဲ့သူက မနားတမ်း ငှဲ့သကဲ့သို့ သောက်သူက မမောတမ်း သောက်ပြပါတော့သည်။

ကျွန်တော့်မှာ ကြည့်ရင်းကြည့်ရင်း အားမှရင်မောရပါတော့သည်။

စစ်ကြောင်းမှူးအလှည့်ရောက်ခဲ့ပြီ။

ကျွန်တော်တို့ စစ်ကြောင်းမှူးလည်း ခေသူ မဟုတ်ပါ. တကား....။

ဦးကီရှိမှူးလည်း ရိုးရာသောက်ပွဲ ဖြစ်သည့်အလျှောက်တောက်လျှောက် မနားတမ်း သောက်နိုင်သည်။



ဦးကြည်မြင့်၏ ဗိုက်ကြီးမှာ ပို၍ကားတက်လာသည်။

ဦးအေးဖေကတော့ မှင်မောင်း ကောင်းကောင်းနှင့် တော်တော် သောက်နိုင်၏။

ခလရ ၅၉မှ တပ်ခွဲဗိုလ်ကြီးလည်း ဦးလဆောင့်ရော်နှင့်-တန်းတူ သောက်နိုင်သူ ဖြစ်၏။

ဦးအာလုံးနှင့် ဌာနေသူတို့မှာ သောက်နိုင်ကြသူချည်းသာ။

ကျွန်တော်တစ်ယောက်သာ မျက်လုံးပြူးရသည်။

ရှောင်တိမ်းမရအတူတူ ကျွန်တော်လည်း မျက်စိစုံမှိတ်၍ ဇွတ်ကြိတ်လိုက်ရတော့သည်။

တစ်ခွက်....နောက်တစ်ခွက်....နောက်တစ်ခွက် စတုတ္ထအလှည့်တစ်ခွက်တွင်မတော့ ကျွန်တော် လက်မြှောက်အရှုံးပေးလိုက်ရပါပြီကော။

ကျွန်တော်တို့အားလုံးလည်း ရီဝေဝေဖြစ်ကြပြီ။

'မြို့ပိုင်ကြီး ဦးအောင်လွင်နော်'

'ဟုတ်ကဲ့....တွေ့ရတာ ဝမ်းသာပါတယ်ဥက္ကဋ္ဌကြီး'

'ဘယ့်နှယ်....တော်တော် ပင်ပန်းခဲ့ကြမှာပေါ့'

'ကိုယ်ကာယ ပင်ပန်းတာတော့ မှန်ပါတယ်၊ ဒါပေမယ့် နိုင်ငံအတွက်ဆိုတဲ့ အသိစိတ်နဲ့တာဝန်ကို အလေးတဲလိုက်တော့ ပင်ပန်းမှုတွေ ပျောက်သွားပါတယ်'

'ဗိုလ်ကြီးက ခလရ (၁၆)က ဆိုတော့ မှော်ဘီကပေါ့....'

'ဟုတ်ပါတယ်'

'ဇာတိက'

'မကွေးပါ'

'မြို့ပိုင်ကြီးက ရေနံချောင်းက ဆိုတော့ ရေမြေ တကြောထဲပေါ့'

'ကံတူအကျိုးပေးလို့ ဆိုရမှာပေါ့နော်'

'ဟုတ်ကဲ့'

'မြေတိုင်းအဖွဲ့ကတော့ တစ်နေရာမဟုတ် တစ်နေရာမှာ နှစ်စဉ်ဆောင်ရွက်နေရမယ် ထင်တယ်'

'ဟုတ်ပါတယ် ဉက္ကဋ္ဌကြီး'

'အတွေ့အကြုံရှိသူများဖြစ်လို့ ကျွန်တော်တို့ အတွက် ပြန်မကြည့်ရလောက်အောင် အားကိုးရပါတယ် ဉက္ကဋ္ဌကြီး'

'လူတော်တွေပါပဲ'

'မြို့ပိုင်ကြီးက လုပ်ရော့မယ်'

'ဒါထက် ရွာနားနီးတဲ့ ကျောက်တိုင်တွေ ဘယ်လို ကာကွယ်ပေးခဲ့သလဲ'

'ကျောက်တိုင်ကို ရွာလူကြီးထံ အပ်ခဲ့ပြီးနွားနောက် ရန်က ကာကွယ်အောင် စောင့်ရှောက် စေခဲ့ပါတယ်၊ ကျောက်တိုင်တစ်ခုခုဖြစ်ရင် အနီးဆုံးမြို့နယ်ကို ချက်ချင်း အကြောင်းကြားဖို့ မှာကြားခဲ့ပါတယ်'

'သိပ်ကောင်းတဲ့အစီအစဉ်ပဲဗျာ...ခင်ဗျားတို့ရဲ့အောင်မြင်မှုအတွက် ဂုဏ်ယူပါတယ်၊ဝမ်းသာဂုဏ်ယူတဲ့ အထိမ်းအမှတ်နဲ့ ကိုသာလှရေ...နောက်တကျော့' ဟု ပါတီဉက္ကဋ္ဌ



ကြီးက ကျွန်တော်တို့ အားလုံးနှင့် မလွတ်ရအောင် စကားပြောရင်း ကိုသာလှကို နောက်တကျော့တွက် စီစဉ်ခိုင်းနေပါပြီ။

အခုမှ ခက်ချေပြီ။

ကျွန်တော်လည်း တော်တော်မူးနေပြီ။

မီးပုံပွဲ၏ မီးကျည်းခဲနှင့်အတူ ရီဝေ၍ အရှိန်တက်နေကြလေပြီ။

တန်ခိုးတေဇော် ပြကြလေပြီ။

ပွဲတိုင်းကျော် ဦးသာလှလည်း ပျော်တော်ဆက်ရန် ဟန်ပြင်လိုက်ပြီ။

'မီးကျည်းခဲမှို့ ရဲသကို တို့တစ်တွေလဲ မူးသလေလေ့' ဟု တိုင်ပါသည်။

သူတော်ပါ ရဲဘက်များကလည်း သံတိုင်အတိုင်းလိုက်ဆို၍ အရှုန်းနောက်ကြသည်။

ရီဝေတဲ့ရီဝေဆိုသော သီချင်းဖြင့် ကသကဲ့သို့မြိုင်ဟေမဝန်ဖြင့် နှစ်ပါးသွား၏။

သူ၏တောင်ညာစံဒေဝီမဟေသီမိဖုရားမှာ ဦးကြည်မြင့်ဖြစ်နေ၏။

မြိုင်ဟေမဝန်.... မြိုင်ဟေမဝန်.... ရေတံခွန်စိမ့်စမ်း.... ဦးသာလှကား အဆို အငို အလွမ်းဟန်ပန် မှင်မောင်းကောင်းရုံသာမက အကလည်း ကောင်းလိုက်ချေသေး၏။

သူ့ အရပ်ကသေးသွယ်သွယ်မို့ မင်းသားဟန် ပေါက်နေ၏။

နှစ်ပါးသွား ကတာန်ကောင်းသည်မှာ မှန်ပါသည်။ သို့သော် အမြင်ကား မလှပေ။ ကြည့်ပါ။

ဦးသာလှက ပိန်ရှည်ရှည်။

ဦးကြည်မြင့်က ပုမဲမဲဝဝ။

လိုက်လည်း လိုက်ဖက်ညီလှသည့်အတွဲမဟုတ်ပါလား။

သည့်နောက် ဦးသာလှက ကျွန်တော့်လက်ကို ဆွဲသည်။ မနေသာတော့။

မကတတ်လည်း ကရချေပြီ။

ကျွန်တော်လည်း မထူးတော့ပြီမို့ ပါတီဥက္ကဋ္ဌကြီး လက်ကိုသွားဆွဲကာ ကကြသည်။

ဤသို့ဖြင့် တစ်ဦးလက်တစ်ဦး ဆွဲကာ သီကြ၊ ဆိုကြ၊ ကကြ၊ ခုန်ကြ၊ ပွဲကျကြနှင့်။

လက်တွဲ၍ မီးပုံကိုပတ်ဝိုင်း ကကြသည်။ ဝိုင်းကြီးပတ် ပတ်ဒူဝေဝေကတာန်ပါတည်း။

ပျော်သည်.... ပျော်သည် အားလုံး ပျော်ကြသည်။ မော်သည်....မော်သည် တို့တိုင်းပြည်တွက် မော်ရသည် မဟုတ်ပါလား။

မီးလည်း တစ်စတစ်စစဲလေပြီ။

ကျွန်တော်တို့လည်း တစ်စ တစ်စ လူစု ကွဲခဲ့ကြပြီ တကား။

မီးပုံပွဲသည် ရင်းနှီးမှုကို ဖြစ်စေသည်။

မီးပုံပွဲသည် အားရရွှင်လန်းမှုကို ပေးသည်။

မီးပုံပွဲကျင်းပရခြင်းမှာ အကြောင်းမဲ့ကား မဟုတ်။



အောင်နိမိတ်ပြန်တို့အား ဂုဏ်ပြုခြင်းသည် နိုင်ငံအား ဂုဏ်ပြုအလေးမေးခြင်းပင် ဖြစ်သည်။

ကျွန်တော်တို့၏ အောင်နိမိတ်စစ်ဆင်ရေး အောင်ပွဲသည် ပြည်သူ့အောင်ပွဲဖြစ်၏။

ပြည်သူ့ အောင်ပွဲ သည် နိုင်ငံတော်၏ အောင်ပွဲ ဖြစ်၏။

နှစ်နိုင်ငံတို့၏ အောင်ပွဲဖြစ်၏။

ထို့ကြောင့် အောင်နိမိတ်စစ်ဆင်ရေး အောင်ပွဲသည် ပြည်သူ့အောင်ပွဲ၊ နိုင်ငံတော်၏အောင်ပွဲ၊ နှစ်နိုင်ငံ၏ အောင်ပွဲပင် ဖြစ်ပါသည်။

မီးပုံပွဲသည် ထိုထိုသော အောင်ပွဲ၏ အောင်ပွဲဟူ၍ပင် တစ်ထစ်ချ ရဲရဲပိုင်ပိုင် မှတ်ယူနိုင်ခဲ့ပြီ ဖြစ်ပါသည်။

ဦးသာလှနှင့် ကျွန်တော်၊ ကျွန်တော်နှင့် ဦးသာလှ။ ကောင်စီရုံးက အဖွဲ့နှင့် ကျွန်တော်တို့ တစ်ကြော့ထပ်ကြ ပြန်သည်။ ကျွန်တော်ကတော့ ဘေးမှ ပွဲကျရုံပင် တက် နိုင်တော့သည်။

ဦးသာလှတို့မှာ သောက်လည်းသောက်၏။ စားလည်း စား၏။

ကလည်း က၏။ ဆိုလည်း ဆို၏။

ဦးသာလှတို့၏ ပျော်ရွှင်မှုကို ရွှေလမင်းက ဝင်းထိန် ကြည့်သာလျက် အားပေးခဲ့သည်။

မိုးကလည်း ပြာလျက်....။ လ,လည်း ]သာလျက်....။ ဦးသာလှတို့လည်း ပျော်လျက်....။

ကျွန်တော်တစ်ယောက်သာ ဆက်လက်ကြည့်မနေနိုင်တော့ဘဲ မျက်ခွံတွေ လေးလာကာ မြက်ခင်းမွေ့ယာကမ္ဗလာတွင် လှဲအိပ်လိုက်ရတော့သည်။

ကျွန်တော်သည် ညကပျော်ခဲ့ရသည့်အဖြစ်ကို စဉ်းစားမိရင်း ပျော်မိပါသေးသည်။ ကျွန်တော်၏ နားနေစခန်းအိပ်ရာထဲသို့ မည်သို့မည်ပုံ ပြန်ရောက်လာသည် မသိတော့ပါ။

ညက ပျော်ခဲ့ ရွှင်ခဲ့ရသည့် မီးပုံပွဲ။

ရာထူးဂုဏ်ရှိန်မရွေး ပျော်ကြသည်။

အားလုံး တပြေးညီဖြစ်ကြသည်။

အင်မတန်ပျော်စရာကောင်းသော၊ နှစ်သက်ရွှင်လန်းစရာ အပြည့်ပါသော၊ ရင်းနှီးချစ်ခင်မှုနှင့်ပြီးသော၊ ထိုရိုးရာစရိုက်မီးပုံပွဲကို ပါဝင်ဆင်နွှဲရသဖြင့် ဂုဏ်ယူ ဝမ်းမြောက်၍ မဆုံးနိုင်သကဲ့သို့.... မီးပုံပွဲကို စီစဉ်ခဲ့ကြသော လေရှ်ိုးမြို့နယ် ပါတီ၊ ကောင်စီတို့မှ ပုဂ္ဂိုလ် များ ကို ကျေးဇူးတင်မဆုံး ဖြစ်ရပါကြောင်း.... မှတ်တမ်းတင်အပ်ပါသည်။

* * *

# အခန်း (၂၀)

## ရင်ကိုနွေးသည့် ရှန်နွေး

ကျွန်တော်တို့အဖွဲ့သည် ဟုမ်းမလင်း ရွှေပြည်တော်သို့ ပြန်ကြရန် ပြင်ဆင်ရေး စာအုပ်၏နောက်ဆုံး စာမျက်နှာတစ်ရွက်ကို လှန်လိုက်ပါသည်။

၁၉၇၄ခု ဧပြီလ ၁၅ရက်။

တနင်္လာနေ့။

၀၈၀၀နာရီ။

လေယာဉ်ပျံသန်းသံသဲ့သဲ့ကြားနေရာမှ ကျွန်တော်တို့ ခေါင်းပေါ်ရှိ တိမ်ကြားမှ ထွက်ပြူလာပြီး လေရှ်ိုးမြို့ကို တစ်ပတ်ဝဲလိုက်သည်။

နောက်တစ်ပတ်ဝဲအပြီးသတ်မှတ်နေရာဖြစ်သောခလရ ၅၉ ထပ်ဆွယ်ရှေ့ ကွင်းပြင်သို့ ချိန်၍ စုပုံရိက္ခာများကို လေထီးဖြင့် ချပေးတော့သည်။

ကျွန်တော်တို့အဖွဲ့က ပစ္စည်းများကို လိုက်သိမ်းခြင်း၊ ခွဲဝေခြင်းလုပ်ငန်းကို လျင်မြန်စွာ ဆောင်ရွက်လိုက်ကြပြီး နောက် ပါတီ ကောင်စီမှ ပုဂ္ဂိုလ်များကို နှုတ်ဆက်ကြ၍ လေ့ရှုံးမြို့နယ်မှ ထွက်ခွာခဲ့ပါတော့သည်။

ရှောင်းရင်းကြီး ဦးသာလှကတော့ ရန်နွေးအထိလိုက်ပါ ပို့ဆောင်သည်၊ သူ့စိတ်နေ နှလုံးသားကြောင့် ကျွန်တော်နှင့် တွေ့ဖူးစကပင် ခင်မင်ရင်းနှီးခဲ့ကြပါသည်။

ကျွန်တော်တို့သည် စကားတပြောပြောနှင့် လျှောက်လာကြရာ ချောက်ကမ်းပါးနှုတ်ခမ်းဘေးသို့၍ လျှောက်ရသော သက်ကယ်တောင်စခန်းရောက်မှ ခေတ္တ အပန်းဖြေနားနေကြသည်။

အမောပြေသလောက်ရှိတော့မှ သက်ကယ်တောင်၏ ထိုအန္တရာယ်လမ်းကို သတိထား၍ ဖြတ်ကျော်ရပါသည်။

တောင်ခါးပန်းနှုတ်ခမ်းစောင်းမှ အောက်သို့မကြည့်မိဖို့ အထူးလိုအပ်လှပါသည်။

မူး၍သော်လည်းကောင်း၊ အကြောက် လွန်၍သော်လည်းကောင်း ထိုနှုတ်ခမ်းမှကျနိုင်၏။

သို့တစေ အန္တရာယ်ကို ထိရောက်သောအရန်အတား အကာအကွယ်ကား မရှိပါ။

ထိုအန္တရာယ်မှမသွားဘဲ သက်ကယ်တောင်ကို ပန်း၍ ပတ်၍ လားလမ်းအတိုင်း သွားမည် ဆိုက ၆ မိုင်ခန့်လောက် အမိုလျှောက်ရကြောင်း ဦးသာလှပြောပြသဖြင့် သိရပါသည်။



သက်ကယ်တောင်မှ ခြေချော်လက်ချော် ကျသည့်ဟူ၍ကား မကြားမိပါ။ မဖြစ်ခဲ့ဖူးပါ။

ညှိသတင်းကြားရ၍ ဝမ်းသာရသေးတော့သည်။ ကျွန်တော်တို့သည် သက်ကယ်တောင်မှ ဆင်ခြေလျှောဆင်း၍ တစ်ခုသော ချောင်းအလွန် တောအုပ်အလယ်လောက်တွင် ရင်ကိုနွေးသည့် ရန်နွေးရွာကလေးကို ကျွန်းပင်တွေ ကြား၌ တွေ့ခဲ့ရပါသည်။

လိမ္မော်ခင်းနှင့် ကျွန်းခင်းနှင့် သာယာပါဘိတောင်း။

ခလရ (၁၉) ၏ အစီအစဉ်ဖြင့် ကျွန်တော်တို့အဖွဲ့ကို ထမံသီအထိ လိုက်ပို့ရန် ကားများဖြင့် ဆီးကြိုနေသည်ကို တွေ့ရ၍ ရန်နွေးမှာ ရင်နွေးရခြင်း ဖြစ်ပါသည်။

သို့ကြောင့် ရင်ကိုနွေးစေသည့် ရန်နွေးမှ မော်တော်ကားများဖြင့် စတိုင်ကျကျ ထမံသီသို့ လာခဲ့ကြရပါတော့သည်။

ကျွန်တော်သည် ဟုမ္မလင်းမြို့တွင် တာဝန်ထမ်းဆောင်ခဲ့ရသော သုံးနှစ်ကျော်ခရီးတွင် ပထမဆုံးအကြိမ် ကားစီးခဲ့ရခြင်း ဖြစ်ပါသည်။

မော်တော်ကားကြီး ခေါ်ဆောင်ရာသို့ ငိုက်မျဉ်း လိုက်လာခဲ့မိ၍ ပတ်ဝန်းကျင် တောတောင် သဘာဝကို ရှုမြင်လိုက်ရတော့ပါ။

"ဦးအောင်လွင်....ထမံသီရောက်ပြီဗျ၊ အိပ်ငိုက်တုန်းပဲလား" ဟု ဗိုလ်ကြီးက ကျွန်တော့်ပေါင်ကိုပုတ်၍ နှိုးလိုက်ပါသည်။

ကျွန်တော်လည်း ပွဲဆက်များ၍ အိပ်ငိုက်မိကြောင်း ဝန်ခံရသည်။

'ဒီ.... ဦးသာလှ ဆိုတဲ့လူ တော်တော် ပျော်တဲ့ လူဗျ ညက သူဇာတ်လိုက်မဲ၊ သူ့ကြောင့်လဲ ပိုပျော်စရာကောင်း တာပဲနော်' ဟု ဗိုလ်ကြီးက မှတ်ချက်ချပါသည်။

ဟုတ်ပါသည်။

ဦးသာလှမှာ လူရွှင်လူပျော် တစ်ဦးဖြစ်ပါသည်။

ထမံသီရောက်ခါနီး တောတန်းကလေးက သိပ်သည်း ထူထပ်ခြင်းမရှိဘဲ ခပ်ပါးပါး ခပ်ကျဲကျဲကလေးသာ။

အချို့နေရာများတွင် လက်ဖက်ပင် ကလေး များ က စီရရီ ပေါက်နေ၏။

အချို့နေရာများတွင် ရွက်ဖားဝေနေသော ကျွန်း များက ကျိုးတိုးကျဲတဲ။

ပြေလျောသော မြေနီလမ်းကြောလေးမှ ကားသည် တဖြည်းဖြည်း လိမ့်ဆင်းလာသည့်အခါ မကြာမီ ထမံသီ မြင်ရလေပြီ။

မြေနီလမ်း၏ ဘယ်ဘက်တွင် အထမ်းသမား Por ရှမ်းတရုတ်များ နေထိုင်ရာ တန်းစုများရှိသည်။ သည် လေရှီးမြို့အတွက် ကုန်စည်များ တာဝန် ပေးရသူ လားပိုင်ရှင်များ ဖြစ်၏။

ညာဘက်တွင် လျှပ်စစ်မန်နေဂျာရုံး။

ရင်းရုံးနှင့်ကပ်လျက် လက်ထောက်မြို့ပိုင်ရုံး (မ ထမံသီကျေးရွာအုပ်စု ပြည်သူ့ကောင်စီရုံး)။



လက်ထောက်မြို့ပိုင်ရုံး၏ တစ်ဖက် မျက်နှာချင်းဆိုင်တွင် ပြည်သူ့ရဲစခန်း။

ရဲစခန်းနှင့် မျက်စောင်းထိုးနေရာတွင် အလယ်တန်းကျောင်း။

ပြည်သူ့ရဲစခန်းနောက်ဘက်တွင် ရှေးအဆောက်အအုံတန်းလျားကြီးများ၊ ထိုအဆောက်အအုံအနီးတွင် ထမံသီပြည်သူ့ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာများ၊ သည်နောက်တော့ သွပ်မိုး၊ ပျဉ်ဆောင်၊ ပျဉ်ခင်းအိမ်များ၊ လူနေရပ်ကွက်များ။

ထိုထိုသော ရပ်ကွက် အိမ်ရာများကို အုန်းပင်၊ ငှက်ပျောပင်၊ ကွမ်းသီးပင်များက အုပ်ဆိုင်း သိုင်းဖွဲ့ထား၍ စိမ်းလန်းစိုပြည်နေသည်။

ထမံသီမှာ ချင်းတွင်းမြစ်ကမ်းနံဘေးတွင် တည်ရှိသော ရွာကြီး ဖြစ်ပါသည်။

ကျွန်တော်တို့ ကားများသည် ရှေးအဆောက်အအုံများရှေ့တွင် ကျွီခနဲ ထိုးရပ်လိုက်ပါသည်။

ကျွီခနဲ အသံနှင့်အတူ ကားလည်း တုံ့ခနဲ ရပ်သွားသည်။

ကျွန်တော်တို့ အဖွဲ့သည် ထို အဆောက် အအုံ များတွင်ပင်တည်းခိုကြရန် ဆုံးဖြတ်၍ပစ္စည်းများ တင်ခဲ့သည်။

ကျွန်တော်တို့သည် ဟုမ်းမလင်းမြို့နယ် ထမံသီကျေးရွာ (မပည-၈၂၃၀) သို့ ညနေ လေးနာရီ အချိန်ခန့်တွင် ရောက်ရှိကြသည်။

ကျွန်တော်တို့ အဖွဲ့အနေဖြင့် ၁၉၇၄ခု မတ်လ ၁၁ ရက်နေ့မှစ၍ ၁၉၇၄ခု ဧပြီလ ၁၅ ရက်နေ့အထိ ရက်ပေါင်း ၃၆ ရက်ကြာ သွားလာဆောင်ရွက်ခဲ့ကြရသည်။

ကျွန်တော့် အဖို့မှာ မြန်မာ–အိန္ဒိယ နယ်နိမိတ်ကျောက်တိုင်လုပ်ငန်း ၃၆ ရက်ခရီးကြမ်းကို ကျော်လွှား အောင်မြင်ခဲ့ပြီး၊ ကျွန်တော်တို့၏ မြို့နယ်အတွင်းသို့ ချောမော စွာ ပြန်လည်ရောက်ခဲ့သဖြင့် ဝမ်းသာမဆုံး ဖြစ်ရပါ သည်။

ကျွန်တော်တို့ တည်းခိုသော အဆောက်အအုံကြီးမှာ အိုမင်းနေပြီဖြစ်သော်လည်း ခိုင်ခံ့သည်။ သံပေါင်ကြီး တို့ဖြင့် ရစ်သိုင်း ကျားကန်ထားကာ အဆောက်အအုံ မည်းကြီးဖြစ်၏။ မြင့်မြင့်မားမားရှိ၏။

ကုက္ကိုပင်ကြီးတို့က ထိုအဆောက်အအုံကြီးကို အုပ်မိုးဆိုင်းဖွဲ့ထား၍ ပို၍နက်မှောင် ရင့်ရော်နေ၏။ ချင်းတွင်းမြစ်ကမ်းနှင့်မှ မဝေးလှပေ။

ကုက္ကိုရွက်ဝါတို့က လေအနေအထားဝယ် လူးလွန့် ဝဲလှည့်ကာ ငွေ့ကာ ဝိုက်ကာဖြင့် အဆောက်အအုံ ပေါ်သို့ တဖျောက်ဖျောက် တရှဲရှဲမြည်ကာ ကျနေ၏။

နွေကန္တာဦး၏ သရုပ်သကန်ကို အဟုတ်အမှန် ဖော်နေသော မြင်ကွင်းပင် မဟုတ်ပါလား။

* * *

# အခန်း (၂၁)

## သမန်းကျားပေါ်သော ထမံသီ

ထမံသီနယ်သည် သမန်းကျား(လူမှကျားစိတ်ပေါက်၍ တောထွက်သူ) ပေါ်သော ထမံသီအဖြစ် ကျော်ကြားခဲ့ သည်။

ကျွန်တော် တာဝန် ယူခဲ့ရစဉ်ကမူ တစ်ခါဘူးမှ သမန်းကျားအဖြစ် လူမှ ကျားစိတ်ပေါက်၍ တောထွက် သွားသူဟု မကြားမိခဲ့။

ထမံသီနယ်တွင် အများအားဖြင့် ရှမ်း၊ မြန်မာ၊ ချင်း များနေထိုင်ကြပြီး တရုတ်ကုလားအနည်းငယ်ရှိသည်။

ထမံ့သီနယ်မှာ သမန်းကျားအကြောင်းကို ဘယ်ရှေးရောအခါက ပေါ်ပေါက်လာ၍ ဘယ်ကဲ့သို့ ဖြစ်ပွားဆောင်ရွက်ကြသည်ကို မသိခဲ့စေကာမူ ကျွန်တော့်အနေဖြင့် လေ့လာ မီသလောက် တင်ပြရမည် ဆိုလျှင် သမန်းကျားသည် လူစင်စစ်က ကျားတဖြစ်လဲ ပြောင်းသွားရခြင်း မဟုတ်ဘဲ နတ်က ထိုသူ၏စိတ်ကိုညှို့၍ ကျားများ သွားလာကျက်စားလေ့ရှိသော နေရာဒေသများကို စိတ်ဖြင့် ရောက်စေပါသည်။

ကျားများ စားထားသော တိရစ္ဆာန်အကြွင်းအကျန်များကို နှုတ်ပြောဖြင့် ရှာဖွေ စားသောက်ခြင်း ဖြစ်ကြောင်းလောက်သာ သိရပါသည်။

ထိုသူသည် ကျားစိတ်ပေါက်၍ တောထဲဝင်ပြီး ကျားကဲ့သို့ နေထိုင်ခြင်း ရှိမရှိကိုမူ အမှန်စုံစမ်း၍ မသိရပါ။

ယခုရေးသားတင်ပြသော အချက်အလက် များသည် တစ်ဆင့်စကား တစ်ဆင့်နားဖြင့်သာ အခြေအမြစ်မရှိကို ရှေးရှေးတုန်းက ဆိုသော ဒဏ္ဍာရီ ပုံပြင်သဖွယ် ဆန်လှပါသည်။

ထမံ့သီမှ သမန်းကျား အကြောင်း အရိပ်အမြွက်မျှ သိစကောင်းသည် ဖော်ပြသင့်သည်ဟု စာရေးသူကိုယ်တိုင် ယုံကြည်မိ၍လည်းကောင်း၊ ထမံ့သီဟု ဆိုလိုက်လျှင်



ပင် နောက်ဆက်တွဲအဖြစ် သမန်းကျားအကြောင်းမဖော်ပြချေက သင့်နိုးအံ့မထင်ဟု တွေးထင်မိ၍ လည်းကောင်း ရေးသားတင်ပြမိခြင်း ဖြစ်ပါသည်။

အမှားရှိလျှင် ခွင့်လွှတ်ကြည့်ကြရန်နှင့် မှားယွင်းစွာ ဖော်ပြမိချေကလည်း စာရေးသူ၏ ညံ့ဖျင်းမှုသာဖြစ်ပါကြောင်း ရိုးသားစွာတင်ပြအပ်ပါသည်။

* * *

# အခန်း (၂၂)

## ချင်းတွင်း ရေချိုး မြို့

ကျွန်တော်တို့သည် မြင့်မားသော အဆောက်အအုံထက်သို့ ပစ္စည်းများ ရွှေ့ပြောင်း တင်လိုက်ရသဖြင့် အတော်ကလေး မောဟိုက် ပင်ပန်းသွားချေပြီ။

ချွေးများပင် သီး၍ အားအင်ကုန်ခမ်း ခြေလက်တွေ မလှုပ်ချင်အောင် ပန်းကြချေပြီ။

သို့ဆိုလျှင် ချင်းတွင်းမြစ်ရေဖြင့် အားအင်ဖြည့်အပန်းဖြေကြရမည် မဟုတ်ပါလား။

ဆည်းဆာအောက်တွင် ချင်းတွင်းမြစ်ရေမှာ ရွှေရည်တောက်နေသည်။



နေဝင်ချိန်ဖြစ်၍တိမ်တို့သည် ရဲရဲလျှင် တောက်ပလျက်ရှိ၏။ သည်တော၊ သည်တောင်၊ သည့်ရေ၊ သည်ရပ်တို့သည် သခုကဲ့သို့ညှနေဆည်းဆာ တိမ်ပဒေသာတောက်ပသည့်အခါ လွန်စွာ သာယာလှပပါသည်။

ကျွန်တော်သည် ချင်းတွင်းမြစ်ရေ ချိုးမိသည့် အခါကိုယ်ကာယ ပင်ပန်းနွမ်းနယ်မှု ဒုက္ခတို့သည် မြစ်ရေနှင့်အတူ လျောဆင်းသွားပါတော့သည်။

ချင်းတွင်းမြစ်ရေ၌ တစ်ဆင့် ဧရာဝတီ မြစ်ရေကြောအတိုင်း လိုက်ပါ မျောပါသွားကာ ရေနံစက်ရုံများတည်ရှိရာ မွေးရပ်ဌာနေ ရေနံချောင်းရေနံမြေသို့ ရောက်လိုစိတ်များ တဖွားဖွားပေါ်မိပါတော့သည်။

တာဝန်တွေ ပြီးပြန်တော့ အိမ်သူသက်ထားနှင့် သားသမီးများကို အောက်မေ့ သတိတရ ဖြစ်လာသည်မှာတကယ်တော့မူ သဘာဝကျပါသည်ဟု ဆိုနိုင်ပါသည်။

ရစ်ခွေကာစီး သည်ရေစီးနှင့်
ဇနီးသားထံ နေရပ်ပြန်လို
စိတ်စောမိသည်

ရောက်လိုဆန္ဒပြင်းသတည်း ဟူ၍ပင် ကျွန်တော်ရင်ကို လှုပ်ရှားရိုက်ခတ် ခံစားမိရပါတော့သည်။

* * *

# အခန်း (၂၃)

## ပြုံး ပန်း တွေ ဝေ

ကျွန်တော့် အဖွဲ့သည် မြန်မာ-အိန္ဒိယ နယ်နိမိတ်ကျောက်တိုင် လုပ်ငန်း ပြီးစီးပြီဖြစ်၍ ရွှေပြည်တော်သို့ ပြန်ရန် အသက်စခန်းခွဲမှ ထွက်ခွာနိုင်ရန် ရရှိခဲ့ပြီ ဖြစ်၍ ပြုံးပန်းတွေ ဝေခဲ့ကြပါသည်။

အဘယ်သူသည် နေရပ်မပြန်လိုဘဲ ရှိကြမည်နည်း။ ချစ်ခင်သူများနှင့် ကွေကွင်းခဲ့ရသည်မှာ အချိန်ကြာမြင့်ခဲ့ကြပြီမဟုတ်တုံလော။

အောင်နိမိတ်စစ်ဆင်ရေးကြီးကို အောင်မြင်စွာ ဆင်နွှဲပြီးခဲ့ကြ၍ စစ်အောင်နိုင်သူတို့၏ အပြုံးမျိုးဖြင့် ပြုံးပန်း



ဆင့်ဆင့် အောင်လံလွှင့်ပြီး ရွှေပြည်တော် ပြန်ကြရတော့မည့် စီမံခန့်ခွဲရေးစစ်မှူးကြီးများမှာ အခြားဘယ်သူဖြစ်ချိမ့်မည်နည်း။

ကျွန်တော်တို့အဖွဲ့မှတစ်ပါး အခြားမရှိပြီ။

ကျွန်တော်တို့၏ အောင်ပွဲသည် ပြည်သူ့အောင်ပွဲဖြစ်၏။

ပြည်သူ့အောင်ပွဲသည် နိုင်ငံတော် အောင်ပွဲ ဖြစ်၏။

နိုင်ငံတော်အောင်ပွဲသည် အောင်နိမိတ် စစ်ဆင်ရေးအောင်ပွဲဖြစ်၏။

အောင်နိမိတ် စစ်ဆင်ရေးအောင်ပွဲသည် စီမံခန့်ခွဲရေးစစ်မျက်နှာ၏ အောင်ပွဲ ဖြစ်၏။

စီမံခန့်ခွဲရေးစစ်မျက်နှာအောင်ပွဲသည် ကျွန်တော်တို့အဖွဲ့၏ အောင်ပွဲတည်း။

ထို့ကြောင့် ကျွန်တော်တို့အားလုံးသည် ပြုံးပန်းတွေဝေခဲ့နိုင်ခြင်း ဖြစ်ပါသည်။

ကျွန်တော်သည် ရေချိုးပြီး၍ အဆောက်အအုံသို့ပြန်ရောက်သောအခါ ကျွန်တော်တို့အဖွဲ့ ရောက်သည်ဆို ကျွန်တော်တို့အား တွေ့ဆုံရန် ဆရာဦးဝင်းရှိန်(ဒေါက်တာဝင်းရှိန်) ဦးစောဖေသိန်း(ကုန်သွယ်ရေးမန်နေဂျာ) ဦးခင်မြင့် (လျှပ်စစ်မန်နေဂျာ)တို့ ရောက်ရှိနေကြသည်ကို တွေ့ရပါသည်။

ကျွန်တော့်အရင် ရောက်ရှိနေကြ၍ ကျွန်တော့်အဖွဲ့နှင့်ပင် အထူးမိတ်ဆက်ပေးရန် မလိုတော့ပါချေ။

သူတို့လည်း ကျွန်တော်တို့ အောင်မြင်မှုအတွက် ပြုံးပန်းတွေဝေရန် ရောက်လာကြခြင်းဖြစ်၏။ ကျွန်တော်တို့ အောင်မြင်မှုအတွက်သူတို့လည်းဝမ်းသာ ကျေနပ်ကြသည် မဟုတ်ပါလား။

ကျွန်တော်က ရောင်းရင်းကြီး ဦးသာလှ၏ ကူညီဆောင်ရွက်မှုများကို ဖောက်သည်ချလိုက်၏။

အောင်နိမိတ်စစ်ဆင်ရေး၏ ရည်ရွယ်ချက်နှင့်ကျောက်တိုင်လုပ်ငန်းအကြောင်းကို ရှင်းပြောပြလိုက်၏။

စစ်ကြောင်းမှူး ဗိုလ်ကြီးတင်စိုးက ညစာစားပွဲလာပါရန် ဆရာဦးဝင်းရှိန်ကို ဖိတ်ကြားလိုက်ပါသည်။

* * *

# အခန်း (၂၄)

## အောင်နိမိတ်အောင်ပွဲ၏ အောင်ပွဲ

ညဘက်တွင် စခန်းချရာ နေရာ အဆောက်အအုံဘွင်ပင် အောင်နိမိတ် စစ်ဆင်ရေး အောင်ပွဲ၏ အောင်ပွဲသို့မဟုတ် စခန်းသိမ်းပွဲလေး တစ်ရပ်ကို အကျဉ်းရုံး၍ ကိုယ့်လူစုနှင့်ကိုယ် ကျင်းပခဲ့ပါသည်။

ဗိုလ်ကြီးတင်စိုး၏ စီစဉ်မှုဖြင့် စစ်တပ်သုံး ရမ်ရိုက္ခာအသားဘူး၊ ဆရာကာကားမား၏အသားခြောက်များဖြင့် ညစာကို ဧည့်ခံသည်။ သည်အောင်ပွဲတွင် ဦးသာလှတစ်ယောက်မပါ၍ သွေ့ခြောက်ခြောက် နိုင်လှသည်။

ရမ်မသောက်သော ဆရာ ဦးဝင်းရှိန်၊ ဦးစောဖေ သိန်းတို့အတွက်မူ တပ်လက်ဖက်ရည်နှင့်မုန့်တို့ဖြင့် ဧည့်ခံသည်။

ဤစခန်းသိမ်းအောင်ပွဲကလေးသည် လူသူမသိ။ ထည်ဝါခြင်းမရှိသော်လည်း သည်စခန်းသိမ်းအောင်ပွဲကလေး ကျင်းပနိုင်ရေးအတွက်မူကား ကြီးစွာသောလုံ့လဥဿဟကို ဆောင်ခဲ့ရသည်။

အခက်အခဲတွေကို ကျော်ရသည်။ တိုင်းပြည်အတွက် ပေးအပ်သော တာဝန်ကို ကျေစေပြီး ကြီးစွာသော အကျိုးကျေးဇူးများ ပြုခဲ့ကြ၍သာ ဤသို့ ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပါသည်။

သို့အတွက် စခန်းသိမ်းအောင်ပွဲကို သမိုင်းက သက်သေတည်၍ မှတ်တမ်းတင် ဂုဏ်ဝင်မြောက်စေခြင်း ဖြစ်ပါတော့သည်။

စခန်းသိမ်းပွဲကလေးသည် အောင်နိမိတ် စစ်ဆင်ရေး အောင်ပွဲ၏ အောင်ပွဲ ဖြစ်၏။ မထည်ဝါသော်လည်း တကယ့်အောင်ပွဲဖြစ်၏၊ အောင်ပွဲဆိုသည်မှာ လုပ်ငန်းတစ်ခု၊ တာဝန်တစ်ခု ပြီးမြောက်ချောမွေ့မှုအတွက်ပင် ဖြစ်၏။



ကျွန်တော်တို့လည်း နယ်နိမိတ်ကျောက်တိုင်လုပ်ငန်းကြီးကို အောင်မြင်စွာ ပြီးမြောက်လည် ချောမောခဲ့ကြသည် မဟုတ်ပါလား။

တို့ကြောင့် ဤသို့ဆိုပါရစေ....။

အောင်နိမိတ်စစ်ဆင်ရေး အောင်ပွဲ၏ အောင်ပွဲကို လူသူမသိ၊ ထည်ဝါခြင်း မရှိသော်လည်း ကျွန်တော်တို့ အဖို့မူ ဂုဏ်ယူဝင့်ကြွားနိုင်သည်....ဟူ၍။

* * *

# အခန်း (၂၅)

## အပြန် ခရီး

အချိန်တန် အိမ်ပြန်ရမည်မှာ ဓမ္မတာပင် ဖြစ်ပါ သည်။

ကျွန်တော်တို့တစ်တွေလည်း မြန်မာ-အိန္ဒိယနယ်နိမိတ် လုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်သဖြင့် အချိန်တန်ပြီ ဆိုနိုင်ပါသည်။

ထို့ကြောင့် အချိန်တန်၍ အိမ်ပြန်ရန် တာစူကြခြင်း ပြင်ဆင်ကြခြင်း၊ သိမ်းဆည်းထုပ်ပိုးကြခြင်း ဖြစ်ပါသည်။

အဘယ်ကြောင့်ဟူမူ.... မကြာမီ ခန္တီးမြို့မှ စုန်ဆ လာမည့် 'ကံညွန့်' အမည်ရှိ ထင်းသင်္ဘောနှင့် လိုက်ပါ မည်ဖြစ်သောကြောင့် ဖြစ်ပါသည်။ ချင်း တွင်း မြစ်



ကံညွန့် သင်္ဘောဖြင့် စုန်ဆင်းရမည်ဖြစ်၍ အခက်အခဲ မရှိနိုင်ပါ။

ကံညွန့်သင်္ဘောမှာ မီးသွေးအသုံးပြု မီးရထားကြီး များကဲ့သို့ ထင်းကိုအသုံးပြုသော သင်္ဘောပင် ဖြစ်ပါ သည်။ ထင်းမီးပေါင်ကျလျှင် ခုဘ်မောင်းနေရာမှ ရုတ် တရက် ရပ်သွားပြီး ရေစီးတွင် ပါမသွားစေရန် သင်္ဘော သားလုပ်သူက မြစ်ထဲဆင်း၍ နီးရာ သစ်ပင်တွင် ကြိုး ချည်ပြီး သင်္ဘောကို ဆွဲထားရသည်။

ထိုအလုပ်မျိုးမှာ ထင်းမီးပေါင် မတရား ကျသွား သောအခါမှသာ ပြုလုပ်ရပါသည်။ ဖြစ်တောင့် ဖြစ်ခဲ ဆိုသော်လည်း ကံညွန့်သင်္ဘောဖြင့် ချင်းတွင်းမြစ်ကြောင်း ကို ဆန်တက်ရသူများအဖို့ မရိုးနိုင်သောမြင်ကွင်းတစ်ရပ် ဖြစ်ပါသည်။

ထိုနေ့မှာ.... ၁၉၇၄ ခု ဧပြီလ ၁၆ ရက် အင်္ဂါနေ့ ဖြစ်ပါသည်။

သကြန်ကျပြီးဖြစ်သော်လည်း ကျွန်တော်တို့အဖို့ အိမ် ပြန်ခရီးဖြစ်သဖြင့် အားလုံးမှာ ကျေနပ်ခြင်း၊ ဝမ်းသာ ခြင်းနှင့်အတူ ကံညွန့်သင်္ဘော အလာကို စောင့်မျှော်နေ ကြပါတော့သည်။

မကြာမီ ကံညွန့်သင်္ဘော ဥသြမှုတ်၍ ကြိုလေပြီ။

အချိန်ကား.... နံနက် ၀၉၀၀ နာရီပင် ရှိချေပြီ။

ထိုဥဩသံလောက် သုတိသာယာ မင်္ဂလာရှိသော အသံကို ရှေးမဆွက မကြားမိပါဟု ပြန်ချင်စိတ်စော၍ ထိုအချိန် ထိုအခါက ဆိုခဲ့မိပါသည်။

ထိုသို့ဆိုခဲ့မိခြင်းမှာ ထိုအချိန် ထိုအခါက တစ်ခုသော အတိုင်းအဘာထိ မှန်ကန်ခဲ့သည်။

ကံညွန့်သင်္ဘောသည် ထည်ဝါမှုမရှိ။

ပုံသဏ္ဍာန် ပိပိပြားပြား။

ထင်းပုံကြီးများနှင့်၊ လူနေစရာပင် ခပ်ရှားရှား။

သို့တစေ....ကျွန်တော်တို့အဖွဲ့သည် ခေါင်းတိုင်ထိပ်က တွယ်ကပ်လိုက်ပါရစေဆိုသော တူညီသော ဇွဲဝီရိယမျိုး ရှိကြသူချည်းပင်။

ထို့ကြောင့်ပင် ကံညွန့်သင်္ဘောမှာ ခရီးသည်နှင့် ပြည့်ကြပ်နေသော်လည်း ဗိုလ်ကြီးတင်စိုးကအစ၊ ကျွန်တော်အဆုံး၊ အဖွဲ့တော်သားအားလုံး ခေါင်မိုးပေါ်ရှိ ပထမအထူးတန်းက လိုက်ကြရသည်။

ကံညွန့်သင်္ဘောသည် နဂိုကပင် ဖင့်နွှေးသည့်သင်္ဘော

မော်တော်ကြုံလျှင် ကံညွန့်နှင့် လိုက်လေ့မရှိကြ။

အဲဒီလောက် စိတ်ချရသည့် သင်္ဘော။

ရွေးချယ်စရာ လမ်းမရှိတော့၍သာ သူနှင့် လိုက်ကြသည်ချည်း။



နဂိုကပင် ဖင့်နွှေးသော သင်္ဘောမှာ ကျွန်တော်တို့အဖွဲ့ကြောင့် ပို၍နွှေးလေရော့သလားဟု ထင်မိပါသည်။

ပတ်ဝန်းကျင်အလှသည် ပို၍ ပို၍ လှသည်ဟု ထင်ပါသည်။ ထိုထက် ပို၍လှသည်မှာ ကံညွန့်သင်္ဘောပင်။

သူခေါ်၍သာ လိုရာခရီးသို့ရောက်ရမည်ဖြစ်၍ ကံညွန့်ကလေးသည် ချစ်စရာ၊ ကျေနပ်စရာ၊ မြတ်နိုးစရာ အလှတစ်ပါး ဖြစ်နေပါသည်။

ဤသို့ဖြင့် ကံညွန့်သင်္ဘောကလေး ခေါ်ဆောင်ရာသို့ လိုက်ပါလာခဲ့မိရာ ညနေ ငါးနာရီအချိန်တွင် ကက်သာတောင်ခြေရိပ်သို့ ရောက်ခဲ့ရပါတော့သည်။

တောရိပ် တောင်ရိပ်တို့ဖြင့် သာမောလှသော ဟုမ်းမလင်းသို့ကား ရောက်ခဲ့ပြီတည်း။

ချင်းတွင်းမြစ်ရေသည် စိမ်းလဲ့ကြည်ကာ ကက်သာတောင်ခြေကို တို့နမ်းထိတွေ့ ဝိုက်ကာ ကွေ့၍ စီးဆင်းသွားသည်။

ကက်သာ တောင်ခြေတွင် မြစ်ကြောင်းမှ ကွေ့ဝိုက်သွားသည်။

ရေသည် နက်၍ စိမ်းနေသည်။

ကက်သာ တောင်ပေါ်ဘုရားသို့ ဦးချ၍ ဆုတောင်းခဲ့သော ဆုတောင်းကား ပြည့်ခဲ့ရပြီ။

ဟုမ်းမလင်းသည် ဆိပ်ကမ်း လှသော မြို့ကလေး ဖြစ်၏။ တာရိုးပေါ်မှ စိန်ပန်းပင်များက ရဲရဲလွင်နေသည်။ ကုက္ကိုပင်တို့မှာမူ စိမ်းညို့နေ၏။ တာရိုးမှ သွယ်တန်း၍ ဆင်းလာသော ကျောက် လှေကား များ၊ အုတ်လှေကားများ၊ အိမ်များ၊ ဈေးဆိုင်များ၊ လှေ၊ မော်တော်၊ သင်္ဘောများ၊ ဈေးရောင်း ဈေးဝယ်များ၊ လိုက်ပါပို့ဆောင်သူများ၊ အလုပ်သမားများတို့ဖြင့် မြင်ကွင်းမှာ ရှုပ်ထွေး စည်ကား၍နေပါသည်။

အချို့နေရာများပင် သောင်ပြင်ထွန်းခဲ့၍ သဲဖြူလွလွတို့ပင် ပေါ်ခဲ့ပြီ။

သောင်ပြင်ထွန်း တစ်နေရာတွင် ဟင်္သာမောင်နှံ သစ္စာနှံနေကြသည်။

ဟင်္သာဖိုက တောင်ပံရိုက်ကူး ချစ်ရည်မြူး၍နေသည်။ ထိုသို့သောမြင်ကွင်းများနှင့် ၃၆ ရက်ကြာမျှ ကွဲကွာနေခဲ့ရပြီး ယနေ့အဖို့ ပထမဆုံး ဆုံတွေ့ရသောနေ့ ဖြစ်ပါသည်။

ထိုနေ့ ထိုရက်ကို လွယ်လွယ်နှင့် မေ့နိုင်မည် မဟုတ်ပါချေ။

ထိုနေ့ကား... ၁၉၇၄ ခု ဧပြီလ ၂၆ ရက်၊ အင်္ဂါနေ့ ညနေ ၆ နာရီ။

ကျွန်တော်သည် ဝတ္တရား ရှိသည်နှင့်အညီ၊ မြို့နယ်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးစိန်ရနှင့်



မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှူး ဦးဝင်းဖေတို့ထံသွား၍ အောင်နိမိတ်စစ်ကြောင်းမှာ အောင်မြင်စွာ ပြန်လာခဲ့ပြီဖြစ်ကြောင်း သတင်းပို့လိုက်ပါသည်။

ဗိုလ်ကြီးတို့မှာ ကျွန်တော်နှင့် ထပ်တူထပ်မျှ ဝမ်းသာနေကြသည်။

ကျွန်တော်လည်း ကျွန်တော်၏ အောင်မြင်ချောမောမှုအတွက် ဦးခေါင်းကိုမော့၍ ရင်ကိုတော့ မကော့ပါ။ သို့တစေ...ဝမ်းသာဂုဏ်ယူမိသည်ကား အမှန်ပါ။

* * *

# အခန်း (၂၆)

## ပန်းပိတောက်တွေ ဝေဖြိုးကြပါစေသော်လည်း

ပန်းပိတောက်ကား လျှမ်းတောက်ကာ ကြိုင်လှိုင်ခဲ့ပြီ။ သူ့တာဝန် သူ့ဝတ္တရားကား ကျေပွန်ခဲ့ပြီ။

လောကကြီးကို အလှဆင်ခဲ့၍ သူ့ရနံ့ မွှေးထုံထုံ၊ သူ့အလှဆင်းစုံတို့ဖြင့် သင်းထုံမွှေးကြိုင်စေခဲ့ပြီ။

မြန်မာ့ ရိုးရာ တာသကြန် လည်း ဆင်ယင် နွဲလို့ ပြီးခဲ့ပြီ။

ကျွန်တော်တို့ အဖွဲ့သည် တာသကြန်နှင့် လွဲခဲ့သလို၊ ပန်းပိတောက်နှင့် မကြုံဆုံကြတော့။

သို့တစေ ကျွန်တော့်အဖို့မူ လုံးဝ ဝမ်းမနည်းပါ။

ကျွန်တော်လည်း ပန်းပိတောက်ကဲ့သို့သော တာဝန်ကျေခဲ့ပြီဖြစ်ပါသည်။



နိုင်ငံနှင့်လူမျိုးအတွက် လောကကြီးကို အလှဆင်နိုင်ခဲ့သည် မဟုတ်ပါလား။

လောကသားတို့ အတွက် ကောင်းကျိုး မြူခဲ့ပြီးပါပြီ။

ပန်းပိတောက်ရနံ့က သင်းပျံ့ ကြိုင်လှိုင် သကဲ့သို့ ကျွန်တော်တို့ အောင်နိုင်မိတ်စစ်ဆင်ရေး အောင်ပွဲသတင်းသည်လည်း မွှေးကြိုင်သင်းနေပေရောမည်။

ထို့ကြောင့်ပင် ကျွန်တော်တို့အဖွဲ့၏ ဇွဲလုံ့လ ဝီရိယရှိမှု၊ သည်းခံမှု၊ တာဝန်ကျေပွန်မှုစုပေါင်းခေါင်းဆောင်မှုစုပေါင်းတာဝန်ယူမှုတို့ကြောင့်အောင်မြင်မှုရရှိခဲ့သောကြီးစွာသော အကျိုးရလဒ်နှင့်နိုင်းစာခဲ့လျှင်မူကား ပန်းပိတောက်တွေ ထပ်ထပ်ဝေပါစေ။

ကျွန်တော့်ဘဝ ကျွန်တော့်လုပ်ရပ်အတွက် များစွာနှစ်ထောင်းအားရ ကျေနပ်မိပါသည်။

* * *

# အခန်း (၂၇)

## ကျေနပ်မိပါသည်

မြန်မာ-အိန္ဒိယ နယ်နိမိတ် လုပ်ငန်းကြီး ၁၉၇၄ခု မတ်လ ၁၁ ရက်နေ့မှ ဧပြီလ ၁၅ ရက်နေ့ အထိ ၃၆ ရက်ကြာ ဆောင်ရွက်ခဲ့ကြပါသည်။

ကျောက်တိုင်အမှတ် ၁၁၈ မှ ၁၃၀ အထိ ကျောက်တိုင်ပေါင်း ၁၃တိုင်ကို မြေတိုင်း အဖွဲ့စိတ် အမှတ်(၈) အနေဖြင့် အပြီးတိုင် အောင်မြင်ချောမောစွာ လွှဲပြောင်းလက်ခံဆောင်ရွက်ခဲ့ကြပါသည်။



အလားတူပင် မြေတိုင်းအဖွဲ့စိတ်အမှတ် အက်စ် ၁ မှ ၁၄ အထိ၊ ၁၄ ဖွဲ့၊ ဘီ (၈)ဖွဲ့တို့က မလက်ဝမှပူတာအို အထိ မြန်မာ-အိန္ဒိယနယ်နိမိတ် နယ်စပ်တစ်လျှောက်ရှိ ကျောက်တိုင် အသီးသီးတွင် နယ်နိမိတ် လုပ်ငန်းများနှင့် ပတ်သက်၍ ကျရာတာဝန်ကို ကျွန်တော်တို့ အဖွဲ့ကဲ့သို့ ကျေပွန်စွာ ထမ်းရွက်ခဲ့ကြပေလိမ့်မည်။

ကျွန်တော်သည် ကျွန်တော်၏ တိုင်းဦးစီးဌာနမှူးမှ တစ်ဆင့် ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ အစီရင်ခံနိုင်ရေး အတွက် လိုအပ်သော ပြင်ဆင်မှု၊ ရေးသားမှု စသော ဆောင်ရွက်ဖွယ်များကို ၁၉၇၄ခုဧပြီလ ၁၇ ရက်ဗုဒ္ဓဟူး နေ့တွင်ပင် တစ်ရက်တည်းဖြင့် အပြီး ဆောင်ရွက်ခဲ့ပါသည်။

ကျွန်တော်၏ ဆောင်ရွက်ဖွယ် လုပ်ငန်း အဝဝကို ကျွန်တော်၏ ရုံးအဖွဲ့ဝန်ထမ်းများဖြစ်ကြသော ဦးအောင်ကြည်၊ ကိုခင်မောင်ထွန်း၊ မောင်မောင်ဘ၊ မောင်ဖုန်းမြင့်၊ မောင်တင်အောင်၊ မောင်ငိုခိုပေါင်၊ မောင်တင်ဝင်းတို့က မပျင်းမရိ မညည်းမညူ စေတနာအပြည့်ဖြင့် ကူညီဆောင်ရွက်ပေးခဲ့ကြပါသည်။

အမှန်မှာ သူတို့၏စေတနာ သူတို့၏ အလုပ်ကျွမ်းကျင်မှု၊ တာဝန်သိမှုတို့ကြောင့် ဤအစီရင်ခံရေးလုပ်ငန်း

ကြီးမှာ ဤမျှ မြန်ဆန်ချောမွေ့စွာ ပြီးစီးသွားခြင်း ဖြစ်ရပါသည်။

သို့အတွက် တိုင်းပြည် အတွက် တစ်ဖက် တစ်လမ်း တစ်ထောင့် တစ်နေရာမှ ပါဝင် ထမ်းဆောင်ခဲ့ကြလေသောသူတို့၏ စေတနာနှင့် အလုပ်ဂုဏ်ကို ကျွန်တော့် အနေဖြင့် ကျေးဇူးတင်ပါကြောင်း မှတ်တမ်း တင်အပ်ပါသည်။

သူတို့တစ်တွေလည်း အမှန်စင်စစ်မူ အောင်နိမိတ် စစ်ဆင်ရေး လုပ်ငန်းအတွက် ရုံးပိုင်းဆိုင်ရာ အနေဖြင့် တစ်တပ်တစ်အား ပြင်ဆင်ကူညီပေးကြသူများဖြစ်၏။

အောင်နိမိတ်စစ်ဆင်ရေးအတွက် လိုအပ်သောလေးမြား၊ ဒိုင်းကာများကို ပြင်ဆင်ပေးရသူများတည်း။

သို့ဖြင့် အစီရင်ခံစာလုပ်ငန်းကြီးကား သပ်ရပ် ခန့်ညားစွာ ပြီးစီးခဲ့ပါပြီ။

၁၉၇၄ခု ဧပြီလ ၁၈ ရက်။
ကြာသပတေးနေ့။
နံနက် ၀၆၀၀နာရီ။
နေသည် သာလျက်....



လောကကြီးသည် ကြည်လင်၍ နေသည်။
ကျွန်တော်၏ စိတ်လည်း အထူးကြည်လင် ရွှင်လန်းနေပါသည်။
ဟုမ်းမလင်းမှ မုံရွာ။
မုံရွာမှ စစ်ကိုင်း။

စစ်ကိုင်းမှ ရေနံချောင်းသို့ သွားရောက်မည့် ခရီးစဉ်၏ ပထမဆုံးနေ့ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်သည် လောကကြီးနှင့် အတူ ကြည်လင်နေမိပါသည်။
အဘယ်သူသည် လုပ်ငန်းတာဝန်များ အောင်မြင်ချောမောပြီး၍ ရွှေပြည်တော် အပြန်ခရီးမှာမပျော်ရွှင်ဘဲ နေချိမ့်မည်နည်း။
ကျွန်တော်သည် အစီရင်ခံစာကို တိုင်းအတွင်းရေး ဦးစီးဌာနမှူး (ယခင်မင်းကြီး)ထံ တင်သွင်းပြီး ဇာတိချက်ကြွေ မွေးရပ်မြေရှိ ဇနီးနှင့်သားသမီးများထံ သွားရောက်ရမည့်ခရီးစဉ် ဖြစ်ပါသည်။

ဤခရီးသည် နှစ်သိမ့်စရာ၊ ကျေနပ်စရာ၊ ပျော်ရွှင်စရာ၊ ချမ်းမြေ့စရာအတိပြီးသော ခရီးဖြစ်ပါသည်။
သွားရောက်စုန်ဆင်းမည့် သင်္ဘောအမည်မှာ 'ချမ်းမြေ့'တည်း။

ကျွန်တော်၏ စိတ်လည်း ချမ်းမြ့ရွှင်လန်းနေသကဲ့သို့ ကျွန်တော်တို့တစ်ဖွဲ့လုံးမှာ ပျော်ရွှင်ချမ်းမြလို့ နေကြပါသည်။

နံနက်စောစောဖြစ်၍လည်း ညှင်းလေပြည်၏ ဆော်သွေးမှုကြောင့် အေးချမ်းမြလို့နေပါသည်။

ရေလှိုင်းကလေးများပင် ဝဲဂယက်ထကာ နေသည်။ ပတ်ဝန်းကျင်လည်း ရွှန်းစိုစိမ်းမြလျက်ရှိသည်။ စီးရမည့် သင်္ဘောက ချမ်းမြ။

စိတ်ရွှင်လန်းရပါသည့် ချမ်းမြ။

ပတ်ဝန်းကျင် စိမ်းလွင်ရွှန်းစိုနေသည့် ချမ်းမြ။

ညှင်းညှင်းညံ့ညံ့တိုက်ခတ်နေသော လေပြည်အေးအေး ချမ်းချမ်းမြမြ။

အရာရာတို့သည် ရွှန်းစိုချမ်းမြ၍ အလှသရဖူဆောင်း နေသည်ဟု ကျွန်တော်ထင်မိနေပါသည်။

ကိုယ်ထင်လျှင် ခုတင်ရွှေနန်း မဟုတ်ပါလား။

ထို့အတူ ချမ်းမြမည်သော သင်္ဘောသည်လည်း ကိုယ်ထင်ခဲ့မှုကြောင့် ခုတင်ရွှေနန်းပါတည်း။

ချမ်းမြသင်္ဘော၏ သာယာသော ဥသြက တတူတူ အချက်ပေးနေသကဲ့သို့ လိုက်လံပို့ဆောင်သူများ၏ လက်များကား လေတွင် ဝှေ့ယမ်း မြောက်ကြွလျက်။



ချမ်းမြသင်္ဘောကြီးက ရေကိုစုန်၍ တရိပ်ရိပ်ပြေးခဲ့ပြီ။

ကျွန်တော်၏စိတ်တို့သည်လည်း အဝေးတစ်နေရာဆီမှ စောင့်ကြိုလျက်ရှိနေမည့် ဝင်းပဖြူဖွေး ရွှေရင်အေးကလေးများ၏ မျက်နှာကလေးများကို မြင်ယောင်နေပါသည်။

ချမ်းမြသင်္ဘောကြီးသည် ရေကိုခွင်း၍ တရှဲရှဲဖြင့် ချမ်းအေးခြင်းနှင့်အတူ တရိပ်ရိပ်ပြေးလျက်။

တစ်ချိန်က ခံစားချက်ဖြင့် ရေးသီ၍ မှတ်တမ်းတင်ခဲ့သော....

အောင်နိမိတ် အောင်တိတ်ကိုမျှော်
ပျော်ပါရဲ့လေး။
သည်နယ်မြေ သည်ကျောက်တိုင်နဲ့
မြဲခိုင်အောင် နောင်ရှည်ကြိုးမယ်
မျိုးတွက်ကွယ်လေး။ ။

ဟူသော ကဗျာတိုကလေးကို အမှတ်မထင် ပြေး၍ သတိရမိပါသည်။

ဟုဘ်ပါသည်။

တီသစ္စ ။

ဤစကား မှန်ပေစွ။

အောင်မြင်ရန် အောင်မြင်ကြောင်းကို မျှော်ခေါ်ရည်ရွယ်၍ ဆောင်ရွက်ခဲ့ကြသော ကျောက်တိုင်လှုပ်ငန်းခရီးတွင် အပျော်ကြီး ပျော်ခဲ့ရပါသည်။

နှစ်နိုင်ငံနယ်နိမိတ်တွင် စိုက်ထူခဲ့ကြသော ကျောက်တိုင်များသည် နှစ်နိုင်ငံရှိပြည်သူများ၏ အကျိုးအလွတ် အရှည်ဘာဖြင့် မြဲခိုင်ကောင်းမွန်စေရန် ရည်ရွယ်၍ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်သည်မဟုတ်ပါလား။

ထို့ကြောင့်ပင်....

အောင်နိမိတ်စစ်ကြောင်း၊ ခရီးဟောင်းကို
ပြန်ပြောင်းအောက်မေ့၊ ပျော်ရွှင်မွေ့ကာ
'ချမ်းမြ'သဘောကြီး ခေါ်ဆောင်ရာသို့လိုက်ပါခဲ့
ရသတည်း။ ။

အောင်လွင်ဦး (ရေနံချောင်း)